မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914
Myanma Alinn Daily

**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သော သဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ - ၁၄၇)

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက် ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၆)၊ အမှတ်(၂၇၅)

# ညစ်ညမ်းစပြုလာသော ဧရာဝတီမြစ်ရေအား သန့်စင်ရန်နည်းလမ်းများ ရှာဖွေဆောင်ရွက်ရန် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြောကြား



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ဒုတိယအကြိမ် ရေးလုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

**နေပြည်တော် ဇူလိုင် ၄**

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ဒုတိယအကြိမ် ရေးလုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အမျိုးသားအဆင့် ရေမူဝါဒနှင့်ဆက်နွယ်သည့် ဝန်ကြီးဌာနအဖွဲ့အစည်းများမှ ပေးပို့သည့် ရေဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် တိုးတက်မှုအခြေအနေတို့ကို ကော်မတီအတွင်းရေးမှူးက လစဉ်စုစည်း၍ တိုးတက်မှုအခြေအနေများကို ပြုစုတင်ပြလျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေ ထိန်းသိမ်းရေးလုပ်ငန်းများ တိုးတက်လာရန် လိုအပ်လျက်ရှိပြီး ဆည်ရေလှောင်တမံများ၏ ရေဝေရေလဲ

စာမျက်နှာ ၃ ကော်လံ ၁ ❄

## ချင်းတွင်းမြစ်ရေ ဟုမ္မလင်း၌ စိုးရိမ်ရေမှတ်အထက် တည်ရှိ

**နေပြည်တော် ဇူလိုင် ၄**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

## ဧရာဝတီမြစ်ရေ ရွှေကူ၊ မင်းကင်း၊ မုံရွာမြို့တို့၌ စိုးရိမ်ရေမှတ် ရောက်နိုင်

**နေပြည်တော် ဇူလိုင် ၄**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၂ ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မြန်မာစံတော်ချိန်မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

## ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် စပ်လျဉ်း၍ ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကော်မတီစည်းဝေး

စာမျက်နှာ - ၅

## နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွန်ငွေတိုးရရှိရေး ဥပဒေနှင့်အညီ ကောက်ခံရန် ကြိုးပမ်းဆောင်ရွက်

စာမျက်နှာ - ၇

## ကရင်မလင်ကိစ္စ ပြည်တွင်းတွင် ပဋိပက္ခများဖြစ်နေလင့်ကစား မော်စကိုနှင့် ဆက်ဆံရေးကောင်းရန် ထရန့်ကြိုးစား

စာမျက်နှာ - ၁၀

## ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးနှင့်အဖွဲ့ မောင်တောမြောက်ပိုင်းကျေးရွာများသို့ သွားရောက်လေ့လာ

စာမျက်နှာ - ၁၁



မြန်မာ့အလင်း

# အခွင့်အလမ်းနှင့် ကြိုးပမ်း အကောင်အထည်ဖော်မှု

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအား ပြည်ပချေးငွေ ရယူနိုင်ရေးအတွက် အတည်ပြုဆောင်ရွက်ချက်တစ်ရပ် ဆောင်ရွက်လိုက်ခြင်းသည် ကြိုဆိုရမည့် ခြေလှမ်းဖြစ်ပါသည်။ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပြည်ပချေးငွေရယူနိုင်ပြီး ချေးငွေကာလသည် အနည်းဆုံးသုံးနှစ်ရှိရမည်ဖြစ်သကဲ့သို့ ချေးငွေပမာဏကို အများဆုံးသက်ဆိုင်ရာကုမ္ပဏီ မတည်ရင်းနှီးငွေ၏ သုံးပုံတစ်ပုံအထိ ခွင့်ပြုမည်ဟု သိရှိရပါသည်။ ဤကဲ့သို့ ပြည်ပချေးငွေရယူရာ၌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းနှင့် ညီညွတ်ရမည်ဖြစ်သကဲ့သို့ သက်ဆိုင်ရာ နိုင်ငံခြားဘဏ်၏ စည်းမျဉ်းစည်းကမ်းတို့နှင့်လည်း ညီညွတ်ရမည်ဖြစ်ပါသည်။

ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တို့အနေဖြင့် ပြည်တွင်းရှိ နိုင်ငံခြားဘဏ်ခွဲများထံမှ တိုက်ရိုက်ချေးယူခွင့်မရှိသေးသော်လည်း အဆိုပါနိုင်ငံခြားဘဏ်ခွဲများမှတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံခြားဘဏ်ရုံးချုပ်မှဖြစ်စေ၊ သို့မဟုတ် တခြားနိုင်ငံများရှိ သက်ဆိုင်ရာနိုင်ငံခြားဘဏ်၏ ဘဏ်ခွဲများမှ တစ်ဆင့်ဖြစ်စေ ချေးငွေရရှိရေးကို ညှိနှိုင်းဆက်စပ်ဆောင်ရွက်ခွင့်ရှိမည် ဖြစ်ပါသည်။ ဤကဲ့သို့ ညှိနှိုင်းဆက်စပ်ဆောင်ရွက်ရာမှ သက်ဆိုင်ရာ နိုင်ငံခြားဘဏ်က မူအားဖြင့် ချေးငွေထုတ်ပေးရေးကို သဘောတူပါက ဒုတိယအဆင့်အနေဖြင့် ပြည်ပချေးငွေနှင့်ပတ်သက်၍ ဘဏ်လုပ်ငန်းအာမခံ **(Bank Gurantee)** အပါအဝင် ဘဏ်ဝန်ဆောင်မှုများပေးအပ်မည့် လုပ်ငန်းလိုင်စင်ရ ဘဏ်ကိစ္စကို ညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ တတိယအဆင့်အနေဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်က ပြည်ပချေးငွေထုတ်ပေးမည့် နိုင်ငံခြားဘဏ်နှင့် ၎င်းတို့ရရှိထားသော သဘောတူညီချက်အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြ၍ ခွင့်ပြုချက်ရယူရမည်ဖြစ်ပါသည်။ ယခုကဲ့သို့ ပြည်ပချေးငွေရယူရေး လုပ်ငန်းစဉ်တို့ကို အတည်ပြုသတ်မှတ်လိုက်ခြင်းသည် ပွင့်လင်းမြင်သာမှုကို ဖြစ်ပေါ်စေ၍ လိုအပ်သောလုပ်ငန်းစဉ်တို့ကို ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်စေမည်ဖြစ်ပါသည်။

သို့သော် သက်ဆိုင်ရာ အာဏာပိုင်ပုဂ္ဂိုလ်တို့က ပြည်တွင်း၌လည်ပတ်လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီတို့၏ ၉၀ ရာခိုင်နှုန်းကျော်သည် နိုင်ငံခြားဘဏ်တို့က ချေးငွေထုတ်ပေးရေးအတွက် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းတို့နှင့် ကိုက်ညီခြင်းမရှိ၍ ပြည်ပချေးငွေရရှိရန် မလွယ်ဟု သုံးသပ်ထားခြင်းသည် အလေးအနက်ထား စဉ်းစားသုံးသပ်ရမည့်ကိစ္စရပ်ဟု ယူဆပါသည်။ ဤကဲ့သို့ သတ်မှတ်စည်းမျဉ်း စည်းကမ်းတို့နှင့် ကိုက်ညီနိုင်ခြင်းမရှိဟု ထောက်ပြသောအချက်တို့၌ အပြည့်အဝ အခွန်ဆောင်မှုမရှိခြင်း၊ စနစ်ကျသော ဘဏ္ဍာရေးရှင်းတမ်းမရှိခြင်းနှင့် တရားဝင်အသိအမှတ်ပြု စာရင်းစစ်ဆေးမှုအစီရင်ခံစာမရှိခြင်း စသော အချက်တို့ပါဝင်ပါသည်။ အဆိုပါ အားနည်းချက်တို့အား ကျော်လွှားဖြေရှင်းနိုင်ရေးဆောင်ရွက်ရာ၌ ပြည်တွင်းကုမ္ပဏီတို့၏ ကြိုးပမ်းအကောင်အထည်ဖော်မှုသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ပြည်တွင်းကုမ္ပဏီတို့အနေဖြင့် နိုင်ငံတော်အစိုးရ၏ နည်းပညာဆိုင်ရာပံ့ပိုးကူညီမှုကို ရယူလျက် မိမိတို့ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုတို့ကို နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိစေရန် ကြိုးပမ်းအကောင်အထည်ဖော်ရမည်ဖြစ်ပါသည်။ နိဂုံးချုပ်အနေဖြင့် ယခုအချိန်အခါသည် နိုင်ငံတော်အစိုးရက ချမှတ်လိုက်သည့် မူဝါဒတို့နှင့်အညီ စီးပွားရေးလုပ်ငန်းရှင်တို့က မိမိတို့လုပ်ငန်းအပါအဝင် တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည့် အချိန်ကောင်းဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။



စင်ကာပူနိုင်ငံ၌ ဇူလိုင် ၄ ရက်မှ ၉ ရက်အထိကျင်းပမည့် **Interpol World 2017** သို့ တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားစဉ်
(သတင်းစဉ်)

## ထိုင်ဝမ်စားသောက်ကုန်ပြိုင်ပွဲသို့ မြန်မာ့ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ သွားရောက်ပြသနိုင်

**ရန်ကုန် ဇူလိုင် ၄**

ထိုင်ဝမ်တွင်ကျင်းပမည့် 2017 KAOHSIUNG FOOD SHOW သို့ သွားရောက်ပြသနိုင်ရန်အတွက် မြန်မာ့စားသောက်ကုန်များနှင့် သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်ရောင်းချသူများအနေဖြင့် စာရင်းပေးသွင်းနိုင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ သိရှိရသည်။

"တရုတ်နိုင်ငံရော၊ ထိုင်ဝမ်ရော မြန်မာဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံတွေကို စိတ်ပါဝင်စားတယ်။ ဒီအတွက် ပြခန်းတွေပြသနိုင်တယ်လို့ Taiwan Trade Center ရန်ကုန်ရုံးကနေ အကြောင်းကြားထားပါတယ်။ အဓိကကတော့ မြန်မာ့ထွက်ကုန်တွေကို မိတ်ဆက်လို့ရနိုင်သလို ကုန်စည်ရောင်းဝယ်နိုင်ဖို့အတွက် ချိတ်ဆက်မှုတွေလည်း ရနိုင်မယ်လို့ထင်ပါတယ်"ဟု မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ သိရှိရသည်။

ထို့ကြောင့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ထုတ်လုပ်သူများ၊ မြန်မာ့စားသောက်ကုန်ရောင်းဝယ်သူများ အနေဖြင့် စိတ်ဝင်စားပါက ဇူလိုင် ၁၀ ရက်တွင် နောက်ဆုံးထားကာ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ UMFCCI သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

အဆိုပါ ပြပွဲကို အောက်တိုဘာ ၂၆ ရက်မှ ၂၉ ရက်အထိ သုံးရက်ကြာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**



## အရှေ့တောင်အာရှ တိရစ္ဆာန်ဆေးကုတက္ကသိုလ်ကျောင်းသားများ မြင်းခြံမြို့နယ် ကျေးရွာများသို့ ကွင်းဆင်းကုသ

**မြင်းခြံ ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကျေးရွာများတွင် အရှေ့တောင်အာရှ တိရစ္ဆာန်ဆေးကုတက္ကသိုလ်ကျောင်းသားများ လာရောက်၍ အိမ်မွေးတိရစ္ဆာန်များဖြစ်သော ဆိတ်၊ နွား၊ ခွေးအစရှိသည်တို့ကို ဆေးဝါးကုသပေးခြင်း၊ ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအရှေ့တောင်အာရှ တိရစ္ဆာန်ဆေးကုတက္ကသိုလ်ကျောင်းသားများနှင့် အမေရိကန်၊ ကနေဒါ၊ ဂျပန် အစရှိသည့် နိုင်ငံများမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၅ ဦးသည် ၁၅ ဦးလျှင် တစ်ဖွဲ့ဖြင့် ငါးဖွဲ့ခွဲ၍ မြင်းခြံမြို့နယ်အတွင်းရှိ လယ်သစ်ကျေးရွာ၊ သစ်ရုံကျေးရွာ၊ ဇီးပင်ကန်ကျေးရွာ၊ ထိန်ပန်းကျေးရွာ၊ လေးတန်းကျေးရွာများတွင်ရှိသော နွားများ၊ ဆိတ်များ၊ ခွေးများကို သန်ချဆေးများ တိုက်ကျွေးခြင်း၊ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ကျေးရွာရှိ အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာပြည်သူများကို ဟောပြောခြင်းတို့ ဇူလိုင် ၄ ရက်က ဆောင်ရွက်ခဲ့ကြသည်။



အဆိုပါ အရှေ့တောင်အာရှ တိရစ္ဆာန်ဆေးကုတက္ကသိုလ်ကျောင်းသားများ ယခုလို အင်အားများပြားစွာဖြင့် လာရောက်ကုသပေးသည့် အစီအစဉ်မှာ မြန်မာနိုင်ငံတွင် ပထမဆုံးဖြစ်ပြီး၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (ရေဆင်း)နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၄-၇-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၈၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၅၀/၆၇၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၂၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၉၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ . ၀ |
| ဥရောပ | တစ်ယူရို | ၁၅၄၉ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၅ . ၇၄ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ . ၀၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၀၀ |
| တရုတ် | တစ်ယွမ် | ၂၀၀ . ၂၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၆ . ၈၅ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီရွှေ၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



# တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လို

**တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှုံ့ရှုံ့ စစ၊ မိမိတို့ အဓိက ပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။**

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ၊ မိနစ် ၄၀ အချိန် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

❄ *ရှေ့ဖုံးမှ*

ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် ရေဝေရေလဲ သစ်တောစိုက်ခင်းများ၏ လုပ်ငန်း တိုးတက်အောင်မြင်ရန် အရေးတကြီး လိုအပ်လျက်ရှိပါကြောင်း။

ထို့ပြင် မြစ်များ၏အရည်အသွေး တိုင်းတာစစ်ဆေးခြင်းနှင့် ညစ်ညမ်းစပြုလာသော ရေဝတီမြစ်ရေအား သန့်စင်ရန်နည်းလမ်းများ ရှာဖွေဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်

အဆိုပါလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်း၍ Focal Point အဖြစ် Asia Pacific Water Forum နှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပတ်သက်၍ ဝန်ကြီးဌာနအဖွဲ့အစည်းများအလိုက် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုနှင့်ဆက်နွယ်သည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများရှိကြပြီး မိမိတို့လုပ်ငန်းများနှင့် ပတ်သက်၍ ဝန်ကြီးဌာနအဖွဲ့အစည်းများအကြား ဝိုင်းဝန်းညှိနှိုင်း၍ အားနည်းချက် အားသာချက်များကို စိစစ်ပြီး မိမိတို့နိုင်ငံအတွက် ထိရောက်အကျိုးရှိစေမည့်လုပ်ငန်းများကို အားသွန်ခွန်စိုက် ဆက်လက်ဆောင်ရွက်ကြစေလိုကြောင်း။

### ပေါင်းစပ်ညှိနှိုင်း

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ လုပ်ငန်းတာဝန်များဖြစ်သည့် နိုင်ငံတကာနှင့် ရေဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ၊ ရေကြီးရေလျှံမှုနှင့် ရေရှားပါးမှု လျော့နည်းသက်သာစေရေး၊ ရေကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများအကြား ဆက်နွယ်သည့်လုပ်ငန်းများနှင့် ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြစေလိုကြောင်း။

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီမှ ကြီးမှူးဆောင်ရွက်လျက်ရှိသည့် အမျိုးသားအဆင့် ရေမူဝါဒနှင့် ဆက်နွယ်သည့်လုပ်ငန်းများနှင့် မိုးရေခံ လှုပ်ရှားမှုများ ဆက်လက်ဆောင်ရွက်ရေး၊ ရေကြီးရေလျှံမှုလျော့ပါးသက်သာရေး၊ ရေဥပဒေပြုစုရေး၊ ရေထုညစ်ညမ်းမှုထိန်းချုပ်ရေးတို့နှင့် ဆက်နွယ်သည့် ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ပံ့ပိုးကူညီဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က လန်ချန်း-မဲခေါင်မြစ် ဒေသတွင်းနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများအကြား မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို အဓိကလုပ်ငန်းနယ်ပယ်ငါးခုဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ရေအရင်းအမြစ်ပူးပေါင်းဆောင်ရွက်မှု ပထမအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ရေအရင်းအမြစ် ပူးပေါင်းဆောင်ရွက်မှု ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီအတွင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပခဲ့ပါကြောင်း။

မဲခေါင် - လန်ချန်း ဒေသတွင်းနိုင်ငံများအကြား အခြေခံအဆောက်အအုံ၊ နည်းပညာနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အထူးရန်ပုံငွေမှ အထောက်အပံ့ရယူဆောင်ရွက်လိုသည့် ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ငါးနှစ်အတွင်း မြန်မာနိုင်ငံဘက်မှ မိမိနိုင်ငံအတွင်းနှင့် အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လိုသည့် စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ၂၀၁၇ ခုနှစ် ဒုတိယခြောက်လပတ်အတွင်း ရေးဆွဲပေးပို့ရန်ညှိနှိုင်းထားပါကြောင်း။

### ကြိုတင်ပြင်ဆင်

အလားတူ Connectivity Joint Working Group နှင့်ပတ်သက်သည့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများနှင့် ဆက်သွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်း အဆိုပြုလုပ်ငန်းအစီအစဉ်များကို ၂၀၁၇ ခုနှစ်အကုန်တွင် ပြုစုပေးပို့ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတကာအထောက်အပံ့ဖြင့်ဆောင်ရွက်လိုသည့် မိမိတို့နိုင်ငံနှင့် သက်ဆိုင်သည့် အသေးစားနှင့် အလတ်စားစီမံကိန်းလုပ်ငန်း အဆိုပြုချက်များကို သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများမှ တောင်းခံသွားမည်ဖြစ်ပြီး မိမိတို့နိုင်ငံအတွင်းနှင့် အခြားဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လိုသည့်လုပ်ငန်း အဆိုပြုချက်များအား ပြုစုပေးပို့ရေးအတွက် ကြိုတင်ပြင်ဆင်ထားရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ဝိုင်းဝန်း ဆွေးနွေး

ဆက်လက်၍ တက်ရောက်လာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အကြံပေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ရေးနှင့်ပတ်သက်၍ ယခင် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ အမျိုးသားမိုးရေခံသိုလှောင်ရေးလှုပ်ရှားမှု၊ ရေဥပဒေပြုစုရေး၊ ရေကြီးရေလျှံမှုနှင့်ရေရှားပါးမှု လျော့နည်းသက်သာစေရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်နှင့် ရေဝေရေလဲထိန်းသိမ်းရေးလုပ်ငန်းများ၊ မြစ်ရေအရည်အသွေးတိုင်းတာခြင်းနှင့် သန့်စင်ရန်နည်းလမ်းရှာဖွေခြင်းလုပ်ငန်းများ၊ ဝန်ကြီးဌာနအဖွဲ့အစည်းအလိုက် ဆောင်ရွက်ဆဲလုပ်ငန်းများ၊ စီမံကိန်းလျာထားချက်များ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေသည့်လုပ်ငန်းများအပေါ် ဝိုင်းဝန်းဆွေးနွေးကြသည်။

### အပြန်အလှန်ပူးပေါင်း

ယင်းနောက် ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရေနှင့် ဆက်နွယ်သည့် ဘက်စုံစီမံကိန်းလုပ်ငန်းများနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများသည် ဝန်ကြီးဌာနအများစုနှင့် သက်ဆိုင်နေသည့်အတွက် ရှေ့ဆက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများသည် တာဝန်ခံဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများမှလည်း ဆက်လက်ပြီး အပြန်အလှန်ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

### တက်ရောက်

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးသန့်စင်မောင်၊ ဦးကျော်ဝင်း၊ ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အကြံပေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပညာရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### စီမံဆောင်ရွက်

ယနေ့ကျင်းပသည့် အစည်းအဝေးကို အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ဦးတည်ချက်ဖြစ်သည့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံသည့် ရေအရင်းအမြစ်များအား ထိရောက်စွာ စီမံဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာနအဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ရန်နှင့် ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အတူတကွဝိုင်းဝန်းဆွေးနွေးရန်ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်း

နေပြည်တော် ဇူလိုင် ၄

**ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပခဲ့ရာ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက် အမှာစကားပြောကြားသည်။** (အောက်ပုံ)



အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ(၁)နှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန်တွေ့ဆုံဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစ၍ လစဉ် လုပ်ငန်းရှင်များ၏ အခက်အခဲများကို ကြားနာဖြေရှင်းပေးလျက်ရှိရာ ၂၀၁၇ခုနှစ် ဇူလိုင်အထိ (၇)ကြိမ်မြောက် ကျင်းပပြီးဖြစ်ကြောင်း၊ ဆဋ္ဌမအကြိမ် တွေ့ဆုံဆွေးနွေးပွဲအထိ ပုဂ္ဂလိကအသင်းအဖွဲ့များ၏ တင်ပြချက်ပေါင်း ၉၁ ချက်ရှိခဲ့ပြီး အဆိုပါလုပ်ငန်းစဉ်အလိုက် တင်ပြချက်များ အားလုံးအပေါ် သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ ဖြေရှင်းဆောင်ရွက်ပြန်ကြားချက်များ အားလုံးရရှိခဲ့ပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းစဉ်အလိုက် ဖြေရှင်းဆောင်ရွက်ပေးခဲ့မှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ပေးသွားမည့် အခြေအနေများကိုလည်း သက်ဆိုင်သည့် အသင်းအဖွဲ့နှင့် စီးပွားရေးလုပ်ငန်းရှင်များအား ချပြအသိပေးဆောင်ရွက်သွားနိုင်ရန် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်သို့ ပေးပို့အကြောင်းကြားထားပြီးဖြစ်ပါကြောင်း။

လုပ်ငန်းကော်မတီအနေဖြင့် မဟာဗျူဟာချမှတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုတွင် ဖြေလျှော့မှုများ ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးတွင် ကုန်ကျစရိတ်များ ကြီးမြင့်နေသည့်အတွက် သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ် လျှော့ချနိုင်ရေးနှင့် ကုန်စည်စီးဆင်းမှုလွယ်ကူချောမွေ့စေရေးများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုတွင်လည်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်း တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပလတ်စတစ်လုပ်ငန်းရှင်များအသင်းနှင့် ကုမ္ပဏီများ၏ Wood Plastic Composite ထုတ်လုပ်မှုတွင် ကြုံတွေ့ရသည့်အခက်အခဲများ၊ စီးကရက်ထုတ်ကုန်များတွင် labeling လိုအပ်ချက်နှင့်ပတ်သက်၍ ဖြေလျှော့မှုများ၊ ပြည်ပတင်ပို့သည့် ငါးစည်သွပ်ဘူးများ တစ်ဖက်နိုင်ငံတွင် အချိန်မီထုတ်ယူရရှိနိုင်ရေးစသည့် ကုန်သွယ်မှုဆိုင်ရာ အခက်အခဲတင်ပြချက်များအပေါ် တက်ရောက်လာသည့် သက်ဆိုင်ရာဌာနများမှ ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❄ *ရှေ့ဖုံးမှ*

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကူမြို့နယ်၊ မင်းကင်းမြို့နယ်နှင့် မုံရွာမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

**(မိုး/ဇလ)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၄**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ **(မိုး/ဇလ)**

# IPU ၏ လုပ်ငန်းစဉ်များတွင် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဇူလိုင် ၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် IPU ၏ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် မန်နေဂျာ Ms. Norah Babic နှင့်အဖွဲ့အားယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လွှတ်တော်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများ၊ အရည်အသွေးမြင့်တင်ရေးလုပ်ငန်းစဉ်များ၊ IPU ၏ လုပ်ငန်းစဉ်များတွင် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် IPU ၏ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်မန်နေဂျာ Ms. Norah Babic နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်**

# ကော်မရှင်၏ လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်ချက်များအပေါ် မေးမြန်းဆွေးနွေး

**နေပြည်တော် ဇူလိုင် ၄**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗြိတိန်လွှတ်တော်မှ အကူအညီပေးရေးအဖွဲ့ဖြစ်သည့် WFD (Westminster Foundation for Democracy) ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**ဆွေးနွေး**

တွေ့ဆုံစဉ် ကော်မရှင်၏ လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်ချက်များအပေါ်ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**



# မြန်မာနည်းပညာကျောင်းသားများအဖွဲ့ နိုင်ငံတကာစက်ရုပ်အိုလံပစ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည်

**နေပြည်တော် ဇူလိုင် ၄**

First Global က ကြီးမှူးကျင်းပသည့် International Robotics Challenge 2017 ပြိုင်ပွဲသို့ မြန်မာနိုင်ငံ ရန်ကုန်နည်းပညာတက္ကသိုလ်မှ ကျောင်းသားနှစ်ဦး ပါဝင်သည့် ကျောင်းသားကိုးဦးအဖွဲ့ သွားရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲမှာ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့တွင် ဇူလိုင် ၁၆ရက်မှ ၁၈ ရက်အထိ ကျင်းပရန်ရှိပြီး စက်ရုပ်အိုလံပစ်ပြိုင်ပွဲအဖြစ် ကမ္ဘာအရပ်ရပ်မှ လူငယ်စွန့်ဦးတီထွင်သူများ ဝင်ရောက်ယှဉ်ပြိုင်ရန် စိတ်ပါဝင်စားသည့်ပြိုင်ပွဲတစ်ခုလည်း ဖြစ်သည်။

မြန်မာလူငယ် ကိုးဦးပါဝင်သည့် နိုင်ငံကိုယ်စားပြုအဖွဲ့သည် ရန်ကုန်နည်းပညာတက္ကသိုလ်ကျောင်းသား ဘုန်းသီဟကျော်နှင့် ဝေယျာအောင်တို့ပါဝင်ကြောင်း သိရသည်။ အဆိုပါယှဉ်ပြိုင်မှုတွင် စက်ရုပ်တစ်ရုပ်ဖန်တီး တည်ဆောက်ပြသမည်ဖြစ်ပြီး ထိုစက်ရုပ်သည် ဘောလုံးများကို ကောက်သိမ်းနိုင်သည့်အပြင် သတ်မှတ်ထားသည့်နေရာသို့ သွားရောက်ထည့်ထားမှုကိုလည်း ပြုလုပ်နိုင်လိမ့်မည်။ ထို့အပြင် ဘောလုံးများ သိမ်းဆည်းကာသည့်အခါ ပွဲကြာချိန်နှစ်မိနစ်ခွဲပြီးချိန်တွင် စက်ရုပ်မှာ ဘေးပတ်လည်တွင်ရှိသည့် ဘားတန်းကို ခိုထားပြီး မြေပြင်နှင့်ကင်းလွတ်စွာဖြင့် နေထိုင်မည်ဖြစ်ကြောင်း ရန်ကုန်နည်းပညာတက္ကသိုလ်မှ သိရသည်။

"ကျွန်တော်က ဘုန်းသီဟကျော်ပါ။ တတိယနှစ် Mechatronics ဖြစ်ပါတယ်။ ကလေးဘဝကတည်းက မုန့်ဖိုးရတာတွေကို စက်ရုပ်ဆက်တဲ့အရာတွေဝယ်ဖို့ သုံးတယ်။ ဝါသနာပါတယ်။ YTU ရောက်တော့လည်း ဒီမေဂျာကို အလွန်စိတ်ဝင်စားပြီး ရွေးချယ်ခဲ့တယ်။ ဒုတိယနှစ်လောက်မှာ သူငယ်ချင်းတွေနဲ့ software programming ပိုင်း၊ control ပိုင်းတွေ ပိုစိတ်ဝင်စားလာတယ်။ အခု Challenge မှာ software ပိုင်းကို တာဝန်ယူထားတယ်"ဟု ပြောသည်။

စက်ရုပ် တည်ဆောက်ကြသည့် မြန်မာနိုင်ငံသားများ၏ လှုပ်ရှားမှုများကို First Global Team Myanmar ၏ ဖေ့စ်ဘွတ်စာမျက်နှာတွင် ဝင်ရောက်ကြည့်ရှုနိုင်ကြမည်ဖြစ်ပြီး မြန်မာနိုင်ငံသား လူငယ်များအတွက် အတုယူဖွယ် အခွင့်အလမ်းတစ်ရပ်ပင်ဖြစ်သည်။

"စက်ရုပ်နည်းပညာနဲ့ပတ်သက်ပြီး ပထမဆုံးခြေလှမ်းကတော့ ဒုတိယနှစ်မှာ သူငယ်ချင်းတွေနဲ့အတူတူ ကျောင်းမှာ သင်ကြားခွင့်ရတဲ့ Digital Electronic ဘာသာရပ်ဖြစ်ပါတယ်။ အဲဒီမှာ သူငယ်ချင်းတွေနဲ့ ပရောဂျက်တွေလုပ်ခဲ့ကြပြီး YTU student show 2017 မှာ ပြသခွင့်ရခဲ့တယ်။ နောင်တစ်ချိန်မှာ Mechanical Designing ကိုအထူးပြုပြီး Masters in Robotics ဘွဲ့ယူနိုင်အောင်ကြိုးစားမယ်"ဟု ရန်ကုန်တက္ကသိုလ် တတိယနှစ် မက္ကထရောနစ် ကျောင်းသား ဝေယျာအောင်က ဖြေကြားထားသည်။

**သတင်း-ခင်ရတနာ ၊ ဓာတ်ပုံ-ကိုဂျွန်**




# မစ္စတာ အက်စ်စဖော ဒင်ဂမို ကာမီအား အီသီယိုးပီးယားဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဇူလိုင် ၅**

မစ္စတာ အက်စ်စဖော ဒင်ဂမို ကာမီအား နယူးဒေလီမြို့အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အီသီယိုးပီးယားဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အက်စ်စဖော ဒင်ဂမို ကာမီ ကို ၂၆-၈-၁၉၆၁ ရက်နေ့ တွင်မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၈၅ ခုနှစ်တွင် သတ္တုတူးဖော်ရေး ဘူမိဗေဒအင်ဂျင်နီယာဘာသာရပ်၊ မဟာဘွဲ့ကို ကျူးဘားနိုင်ငံ မိုအာမြို့သတ္တုတူးဖော်ရေးနှင့် သတ္တုဗေဒအဆင့်မြင့်တက္ကသိုလ်မှ ရရှိခဲ့သည်။ ၎င်းသည် ၂၀၀၅ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ အီသီယိုးပီးယားနိုင်ငံဖက်ဒရယ်အဆင့် ရေအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အထိ နိုင်ငံပိုင် သကြားကော်ပိုရေးရှင်းတွင် ညွှန်ကြားရေးမှူးချုပ်၏ အကြံပေးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ နိုင်ငံပိုင် ရေနံနှင့်သဘာဝဓာတ်ငွေ့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်မှ စ၍ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ နီပေါနှင့် ထိုင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ် ကြီးအဖြစ် ထမ်းဆောင်လျက်ရှိပါသည်။

၎င်းသည် ဆီဒါမစ်နာ၊ အမာရစ်၊ အင်္ဂလိပ်၊ စပိန်နှင့် ပေါ်တူဂီဘာသာတို့ကို တတ်ကျွမ်းပါသည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်သည်။ **(သတင်းစဉ်)**

# ဒေါ်အိအိခင်အား အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် ဇူလိုင် ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ နယူးယောက်မြို့မှ ဒုတိယအမြဲတမ်းကိုယ်စားလှယ် ဒေါ်အိအိခင်အား အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**



**ဟသ်ာတခရိုင် အင်္ဂပူမြို့ အင်္ဂပူမြို့နယ်အသင်း တည်းခိုရိပ်သာခန်းမတွင် ဇူလိုင် ၄ ရက်က တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်(ငြိမ်း)၏အစီအစဉ်ဖြင့် တိုကျိုအစိုးရအဖွဲ့က လှူဒါန်းသော လူနာတင်ယာဉ်လွှဲပြောင်းပေးအပ်စဉ်** မန်းကျော်(ပြန်/ဆက်)

# ငြိမ်းချမ်းလိုလျှင် အစွန်းရောက်အမြင်ကိုရှောင်



> ❍ ပျော့ညံ့လွန်း၊ တင်းမာလွန်းသော အစွန်းနှစ်ဖက်ကို ရှောင်ရမည်၊ ပျော့ညံ့လွန်းလျှင် အခြားတစ်ဖက်၏ လွှမ်းမိုးမှု၊ အနိုင်ကျင့်မှုကိုခံရ၏၊ တင်းမာလွန်းလျှင် အမုန်းပွား၍ ရန်များတတ်သည်။
>
> ❍ အခြေအနေအရပ်ရပ်ကို မှန်ကန်စွာရှုမြင်သုံးသပ်ခြင်း၊ အပြောအဆိုလိမ္မာ ပါးနပ်ခြင်း၊ ပြောသည့်အတိုင်း ပြုလုပ်ခြင်း၊ ကတိတည်ခြင်းဖြင့် အများကို စည်းရုံးနိုင်၏။

စိတ်နှလုံး၏ ငြိမ်းချမ်းမှု၊ လူ့အသိုင်းအဝိုင်း၏ ငြိမ်းချမ်းမှုကို ဖော်ဆောင်လိုလျှင် အစွန်းရောက်အမြင်ကို ရှောင်ရမည်၊ မှန်ကန်တိကျမျှတသော အမြင်ဖြင့် ကြည့်ရမည်။

ပျော့ညံ့လွန်း၊ တင်းမာလွန်းသော အစွန်းနှစ်ဖက်ကို ရှောင်ရမည်၊ ပျော့ညံ့လွန်းလျှင် အခြားတစ်ဖက်၏ လွှမ်းမိုးမှု၊ အနိုင်ကျင့်မှုကိုခံရ၏၊ တင်းမာလွန်းလျှင် အမုန်းပွား၍ ရန်များတတ်သည်။

အခြေအနေအရပ်ရပ်ကို မှန်ကန်စွာရှုမြင်သုံးသပ်ခြင်း၊ အပြောအဆိုလိမ္မာ ပါးနပ်ခြင်း၊ ပြောသည့်အတိုင်းပြုလုပ်ခြင်း၊ ကတိတည်ခြင်းဖြင့် အများကို စည်းရုံးနိုင်၏။

စည်းလုံးညီညွတ်သော လူ့ဘောင်တည်ထောင်နိုင်ရန် အပြောအဆို အရေးအသားသည် ကြီးမားသော စွမ်းအားဖြစ်သည်။

(၁) မှန်တာကိုသာ ပြောရမည်၊ ရေးရမည်။
(၂) မှန်တိုင်းမပြောရ၊ မရေးရ။ အများအကျိုးရှိမှ၊ စည်းလုံးညီညွတ်မှု အထောက်အကူပြုမှ၊ ပြောရမည်၊ ရေးရမည်။
(၃) အခါအခွင့်သင့် မသင့်စဉ်းစားပြီးမှ ပြောရမည်၊ ရေးရမည်။
(၄) ရိုင်းပျစွာမပြောရ၊ မရေးရ၊ ယဉ်ကျေးစွာ ပြောဆိုရေးသားရမည်။
(၅) အမုန်းစိတ်ဖြင့် မပြောရ၊ မရေးရ၊ မေတ္တာစိတ်ဖြင့်သာ ပြောရမည်၊ ရေးရမည်။

အများ၏ အကျိုး၊ တိုင်းကျိုး ပြည်ကျိုးကို သယ်ပိုးဆောင်ရွက်လိုသော ပုဂ္ဂိုလ်တိုင်း၊ တစ်တိုင်းတစ်ပြည်လုံး၊ စည်းလုံးညီညွတ်၍ ခိုင်မာသောငြိမ်းချမ်းရေးကို တည်ဆောက်လိုသော ပုဂ္ဂိုလ်တိုင်း မြတ်ဗုဒ္ဓ၏ အဆုံးအမကို ဦးထိပ်ထားလျက်ဆောင်ရွက်နိုင်ကြပါစေ။

**ပါမောက္ခချုပ် ဆရာတော်**
**ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ**

(ယခုဆောင်းပါးအား ၅-၇-၂၀၁၇ ရက်နေ့ထုတ် **The Global New Light of Myanmar** သတင်းစာတွင် အင်္ဂလိပ်ဘာသာဖြင့် ဖတ်ရှုနိုင်ရန် ဖော်ပြထားပါသည်။)

# ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေနှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကော်မတီစည်းဝေး

**နေပြည်တော် ဇူလိုင် ၄**

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၃ နာရီတွင် လွှတ်တော်ဝင်း ဇမ္ဗူသီရိအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့ ဦးဆောင်၍ လွှတ်တော်ဒုတိယဥက္ကဋ္ဌများ၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ဖိတ်ကြားထားသည့် ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ဖွံ့ဖြိုးရေးလုပ်ငန်း၏ ရည်ရွယ်ချက်များ၊ ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာအကောင်အထည်ဖော်ရာတွင် ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များကိုယ်တိုင် ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လုပ်ငန်းများကို စံချိန်စံညွှန်းကိုက်ညီပြီး စာရင်းစစ်ဆေးခံနိုင်ရန် စနစ်တကျဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မဲဆန္ဒနယ်မြေနှင့် မဲဆန္ဒရှင်များအကျိုးအတွက် အလေးထားဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့များအနေဖြင့် လုပ်ငန်းများတင်ပြဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဗဟိုကော်မတီမှ ညွှန်ကြားထားသည့်အတိုင်း အချိန်မီနှင့် စနစ်တကျ အကောင်အထည်ဖော်ရန်ဖြစ်ကြောင်း၊ မြို့နယ်အလိုက် ဦးစားပေးအစီအစဉ်အရ စိစစ်တင်ပြပြီး လက်တွေ့အကောင်အထည်ဖော်မည့်လုပ်ငန်းများကို မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ဝင်များက မျက်နှာစုံညီဆွေးနွေးဆုံးဖြတ်ခြင်းအားဖြင့် မဲဆန္ဒနယ်မြေနှင့် ပြည်သူများအတွက် အကျိုးရှိသော လုပ်ငန်းများဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျစိစစ်ကြပ်မတ်ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် မဲဆန္ဒရှင်များ၏ ယုံကြည်အားကိုးမှုရရှိပြီး ဒေသဖွံ့ဖြိုးရေးကိုအထောက်အကူပေးနိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာဥပဒေနှင့်လုပ်ထုံးလုပ်နည်းများနှင့်အညီ ရည်ရွယ်ချက်ကိုအောင်မြင်အောင် ဆောင်ရွက်သင့်ကြောင်း၊ ဒီမိုကရေစီလုပ်ငန်းစဉ်တွင် စည်းကမ်းဆိုသည်မှာ ပါရှိပြီးဖြစ်၍ မိမိတို့ကိုယ်စားလှယ်များအနေဖြင့် စည်းကမ်းနှင့်အညီဆောင်ရွက်ရေးသည် အရေးကြီးပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကော်မတီအစည်းအဝေးကျင်းပစဉ် (သတင်းစဉ်)

ဆက်လက်ပြီး အစည်းအဝေးသို့ တက်ရောက်လာသည့် ဗဟိုကော်မတီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် ပူးပေါင်းကော်မတီဝင်များက လုပ်ငန်းအတွေ့အကြုံများနှင့် ဆက်စပ်ပြီး ဆောင်ရွက်သင့်သည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဖွံ့ဖြိုးရေးရန်ပုံငွေဆိုင်ရာဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ရေးဆိုင်ရာများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဖွံ့ဖြိုးရေးဗဟိုကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က တင်ပြဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားကာ နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၄**

ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ကယားပြည်နယ်၊ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရှမ်းပြည်နယ် တောင်ပိုင်းနှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

# မြန်မာ့ရေကူးအားကစား

**သူရအေး**

ရေကူးအားကစားနည်းသည် ပြေးခုန်ပစ်အားကစားနည်းကဲ့သို့အရေးပါသော အားကစားနည်း တစ်ခုဖြစ်ပြီး အားကစားပြိုင်ပွဲကြီးတစ်ခုတွင် ရွှေတံဆိပ်(၄၂)ခုခန့်အထိ ချီးမြှင့်လေ့ရှိသဖြင့် ပြေးခုန်ပစ် အားကစားနည်းပြီးလျှင် ဆုတံဆိပ်အများဆုံး ရနိုင်သည့် အားကစားနည်းဖြစ်သည်။ ထို့အပြင် ခေတ်သစ်အိုလံပစ်ပြိုင်ပွဲများ စတင်ကျင်းပခဲ့ချိန်မှစ၍ ရေကူးအားကစားနည်းပါဝင်ခဲ့သည်ကိုလည်း လေ့လာတွေ့ရှိရသည်။ အေဒီ ၁၈၉၆ ခုနှစ် ဂရိနိုင်ငံအေသင်မြို့၌ ပထမအကြိမ်အဖြစ် စတင်ကျင်းပခဲ့သည့် အိုလံပစ် ပြိုင်ပွဲတွင် ရေကူးအားကစားနည်းအား ထည့်သွင်းကျင်းပခဲ့သည်ကိုတွေ့ရသည်။

မြန်မာနိုင်ငံတွင် ရေကူးအားကစားနည်းကို လွတ်လပ်ရေးမရမီ ၁၉၃၀ ပြည့်နှစ်ဝန်းကျင်မှစ၍ လေ့ကျင့်လိုက်စားခဲ့ကြကြောင်း သိရသည်။ ၁၉၃၂ခုနှစ်တွင် ဝိုင်အမ်စီအေအသင်းကြီးမှဦးစီး၍ မိုးဇက်အောင်သွင်ကဆော်သြကာ ကျောင်းပေါင်းစုံရေကူးတံခွန်စိုက်ပြိုင်ပွဲကို စတင်ကျင်းပနိုင်ခဲ့သည်။ ၎င်းပွဲအတွက် အကောင်းဆုံးကျောင်းကိုချီးမြှင့်သော Give and Take ဖလားကို ထိုစဉ်က စကော့ဈေး (ယခုဗိုလ်ချုပ်ဈေး)မှ Give and Take ကုမ္ပဏီပိုင်ရှင် မစ္စတာအာရ်အာရ်ဂန်ဒီက ပေးလှူ ခဲ့ကြောင်း သိရသည်။ နောက်ပိုင်းတွင် ကျောင်းပေါင်းစုံရေကူးပြိုင်ပွဲများကို ပညာရေးအာဏာပိုင်များက ဦးစီးကြပ်မတ်ပြုလုပ်ခဲ့ရာဂျပန်များဝင်ရောက်လာချိန်အထိ ဆက်လက်ကျင်းပနိုင်ခဲ့သည်ကိုတွေ့ရသည်။ စစ်ကြိုခေတ်ကျောင်းပေါင်းစုံရေကူးပြိုင်ပွဲများတွင် စောစောပိုင်း၌ ဒိုင်အိုအထက်တန်းကျောင်းက အောင်မြင်မှုများရခဲ့ပြီး၊ နောက်ပိုင်းတွင် ပဲခူးကရင်အထက်တန်းကျောင်းက အောင်မြင်မှုရခဲ့ကြောင်း သိရသည်။

၁၉၃၄ခုနှစ်တွင်အမျိုးသားရေကူးအသင်းကြီးဖြစ် မြောက်ရေးအတွက် မိုးဇက်အောင်သွင်က ကမကထပြု၍ ကြိုးပမ်းခဲ့ပြီး အားကစားဝါသနာရှင် ဦးဘဒွန်းအားအသင်းကြီး၏ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခဲ့သည်။ ယင်းရေကူးအသင်းကြီးတွင် အထူးစိတ်ပါဝင်စားစွာဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များတွင် ယုဒသန်ကောလိပ်မှ Dr.F.G.Dickason နှင့် ဦးထင်ဘွားတို့နှစ်ဦးပါဝင်ကြောင်း သိရသည်။ အမျိုးသားရေကူးအသင်းကြီးအနေဖြင့် အင်းလျားကန်၌ အမျိုးသားရေကူး တံခွန်စိုက်ပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပေးခဲ့ရာ တစ်ဦးချင်းပြိုင်ပွဲများအပြင် အသင်းလိုက်ပြိုင်ပွဲများလည်း ပါဝင်သည်။ အသင်း လိုက်ပြိုင်ပွဲတွင် ချီးမြှင့်သည့်ဆုဖလားမှာ ဘုရင်ခံ Sir Archibald-Cockrane ချီးမြှင့်သော ဆုဖလားဖြစ်သည်။ ထိုစဉ်က အသင်းလိုက်ပြိုင်ပွဲတွင် ပါဝင်လေ့ရှိသော ရေကူးအသင်းများမှာ မော်လမြိုင်ရေကူးအသင်း၊ ယုဒသန်ကောလိပ်အသင်း၊ ယူနီဗာစီတီအသင်း၊ ဝိုင်အမ်စီအေအသင်းနှင့် ဗြိတိသျှစစ်တပ်မှ King's Own Yorkshire Light Infantry အသင်းတို့ဖြစ်ကြသည်။ အများအားဖြင့် အနိုင်ရသောအသင်းမှာ မော်လမြိုင်ရေကူးအသင်းပင် ဖြစ်သည်။ အကြောင်းမှာ မော်လမြိုင်ရေကူးအသင်းသည် ရေကူးအားကစားနည်းကို အထူးအားပေးခဲ့ပြီး ထိုခေတ်ကအလွန် ကျော်ကြားသော တာဝေးရေကူးပြိုင်ပွဲဖြစ်သည့် သံလွင်မြစ်ဖြတ်ကူးပြိုင်ပွဲကြီးကိုပင် ကျင်းပပြုလုပ်ခဲ့သည်ကို တွေ့ရသည်။

စစ်ကြိုခေတ်က မြန်မာနိုင်ငံတွင်ပြုလုပ်သော နိုင်ငံတကာရေကူးပြိုင်ပွဲမှာ ဥရောပတိုက်သားများသာ ကြီးစိုးသော ကုက္ကိုင်းရေကူးကလပ်နှင့် ကာလကတ္တားရေကူးကလပ်တို့၏ နှစ်စဉ်ကျင်းပသော ပြိုင်ပွဲများသာရှိခဲ့သည်။ စစ်ပြီးခေတ် ပထမအကြိမ်ရေကူးတံခွန်စိုက်ပြိုင်ပွဲကို ၁၉၄၆ခုနှစ်တွင် အမျိုးသားရေကူးအသင်းကြီးက ဦးစီးကျင်းပပြုလုပ်နိုင်ခဲ့ပြီး ထိုအချိန်က အကြီးကျယ်ဆုံးပြိုင်ပွဲတစ်ခုဖြစ်ခဲ့သည်။ ပြိုင်ပွဲတွင် မော်လမြိုင်ရေကူးအသင်းမှ ဆုတံဆိပ်အများဆုံးရကာ အသင်းလိုက်တံခွန်စိုက်ဖလား ရရှိခဲ့သည်။ တစ်ဦးချင်းဖလားကို ရေကူးသမားဟောင်းကြီး ဂျော့ထွန်းအေးက ရရှိခဲ့သည်။ မော်လမြိုင် ရေကူးအသင်းမှ ထူးချွန်အားကစားသမားများမှာ စိန်သောင်း(၁၆နှစ်) နှင့် ဂျွန်မောရစ်ဆင်(၁၅နှစ်)တို့ ဖြစ်ကြသည်။ အမျိုးသမီးပြိုင်ပွဲများတွင် ကာယဗလဆရာကြီး ဒေါက်တာဝေါလ်တာချစ်ထွန်း၏သမီးဖြစ်သူ နင်းနက်ချစ်ထွန်းနှင့်သီပေါဘုရင်၏မြေးတော် ထိပ်စုဖုရားထွေးတို့မှာ ထူးချွန်သူများဖြစ်ကြသည်။ ထိုပြိုင်ပွဲတွင် ပေါ်ထွက်လာသော ရေကူးသမားလူငယ်များမှာ ရန်ကုန်တက္ကသိုလ်ကျောင်းသားများဖြစ်ကြသည့် သီပေါဘုရင်၏မြေးတော် တော်ဘုရားကြီး၊ ရောဘတ်တင်နှင့် ဝင်းတင်တို့ဖြစ်ကြသည်။ ကလေးတန်း၌ ထူးချွန်သူမှာ သိန်းရွှေဖြစ်သည်။

စစ်ကြိုခေတ်တွင် နည်းပြဆရာကောင်းများမရှိခြင်း၊ ရေကူးကန်ကောင်းများမရှိခြင်း၊ ပြိုင်ပွဲများ မရှိသလောက်ရှားပါးခြင်းစသည့် ချို့တဲ့မှုများအကြားမှ နဂိုတော်သော ရေကူးသမားကောင်းများ ပေါ်ပေါက်ခဲ့ဖူးသည်။ ထူးချွန်သော ရေကူးသမားမှာ ဂျော့ထွန်းအေးပင်ဖြစ်သည်။ ဂျော့ထွန်းအေးသည် ၁၉၃၈ ခုနှစ်မှ စစ်ပြီးခေတ် ၁၉၄၉ ခုနှစ်ခန့်အထိ ရေကူးတံခွန်စိုက်ဆုများ ဆွတ်ခူးနိုင်ခဲ့သာပုဂ္ဂိုလ်ဖြစ်သည်။ အခြားရေကူးထူးချွန်သောပုဂ္ဂိုလ်များမှာ မော်လမြိုင်မှ ကျော်သောင်းနှင့်တက္ကသိုလ်မှဘသောင်း၊ ဘသိန်း၊ ထွေးမောင်နှင့်မိုးဇက်အောင်သွင်တို့ဖြစ်သည်။ ဒိုင်ဗင်ထိုးရာ၌လည်း စစ်ကြိုခေတ်က ထူးချွန်သူများ ပေါ်ပေါက်ခဲ့သည်။ ဒိုင်ဗင်ထိုးခြင်း၌ တက္ကသိုလ်မှ ဒိုင်ဗင်သမားများသည် အဆင့်အတန်းမြင့်မားပြီး ထူးချွန်ခဲ့ကြောင်းသိရသည်။ စစ်ကြိုခေတ်တွင် အမျိုးသမီးများထဲမှ ရေကူးသူအတော်ရှားပါးသော်လည်း ယောကျ်ားများနှင့် တန်းတူ ရေကူးနိုင်ခဲ့သူမှာ အဲလစ်ဆက်ပင်ဖြစ်သည်။ အခြားသော နာမည်ကျော်ကြားသည့် အမျိုးသမီးရေကူးသမားမှာ မသိန်းဝါ(Minnie Wales)ပင်ဖြစ်သည်။ မသိန်းဝါသည် မြန်မာအမျိုးသမီးထဲမှ ပထမဆုံး အင်းလျားကန်ကိုဖြတ်၍ကူးနိုင်ခဲ့သူဖြစ်သည်။



ရေကူးအားကစားပြိုင်ပွဲဝင် အားကစားသမားများကို တွေ့ရစဉ်

ထိုချိန်က ရေကူးတိုးတက်မှုအတွက် အဘက်ဘက်မှ အားပေးသမှုပြုကြသော ဦးဘဒွန်း၊ ဦးထင်ဘွား၊ ဦးထွေးမောင်၊ ဦးဇော်ဝိတ်၊ မစ္စတာဆစ်ဒနီသွင်စသည့် ပုဂ္ဂိုလ်တို့၏ ကြိုးပမ်းမှုကြောင့်ငါးနှစ်အတွင်း အထိုက်အလျောက် တိုးတက်လာသည်ကိုတွေ့ရသည်။ ၁၉၅၁ခုနှစ်တွင် ကျင်းပခဲ့သည့် ပထမအကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ မြန်မာရေကူးသမားများဖြစ်ကြသည့် စိန်ဖိုး၊ တင်အောင်၊ ကျူးတင်၊ ရောဘတ်တင်နှင့်ကြည်ဆိုင်တို့ကို စေလွှတ်ယှဉ်ပြိုင်စေနိုင်ခဲ့သည်။ ယင်းနောက်တွင်ရှစ်နှစ်ခန့် နိုင်ငံတကာပြိုင်ပွဲများနှင့်ကင်းကွာခဲ့ရပြီး ရေကူးသမားဟောင်းများ ပျောက်ကွယ်ကာ လူသစ်များ ပေါ်ထွက်လာခဲ့သည်ကို တွေ့ရသည်။ ၎င်းကာလအတွင်း ထွက်ပေါ်လာသော ရေကူးသမားများမှာ ပုသိမ်မှ မျိုးမြင့်နှင့်ချစ်ညာဏ်၊ မော်လမြိုင်မှ စံပွင့်တို့ဖြစ်ကြသည်။ အမျိုးသမီးများတွင် မသက်ပို၊ မသိန်းမြင့်၊ မရှမ်းမ၊ မညွန့်ခင်နှင့် မညွန့်တင်တို့ဖြစ်သည်။

၁၉၅၈ခုနှစ်သည် မြန်မာ့ရေကူးသမိုင်း၌ ထူးခြားသော နှစ်ဟုဆိုနိုင်သည်။ ၎င်းနှစ်တွင် ဗန်းမော်မှ ရေကူးသမား တင်မောင်နီသည် ရေကူးပြိုင်ပွဲ၌ ပထမဆုံးအကြိမ်အဖြစ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မီတာ(၂၀၀) အလွတ်ကူး၌ (၂မိနစ် ၃၀.၄စက္ကန့်)ဖြင့်ကူးခဲ့ပြီး ၁၉၄၆ခုနှစ်ခန့်က ဂျော့ထွန်းအေးတင်ခဲ့သောစံချိန်ထက် (၉.၆စက္ကန့်)မြန်နေသည်ကိုတွေ့ရသဖြင့် ရေကူးအဖွဲ့ချုပ်မှ ပုဂ္ဂိုလ်များသည် ရေကူးလူစွမ်းကောင်းတစ်ယောက်ပေါ်လာပြီဟု များစွာနှစ်ထောင်းအားရဖြစ်ခဲ့ကြရသည်။ တင်မောင်နီ၏ ပထမအကြိမ် နိုင်ငံတကာရေကူးပြိုင်ပွဲမှာ ၁၉၅၉ ခုနှစ်ပထမအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ (ဗန်ကောက်)ပင်ဖြစ်သည်။ ထိုပြိုင်ပွဲတွင် တင်မောင်နီသည် မီတာ၁၀၀၊ မီတာ၂၀၀ အလွတ်ကူးပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။ မီတာ (၁၀၀) လိပ်ပြာကူးပြိုင်ပွဲတွင် ကြေးတံဆိပ်ဆွတ်ခူးခဲ့သည်။ ထိုအချိန်ကပေါ်ပေါက်ခဲ့သည့် မြန်မာ့ရေကူးသူရဲကောင်းများမှာ တင်မောင်နီ၊ မြသီး၊ အေးကျော်၊ အောင်သန်း၊ ချစ်စိန်နှင့်လင်းစဒေးတို့ဖြစ်ကြသည်။ ၁၉၆၁ ခုနှစ်ဒုတိယအကြိမ်အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲ(ရန်ကုန်)တွင် မြန်မာရေကူးသမားများက အထူးပင်အစွမ်းပြနိုင်ခဲ့ကြသည်။ တင်မောင်နီက ရွှေတံဆိပ်သုံးခုနှင့်ကြေးတံဆိပ်တစ်ခု၊ မြသီးကရွှေတံဆိပ်တစ်ခု၊ အောင်သန်းက ငွေတံဆိပ်တစ်ခု နှင့်ကြေးတံဆိပ်နှစ်ခု၊ ချစ်စိန်က ရွှေတံဆိပ်တစ်ခု အသီးသီးဆွတ်ခူးနိုင်ခဲ့ကြသည်။ ထိုသို့ တစ်ဦးချင်းဆုများဆွတ်ခူး ခဲ့ကြသလို မြန်မာ့ရေကူးအသင်းသည် မီတာ ၄၀၀ လေးမျိုး တွဲလက်ဆင့်ကမ်းပွဲနှင့် မီတာ ၈၀၀ အလွတ်ကူးလက်ဆင့် ကမ်းပွဲများတွင်ပါ ရွှေတံဆိပ်များဆွတ်ခူးခဲ့ကြသည်။

၁၉၆၁ ခုနှစ် အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့တော်၌ကျင်းပသည့် ဟိုပဲအားကစားပြိုင်ပွဲ (Hopale International Sports Festival)သို့ တင်မောင်နီဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဥရောပနှင့်အမေရိကန် ရေကူးသမားများ အံ့အားသင့်သွားရလောက်အောင် မီတာ၁၅၀၀အလွတ်ကူးပြိုင်ပွဲတွင် ရွှေတံဆိပ်နှင့် မီတာ ၂၀၀နှင့် မီတာ ၄၀၀ အလွတ်ကူးပြိုင်ပွဲများတွင် ငွေတံဆိပ်များဆွတ်ခူးနိုင်ခဲ့သည်။ တင်မောင်နီ၏ အမြင့်မားဆုံးအောင်မြင်မှုမှာ ၁၉၆၂ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာတွင်ကျင်းပသော စတုတ္ထအကြိမ်မြောက်အာရှအားကစားပြိုင်ပွဲပင်ဖြစ်သည်။

၎င်းပြိုင်ပွဲတွင် တင်မောင်နီသည် အာရှတိုက်၌ အမြဲတမ်းဗိုလ်စွဲနေကျဖြစ်သော ဂျပန်ရေကူးသမားများကို အနိုင်ယူလျက် မီတာ ၄၀၀ နှင့် မီတာ ၁၅၀၀ ပြိုင်ပွဲများတွင် ရွှေတံဆိပ်များ ဆွတ်ခူးနိုင်ခဲ့သည်။ တင်မောင်နီသည် မြန်မာ နိုင်ငံမှ အားကစားသမားများအနက် အာရှအဆင့် ပြိုင်ပွဲ၌ ပထမဆုံး ရွှေတံဆိပ်နှစ်ခုကို တစ်ကြိမ်တည်း ဆွတ်ခူးနိုင်ခဲ့သော အားကစားလူစွမ်းကောင်းပင် ဖြစ်သည်။ တင်မောင်နီ သည် သူ၏နိုင်ငံတကာ နောက်ဆုံးပြိုင်ပွဲဖြစ်သည့် ၁၉၆၅ ခုနှစ် တတိယအကြိမ်အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲ(ကွာလာလမ်ပူ)တွင် ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ်တစ်ခုကိုလည်း ရယူပေးနိုင်ခဲ့သည်။

ထိုကဲ့သို့ နိုင်ငံတကာပြိုင်ပွဲများတွင် တင်မောင်နီ ထူးချွန်စွာအစွမ်းပြနိုင်ခဲ့ခြင်းမှာ စေတနာ့ဝန်ထမ်း နည်းပြပေးခဲ့သော ဂျပန်ကုန်သည် ရေကူးဝါသနာအိုး မစ္စတာမာဆူးဒါး၏ ကြိုးပမ်းမှုနှင့် အထောက်အကူပြုမှုများစွာပါဝင်သည်။ မစ္စတာမာဆူးဒါးသည် တင်မောင်နီတစ်ယောက်တည်းကိုသာမက အခြားအခြားသော ထိပ်တန်းရောက် မြန်မာရေကူးသမားများကိုပါ အကူအညီပေးခဲ့သူဖြစ်သည်။ ထိုအချိန်က မြန်မာရေကူးသမားများ အဆင့်အတန်းတိုးတက်လာရခြင်းမှာ ယခင်စစ်ကြိုခေတ်ကရှိခဲ့သည့် ကုက္ကိုင်းရေကူးကန်အပြင် ၁၉၆၁ခုနှစ် ဒုတိယအကြိမ်အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ မတိုင်မီတည်ဆောက်ခဲ့သည့် အမျိုးသားရေကူးကန် (သိမ်ဖြူလမ်း) ကဲ့သို့ နိုင်ငံတကာပြိုင်ပွဲသုံးနိုင်သည့် ခေတ်မီမီတာ(၅၀)ရေကူးကန်တစ်ခုတည်ဆောက်နိုင်ခဲ့ခြင်းသည်လည်း အကြောင်းတစ်ရပ်အဖြစ် ပါဝင်ပေသည်။

မြန်မာအမျိုးသမီးရေကူးသမားများထဲတွင် မညွန့်ခင်သည် အအောင်မြင်ဆုံးဖြစ်သည်။ သူသည် မီတာ ၁၀၀ အလွတ်ကူးနှင့် မီတာ ၁၀၀ ပက်လက်ကူးတို့တွင် ရွှေတံဆိပ်များဆွတ်ခူးခဲ့သည်။ အဲလစ်ဇဘက်စမိုက်သည်လည်း မီတာ ၂၀၀ အလွတ်ကူးတွင် ရွှေတံဆိပ်ဆုနှင့် မီတာ ၁၀၀ အလွတ်ကူးတွင် ငွေတံဆိပ်ဆုတို့ ဆွတ်ခူးခဲ့သည်။ ဆိုဖီယာသွင်သည် မီတာ ၂၀၀ အလွတ်ကူးနှင့် မီတာ ၁၀၀ ပက်လက်ကူးတို့တွင် ငွေတံဆိပ်များဆွတ်ခူးခဲ့သည်။ မြင့်မြင့်ခင်သည် မီတာ ၁၀၀ ရင်ပေါင်ကူးပြိုင်ပွဲ၌ ငွေတံဆိပ်ဆွတ်ခူးခဲ့ပြီး အမျိုးသမီးအနေဖြင့် မီတာ ၄၀၀ အလွတ်ကူးလက်ဆင့်ကမ်းပွဲတွင်လည်း ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ နောက်ပိုင်းပေါ်ထွက်လာသော ရေကူးသမားများမှာ အော်စကာသွင်၊ အောင်လှိုင်ဝင်းနှင့်နန္ဒကျော်စွာတို့ဖြစ်ကြသည်။ အမျိုးသမီးများဘက်တွင်လည်း ပေါ်လီဘစန်း၊ မြမြဝင်း၊ မေရီ၊ ရှယ်လီစိုးနှင့် မာလာစသောရေကူးမယ်များပေါ်ပေါက်ခဲ့သည်။ ယင်းလူငယ်များသည် ကျွန်းဆွယ်ပြိုင်ပွဲနှင့်တကွ အာရှပြိုင်ပွဲများတွင်ပင် အစွမ်းပြနိုင်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ယခုကဲ့သို့ မြန်မာ့ရေကူးအားကစားတိုးတက်မြင့်မားလာရေးအတွက် အခက်အခဲများအကြားမှ စေတနာ့ဝန်ထမ်းအားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်ပုဂ္ဂိုလ်များကို ကျေးဇူးတင်ဖွယ်ကောင်းလှသည်။ ယင်းသို့ အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့သည့်ပုဂ္ဂိုလ်များအနက် အထူးတင်ပြသင့်သော ပုဂ္ဂိုလ်များမှာ ဦးထင်ဘွား၊ ဦးထွေးမောင်၊ ဗိုလ်မှူးကြီးထွန်းသာ(လေ)၊ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညွန့်(ရေ)၊ ဒုတိယ ဗိုလ်မှူးကြီးခင်မောင်မြင့်(ရေ)၊ ဒုတိယဗိုလ်မှူးကြီးတင်ထွန်း(လေ)၊ ဒုတိယဗိုလ်မှူးကြီးဂျွန်စမိုက်(စေတနာ့ ဝန်ထမ်းနည်းပြဆရာအဖြစ်လည်းဆောင်ရွက်ခဲ့သည်။)၊ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ကြီး(ရေ)၊ ဒုတိယ ဗိုလ်မှူးကြီးစီစယ်ပါစီရာ(ရေ)၊ ဗိုလ်မှူးအောင်ဒင်(ရေ)၊ ဦးဇော်ဝိတ်၊ မစ္စတာဆစ်ဒနီသွင်၊ ဦးစိုးမောင်၊ ဦးမောင်မောင်ထွန်း၊ ပါမောက္ခဝီလျံပေါ(စီးပွားရေးတက္ကသိုလ်၊ရန်ကုန်)၊ ဦးမောင်မောင်(ကုက္ကိုင်းရေကူးကလပ်)၊ ဦးလှထွန်း(စာတိုက်)၊ ဦးနေမြင့်၊ မစ္စတာလင်းစဒေးနှင့်မစ္စတာဘူကာနန်တို့ဖြစ်ကြသည်။ ထို့အပြင် မမေ့အပ်သော ရေကူးနည်းပြများမှာ မစ္စတာမာဆူးဒါး(ဂျပန်)၊ ဦးမြသီး၊ ဦးစိန်လှိုင်နှင့် သံလုံးဦးဝင်းကြည်တို့ ဖြစ်ကြသည်။ ဦးဝင်းကြည်သည် နန္ဒကျော်စွာနှင့်မြဝင်းတို့ကဲ့သို့ ရေကူးလူရည်ချွန်များကို လေ့ကျင့်သင်ကြားပေးခဲ့သည့် အမျိုးသားရေကူးကန်၏ ပထမဆုံးတာဝန်ခံအရာရှိပင် ဖြစ်သည်။

၎င်းသို့ဖြင့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ကို ၁၉၄၇ ခုနှစ်မှစ၍ ဦးထွေးမောင်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူဖွဲ့စည်းခဲ့ပြီး အပြည်ပြည်ဆိုင်ရာရေကူးအဖွဲ့သို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ၁၉၄၇ ခုနှစ်မှာပင် ဝင်ရောက်နိုင်ခဲ့ကာ မြန်မာနိုင်ငံ၏ရေကူးအားကစားလုပ်ငန်းများကို တိုးတက်အောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ဂျပန်နိုင်ငံမှ ရေကူးနည်းပြမစ္စတာမာဆူးဒါးသည်သူ၏ ကုမ္ပဏီလုပ်ငန်းများကို ဆောင်ရွက်ရင်း မြန်မာရေကူးသမားလေးများကို အင်းလျားကန်တွင် စေတနာ့ဝန်ထမ်းလေ့ကျင့်ပေးခဲ့ကာ နောက်ပိုင်းတွင် သထုံ လမ်းရှိ တက္ကသိုလ်ရေကူးကန်၌ လေ့ကျင့်ပေးခဲ့သည်။ ၁၉၆၁ ခုနှစ်နောက်ပိုင်းတွင်မူ အမျိုးသားရေကူးကန်ပေါ်ပေါက်လာပြီဖြစ်၍ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှတာဝန်ယူ၍ အမျိုးသားရေကူးကန်တွင် နေ့စဉ်နံနက်ပိုင်းနှင့်ညနေပိုင်းတို့၌ လေ့ကျင့်မှု များပြုလုပ်ပေးခဲ့သည်။ ကျောင်းများ၊ တပ်များနှင့်ဌာနဆိုင်ရာ များကိုစည်းရုံး၍ လေ့ကျင့်မှုများပြုလုပ်ပေးခဲ့ပြီး ၁၉၇၀ နောက် ပိုင်းတွင် ဂျပန်နည်းပြဆရာ တစ်ဦးကိုငှားရမ်း၍ လေ့ကျင့်ပေးနိုင်ခဲ့သည်။ မြန်မာရေကူးနည်းပြဆရာများကိုလည်း အနောက်ဂျာမနီသို့စေလွှတ်၍ ရက်တို၊ ရက်ရှည်သင်တန်းများတက်ရောက်စေခဲ့သည်။

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်တွင် တာဝန်ယူဆောင်ရွက်ခဲ့သော ဥက္ကဋ္ဌများမှာ- ဦးထွေးမောင်၊ ဗိုလ်မှူးကြီးထွန်းသာ၊ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညွန့်၊ ဒုတိယဗိုလ်မှူးကြီးခင်မောင်ချို၊ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဝင်း၊ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ခင်၊ ဒုတိယဗိုလ်မှူးကြီးဝင်းလွင်၊ ဦးမျိုးဝင်း၊ ဒုတိယ ဗိုလ်မှူးကြီးခင်အောင်(၁၉၉၀-၁၉၉၄)၊ ဒုတိယဗိုလ်မှူးကြီးခင်မောင်မောင်(၁၉၉၄-၁၉၉၆)၊ ဒုတိယဗိုလ်မှူးကြီးသာဆန်း(၁၉၉၆-၁၉၉၈)၊ ဒုတိယဗိုလ်မှူးကြီးကျော်တင်လှ(၁၉၉၈-၁၉၉၉)၊ ဒုတိယဗိုလ်မှူးကြီး တင်ဦး(၁၉၉၉-၂၀၀၀)၊ ဗိုလ်မှူးကြီးကျော်တင်လှ(၂၀၀၀-၂၀၀၁)၊ ဦးခင်ရွှေ(ဇေကမ္ဘာ)(၂၀၀၁-၂၀၀၄)၊ ဦးထွန်းမြင့်နိုင်(အေးရှားဝေါလ်)(၂၀၀၄-၂၀၁၅)၊ ဦးသောင်းထိုက်မင်း(၂၀၁၅မှ ယနေ့ထိ)တို့ဖြစ်ကြပါသည်။

အပြည်ပြည်ဆိုင်ရာရေကူးပြိုင်ပွဲများတွင် ပြိုင်ပွဲအမျိုးအစား၄၂ မျိုးကျင်းပလေ့ရှိရာ အမျိုးသား ပြိုင်ပွဲ ၂၀ မျိုး၊ အမျိုးသမီးပြိုင်ပွဲ၂၀ မျိုးနှင့်မီတာ(၁၀၀×၄ယောက်) အလွတ်ကူး (ကျား/မ)ပေါင်းလက်ဆင့်ကမ်းပြိုင်ပွဲ၊ မီတာ (၁၀၀×၄ ယောက်)(၄ မျိုးကူး)(ကျား/မ)ပေါင်း လက်ဆင့်ကမ်းပြိုင်ပွဲနှစ်မျိုးအပါအဝင် စုစုပေါင်း ၄၂ မျိုးပါဝင်သည်။ ထို့ကြောင့်လည်း ဆုတံဆိပ်ပေါင်း ၄၂ ခု ရရှိနိုင်သည့် အားကစားနည်း ပင်ဖြစ်သည်။

*စာမျက်နှာ ၈ သို့*

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွန်ငွေတိုးရရှိရေး ဥပဒေနှင့်အညီကောက်ခံရန် ကြိုးပမ်းဆောင်ရွက်

**နေပြည်တော်  ဇူလိုင်  ၄**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းနှင့် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော အထူးကုန်စည်ခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အထူးကုန်စည်ခွန်ဥပဒေပြဋ္ဌာန်းဆောင်ရွက်နိုင်ခဲ့ခြင်းသည် နိုင်ငံတော်အတွက် အခွန်ကောက်ခံရရှိမှုကို များစွာအထောက်အကူပြုခဲ့ပါကြောင်း၊ အခွန်ဆိုင်ရာဥပဒေတစ်ရပ်သည် ဘက်ပေါင်းစုံမှ သုံးသပ်၍ သိမ်မွေ့စွာဆောင်ရွက်သင့်ပါကြောင်း၊ ဥပဒေတစ်ရပ် ပြင်ဆင်ရာတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းရှင်များအတွက် အခွန်တာဝန်ကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ချောမွေ့စွာ ဆက်လက်ကူးပြောင်း ထမ်းဆောင်နိုင်ရေးကိုလည်း ထည့်သွင်းစဉ်းစားထားရှိပါကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်သွင်းသည်။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ဖတ်ကြားတင်ပြသည်။

ယင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော တရားခံ လွှဲပြောင်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ကော်မတီတွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးလင်းက ဖတ်ကြားတင်ပြသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော **၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လပတ် လျာထားချက်အပေါ် အခွန်ကောက်ခံရရှိမှုအခြေအနေနှင့် စပ်လျဉ်း၍** စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင် အခွန်အကောက်ရငွေအတွက် လျာထားချက်မှာ ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းအရ ငွေကျပ် ၆၅၁၂ ဒသမ ၇၀၄ ဘီလီယံ ဖြစ်ပါကြောင်း၊ ဒုတိယခြောက်လပတ်အတွက် လျာထားချက်မှာ ငွေကျပ် ၄၃၇၀ ဒသမ ၈၇၀ ဘီလီယံဖြစ်ပြီး ကောက်ခံရရှိမှုမှာ ငွေကျပ် ၄၅၇၃ ဒသမ ၉၀၄ ဘီလီယံ ဖြစ်ပါကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်အတွက် ဒုတိယခြောက်လပတ် လျာထားချက်မှာ ငွေကျပ် ၁၂၆၇ ဒသမ ၄၇၈ ဘီလီယံဖြစ်ပြီး ကောက်ခံရရှိမှုမှာ ငွေကျပ် ၁၃၄၀ ဒသမ ၈၃၅ ဘီလီယံ ဖြစ်ပါကြောင်း၊ လျာထားချက်ကို ပြည့်မီ ကျော်လွန်ရသည့် အကြောင်းအရင်းမှာ နိုင်ငံပိုင်ကဏ္ဍမှ ယခင်နှစ်ထက် ပိုမိုကောက်ခံရရှိခဲ့ခြင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်များအတွင်း နိုင်ငံပိုင်လုပ်ငန်းများက ရယူခဲ့သော ဝန်ဆောင်မှုများအတွက် ကျသင့်အခွန်များကို စုစည်းပေးသွင်းခဲ့ခြင်းတို့ကြောင့် ဖြစ်ပါကြောင်း၊

ကုန်သွယ်ရေးဦးစီးဌာနမှ ကောက်ခံသည့် သွင်းကုန်လိုင်စင်များအတွက် ဒုတိယခြောက်လပတ်လျာထားချက်မှာ ငွေကျပ် ၂ ဒသမ ၀၉၇ ဘီယီယံဖြစ်ပြီး ကောက်ခံရရှိမှုမှာ ငွေကျပ် ၃ ဒသမ ၉၂၆ ဘီလီယံဖြစ်ပါကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံသည့် မြန်မာနိုင်ငံအောင်ဘာလေ သိန်းဆုအတွက် ဒုတိယခြောက်လပတ် လျာထားချက်မှာငွေကျပ် ၂၂ ဒသမ ၇၄၂ ဘီလီယံဖြစ်ပြီး ကောက်ခံရရှိမှုမှာ ငွေကျပ် ၂၂ ဒသမ ၈၇၀ ဘီယီယံဖြစ်ပါကြောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ကောက်ခံသည့် မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများအတွက် ဒုတိယခြောက်လပတ် လျာထားချက်မှာငွေကျပ် ၁၂၉ ဒသမ ၆၉၁ ဘီလီယံ ဖြစ်ပြီး ကောက်ခံရရှိမှုမှာငွေကျပ် ၁၇၀ ဒသမ ၄၂၅ ဘီလီယံဖြစ်ပါကြောင်း။

ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံသည့် အထူးကုန်စည်ခွန်အတွက် ဒုတိယခြောက်လပတ်လျာထားချက်မှာ ငွေကျပ် ၅၀၇ ဒသမ ၂၉၉ ဘီလီယံဖြစ်ပြီး ကောက်ခံရရှိမှုမှာ ငွေကျပ် ၆၃၆ ဒသမ ၃၂၂ ဘီလီယံဖြစ်ပါကြောင်း၊ အကောက်ခွန်ဦးစီးဌာနမှ ကောက်ခံသည့် အကောက်ခွန်အတွက် ဒုတိယခြောက်လပတ် လျာထားချက်မှာ ငွေကျပ် ၂၅၂ ဒသမ ၅၀၀ ဘီလီယံဖြစ်ပြီး ကောက်ခံရရှိမှုမှာ ငွေကျပ် ၂၅၈ ဒသမ ၁၀၄ ဘီလီယံဖြစ်ပါကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာနမှ ကောက်ခံသည့် ငါးလုပ်ငန်းဆိုင်ရာ အခွန်အခအတွက် ဒုတိယခြောက်လပတ် လျာထားချက်မှာ ငွေကျပ် ၀ ဒသမ ၆၁၀ ဘီလီယံဖြစ်ပြီး ကောက်ခံရရှိမှုမှာ ငွေကျပ် ၂ ဒသမ ၁၂၂ ဘီလီယံဖြစ်ပါကြောင်း၊ သတ္တုတွင်းဦးစီးဌာနမှ ကောက်ခံသည့် ဓာတ်သတ္တုခွန်နှင့် ရတနာခွန်အတွက် ဒုတိယခြောက်လပတ် လျာထားချက်မှာ ငွေကျပ် ၁၀ ဒသမ ၄၁၆ ဘီလီယံဖြစ်ပြီး ကောက်ခံရရှိငွေကျပ် ၂၀ ဒသမ ၁၈၆ ဘီလီယံဖြစ်ပါကြောင်း။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ကောက်ခံသည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း အခွန်အခအတွက် ဒုတိယခြောက်လပတ် လျာထားချက်မှာငွေကျပ် ၉၀ ဒသမ ၈၄၉ ဘီလီယံဖြစ်ပြီး ကောက်ခံရရှိငွေကျပ် ၃၇၉ ဒသမ ၅၀၅ ဘီလီယံ ဖြစ်ပါကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံသည့် တံဆိပ်ခေါင်းခွန်အတွက် ဒုတိယခြောက်လပတ် လျာထားချက်မှာ ငွေကျပ် ၃၄ ဒသမ ၄၉၀ ဘီလီယံဖြစ်ပြီး ကောက်ခံရရှိမှုမှာ ငွေကျပ် ၃၁ ဒသမ ၁၂၆ ဘီလီယံ ဖြစ်ပါကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံသည့် ဝင်ငွေခွန်အတွက် ဒုတိယခြောက်လပတ် လျာထားချက်မှာ ငွေကျပ် ၁၆၇၆ ဒသမ ၄၆၉ ဘီလီယံဖြစ်ပြီး ကောက်ခံရရှိမှုမှာ ငွေကျပ် ၁၅၀၁ ဒသမ ၂၅၃ ဘီလီယံဖြစ်ပါကြောင်း၊ သစ်တောဦးစီးဌာနမှ ကောက်ခံသည့် သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် သစ်တောခွန်အတွက် ဒုတိယခြောက်လပတ် လျာထားချက်မှာငွေကျပ် ၅ ဒသမ ၁၇၉ ဘီလီယံဖြစ်ပြီး ကောက်ခံရရှိမှုမှာ ငွေကျပ် ၂ ဒသမ ၃၅၂ ဘီလီယံ ဖြစ်ပါကြောင်း။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ကောက်ခံသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူသည့် အခွန်အတွက် ဒုတိယခြောက်လပတ် လျာထားချက်မှာငွေကျပ် ၃၆၃ ဒသမ ၂၃၉ ဘီလီယံဖြစ်ပြီး ကောက်ခံရရှိငွေကျပ် ၂၂၈ ဒသမ ၀၄၈ ဘီလီယံ ဖြစ်ပါကြောင်း၊ လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာနမှ ကောက်ခံသည့် ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့်ဓာတ်အားခအတွက် ဒုတိယခြောက်လပတ် လျာထားချက်မှာငွေကျပ် ၆ ဒသမ ၀၂၀ ဘီလီယံဖြစ်ပြီး ကောက်ခံရရှိငွေကျပ် ၅ ဒသမ ၄၁၀ ဘီလီယံဖြစ်ပါကြောင်း။

အနာဂတ်ကာလတွင် နိုင်ငံတော်အစိုးရ၏ အသုံးစရိတ်များကို နိုင်ငံတော်က ကောက်ခံရရှိသည့် အခွန်ငွေအပေါ် ရပ်တည်ဆောင်ရွက်ကြရမည်ဖြစ်သည့်အတွက် ရသင့်ရထိုက်သည့် အခွန်အကောက်များ ကောက်ခံရေးသည် အရေးကြီးသောကိစ္စဖြစ်ပါကြောင်း၊ သို့ရာတွင် အခွန်ထမ်းပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေး၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဝင်ငွေအပြည့်အဝရရှိရေးကို ချင့်ချိန်ပြီး သင့်တင့်မျှတစွာ ပြည်သူအများ လိုက်နာထမ်းဆောင်နိုင်သော အခွန်နှုန်းထားဖြစ်စေရေး၊ ပြည်သူများအခွန်ဆိုင်ရာ အသိပညာ၊ ဗဟုသုတတိုးပွားပြီး အခွန်ကို လိုလားစွာ ထမ်းဆောင်လာစေရေး၊ နိုင်ငံတကာစံနှုန်းများနှင့် လျော်ညီသောအခွန်စနစ် ဖြစ်ပေါ်လာရေး၊ အခွန်တိမ်းရှောင်မှု ပပျောက်ရေးစသည်တို့အတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

**၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လပတ် လျာထားချက်အပေါ် အခွန်ကောက်ခံရရှိမှုအခြေအနေနှင့်** စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီအရင်ခံစာ (၈/၂၀၁၇)ကို ကော်မတီအဖွဲ့ဝင် ဦးအောင်မင်းက ဖတ်ကြားတင်ပြသည်။

ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာတွင် ပြည်ထောင်စု၏ အခွန်အကောက်ရငွေတိုးတက်မှုရှိသော်လည်း အခွန်ရငွေနှင့် ဂျီဒီပီအချိုး နိမ့်ကျဆဲဖြစ်ပါကြောင်း၊ အခွန်ရငွေသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်ရာ အခွန်ငွေတိုးတက်ရရှိနိုင်ရေးအတွက် ဥပဒေနှင့်အညီ ထိထိရောက်ရောက် ကောက်ခံနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

အခွန်ရငွေ တိုးတက်ရရှိနိုင်ရေး ဆောင်ရွက်ရာတွင် တည်ဆဲအခွန်မူဝါဒများနှင့်အညီဖြစ်စေရေး၊ အခွန်ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်ဘဏ္ဍာငွေကုန်ကျမှုသက်သာစေရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံပိုင်သတင်းစာများ၏ အထူးထုတ်အချပ်ပိုကဏ္ဍများတွင် ထည့်သွင်းပညာပေးနိုင်ပါကြောင်း၊ ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ အခွန်ပေးဆောင်ထိုက်သူများဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာသက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ အခွန်ကောက်ခံရာတွင် သက်သာခွင့်များနှင့်အညီ တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာ တာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်း၊ ထိုက်သင့်သော ချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်သင့်ကြောင်း ဖော်ပြထားသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော ၂၀၁၇ ခုနှစ် ရေခွန်နှင့်တာတမံခွန်ဥပဒေကြမ်းနှင့် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

**မျိုးမြင့်၊ အေးအေးသန့် (သတင်းစဉ်)**




ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပစဉ်

# ဗဟိုဘဏ်သည် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နေ၍ ဘာသာစကားပြောဆိုရေးသားမှု ကျွမ်းကျင်ရန်လို

**နေပြည်တော်  ဇူလိုင်  ၄**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲ၌ ဒုတိယဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ယမန်နေ့ နံနက် ၁၁ နာရီတွင် တွေ့ဆုံအမှာစကားပြောကြားသည်။(**ယာပုံ**)

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ဗဟိုဘဏ်သည်ငွေကြေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပြီး ငွေကြေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးမူဝါဒနှင့်လည်း ဟန်ချက်ညီအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဗဟိုဘဏ်၏ အရာထမ်းများအနေဖြင့် ဗဟိုဘဏ်၏လုပ်ငန်းတာဝန်များကို ကြိုးစားလေ့လာ၍ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊ သတင်းမီဒီယာများတွင် ရေးသားသည့် ငွေကြေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ဘဏ်လုပ်ငန်းကဏ္ဍတို့နှင့် သက်ဆိုင်သော သတင်းဆောင်းပါးများကို ဖတ်ရှုလေ့လာ သုံးသပ်ကြရန်၊ အရာထမ်းများအနေဖြင့် ပြည်ပပညာသင်နှင့် ဆွေးနွေးပွဲများတက်ရောက်ခြင်းတို့မှ ရရှိလာသည့် အသိပညာများကို အကျိုးရှိစွာ အသုံးချနိုင်မည်ကို လေ့လာသုံးသပ်တင်ပြရန် လိုအပ်ကြောင်း၊ ဗဟိုဘဏ်သည် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်၍ ဘာသာစကားပြောဆိုရေးသားနိုင်မှုကို ကျွမ်းကျင်မှုရှိအောင် ကြိုးစားကြရန် လိုကြောင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ် ပျက်ကျရာတွင် ပါဝင်သွားခဲ့သော အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များနှင့် လေယာဉ်အမှုထမ်းများအတွက် ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဇူလိုင် ၄**

ပျက်ကျသွားသော တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်တွင် ပါဝင်သွားခဲ့သည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် လေယာဉ်အမှုထမ်းများအတွက် ထောက်ပံ့ငွေကျပ် သိန်း ၅၀ ကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်နီနီဝင်းက ယနေ့ မွန်းလွဲ ၂ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးသို့ လာရောက်ပေးအပ်လှူဒါန်းရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းက လက်ခံသည်။(**အောက်ပုံ**)

အလားတူ ပျက်ကျခဲ့သောလေယာဉ်တွင် ပါဝင်သွားခဲ့သူများအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၃) ကျောင်းဆင်းအရာရှိများကိုယ်စား အမျိုးသားလွှတ်တော်ရုံးမှ ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်နှင့် အဖွဲ့က လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းက လက်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရန်ကုန်-ပြည်ကားလမ်း ရေကျော် အခြေခံပညာမူလတန်းကျောင်းအချို့ ခေတ္တပိတ်ထားရ

**အုတ်ဖို ဇူလိုင် ၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဇူလိုင် ၄ ရက်က ရန်ကုန်-ပြည်ကားလမ်းပေါ်သို့ ရေကျော်မှုများဖြစ်ပေါ်ကာ အခြေခံပညာမူလတန်းကျောင်းအချို့ ခေတ္တပိတ်ထားရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၃ ရက်က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ပဲခူးရိုးမတောင်ခြေမှ စီးဆင်းလာသည့် ရေများမှာ အုတ်ဖိုမြို့နယ် သရက်ပင်ဆိပ်ချောင်းသို့စီးဝင်ပြီး ချောင်းရေလျှံကာ ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်အမှတ် (၁၁၂/၄ နှင့် ၁၁၂/၅) အကြားတွင် လမ်းမပေါ်သို့အလျားပေ ၅၀ ခန့်၊ ရေအမြင့် ခြောက်လက်မခန့် ရေကျော်လျက်ရှိကာ ဉသျှစ်ကုန်း အခြေခံပညာမူလတန်းကျောင်းမှာ ကျောင်းဝင်းအတွင်းသို့ ရေလျှံနေသဖြင့် ခေတ္တပိတ်ထားရပြီး ဆီမီးတောက်ကုန်း အခြေခံပညာမူလတန်းကျောင်းမှာ ကျောင်းဝင်းအတွင်း ရေဝင်ရောက်မှု မရှိသေးသော်လည်း ချောင်းရေများပြည့်လျှံလျက် ကျေးရွာအတွင်းလမ်းများပေါ်တွင် ရေများဖြတ်ကျော်နေခြင်းတို့ကြောင့် ကျောင်းသားကျောင်းသူများ အန္တရာယ်ရှိနေသဖြင့် ခေတ္တပိတ်ထားရကြောင်း၊ ရေကျဆင်းချိန်ပိတ်ရက်များတွင် ရက်စားပြန်လည်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်သူ(ပြန်/ဆက်)**



# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအစီအစဉ်အရ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၄**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ အစီအစဉ်အရ အကြိမ် (၂၀) မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့ရှိ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်အတွင်းရှိ သာသနဟိတကာရီဓမ္မာရုံကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ ဝေဠုဝန်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝဏ္ဏဓဇ အမှူးပြုသော သံလွင်အရှေ့ခြမ်း ပန်ဆန်း၊ ဝိန်းကောင်၊ နားဖန့်၊ မန်မန်ဆိုင်၊ နားဝီး၊ မက်မန်း၊ ဟိုပန်၊ မိုင်းမော၊ နမ့်တစ်ဒေသများမှ ဆရာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ သာသနာရေးတာဝန်ခံ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ စစ်ဗျူဟာ အခြေချ(တန့်ယန်း)မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး တင်အောင်ဆွေ၊ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ညီ့ပရိသတ်တို့က မက်မန်းမြို့ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒာသီရိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော မေတ္တသုတ်ပရိတ်တရားတော်ကို နာယူကြည်ညိုကြသည်။

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်စိုးက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းရခြင်းနှင့် သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်စိုးကလည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ (ကိုယ်စား) သာသနာရေးတာဝန်ခံ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာ အောင်သန်းမောင်ကလည်းကောင်း၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး တင်အောင်ဆွေကလည်းကောင်း ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ကိုင်းကုန်းပရိယတ္တိစာသင်တိုက်ပဓာနနာယကဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုသလထံမှ သာဓုအနုမောဒနာတရား နာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

အခမ်းအနားတွင် ပန်ဆန်း၊ ဝိန်းကောင်၊ နားဖန့်၊ မန်မန်ဆိုင်၊ နားဝီး၊ မက်မန်း၊ ဟိုပန်၊ မိုင်းမော၊ နမ့်တစ်ဒေသများ၌ သီတင်းသုံးနေထိုင်ကြကုန်သော သံဃာတော် ၁၀၀၉ ပါး၊ ရှင်သာမဏေ ၅၁၂၈ ပါးတို့အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် သင်္ကန်းဒွိစုံ ၅၀၀၊ ရှင်ကြီးဝတ်သင်္ကန်းအစုံ ၁၂၅၀ ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သင်္ကန်းဒွိစုံ ၅၀၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီးတို့က သင်္ကန်းအစုံ ၅၀ ၊ ကုမ္ပဏီအသင်းအဖွဲ့များမှ သင်္ကန်းဒွိစုံ ၃၁ စုံတို့ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

*စာမျက်နှာ ၆ မှ*

မြန်မာ့ရေကူးအားကစားနည်း၏ အမြင့်ဆုံးအောင်မြင်မှုမှာ ၁၉၆၂ ခုနှစ် စတုတ္ထအကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ (ဂျကာတာ)တွင် တင်မောင်နီက ရွှေတံဆိပ်နှစ်ခုရရှိခဲ့ခြင်းပင်ဖြစ်သည်။ အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် ၁၉၅၉ ခုနှစ် ပထမအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲ(ဗန်ကောက်)တွင် ရွှေ(၂)၊ ငွေ(၁)၊ ကြေး(၁)ရရှိခဲ့ပြီး တင်မောင်နီက ရွှေတံဆိပ်နှစ်ခု ရယူပေးခဲ့သည်။ ၁၉၆၁ ခုနှစ် ဒုတိယအကြိမ်အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲ(ရန်ကုန်)တွင် ရွှေ(၁၁)၊ ငွေခြောက်ခုရရှိခဲ့ပြီး တင်မောင်နီက ရွှေတံဆိပ်နှစ်ခု၊ မည္ထနို့ခင်က ရွှေတံဆိပ်နှစ်ခု၊ မြသီးက ရွှေတံဆိပ်တစ်ခု၊ ချစ်စိန်က ရွှေတံဆိပ်တစ်ခု၊ အဲလ်လိဇဘက်စမိုက်က ရွှေတံဆိပ်တစ်ခု၊ လီလီယံသွင်က ရွှေတံဆိပ်တစ်ခု၊ ကျားအသင်းလိုက် မီတာ ၂၀၀×၄ လွှတ်လပ်ကူးတွင် ရွှေတံဆိပ်တစ်ခု၊ ကျားအသင်းလိုက် မီတာ ၁၀၀×၄ မျိုးကူးတွင် ရွှေတံဆိပ်တစ်ခု၊ မအသင်းလိုက် မီတာ ၁၀၀×၄ လွတ်လပ်အလွတ်ကူးတွင် ရွှေတံဆိပ်တစ်ခု အသီးသီးရယူပေးခဲ့ကြသဖြင့် ရေကူးအားကစားနည်း၏ အအောင်မြင်ဆုံးနှစ်ဟုဆိုနိုင်ပါသည်။

၁၉၆၅ ခုနှစ် တတိယအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲ(ကွာလာလမ်ပူ)တွင် ရွှေ(၁)၊ ငွေ(၃)၊ ကြေး(၇) ရရှိခဲ့ရာ တင်မောင်နီက ရွှေတံဆိပ်တစ်ခု ရယူပေးခဲ့သည်။ ၁၉၆၇ ခုနှစ် စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ်ပြိုင်ပွဲ(ဗန်ကောက်)တွင် ရွှေ(၁)၊ ငွေ(၄)၊ ကြေး (၈)ရရှိခဲ့ရာ အောင်လှိုင်ဝင်းက ရွှေတံဆိပ်တစ်ခု ရယူပေးခဲ့သည်။ ၁၉၆၉ ခုနှစ် ပဉ္စမအကြိမ်အရှေ့တောင်အာရှ ကျွန်းဆွယ်ပြိုင်ပွဲ(ရန်ကုန်)တွင် ရွှေ (၄)၊ ငွေ(၁၀)၊ ကြေး(၅)ရရှိခဲ့ရာ နန္ဒကျော်စွာက ရွှေတံဆိပ်နှစ်ခု၊ မောင်ကြည်က ရွှေတံဆိပ်တစ်ခုနှင့် ကျားအသင်းလိုက် မီတာ ၁၀၀×၄ လွှန်းပြန် အလွတ်ကူး တွင် ရွှေတံဆိပ်တစ်ခုတို့ ရယူပေးခဲ့သည်။ ၁၉၇၁ ခုနှစ် ဆဋ္ဌမအကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲတွင် ငွေ(၃)၊ ကြေး(၄)ရရှိခဲ့သည်။ ၁၉၇၃ ခုနှစ် သတ္တမကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲတွင် ကြေး(၁)သာရရှိခဲ့ပြီး ၁၉၇၅ ခုနှစ် ဆဋ္ဌမအကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲတွင် ငွေ(၂)၊ ကြေး(၄)၊ ၁၉၈၉ ခုနှစ် (၁၅)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ကွာလာလမ်ပူ)တွင်ကြေး(၁)၊၁၉၉၇ခုနှစ်(၁၉)ကြိမ်မြောက်အရှေ့ တောင်အာရှအားကစားပြိုင်ပွဲ(ဂျကာတာ)တွင် ငွေ(၁)၊ ၁၉၉၉ ခုနှစ် (၂၀)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဘရူနိုင်း)တွင် ကြေး(၂)၊ ၂၀၀၁ခုနှစ် (၂၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ကွာလာလမ်ပူ)တွင် ရွှေ(၁)၊ ငွေ(၂)အသီးသီးရယူပေးနိုင်ခဲ့သည်။

ရွှေတံဆိပ်နှင့်ကင်းကွာခဲ့ရသည့် ၁၉၇၁ ခုနှစ်နောက်ပိုင်း ထူးချွန်သည့် မြန်မာရေကူးမယ်မှာ မိုးသူအောင်ပင်ဖြစ်သည်။ မိုးသူအောင်သည် ၁၉၉၇ ခုနှစ်တွင် ငွေတံဆိပ်တစ်ခု၊ ၁၉၉၉ ခုနှစ်တွင် ကြေးတံဆိပ်နှစ်ခုနှင့် ၂၀၀၁ ခုနှစ်တွင် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှစ်ခုတို့ကို ရယူပေးနိုင်ခဲ့သည်။ မည်သို့ပင်ဆိုစေ ယခုနောက်ပိုင်းကာလတွင် ရေကူးအားကစားနည်းသည် ကျဆင်းလာခဲ့ပြီဖြစ်ရာ ပြန်လည်မြှင့်တင်ဖို့ အထူးပင် လိုအပ်နေပြီဖြစ်သည်။ အဓိကလိုအပ်ချက်မှာ ထူးချွန်ရေကူးအားကစားလူငယ်များ ရွေးချယ်ရေး(Talented Scouting) ပင်ဖြစ်သည်။ ထိုသို့ ရွေးချယ်ရာတွင် သက်ငယ်တန်း(အသက်၆နှစ်-၁၀နှစ်ကြား)၊သက်လတ်တန်း (အသက် ၁၀နှစ်-၁၆နှစ်ကြား)၊ သက်ကြီးတန်း(အသက် ၁၆နှစ်-၂၀နှစ်ကြား)ဟူ၍ သက်တန်းလိုက်ခွဲခြားပြီး စုဆောင်း လေ့ကျင့်ပေးသင့်ပါသည်။ အကြောင်းမှာ ရေကူးအားကစား နည်းသည် ငယ်ရွယ်စဉ်ကတည်းကစ၍ နည်းစနစ်မှန်မှန်ဖြင့် ရေရှည်လေ့ကျင့်ပျိုးထောင်ရသည့် အားကစားနည်းဖြစ်သောကြောင့် ဖြစ်ပါသည်။

ရေနှင့်နီးစပ်သည့် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဦးစားပေးရှာဖွေသင့်ပါသည်။ ထို့ပြင် မြို့ကြီးများတွင် အပြည်ပြည်ဆိုင်ရာ အဆင့်မီရေကူးကန်များ တည်ဆောက်ပေးဖို့လိုပါသည်။ မန္တလေးတိုင်းဒေသကြီးတွင် ယခုအချိန်ထိ အဆင့်မီရေကူးကန်မရှိသေးသည်ကိုတွေ့နေရပါသည်။ ဖြစ်နိုင်လျှင် တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့ကြီးတိုင်း၌ အဆင့်မီရေကူးကန် အနည်းဆုံးတစ်ခုစီရှိသင့်ပါသည်။ စင်ကာပူနိုင်ငံသည် နိုင်ငံငယ်ပင်ဖြစ်သော်လည်း ရေကူးကန်များ မြောက်မြားစွာ တည်ဆောက်ပေးထားသဖြင့် ယခုနောက်ပိုင်းခေတ်တွင် စင်ကာပူသည်ရေကူးအားကစားနည်းတွင် တိုးတက်သည့်နိုင်ငံတစ်ခုအဖြစ် ရပ်တည်လာနိုင်သည်ကို တွေ့နေရသည်။ ရေကူးအားကစားနည်း၏ အခြားအဓိကလိုအပ်ချက်မှာ နိုင်ငံတကာအဆင့်မီ နည်းပြများဖြင့် စနစ်တကျလေ့ကျင့်ပေးရေးပင်ဖြစ်သည်။

ရေကူးအားကစားနည်းသည် လေ့ကျင့်ရေးဆောင်ပုဒ်အတိုင်း ငယ်ရွယ်စဉ်ကတည်းက နည်းစနစ်မှန်မှန်၊ ထိထိရောက်ရောက်၊ ပြင်းပြင်းထန်ထန် လေ့ကျင့်မှသာ အောင်ပွဲခံနိုင်မည့် အားကစားနည်းဖြစ်သည်။ ထို့ပြင် ရေကူးအားကစားနည်း တိုးတက်မြင့်မားရေးအတွက် တစ်ပြည်လုံးအတိုင်းအတာဖြင့် ဝိုင်းဝန်းကြိုးပမ်းသွားသင့်ပါသည်။ ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်ကောလိပ်များကလည်းကောင်း၊ တပ်မတော်(ရေ) နှင့်လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့များကလည်းကောင်း၊ ဖွင့်လှစ်ပြီးဖြစ်သည့် အားကစားနှင့် ကာယပညာသိပ္ပံ(အား/ကာသိပ္ပံ)များကလည်းကောင်း၊ မြို့နယ်များတွင်ဖွဲ့စည်းထားသည့် ရေကူးကလပ်အသီးသီးကလည်းကောင်း ပေါင်းစပ်ညှိနှိုင်း၍ အလေးထားကြိုးပမ်းသွားကြရန် လိုအပ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ရွှေတံဆိပ်များစွာရယူပေးနိုင်သဖြင့် နိုင်ငံ့ဂုဏ်ကိုများစွာဆောင်ယူနိုင်သည့် အားကစားနည်းဖြစ်သော ရေကူးအားကစားနည်းကို မြန်မာလူငယ်မောင်မယ်များ စိတ်အားတက်ကြွစွာ လေ့လာလိုက်စားခြင်းဖြင့် တစ်ချိန်က မြန်မာ့ရေကူးသူရဲကောင်းများဖြစ်ခဲ့ကြသည့် တင်မောင်နီ၊ မြသီး၊ ချစ်စိန်၊ မည္ထနို့ခင်၊ အဲလ်လိဇဘက်စမိုက်၊ လီလီယံသွင်၊ အောင်လှိုင်ဝင်း၊ နန္ဒကျော်စွာ၊ မောင်ကြည်၊ မိုးသူအောင်တို့ကဲ့သို့ နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ကြပါစေကြောင်း ဆုတောင်းဆန္ဒပြုလိုက်ရပါသည်။

# အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်ခဲ့

**နေပြည်တော် ဇူလိုင် ၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး Mr. Abul Hassan Mahmood Ali ၏ ဖိတ်ကြားချက် အရ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းသည် ဘင်္ဂလားဒေ့ရှ် နိုင်ငံ၊ ဒါကာမြို့သို့ ဇူလိုင် ၂ ရက်မှ ၄ ရက်အထိ တရားဝင်ခရီး သွားရောက်ခဲ့သည်။

ခရီးစဉ်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေး ပုဂ္ဂိုလ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ် Ms. Sheikh Hasina ၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး Mr. Abul Hassan Mahmood Ali ၊ ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး Mr. Asaduzzaman Khan ၊ ဝန်ကြီးချုပ်၏ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Maj-Gen (Ret) Tarique Ahmed Siddique နှင့် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် (National Defence College) ကျောင်းအုပ်ကြီး Lt-Gen Chowdhury Hasan Sarwardy တို့နှင့် သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါ တွေ့ဆုံမှုများတွင် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်က ဒီမိုကရေစီအစိုးရသစ် တက်လာပြီးနောက် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ ပြန်လည်ရင်ကြားစေ့ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ မြန်မာ နိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ဆက်ဆံရေး အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်မှု၊ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နှစ်နိုင်ငံအကြား ဆက်ဆံ ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွား ရေး၊ နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးရန် အသင့်ရှိနေသည့် နားလည်မှုစာချွန်လွှာများကို နှစ်ဖက်အဆင်ပြေမည့်အချိန် တွင် ဆောလျင်စွာလက်မှတ်ရေးထိုးသွားရေး၊ ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများရှိလာသည်နှင့်အမျှ ဖွံ့ဖြိုးမှု နောက်ကျခြင်းကြောင့် ဖြစ်ပေါ်သည့်ကိစ္စများကို ဖြေရှင်းနိုင် ရေး၊ အကြမ်းဖက်မှုနှိမ်နင်းရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက် ရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်သွားရေး စသည်တို့ကို ဆွေးနွေးခဲ့သည်။

ထိုသို့ တွေ့ဆုံစဉ် နိုင်ငံခြားရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ ဝန်ကြီးချုပ်၏ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာအကြံပေး ပုဂ္ဂိုလ်တို့က ယဉ်ကျေးမှုကဏ္ဍ၊ ခရီးသွားကဏ္ဍ ပူးပေါင်းဆောင် ရွက်ရေး ပိုမိုတိုးမြှင့်ဆောင်ရွက်လိုပါကြောင်း၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ Zero tolerance မူကို ကျင့်သုံး ပါကြောင်း၊ မိမိတို့နယ်မြေကို အသုံးပြုပြီး၊ အခြားနိုင်ငံတစ်နိုင်ငံ ကို ဆန့်ကျင်သောမည်သည့် အဖွဲ့၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ မိမိတို့ မြေပေါ်တွင် လက်မခံသည့်မူကို ကျင့်သုံးပါကြောင်း၊ မည်သည့် ခွဲထွက်ရေးကိုမျှ လက်မခံပါကြောင်းဖြင့် ပြောကြား၍ နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့် ဆောင်ရွက်သွားရေး၊ အဆိုပြုထားသည့် နှစ်နိုင်ငံအကြား Border Liaison Office တည်ထောင်ရေးနှင့် Security Cooperation ဆိုင်ရာ နားလည်မှုစာချွန်လွှာများကို ဆောလျင် စွာ လက်မှတ်ရေးထိုးရေးတို့ကို ဆွေးနွေးခဲ့သည်။

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်က နှစ်နိုင်ငံအကြား ဆက်ဆံရေး နှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက် မှုတွင် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပြောကြား၍ ဘင်္ဂလား ဒေ့ရှ်နိုင်ငံဘက်သို့ မြန်မာဘက်မှ ထွက်ပြေးလာသည်ဆိုသူများ အား ပြန်လည်လက်ခံရေးအတွက် မေတ္တာရပ်ခံခဲ့သည်။

မြန်မာနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်က မြန်မာနိုင်ငံတွင် National Verification လုပ်ငန်းစဉ် အစီအစဉ်ကို ဆောင်ရွက်နေကြောင်း၊ အဆိုပါလုပ်ငန်းစဉ် ဦးစွာ အောင်မြင်စွာဆောင်ရွက်ရန် အရေးကြီးကြောင်းကို ပြန်လည် ရှင်းလင်းပြောကြားခဲ့သည်။



အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ် Ms. Sheikh Hasina တို့ တွေ့ဆုံစဉ်



အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး Mr. Abul Hassan Mahmood Ali တို့ တွေ့ဆုံဆွေးနွေးစဉ်

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်သည် ယနေ့ နံနက်ပိုင်းတွင် မြန်မာသံရုံးသို့ သွားရောက်၍ မြန်မာသံရုံး ယာယီတာဝန်ခံ၊ မြန်မာစစ်သံမှူးကြီးနှင့် သံရုံး၊ စစ်သံရုံးဝန်ထမ်း များနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံအစိုးရ၏ ငြိမ်းချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများနှင့် ခရီးစဉ်၏ ရလဒ်နှင့်ပတ်သက်၍ တွေ့ဆုံပြောကြား ခဲ့သည်။

ထို့နောက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဒါကာမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

## အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ Zero tolerance မူကို ကျင့်သုံးပါကြောင်း၊ မိမိတို့နယ်မြေကို အသုံးပြုပြီး၊ အခြား နိုင်ငံ တစ်နိုင်ငံကို ဆန့်ကျင်သော မည်သည့်အဖွဲ့၊ မည်သည့် ပုဂ္ဂိုလ်ကိုမျှ မိမိတို့မြေပေါ်တွင် လက်မခံသည့်မူကို ကျင့်သုံးပါ ကြောင်း၊ မည်သည့်ခွဲထွက်ရေးကိုမျှ လက်မခံပါကြောင်းဖြင့် ပြောကြား

***✻ ကျောဖုံးမှ***

ပြန်လည်ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ ယခုပြိုင်ပွဲတွင် (၂၈) ကြိမ်မြောက် စင်ကာပူ ဆီးဂိမ်းပြိုင်ပွဲ အုပ်စုမဲခွဲခဲ့သည့်ပုံစံအတိုင်း ပြုလုပ်သွားမည်ဖြစ်သည်။ အမျိုးသားပြိုင်ပွဲ တွင် အရှေ့တောင်အာရှ ၁၁ နိုင်ငံစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အိမ်ရှင် မလေးရှားနှင့် လက်ရှိချန်ပီယံ ထိုင်းအသင်းတို့က ဦးစားပေးအသင်းများအဖြစ် သတ်မှတ်ခံရသည်။ မလေးရှားအသင်းပါဝင်သည့် အုပ်စု (က) တွင် ငါးသင်း၊ ထိုင်း အသင်းပါဝင်မည့် အုပ်စု (ခ) တွင် ခြောက်သင်းပါဝင်မည်ဖြစ်သည်။ ကျန်အသင်းများကို ဆီဒင်သတ်မှတ်ရာတွင် (၂၈) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၌ ငွေတံဆိပ်ရခဲ့သည့် မြန်မာ အသင်းနှင့် ကြေးတံဆိပ်ရခဲ့သည့် ဗီယက်နမ်အသင်းတို့က ဆီဒင် (၁)၊ အင်ဒိုနီးရှား နှင့် စင်ကာပူအသင်းတို့က ဆီဒင်(၂)၊ လာအို၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ တီမောနှင့် ဘရူနိုင်းတို့က ဆီဒင် (၃)သတ်မှတ်ခံရသည်။ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ခြောက်သင်းသာ ယှဉ်ပြိုင်မည်ဖြစ်ပြီး အိမ်ရှင်မလေးရှားအသင်းက အုပ်စု (က)၊ လက်ရှိချန်ပီယံ ထိုင်းအသင်းက အုပ်စု (ခ) တွင် နေရာချထားခံရသည်။ ၂၀၁၅ ပြိုင်ပွဲ တွင် အမျိုးသမီးဘောလုံးပြိုင်ပွဲပါဝင်ခဲ့ခြင်းမရှိသောကြောင့် မြန်မာနိုင်ငံက အိမ်ရှင် အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၁၃ ပြိုင်ပွဲအပေါ်မူတည်၍ ဆီဒင်သတ်မှတ်ချက်များ ထုတ်ပြန်ခဲ့သည်။ ၂၀၁၃ ပြိုင်ပွဲ ငွေဆုရ ဗီယက်နမ်နှင့် ကြေးဆုရ မြန်မာအသင်း က ဆီဒင်-(၂)၊ ဖိလစ်ပိုင်နှင့် စင်ကာပူအသင်းတို့က ဆီဒင်-(၃)တို့ သတ်မှတ်ခံထား ရသည်။

၂၀၁၅ ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲတွင် ထိုင်းအသင်းက မြန်မာအသင်းကို ဗိုလ်လုပွဲတွင် သုံးဂိုးပြတ်ဖြင့် အနိုင်ရကာ ဗိုလ်စွဲခဲ့ပြီး ၂၀၁၃ ဆီးဂိမ်း အမျိုးသမီးဘောလုံး ပြိုင်ပွဲတွင် မြန်မာအသင်းက တတိယသာရရှိခဲ့သည်။

# ရေးမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွား

**ရေး ဇူလိုင် ၄**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ ပြည်သူ့ဆေးရုံများတွင် ယခုနှစ်မိုးရာသီကာလ အတွင်း တက်ရောက်ကုသမှုခံယူနေသည့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၅၉ဦး ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

“၂၀၁၇ ခုနှစ်အတွင်း မြို့ပေါ်ရပ်ကွက်နဲ့ ကျေးရွာတွေမှာ သွေးလွန်တုပ်ကွေးရောဂါ ဟာ အသက်ငါးနှစ်အရွယ်မှ အသက် ၁၅ နှစ်အရွယ်အတွင်းဖြစ်ပွားခဲ့ပြီး သေဆုံးသူ တစ်ဦးမှမရှိသေးပါဘူး”ဟု မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး အဆင့် (၁) ဦးမင်းတင်ဇော်ဦးက ပြောသည်။

**နေမျိုးထွင်(ရေး)**

***❁ ကျောဖုံးမှ***

ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ်တွေအရ ဆင်းရဲနွမ်းပါးသူတွေရဲ့ဘဝတွေကို အပြောင်းအလဲဖြစ်စေဖို့အတွက် လူတိုင်းပါဝင်နိုင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင် နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်သွားဖို့ ရည်မှန်းထားပါတယ်”ဟု မစ္စ ဂိုးလ်စတိန်းက ပြောကြားသည်။

မစ္စ အယ်လင်ဂိုးလ်စတိန်းသည် အုပ်ချုပ်မှုနှင့် ရလဒ်စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်သူ တစ်ဦးဖြစ်ပြီး မကြာခင်က ဗီယင်နာမြို့တွင် အခြေစိုက်ကာ ဥရောပတိုက်ရှိ ဘော်လကန် အနောက်ခြမ်းဒေသနှင့် အာရှတိုက်အလယ်ပိုင်း ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ အဆိုပါ တာဝန်မတိုင်ခင်က ၎င်းသည် ဒါကာမြို့တွင် အခြေစိုက်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နီပေါနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ အာဖရိက၊ တောင်အာရှ၊ ဥရောပနှင့် အာရှတိုက် အလယ်ပိုင်းဒေသများရှိ ဒေသအသီးသီးတွင် ကမ္ဘာ့ဘဏ်၏ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်အသီးသီးကို ထမ်းဆောင်ခဲ့ပြီး ယခုအခါ လုပ်သက်စုစုပေါင်း နှစ် ၃၀ ကျော် ရှိခဲ့ပြီဖြစ်သည်။ ၎င်းသည် ပရင့်စတန်တက္ကသိုလ်မှ နိုင်ငံတကာ ဘောဂဗေဒနှင့် ဖွံ့ဖြိုးရေးလေ့လာမှုဘာသာရပ်ဖြင့် မဟာဝိဇ္ဇာဘွဲ့ကို လည်းကောင်း၊ ဂျွန်ဟော့ကင်း တက္ကသိုလ်မှ နိုင်ငံတကာ ကျန်းမာရေးနှင့် လူဦးရေဘာသာရပ်ဖြင့် မဟာဝိဇ္ဇာဘွဲ့ကို လည်းကောင်း ရရှိခဲ့သည်။

မစ္စ ဂိုးလ်စတိန်းသည် ရန်ကုန်မြို့တွင် အခြေစိုက်ကာ တာဝန်များကို ထမ်းဆောင် လျက်ရှိပြီး သုံးနိုင်ငံရှိ အစိုးရတာဝန်ရှိသူများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်များနှင့် သက်ဆိုင်သူ အဖွဲ့အစည်းအသီးသီးအားလုံးနှင့် မကြာမီတွင် တွေ့ဆုံသွားမည်ဖြစ်သည်။ အဆိုပါ သုံးနိုင်ငံတွင် ကမ္ဘာ့ဘဏ်အနေဖြင့် ၂၀၁၇ ခုနှစ် ဇွန်လကုန်အထိ ဖွံ့ဖြိုးရေးစီမံကိန်းပေါင်း ၄၃ ခုအား ပံ့ပိုးလျက်ရှိပြီး ငွေကြေးတန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံ ရှိသည်။ ထိုစီမံကိန်းလုပ်ငန်းများအပြင် ကျန်းမာရေး၊ အာဟာရပြည့်ဝစွာ ရရှိရေး၊ ပညာရေး၊ လမ်း၊ လျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက် ခြင်းဖြင့် လူသားအရင်းအမြစ်များကို ပျိုးထောင်ရန်၊ စီးပွားရေးတိုးတက်မှုနှုန်းကို ထိန်းသိမ်းထားနိုင်ရန်နှင့် သဘာဝဘေးအန္တရာယ်များမှ ပြန်လည်ထူထောင်နိုင်ရေး စသည့်ကဏ္ဍအသီးသီးတွင် သုတေသနလုပ်ငန်းများ၊ ပညာရပ်ဆိုင်ရာ လေ့လာမှုများဖြင့် လည်း ပံ့ပိုးကူညီလျက်ရှိသည်။လက်ရှိ ဖွံ့ဖြိုးရေးစီမံကိန်းများ ကမ္ဘောဒီးယားနိုင်ငံ- စီမံကိန်း ၁၂ ခု၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၄၃ သန်း (Trust Funds များအပါအဝင်) လာအိုနိုင်ငံ - စီမံကိန်း ၁၈ ခု၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၃၇ သန်း (Trust Funds များအပါအဝင်)မြန်မာနိုင်ငံ - စီမံကိန်း ၁၃ ခု၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၀၈၀ သန်း (Trust Funds များအပါအဝင်) ကူညီပံ့ပိုးမှုများစွာကို ပြုလုပ်ပေးလျက် ရှိသည်။

# ကရင်မလင်ကိစ္စ ပြည်တွင်းတွင်ပဋိပက္ခများဖြစ်နေလင့်ကစား မော်စကိုနှင့် ဆက်ဆံရေးကောင်းရန် ထရန့်ကြိုးစား

**ဝါရှင်တန် ဇူလိုင် ၄**

အမေရိကန်-ရုရှားတင်းမာနေသော ဆက်ဆံရေးကို တစ်ဖန်ပြန်လည်ကောင်းမွန်လာစေရန် ဆန္ဒရှိသည့် အမေရိကန်သမ္မတဒေါ်နယ်ထရန့်က သမ္မတရွေးကောက်ပွဲကာလတွင် ရုရှားသမ္မတဗလာဒီမာပူတင်အား စွမ်းအားကြီးမားသော ခေါင်းဆောင်အဖြစ် ချီးကျူးဂုဏ်ပြုခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဇူလိုင် ၄ ရက်ကဖော်ပြခဲ့သည်။

ထိုသို့ ချီးကျူးလင့်ကစား ဂျာမနီတွင် ဇူလိုင် ၇ ရက်မှ ၈ ရက်အထိကျင်းပမည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေး၏ သီးသန့်အစည်းအဝေးတွင် ထရန့်နှင့်ပူတင်တို့ မျက်နှာချင်းဆိုင်တွေ့ဆုံကြမည်ဖြစ်သော်လည်း ထရန့်အနေဖြင့် ကရင်မလင်နှင့်ပတ်သက်ပြီး ပြည်တွင်းတွင် ဖိအားများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

လွန်ခဲ့သောနှစ် အမေရိကန်ရွေးကောက်ပွဲတွင် ရုရှား ပါဝင်ခဲ့သည်ဆိုသည့် စွပ်စွဲချက်များသည် ယူကရိန်းပိုင် ခရိုင်းမီးယားဒေသကို ၂၀၁၄ခုနှစ်တွင် ရုရှားတို့ တိုက်ခိုက်သိမ်းပိုက်လိုက်ပြီးနောက် ရုရှားနိုင်ငံအပေါ် ပြင်းထန်သော အရေးယူ ပိတ်ဆို့မှုများပြုလုပ်ရန် ဆန္ဒရှိနေသော ရီပတ်ဘလစ်ကန်နှင့် ဒီမိုကရက်တစ်ဥပဒေသမားများအတွက် သတိထားစရာ အချက်ပေးခေါင်းလောင်းတီးလိုက်သလိုဖြစ်ခဲ့သည်။

သောင်းကျန်းသူများနှင့် အရပ်သားများအပေါ် ဓာတုလက်နက်များအသုံးပြုရန်အားပေးအားမြှောက်ပြုခဲ့သည့် ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်ကို ရုရှားတို့ထောက်ပံ့ပေးခြင်းဖြင့် ဆီးရီးယားပြည်တွင်းစစ် ကာလရှည်ကြာဖြစ်ပွားမည်ကို ကော်လိုရာဒိုမှ ရီပတ်ဘလစ်ကန်ဆီးနိတ်တာကော်ရီဂါဒနာပါဝင်သည့် ဥပဒေသမားများက စိုးရိမ်လျက်ရှိသည်။ အဆိုပါရိုက်ခတ်မှုကြောင့် ပြည်တွင်းမငြိမ်မသက်ဖြစ်ကာဒုက္ခသည်အမြောက်အမြား ဥရောပသို့ ခိုလှုံရန် သွားရောက်ကြခြင်းဖြစ်သည်။

လွန်ခဲ့သောလက အိမ်ဖြူတော် ညစာစားပွဲသို့ နိုင်ငံခြားရေးမူဝါဒ ဆွေးနွေးရန် ဖိတ်ကြားခြင်းခံရသူ ကော်ရီဂါဒနာကကမ္ဘာတစ်ဝန်းရုရှား၏ရန်လိုမှုများမှာ လက်ခံနိုင်စရာအကြောင်းမရှိကြောင်းပြောကြားခဲ့သည်။

ရုရှားအစိုးရနှင့် ထရန့်ရွေးကောက်ပွဲအဖွဲ့ဝင်တို့၏ ဆက်စပ်မှုကို စစ်ဆေးရန် အထူးစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းခြင်းကလည်း အမေရိကန်သမ္မတထရန့်၏ ရုရှားနှင့်ပတ်သက်သည့် လုပ်ပိုင်ခွင့်များကို အားနည်းစေသလိုဖြစ်နေကြောင်း နိုင်ငံရေးကျွမ်းကျင်သူများက သုံးသပ်သည်။

အမေရိကန်သမ္မတ ထရန့်က ပူတင်ကိုဖက်ပြီး ခင်ဗျားကိုတွေ့ရတာဝမ်းသာဂုဏ်ယူပါတယ်ဗျာ၊ ကျွန်တော်တို့ ရှေ့ဆက်



သွားမည့်နည်းလမ်းတွေရှာဖွေကြရအောင်ဟု ပြောလိုက်မယ်ဆိုရင်လည်း အဲဒီကိစ္စနှင့်ပတ်သက်ပြီး ကွန်ဂရက်က အပြုသဘောဆောင်မှာမဟုတ်ကြောင်း အမျိုးသားလုံခြုံရေး အရာရှိဟောင်းတစ်ဦးကပြောခဲ့သည်။ **(ရိုက်တာ)**

# ဘင်္ဂလားဒေ့ရှ်အထည်ချုပ်စက်ရုံ ဗွိုင်လာအိုးပေါက်ကွဲကာ ၁၀ဦးထက်မနည်းသေဆုံး

**ဒါကာ ဇူလိုင် ၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော် ဒါကာ ဆင်ခြေဖုံးရှိအထည်ချုပ်စက်ရုံတစ်ရုံတွင် ဗွိုင်လာအိုးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၁၀ ဦးထက်မနည်းသေဆုံးခဲ့ပြီး လူအတော်များများ ဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ဇွန် ၄ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါ မတော်တဆမှုသည် တနင်္လာနေ့ နှောင်းပိုင်း၌ ဂါဇီပါရ်ဒေသရှိ ဘင်္ဂလားဒေ့ရှ်ကုမ္ပဏီ မာတီဖက်ဘ် လီမိတက်အထည်ချုပ်စက်ရုံတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

စက်ရုံဗွိုင်လာအိုး ပေါက်ကွဲမှု၌ လူကိုးဦးသေဆုံးခဲ့ပြီး တစ်ဦးမှာ ဆေးရုံတွင်သေဆုံးခဲ့ကြောင်း မီးသတ်အရာရှိ ပါလာ့ရ်ချုန်ဒရာမိုဒက်ခ်က ပြောခဲ့သည်။



အဆိုပါစက်ရုံမှ ထုတ်လုပ်သော အဝတ်အစားများကို ဆွီဒင်၊ ဒိန်းမတ်၊ ဂျာမနီ၊ ရုရှား၊ စပိန်၊ နယ်သာလန်နှင့် ဗြိတိန်နိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

အဆိုပါ စက်ရုံထုတ် အဝတ်အစားများထဲတွင် ဗြိတိန်လက်ဟောင်းတံဆိပ်ဖြစ်သော လစ်တယ်ဝုဒ်တံဆိပ်လည်း ပါဝင်ကြောင်း သိရသည်။

ယခုအခါတွင် အထည်ချုပ်စက်ရုံမှာ ကောင်းမွန်စွာလည်ပတ်လျက်ရှိပြီး ဗွိုင်လာအိုးကိုလည်း ပြန်လည်ပြုပြင်ခဲ့ကြောင်း ယင်းကုမ္ပဏီကပြောခဲ့သည်။

အဆိုပါကိစ္စသည် မတော်တဆမှုဖြစ်ကြောင်း၊ ယခုအခါတွင် အားလုံးမှာ ကောင်းသွားပြီဖြစ်ကြောင်း ကုမ္ပဏီဥက္ကဋ္ဌနှင့် ဦးဆောင်ညွှန်ကြားရေးမှူး မဟာဒင် ဖာရာကီက ရိုက်တာသတင်းဌာနသို့ ပြောခဲ့သည်။

ကမ္ဘာတွင် ဘင်္ဂလားဒေ့ရှ်အထည်ချုပ်လုပ်ငန်းများသည် တရုတ်နိုင်ငံပြီးလျှင် အကြီးမားဆုံးဖြစ်ကြောင်းသိရပြီး အလုပ်သမားပေါင်း လေးသန်းခန့် လုပ်ကိုင်လျက်ရှိကာ နိုင်ငံခြားတင်ပို့မှု ၈၀ ရာခိုင်နှုန်းခန့်ရှိကြောင်းသိရသည်။ **(ရိုက်တာ)**

# ဘရာဇီးလ်တွင် လေယာဉ်ပျက်ကျကာ လူလေးဦးသေဆုံး

**ဘရာဇီးလီးယား ဇူလိုင် ၄**

ဘရာဇီးလ်နိုင်ငံမြောက်ပိုင်းဒေသတွင် လေယာဉ်ငယ်တစ်စင်းပျက်ကျမှုဖြစ်ပွားခဲ့ရာ လူလေးဦးသေဆုံးခဲ့ကာ တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ရိုရိုင်းမားပြည်နယ်အစိုးရက ယမန်နေ့ကပြောခဲ့သည်။

ရိုရိုင်းမားပြည်နယ်ရှိ လေယာဉ်စင်းလုံးငှားကုမ္ပဏီတစ်ခုမှ ပိုင်ဆိုင်သည့် လေယာဉ်ဖြစ်ကြောင်း၊ လေယာဉ်သည် ပြေးလမ်းမှ ထွက်ခွာပြီးနောက် သစ်တော အတွင်းသို့ ပျက်ကျခဲ့ကာ မီးလောင်သွားခဲ့ကြောင်း၊ လေယာဉ်ပေါ်တွင် လူငါးဦးလိုက်ပါလာရာ လေးဦးသေဆုံးပြီး ဒဏ်ရာရရှိသူတစ်ဦးကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ပျက်ကျလေယာဉ်မှာ ဆက်စ်နာအမျိုးအစားလေယာဉ်ငယ်ဖြစ်ကြောင်း သိရသည်။ လေယာဉ်အား နေ့စဉ်လုံခြုံရေးစစ်ဆေးမှုနှင့် အရေးပေါ်ကယ်ဆယ်ရေးကိရိယာတို့ကို ပုံမှန်စစ်ဆေးလျက်ရှိကြောင်း လေယာဉ်စင်းလုံးငှားကုမ္ပဏီ၏ ထုတ်ပြန်ချက်အရသိရသည်။ လတ်တလောတွင် လေယာဉ်ပျက်ကျသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ပြင်သစ်နိုင်ငံတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ လူတစ်ဦးသေဆုံး

**ပါရီ ဇူလိုင် ၄**

ပြင်သစ်နိုင်ငံတောင်ပိုင်း တူးလောက်စ်မြို့တွင် ယမန်နေ့ညနေပိုင်းက လူအုပ်တစ်ခုအတွင်းသို့ လက်နက်ကိုင် အမျိုးသားနှစ်ဦး သေနတ်ဖြင့်ပစ်ခတ်ခဲ့ရာ လူတစ်ဦး သေဆုံးခဲ့ပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်တွင်းသတင်းများတွင်ဖော်ပြသည်။

မော်တော်ဆိုင်ကယ်စီး အမျိုးသားနှစ်ဦးသည် တူးလောက်စ်မြို့ လရိုင်နရီခရိုင်တွင် လူတစ်ဦးအား ပစ်သတ်ခဲ့ရာ အဆိုပါပစ်ခတ်မှုကြောင့် အခြားသူများလည်း ဒဏ်ရာရရှိသွားခဲ့ကြောင်း၊ ထို့နောက် ဆိုင်ကယ်သမားနှစ်ဦးမှာ ထွက်ပြေးသွားခဲ့ကြောင်း ဒေသတွင်းရုပ်သံတွင်ထုတ်လွှင့်ခဲ့သည်။ ဒဏ်ရာရရှိသူနှစ်ဦးမှာ ပြင်းထန်ကြောင်းသိရသည်။ အခင်းဖြစ်ပွားပြီးနောက် လုံခြုံရေးတပ်ဖွဲ့များက လုံခြုံရေးယူထားကြောင်းသိရပြီး သေနတ်ပစ်ခတ်ရသည့်အကြောင်းရင်းအား မသိရသေးကြောင်း၊ ပစ်ခတ်မှုသည် ရာဇဝတ်ဂိုဏ်းများကြား အငြိုးအတေးများနှင့် ဆက်နွှယ်နေခြင်းဖြစ်နိုင်ကြောင်း ကနဦးသတင်းများအရ သိရသည်။ **(ဆင်ဟွာ)**

# ဂျီ-၂၀ ထိပ်သီးအစည်းအဝေးကျင်းပမည့်ဆဲဆဲတွင် မြောက်ကိုရီးယား ဒုံးကျည်တစ်စင်းပစ်လွှတ်စမ်းသပ်

**ဆိုးလ် ဇူလိုင် ၄**

ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များ ပြုံယမ်း၏ ဒုံးကျည်နှင့် နျူကလီးယားအစီအစဉ်များအပေါ်တားဆီးမည့် အကြောင်းများဆွေးနွေးမည့်ဆဲဆဲတွင် မြောက်ကိုရီးယားက ဇူလိုင် ၄ ရက်တွင် တာလတ်ပစ်ဒုံးကျည်တစ်စင်းကိုစမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယားနှင့် အမေရိကန်အရာရှိများက ပြောခဲ့သည်။

ပြုံယမ်းအနောက်မြောက်ဘက် ကီလိုမီတာ ၁၀၀ အကွာမှ ပစ်လွှတ်လိုက်သော အဆိုပါဒုံးကျည်သည် ဂျပန်စီးပွားရေးဇုန်ရေပိုင်နက်သို့ မကျရောက်မီ ကီလိုမီတာ ၉၃၀ အထိပျံသန်းနိုင်ခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်နှင့် ဂျပန်အစိုးရကပြောခဲ့သည်။ မြောက်ကိုရီးယားအနေဖြင့် ကုလသမဂ္ဂဆုံးဖြတ်ချက်များကို ပြောင်ပြောင်တင်းတင်း ဖောက်ဖျက်ခဲ့သည့် လုပ်ရပ်အပေါ် ဂျပန်ကလည်း ပြင်းပြင်းထန်ထန်ကန့်ကွက်လိုက်ကြောင်း သိရသည်။ အမျိုးသားလုံခြုံရေးကောင်စီအစည်းအဝေးဖိတ်ခေါ်ခဲ့သော တောင်ကိုရီးယား သမ္မတမွန်ဂျေအင်းက မြောက်ကိုရီးယားနိုင်ငံက ပစ်လွှတ်လိုက်သော ဒုံးကျည်သည် တာလတ်ပစ် ဒုံးကျည်ဟုယူဆရသော်လည်း တိုက်ချင်းပစ် ဒုံးကျည်ဟုတ်မဟုတ် စစ်ဘက်ဆိုင်ရာက စောင့်ကြည့်နေကြောင်းပြောခဲ့သည်။ နိုင်ငံတကာအသိုင်းအဝိုင်း၏သတိပေးမှုကို လျစ်လျူရှုကာ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် အမေရိကန်ပြည်ထောင်စုကို ပစ်ခတ်နိုင်ရန် နျူကလီးယားထိပ်ဖူးတပ် ဒုံးကျည်ကို စမ်းသပ်လုပ်ကိုင်နေကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးကလည်း မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးကျည်လက်နက်အစီအစဉ်ရပ်တန့်ရန် တရုတ်နှင့် ရုရှားသမ္မတများအား အပြုသဘောဆောင်ပိုမိုပါဝင်ရန်တိုက်တွန်းမည်ဖြစ်ကြောင်းသိရသည်။ ဂျီ-၂၀ထိပ်သီးအစည်းအဝေးတွင် ခေါင်းဆောင်များတွေ့ဆုံသည့်အခါ မြောက်ကိုရီးယားအရေးနှင့်ပတ်သက်ပြီး ညီညီညွတ်ညွတ်လုပ်ဆောင်သွားရန် တိုက်တွန်းသွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ **(ရိုက်တာ)**



# ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးနှင့်အဖွဲ့ မောင်တောမြောက်ပိုင်းကျေးရွာများသို့ သွားရောက်လေ့လာ

**မောင်တော ဇူလိုင် ၄**
ရခိုင်ပြည်နယ် မောင်တောမြို့သို့ရောက်ရှိနေသည့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr.Filippo Grandi နှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် မောင်တောခရိုင် မြောက်ပိုင်းရှိ ကျေးရွာများမှ ဒေသခံများနှင့် တွေ့ဆုံပြီး ဒေသတွင်းဖြစ်ပေါ်နေသော အခြေအနေများကို လေ့လာခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မဟာမင်းကြီးနှင့်အဖွဲ့သည် အောင်ဇေယျကျေးရွာ မူလတန်းကျောင်း၌ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် မဟာမင်းကြီးက ၎င်းတို့အဖွဲ့အနေဖြင့် ဒေသအခြေအနေများကို လက်တွေ့ကျကျ သိရှိနိုင်ရန်နှင့် ကူညီပေးနိုင်သည့် ကိစ္စများကိုကူညီပေးရန်အတွက် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ဒေသခံတိုင်းရင်းသားများ၏ စကားသံများကို ကြားသိလိုပါကြောင်း ပြောကြားသည်။

ဒေသခံ တိုင်းရင်းသားများက ၎င်းတို့၏ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်များကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ကျီးကန်းပြင်အနောက်ရွာ၌ ကျေးရွာသားများနှင့် တွေ့ဆုံသည်။ မဟာမင်းကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် မောင်တောမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။ **မြင့်မောင်စိုး၊ အောင်ကျော်ဦး**

**ဓာတ်ပုံ- သက္က**



## မောင်တောမြို့နယ်၌ ရွာသားနှစ်ဦးပျောက်ဆုံး

**နေပြည်တော် ဇူလိုင် ၄**
ရခိုင်ပြည်နယ် မောင်တောမြို့နယ် သဲချောင်းကျေးရွာမှ ရွာသားနှစ်ဦး ဇူလိုင် ၂ ရက် နံနက်ပိုင်းက နေအိမ်မှ ထွက်သွားပြီး ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

မောင်တောမြို့နယ် သဲချောင်းကျေးရွာနေ နိုင်ဝင်း (ခ) ဂျီယာမန်နှင့် အနုဟာမက်စ်တို့နှစ်ဦးသည် ဇူလိုင် ၂ ရက် နံနက် ၁၀ နာရီခန့်က နိုင်ဝင်း၏ နေအိမ်မှကားဖြင့် ထွက်သွားပြီး ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးနေသဖြင့် မိသားစုဝင်များက လိုက်လံရှာဖွေခဲ့ရာ ဇင်ပိုင်ညာဈေးအရှေ့ဘက် ဘောလုံးကွင်း၌ မော်တော်ယာဉ်အား သော့တပ်လျက်တွေ့ရှိရပြီး လူနှစ်ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဘူးသီးတောင်မြို့နယ် ဇရန့်ချောင်းရပ်ကွက်(၈)မှ လူနှစ်ဦးအသတ်ခံရပြီး မောင်နှမကျေးရွာသားတစ်ဦးအား ဖမ်းဆီးခေါ်ဆောင်သွား

**နေပြည်တော် ဇူလိုင် ၄**
ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ယင်းမကျောင်းတောင်ရွာထိပ်၌ ယမန်နေ့ ညနေပိုင်းက လူ ၁၀ ဦးခန့်က ဓားဖြင့် ဝိုင်းထိုးသဖြင့် ဇရန့်ချောင်းရပ်ကွက်နေသူနှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် ယင်းမကျောင်းတောင်ရွာထိပ်၌ ယမန်နေ့ညနေ ၆ နာရီခွဲခန့်က လူ ၁၀ ဦးခန့်က ဇရန့်ချောင်းရပ်ကွက်(၈)နေ ဘိုစိန်ဦး (ခ) မာမောက်ဟာရစ်နှင့် ရွှေလှ(ခ) မာမောက်ဟာဆောင်းတို့ နှစ်ဦးအား ဓားဖြင့်ထိုးသတ်ပြီး အလောင်းအား ယင်းမကျောင်းဘက်သို့သယ်ဆောင်သွားသည်ကိုတွေ့ရသဖြင့် ဘိုစိန်ဦး၏ အစ်ကို ဝမ်းကွဲ ဆွေယော့ဒူရာမာန်က တောင်ဘဇာနယ်မြေစခန်းသို့ သတင်းပို့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ဘိုစိန်ဦး(ခ) မာမောက်ဟာရစ်တွင် လည်ပင်းပြတ်ရှဒဏ်ရာ နှစ်ချက်၊ ဝမ်းဗိုက်၊ ဝဲလက်မောင်းတို့ တွင် ထိုးသွင်းဒဏ်ရာ နှစ်ချက်၊ ရွှေလှ(ခ) မာမောက်ဟာဆောင်းတွင် ဝမ်းဗိုက် ထိုးသွင်းဒဏ်ရာ ငါးချက်၊ လည်ပင်း၊ ဝဲခါးတွင် ပြတ်ရှဒဏ်ရာ ခြောက်ချက်ဖြင့် သေဆုံးလျက်ရှိသည်ကို တွေ့ရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ဘူးသီးတောင်မြို့နယ် ဇရန့်ချောင်းကျေးရွာအုပ်စု မောင်နှမကျေးရွာနေ အဒူဆူဝမ်းသည် ယနေ့ နံနက် ၁ နာရီခန့်တွင် နေအိမ်၌အိပ်ပျော်နေစဉ် မျက်နှာဖုံးများ ဝတ်ဆင်ထားသည့် လူ ၁၅ ဦးခန့်က နေအိမ်အတွင်း ဝင်ရောက်ပြီး အဒူဆူဝမ်းအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကယ်ဆယ်ရေးစခန်းမှ ထွက်ခွာပြီး ရောင်နီဦးဆိပ်ကမ်း သွားရောက်ခဲ့သည့် ဦးလှမြင့် (ခ) နူရှမာမောက်နှင့်အဖွဲ့ ဒေသခံများနှင့် ပဋိပက္ခဖြစ်ပွား

**နေပြည်တော် ဇူလိုင် ၄**
စစ်တွေမြို့ ရွာကြီးမြောက်ရပ်ကွက် ဝါစက်လမ်းတွင် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ပဋိပက္ခဖြစ်ပွားလျက်ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှင်းလင်းကာ တရားခံများ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး အခြားနေရာများသို့ ပဋိပက္ခပြန့်ပွားကူးစက်ခြင်းမရှိစေရန် စစ်တွေမြို့တွင် ရဲတပ်ဖွဲ့ဝင်များ ဖြန့်ခွဲချထားလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒါးပိုင်ကယ်ဆယ်ရေးစခန်းမှ ဦးမြင့်နိုင်ပါ ၁၀ ဦးသည် မှန်စီလုံခြုံရေးရဲကင်းမှ တပ်ကြပ်နိုင်နိုင်၊ တပ်သားစိုးဝင်းတို့နှင့်အတူ စူပါကာစတန် မော်တော်ယာဉ်ဖြင့် စစ်တွေမြို့ တရားရုံးသို့ သက်သေထွက်ဆိုရန် ထွက်လာစဉ် ၎င်းယာဉ်နောက်မှ လှရွှေ(ခ) မိုဟာမတ်တူဆောင်း မောင်းနှင်၍ ဦးလှမြင့် (ခ) နူရှမာမောက်၊ သိန်းကျော် (ခ) အဒူရာမာန်၊ အဒူဒါရစ်၊ မောင်မောင်ရှည် (ခ) အဒူမာလိတ်၊ မောင်သန်းကျော်(ခ) အဒူရာမောက်၊ မောင်နု (ခ) မော်နီရာမောက်တို့သည် အခြားစူပါကာစတန်မော်တော်ယာဉ်ဖြင့် တရားရုံး၌ သက်သေခံရန် သက်ဆိုင်ခြင်းမရှိဘဲ ၎င်းတို့အစီအစဉ်ဖြင့် တရားရုံးသို့လိုက်ပါခဲ့ကြောင်း သိရသည်။

၎င်းတို့အဖွဲ့သည် တရားရုံးမှ စစ်တွေ အမှတ်(၂) ရဲစခန်းသို့ သွားရောက်၍ ထိုမှတစ်ဆင့် ရွာကြီးမြောက်ရပ်ကွက် မီးခြစ်စက်လမ်း ရောင်နီဦးဆိပ်ကမ်းသို့ သွားရောက်ကာ ဆိပ်ကမ်းတစ်ဝိုက်ကြည့်ရှုစဉ် ဒေသခံအချို့က ခဲများဖြင့် ဝိုင်းဝန်းပစ်ပေါက်ရာ မောင်နု (ခ) မောင်နီရာမောက်သည် ဦးခေါင်းပေါက်ပြဲ ဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး ကျန်ခြောက်ဦးမှာ ဒဏ်ရာများရရှိခဲ့၍ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ညနေ ၆ နာရီခွဲတွင် ဒဏ်ရာရရှိသူ ခြောက်ဦးအနက် နှစ်ဦးအား အတွင်းလူနာအဖြစ် ဆက်လက်ဆေးကုသလျက်ရှိပြီး ကျန်လေးဦးအား ဒါးပိုင်ကယ်ဆယ်ရေးစခန်းသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့ ကယ်ဆယ်ရေးစခန်းမှ ထွက်ခွာပြီး ရောင်နီဦးဆိပ်ကမ်းသို့ သွားရောက်ခဲ့သည့် နောက်ခံအကြောင်းရင်းနှင့် ရောင်နီဦးဆိပ်ကမ်းတွင် ခဲများဖြင့် ဝိုင်းဝန်းပစ်ပေါက်ရာတွင် ပါဝင်ခဲ့သည့် တရားခံများ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ ရောင်နီဦးဆိပ်ကမ်းဖြစ်စဉ်ကြောင့် အခြားနေရာများသို့ ပဋိပက္ခ ပြန့်ပွားကူးစက်ခြင်း မရှိစေရေး စစ်တွေမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ဖြန့်ခွဲချထားလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရွှေ့ပြောင်းမြန်မာအလုပ်သမားများကို ငွေကြေးတောင်းခံမှုတွေရှိနေဟုဆို

**တာချီလိတ် ဇူလိုင် ၄**
ထိုင်းနိုင်ငံအတွင်း ရွှေ့ပြောင်းလုပ်သားများအား ရက်ပေါင်း ၁၂၀ အတွင်း နေရပ်ပြန်နိုင်ရေး လိုအပ်သော စာရွက်စာတမ်းများ ပြုလုပ်နိုင်ရေးအတွက် ခေတ္တဆိုင်းငံ့ထားသောကာလတွင် နေရပ်ပြန် မြန်မာလုပ်သားအချို့အား ဇူလိုင် ၃ ရက် ညနေပိုင်းက ဖမ်းဆီးစစ်ဆေးမှုများ၊ ငွေကြေးတောင်းခံမှုများနှင့် ပွဲစားများက ငွေကြေးဖြင့် ကိုယ်ကျိုးစီးပွားရှာနေကြောင်း နေရပ်ပြန်အလုပ်သမားများထံမှ သိရသည်။

"ကျွန်တော်တို့ ထိုင်းနိုင်ငံ မယ်ကျန့်မြို့အနီး တောင်ကြားဂိတ်မှာရှိတဲ့ ထိုင်းရဲတွေက အထောက်အထားမပြနိုင်လို့ တစ်ဦးကို ဘတ် ၂၀၀၀ တောင်းတယ်။ ဘန်ထမ်ဂိတ်ရောက်တော့ ဘတ် ၅၀၀ ထပ်တောင်းတယ်။ ကျွန်တော်တို့မှာ ပေးစရာမကျန်လို့ သူတို့ကလွှတ်ပေးလိုက်ပါတယ်။ မြန်မာ-ထိုင်းချစ်ကြည်ရေးတံတား ရောက်တော့လည်း ပွဲစားတွေက တစ်ဦးကို ထိုင်းဘတ် ၆၀၀ ပေးရင် မြန်မာဘက်ကို ယာယီတံတားကူးစာအုပ်နဲ့ ဖြတ်သန်းလို့ရအောင် ဆောင်ရွက်ပေးမယ်ပြောတယ်"ဟု နေရပ်ပြန်လာသော ရွှေ့ပြောင်းအလုပ်သမားများက ပြောသည်။



ထိုင်းနိုင်ငံ မည်သည့်နေရာတွင်မဆို ရက်ပေါင်း ၁၂၀ အတွင်း မိမိသဘောဖြင့် ကားဂိတ်များတွင် လက်မှတ်ဝယ်ယူပြီး နီးစပ်ရာ နယ်စပ်ဂိတ်များသို့ ပြန်လာနိုင်ကြောင်း၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ မယ်ဆိုင်မြို့အထိ ထိုင်းဘတ်ငွေ ၅၀၀၀၊ ဗန်ကောက်မြို့မှ မဲဆောက်မြို့အထိ ဘတ် ၃၈၀၀ နှင့် အကျိုးစီးပွားရှာနေသူများရှိကြောင်း၊ အကျိုးစီးပွားရှာ ပွဲစားများအား မယုံစားမိစေလိုကြောင်း၊ စစ်ဆေးရေးဂိတ်များတွင် စစ်ဆေးခွင့်၊ ဖမ်းဆီးပိုင်ခွင့်မရှိကြောင်းကို ထိုင်းနိုင်ငံတာဝန်ရှိသူများက ညွှန်ကြားထားကြောင်း ထိုင်းလူဝင်မှုကြီးကြပ်ရေးဌာနမှ ဒုတိယရဲမှူးကြီး မစ္စလန်းက ပြောကြားခဲ့ကြောင်း ထိုင်းသတင်းများတွင် ဖော်ပြထားသည်။

**မြင့်မိုရ်(တာချီလိတ်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၄**
မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပေါင်မြို့တွင် ၆ ဒသမ ၄၆ လက်မ၊ ကျောက်တော်မြို့တွင် ၅ ဒသမ ၄၃ လက်မ၊ မြောက်ဦးမြို့တွင် ၅ ဒသမ ၀၄ လက်မ၊ တောင်ကုတ်မြို့တွင် ၄ ဒသမ ၅၇ လက်မ၊ ပုဏ္ဏားကျွန်းမြို့တွင် ၄ ဒသမ ၃၃ လက်မ၊ မောင်တောမြို့တွင် ၄ ဒသမ ၁၇လက်မ၊ ပလက်ဝမြို့တွင် ၃ ဒသမ ၉၄ လက်မ၊ ခန္တီးမြို့တွင် ၃ ဒသမ ၇၄ လက်မ၊ ကျိုက်မရောမြို့တွင် ၃ ဒသမ ၄၆ လက်မ၊ သံတောင်ကြီးမြို့တွင် ၃ ဒသမ ၁၉လက်မ၊ ရှမ်းရွာသစ်နှင့် မတူပီမြို့တို့တွင် ၃ ဒသမ ၁၂လက်မစီ၊ သိမ်ဇရပ်မြို့တွင် ၃ ဒသမ ၀၃ လက်မတို့ ဖြစ်ကြပါသည်။

**(မိုး/ဇလ)**

## ဘုရားသုံးဆူနယ်စပ်မှ နေရပ်ပြန် မြန်မာအလုပ်သမား ၃၁၂၁ ဦး ရှိပြီဟုသိရ

**ကော့ကရိတ် ဇူလိုင် ၄**
ထိုင်းနိုင်ငံအစိုးရ၏ အလုပ်သမားဥပဒေသစ်ကြောင့် ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသူ အထောက်အထား မပြည့်စုံခြင်းနှင့် အထောက်အထားလုံးဝမရှိခြင်းတို့ကြောင့် ထိုင်းနိုင်ငံအတွင်း ဖမ်းဆီးမှုများ ဖြစ်ပေါ်လျက်ရှိရာ ဇွန် ၂၉ ရက်မှစ၍ ဇူလိုင် ၄ ရက်အထိ ဘုရားသုံးဆူနယ်စပ် သွပ်ပြားပေါက်မှ မြန်မာအလုပ်သမားများ ပြန်လည်ဝင်ရောက်လာခဲ့ကြသည်။

ထိုသို့ ပြန်လည်ဝင်ရောက်လာကြရာတွင် ဇွန် ၂၉ ရက်မှ ဇူလိုင် ၄ ရက်အထိ အမျိုးသား ၁၇၈၆ ဦး၊ အမျိုးသမီး ၁၃၃၅ ဦး ပြန်လည်ဝင်ရောက်လာခဲ့ကြပြီဖြစ်သည်။ အဆိုပါ အလုပ်သမားအများစုမှာ မွန်ပြည်နယ် မုဒုံမြို့နယ်၊ သံဖြူဇရပ်မြို့နယ်နှင့် ကျိုက်မရောမြို့နယ်များမှဖြစ်ပြီး အနည်းစုမှာ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ကျေးရွာများမှဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြန်လည်ဝင်ရောက်လာသူများကို ကြာအင်းဆိပ်ကြီးမြို့နယ် ယာယီရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်၊ ဘုရားသုံးဆူမြို့ အုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသက်ခိုင်၊ ဘုရားသုံးဆူမြို့ လူကုန်ကူးမှုတားဆီးကာကွယ်နှိမ်နင်းရေးအဖွဲ့ KPF-BGF (1023) မှ ကြီးကြပ်ရေးအဖွဲ့ဝင် ဦးစိုးဝင်းအဖွဲ့က ထမင်းထုပ် ၇၆၀၊ အမှတ်(၄) ရပ်ကွက်နေ DKBA (ကလိုထူးဖော)မှ စီးပွားရေးတာဝန်ခံ ဦးသိန်းနိုင် မိသားစုတို့က ထမင်းထုပ် ၆၀၀နှင့် ဘုရားသုံးဆူ နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက စနီးတာဝါနှင့် ရေသန့်များပေးဝေခဲ့ပြီး လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြသည်။ **စိုးထက်အောင် (ပြန်/ဆက်)**



# လေပြင်းတိုက်၍ ညောင်လေးပင်တွင် စာသင်ကျောင်းနှင့်နေအိမ်များ ထိခိုက်ပျက်စီး



**ညောင်လေးပင် ဇူလိုင် ၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်း ဇူလိုင် ၃ ရက် ည ၁၂ နာရီမှစ၍ ဇူလိုင် ၄ ရက် နံနက်၃ နာရီအထိ လေပြင်းတိုက်ခတ်ခဲ့ရာ ကျေးရွာအချို့၌ စာသင်ကျောင်းများနှင့် လူနေအိမ်များ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ညောင်လေးပင်မြို့နယ် ရေဖြူကန်ကျေးရွာအုပ်စု ရေဖြူကန်ကျေးရွာရှိ အလက (ခွဲ)စာသင်ကျောင်းရှိ အုတ်ညှပ်သွပ်မိုးစာသင်ဆောင်တစ်ဆောင်နှင့် နေအိမ်နှစ်လုံး သွပ်အမိုးလန် ပျက်စီးသွားခဲ့ကြောင်း သိရသည်

အလားတူ ညောင်လေးပင်မြို့နယ် ထင်းကုန်းကျေးရွာအုပ်စု ထင်းကုန်းကျေးရွာတွင်လည်း နေအိမ်နှစ်လုံးပြိုကျ၍လူနေအိမ် ၁၀ လုံးသွပ်အမိုးလန်ခဲ့ကြောင်း၊ ဒုံစရစ်ကျေးရွာတွင်လည်း လူနေအိမ် ၁၁ လုံး သွပ်အမိုးလန်ပြီး ကျောက်ပုံကျေးရွာတွင်လည်း လူနေအိမ်သုံးလုံးပြိုကျ၍ လူနေအိမ် ၁၄ လုံးသွပ်အမိုးလန်ကာ စုစုပေါင်း အိမ်ခြေ ၄၀ ခန့် ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

ရေဖြူကန်ကျေးရွာမှ ထိခိုက်ပျက်စီးသွားသော စာသင်ဆောင်မှကျောင်းသားများအား မထိခိုက်သောစာသင်ဆောင်များသို့ ခေတ္တပြောင်းရွှေ့ကာ စာဆက်လက်သင်ကြားနိုင်ရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျောင်းအုပ်ဆရာကြီးတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့်ထင်းကုန်းကျေးရွာ၊ ဒုံစရစ်ကျေးရွာ ကျောက်ပုံကျေးရွာမှပြိုကျအိမ်ခြေများနှင့် အမိုးလန်အိမ်ခြေများကို သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများ စုပေါင်း၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

**ဓာတ်ပုံ-ခင်အောင်လှိုင်**

# ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် ကြိုတင်ကာကွယ်ရေးများ ဆောင်ရွက်မည်

**ချင်းတွင်း ဇူလိုင် ၄**

ချင်းတွင်းမြစ်ရေသည် ဇူလိုင် ၄ ရက်တွင် တစ်နာရီလျှင် ၂ စင်တီမီတာမြင့်တက်လျက်ရှိကြောင်း မုံရွာမြို့ မိုး/ဇလဌာန၏ တစ်နာရီတစ်ခါတိုင်းတာထုတ်ပြန်ချက် အရသိရသည်။

လက်ရှိ ဇူလိုင် ၄ ရက် မွန်းလွဲ ၁ နာရီတိုင်းထွာချက်အရ မြစ်ရေသည် ၉၁၁ စင်တီမီတာသို့ရောက်ရှိနေပြီး မုံရွာမြို့၏စိုးရိမ်ရေမှတ်သည် ၁၀၀၀ စင်တီမီတာဖြစ်သောကြောင့် ဇူလိုင် ၅ ရက်တွင် အစည်းအဝေးကိုသက်ဆိုင်ရာဌာနဆိုင်ရာများ၊ ရေယာဉ်အသင်းများ၊ မြို့ခံများဖြင့်ပြုလုပ်ကာ ကြေညာချက်များထုတ်ပြန်သင့်လျှင် ထုတ်ပြန်မည်ဖြစ်သလိုကြိုတင်ကာကွယ်ရေးများကို လုပ်ဆောင်သင့်လျှင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် စိုးရိမ်ရေမှတ်သို့မရောက်သေးသည့်အတွက် ရေကင်းများချထားခြင်း မပြုသေးသလို မုံရွာမြို့တစ်လျှောက် ကမ်းနားတာရိုးကို ပေပေါင်း ၁၄၀၀၀ နီးပါး အရှည်တည်ဆောက်ထားသောကြောင့် စိုးရိမ်ရေမှတ် ၁၀၀၀ စင်တီမီတာ အထက် ၄၀၀ နီးပါးခန့်အမြင့်ထိ တည်ဆောက်ထားသောကြောင့် မုံရွာမြို့တွင်းရေဝင်ရောက်စရာမရှိတော့ကြောင်း မြို့ခံတစ်ဦးက ဆိုသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် ကမ်းခြေတွင်ရပ်ထားသည့် ရေယာဉ်များ

# ဧရာဝတီမြစ်ရေ မြင့်တက်လာသဖြင့် လူနှင့်တိရစ္ဆာန်များ ကြိုတင်ပြောင်းရွှေ့ရန်လို

**ဗန်းမော် ဇူလိုင် ၄**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ဧရာဝတီမြစ်ရေ ဆက်လက်မြင့်တက်နေသဖြင့် ရေဘေးအန္တရာယ် ကင်းလွတ်စေရေးအတွက် မြစ်ရေဝင်ဒေသနှင့် မြစ်ဘေး မြေနိမ့်ပိုင်းဒေသများတွင် နေထိုင်လျက်ရှိသော လူနှင့်တိရစ္ဆာန်များ၊ အိမ်သုံးပစ္စည်းများကို ရေဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့ရန်လိုအပ်ကြောင်း သိရသည်။

ဗန်းမော်မြို့ ဧရာဝတီမြစ်ရေတိုင်းထွာချက်များအရ ဇူလိုင် ၂ ရက် နံနက် ၆ နာရီခွဲတွင် ၉၁၄ စင်တီမီတာ၊ မွန်းလွဲ ၁၂ နာရီခွဲတွင် ၉၂၃ စင်တီမီတာ၊ ဇူလိုင် ၃ ရက် နံနက် ၆ နာရီခွဲတွင် ၉၅၄စင်တီမီတာ၊ မွန်းလွဲ ၁၂ နာရီခွဲတွင် ၉၆၆ စင်တီမီတာ၊ ဇူလိုင် ၄ ရက် နံနက် ၆နာရီခွဲတွင် ၉၉၃ စင်တီမီတာ၊ မွန်းလွဲပိုင်းတွင် ၁၀၀၀ စင်တီမီတာရှိကြောင်း၊ ဗန်းမော်မြို့၏စိုးရိမ်ရေမှတ် မှာ ၁၁၅၀ စင်တီမီတာဖြစ်ကြောင်း ခရိုင်မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

ဧရာဝတီမြစ်ရေနှင့်အတူ ဗန်းမော်မြို့အနီး ဧရာဝတီမြစ်အတွင်းသို့စီးဝင်လျက်ရှိသော တာပိန်မြစ်ရေသည်လည်း မြင့်တက်လျက်ရှိသည်။ မြစ်အတွင်းမြေနုကျွန်းပေါ်နေထိုင်သူများ၊ မြစ်ရေဝင်ဒေသနှင့် မြစ်ဘေးချောင်းဘေး မြေနိမ့်ဝှမ်းဒေသနေထိုင်သူများသည် ရေဘေးအန္တရာယ်မှ ကင်းလွတ်စေရေးအတွက် လူ၊ ကျွဲ၊ နွားတိရစ္ဆာန်များ၊ လယ်ယာသုံးပစ္စည်းများကို ကြိုတင်ပြောင်းရွှေ့ရန်လိုအပ်ကြောင်း ဒေသခံပြည်သူများက ပြောသည်။

**ဆီမီးခုံ-နန်းရီ**



# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ကမ်းပါးပြိုကျမှုဖြစ်ပွား

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၄**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် သံပုရာအုပ်စု၊ သံပုရာကျေးရွာဇမိမြစ်ကမ်းနားအနီး၌ ဇူလိုင် ၄ ရက် နံနက် ၄ နာရီခွဲက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇမိမြစ်ရေတိုက်စားပြီး မြစ်ကမ်းနားနံဘေးတွင်နေထိုင်သော ဦးမြင့်သိန်းနေအိမ်ခြံဝင်းအတွင်းအလျား ပေ ၅၀၊ အနံ ၁၀ ပေခန့် မြေသားများပြိုကျခဲ့သောကြောင့် ခြံစည်းရိုးတိုင်များနှင့် သစ်ပင်များရေနက်ပိုင်းသို့ မျောပါသွားခဲ့ပြီး ကမ်းပါးမြေသားသည် နေအိမ်နှင့် ၁၀ ပေကျော်သာကျန်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ သဘာဝဘေးအန္တရာယ်အားကူညီပေးရန် ကြာအင်းဆိပ်ကြီးမြို့မရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင် ၁၅ ဦး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင် ၁၇ ဦး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ ဒေသခံပြည်သူများက ကမ်းပါးပြိုကျမှုအား ထိန်းသိမ်းနိုင်ရန်အတွက် သစ်သားတိုင်များစိုက်ထူခြင်း၊ သစ်တုံးများဖြင့် တမန်တုတ်ခြင်း၊ ကျောက်ချပြီး ကွန်ကရစ်လောင်းခြင်းများ ဝိုင်းဝန်းစုပေါင်းပြုလုပ်ပေးခဲ့ကြပြီး ဦးမြင့်သိန်း၏ နေအိမ်မိသားစုအား အန္တရာယ်ကင်းရှင်းနိုင်ရေးအတွက် နေအိမ်ရှိပစ္စည်းများနှင့် မိသားစုများအား သံပုရာကျေးရွာအတွင်းပိုင်းရှိ ဦးအောင်အောင် နေအိမ်သို့ တာဝန်ရှိသူများမှ ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

**စိုးထက်အောင် (ပြန်/ဆက်)**

# ညောင်ပင်ကြီး လဲကျ၍ နေအိမ်နှစ်လုံးပေါ်ပိ

**မော်လမြိုင် ဇူလိုင် ၄**

မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် ဇူလိုင် ၄ရက် နံနက် ၁၁ နာရီ ၂၅ မိနစ်ခန့်က မုပွန်ရပ်ကွက် ကျောက်တန်းလမ်းမပေါ်ရှိ သက်တမ်းလွန် ညောင်ပင်ကြီးမှာ လဲကျ၍ နေအိမ်အမှတ် (8/B) နေ ဒေါ်အေးအေးမာနေအိမ်နှင့် နေအိမ်အမှတ် (9A) နေ ဒေါ်လချမ်းနေအိမ်တို့ ပိမိသွားကြောင်း သိရသည်။

သက်တမ်းလွန် ညောင်ပင်ကြီး ပြိုလဲသည့်နေရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင့်နှင့် တပ်ဖွဲ့ဝင်များ၊ မုပွန်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်နှင့် တပ်ဖွဲ့ဝင်များ၊ မြိုင်သာယာနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်တင်ထွန်းဦးနှင့်တပ်ဖွဲ့ ဝင်များ၊ ပြည်နယ်မီးသတ်ဦးစီးမှူး ဦးတင်မောင်နီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဌာနမှ အမှုဆောင်အရာရှိ ဦးမြင့်သိန်းနှင့် အဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေး ဝန်ထမ်းများ ရောက်ရှိ၍ ကရိန်းများ၊ လွှစက်များဖြင့် ဖြတ်တောက်လျက်ရှိကြောင်း သိရသည်။

ယင်းသစ်ပင်ပြိုလဲပြီး နေအိမ်နှစ်လုံးပေါ်ပိမိ၍ နေအိမ်ရှိလူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိသော်လည်း နေအိမ်များ ပျက်စီးခဲ့ကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**



# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၃ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၁၃ စီး၊ သွင်းကုန် ၅၄၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်၅၉ စီး၊ သွင်းကုန် ၂၁၃ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃ ရက်တွင်ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈ ဒသမ ၄၇၆ သန်းခန့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉ ဒသမ ၆၉၇ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၅ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈ ဒသမ ၁၇၃ သန်းခန့်အားဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၃ ရက်က မူဆယ်မှ မန္တလေးသို့သွားရောက်မည့် ခရီးသည်တင်ယာဉ်အားရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးရှာဖွေစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော သစ်သီးမျိုးစုံ၊လူသုံးကုန်၊ စားသောက်ကုန်နှင့် စက်ဘီးအပိုပစ္စည်းများ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ်၁၀ ဒသမ ၄ သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နာဂဒေသခံတောင်သူများ အခက်ကြုံနေ

**ခန္တီး ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တောင်ပေါ်ဒေသများတွင် ဇွန်လကုန်ပိုင်းမှစ၍ ယနေ့အထိ မိုးအဆက်မပြတ်ရွာသွန်းနေမှုကြောင့် တောင်ယာလုပ်ငန်းနှင့် လေ့ကားထစ်လယ်လုပ်ငန်းလုပ်ကိုင်ကြသည့် ဒေသခံတောင်သူလယ်သမားများ စိုက်ပျိုးထားသည့်သီးနှံများပျက်စီးမှုများဖြင့် ကြုံနေရသည်။ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဒေသခံတောင်သူတစ်ဦးက လက်ရှိကာလတွင် တောင်ယာများ၌ စိုက်ပျိုးထားသည့် ပြောင်း၊ စပါး၊ ပဲအမျိုးမျိုးတို့ စိုက်ပျိုးပြီးကာလသာဖြစ်၍ တောင်ကျရေနှင့်မျောပါသွားခြင်း၊ စိုက်ခင်းများပျက်စီးခြင်းများနှင့် ကြုံတွေ့နေရကြောင်း ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်သူတစ်ဦးထံမှသိရသည်။ **ခေါင်ရည်ချို(ပြန်/ဆက်)**

# မြန်မာဒိုင်လူကြီးနှစ်ဦး သင်တန်းတက်ရန်နှင့် ပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်ရန် ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၄**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က ကြီးမှူးဖွင့်လှစ်သည့် ဖီဖာ (အာဆီယံဇုန်) ဒိုင်လူကြီးသင်တန်းတွင် တက်ရောက်ပြီး ၂၀၁၇ အာဆီယံ ယူ-၁၅ ပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်ရန် မြန်မာနိုင်ငံမှ ကွင်းလယ်ဒိုင်လူကြီး ဦးစိုးလင်းအောင်နှင့် စည်းကြပ်ဒိုင်လူကြီး ဦးဇေယျာမောင် **(ယာပုံ)**တို့သည် ဇူလိုင် ၃ ရက်က ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။ ဖီဖာ(အာဆီယံဇုန်) ဒိုင်လူကြီးသင်တန်းကို ဇူလိုင် ၄ ရက်မှ ၈ ရက်အထိ ဖွင့်လှစ်လျက်ရှိပြီး အာဆီယံ ယူ-၁၅ ပြိုင်ပွဲကို ဇူလိုင် ၉ ရက်မှ ၁၉ ရက်အထိ ထိုင်းနိုင်ငံ ချောင်ဘူရီ၌ ကျင်းပမည်ဖြစ်ကာ မြန်မာအသင်း မပါဝင်သည့် အုပ်စု(ခ) ပွဲစဉ်များတွင် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

**ဖိုးသော်ဇင်**






ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၆) ဗိုလ်တထောင် အားကစားကော်မတီသို့ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၃ ရက်က အထက(၆) ဗိုလ်တထောင် အောင်ကျော်ခန်းမ၌ ကျင်းပရာ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက အားကစားပစ္စည်းများအား အထက(၆) ဗိုလ်တထောင်အားကစားကော်မတီသို့ ပေးအပ်လှူဒါန်းစဉ်

တင်စိုး(မြန်မာ့အလင်း)

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

- အက်စ်တွန်ဗီလာအသင်းမှ တစ်နှစ်စာချုပ် ချုပ်ဆိုလိုက်သော ချယ်လ်ဆီးနောက်ခံကစားသမား ဂျွန်တယ်ရီသည် အနာဂတ်တွင် ချယ်လ်ဆီးအသင်းသို့ နည်းပြ အဖြစ် ပြန်လာရန်ရည်ရွယ်လျက်ရှိ ကြောင်း ဝန်ခံပြောကြားလိုက်သည်။ ဂျွန်တယ်ရီ (၃၆) နှစ်သည် ချယ်လ်ဆီးအသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးပြီးနောက် ဇူလိုင် ၃ ရက် (တနင်္လာနေ့)တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် အက်စ်တွန်ဗီလာအသင်းထံသို့ အပြီးသတ်ပြောင်းရွှေ့သွားခဲ့ကြောင်း သတင်းများအရ သိရသည်။
- အာဂျင်တီးနားနှင့် ဘာစီလိုနာတိုက်စစ်မှူး မက်ဆီ(၃၀)နှစ်သည် ယခုလ နှောင်းပိုင်းတွင် ၎င်း၏ ဟန်းနီးမွန်းခရီးစဉ်မှ ပြန်လည်ရောက်လာသောအခါ ဘာစီလိုနာအသင်းနှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိမ့်မည်ဖြစ်ကြောင်း သတင်းများအရ သိရသည်။
- မန်ချက်စတာယူနိုက်တက် နည်းပြ မော်ရင်ဟိုသည် ယခုအချိန်အထိ လင်ဒီလော့ဖ် (၂၂)နှစ် တစ်ဦးသာ ခေါ်ယူနိုင်ပြီး နောက်ထပ်ကစားသမား ခေါ်ယူရာတွင် အေးစက်စက်ဖြစ်နေမှုကို စိတ်ပျက်လျက်ရှိကြောင်း သတင်းများအရ သိရသည်။
- မန်ယူအသင်းသည် ဒေါ့မွန်နောက်ခံကစားသမား ဘာထရာကို (၂၆) နှစ်အား ခေါ်ယူရန် စောင့်ကြည့်နေကြောင်း သိရသည်။
- အာဆင်နယ်အသင်းသည် စပို့တင်လစ္စဘွန်းအသင်းမှ ပေါ်တူဂီ ကွင်းလယ်ကစားသမား ဝီလီယံကာဗယ်လ်ဟို(၂၅)နှစ်နှင့် ဂယ်လ်ဆင်မာတင်စ်(၂၂)နှစ်တို့နှစ်ဦးအတွက် ပြောင်းရွှေ့ကြေး ပေါင်သန်း ၇၀ လျာထားကြောင်း သိရသည်။
- ဝက်စ်ဟမ်းအသင်းသည် မက္ကဆီကိုနှင့် မန်ယူတိုက်စစ်မှူးဟောင်း ဟာနန်ဒက်ဇ် (၂၉)နှစ်ကို ဂျာမန်ကလပ် လေဗာကူဆင်အသင်းမှ ပရီမီယာလိဂ်သို့ ပြန်လည်ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သိရသည်။
- အဲဗာတန်အသင်းသည် အင်္ဂလန်တိုက်စစ်မှူး ဝိန်းရွန်းနီ (၃၁)နှစ်ကို အသင်းသို့ ယခုနှစ်နွေရာသီတွင် မန်ယူအသင်းထံမှ ပြန်လည်ခေါ်ယူရန် ယုံကြည်နေကြောင်း သိရှိရသည်။

**ဇော်ဇော်**

# ချီဖွေ၊ ဆော့လော်မြို့နယ်အတွင်း ရေအားလျှပ်စစ်စက်ရုံတည်ဆောက်မည့်စီမံကိန်းကို ဒေသခံပြည်သူများကန့်ကွက်

**မြစ်ကြီးနား ဇူလိုင် ၄**

ကချင်ပြည်နယ်အတွင်းရှိ ချီဖွေ၊ ဆော့လော်မြို့နယ်အတွင်း ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်မည့်စီမံကိန်းကို ဒေသခံပြည်သူများက ကန့်ကွက်နေကြောင်း သိရသည်။

"ချီဖွေနဲ့ ဆော့လော်မြို့နယ်အတွင်းမှာရှိတဲ့ ဇေ့ချန်းခချောင်းပေါ်မှာ ရေအားလျှပ်စစ်စက်ရုံလေးခု တည်ဆောက်မယ်လို့ သိရတယ်။ ကျွန်တော်တို့ဒေသခံတွေအနေနဲ့ကတော့ ဒီစီမံကိန်းလေးခုစလုံးကို လုံးဝကန့်ကွက်ပါတယ်"ဟု ဒေသခံပြည်သူ ဦးလာချိဒ်လွမ်းဇောင်းကပြောသည်။

ရေအားလျှပ်စစ်စက်ရုံတည်ဆောက်မည်ဆိုပါက မေခမြစ်နှင့် ဇေ့ချန်းခချောင်းတစ်လျှောက်ရှိ ကျေးရွာပေါင်း ၆၈ ရွာခန့်သည် ရေမြုပ်ဧရိယာအတွင်း ကျရောက်သွားမည်ဖြစ်ပြီး လူဦးရေ ၃၀၀၀၀ ကျော်ခန့်ရှိသော ဒေသခံပြည်သူများမှာ၎င်းတို့၏ ဒေသများမှ ပြောင်းရွှေ့ရမည်ဖြစ်သောကြောင့် အဆိုပါရေကာတာစီမံကိန်းကို ယခင်အစိုးရလက်ထက်တွင်သာမက ယခုအစိုးရသစ်လက်ထက်တွင်ပါ ကန့်ကွက်စာပို့ထားသော်လည်း ယနေ့အချိန်အထိ တစ်စုံတစ်ရာအကြောင်းပြန်လာခြင်းမရှိသေးကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီဒေသမှာ ဘိုးဘွားဘီဘင်အစဉ်အဆက်နေလာတာ အပျက်စီးမခံနိုင်ဘူး။ ဒီရေအားလျှပ်စစ်စက်ရုံ တည်ဆောက်မယ်ဆိုရင် ရေလွှမ်းမိုးပြီး သဘာဝသယံဇာတတွေ ပျက်စီးကုန်မယ်။ ဒါ့အပြင် လယ်ယာမြေတွေလည်းဆုံးရှုံးမယ်။ ရွာတွေလည်း ပြောင်းရွှေ့ရမယ့်အတွက်ကြောင့် လက်မခံတာဖြစ်ပါတယ်"ဟု ဦးလာချိဒ်လွမ်းဇောင်းက ပြောသည်။

ဆော့လော်မြို့နယ်အတွင်းရှိ ဇေ့ချန်းခ မြစ်တစ်လျှောက်တွင် လောင်ဒင်ရေအားလျှပ်စစ်စီမံကိန်း (စက်တပ်ဆင်အင်အား ၆၀၀ မဂ္ဂါဝပ် )၊ တုံရှင်းရေအားလျှပ်စစ်စီမံကိန်း( ၃၄၀ မဂ္ဂါဝပ်)၊ ခန်ကန်း (ဂမ်ခွင်း)ရေအားလျှပ်စစ်စီမံကိန်း (ပျမ်းမျှစက်တပ်ဆင်အား ၁၄၀ မဂ္ဂါဝပ်)နှင့် ဝေါလန်ရေအားလျှပ်စစ်စီမံကိန်း (ပျမ်းမျှစက်တပ်ဆင်အား ၁၂၀ မဂ္ဂါဝပ်)စက်ရုံလေးခု တည်ဆောက်ရန် ကွင်းဆင်းလေ့လာမှုများဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

"ရေအားလျှပ်စစ်စက်ရုံတည်ဆောက်ဖို့အတွက် ၂၀၀၉ ခုနှစ်ကတော့ နေရာလေးငါးခုလောက် မြေနေရာတိုင်းတာတွေ လာလုပ်တယ်။ ဒေသခံပြည်သူတွေက သဘောမတူတော့ မလာကြတော့ဘူး။ ကျွန်တော်တို့က ဒီရေအားလျှပ်စစ်စက်ရုံဆောက်ရင် ရွာတွေရွှေ့ပေးရမယ်။ လယ်ယာမြေတွေလည်း မြုပ်ကုန်မယ်။ ဒါကြောင့် စိုးရိမ်ပူပန်မှုတွေဖြစ်နေရတယ်" ဟု ဦးလာချိဒ်လွမ်းဇောင်းက ပြောသည်။

ဆော့လော်မြို့နယ် ဒေသခံ ဦးလာချိဒ်လွမ်းဇောင်းနှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၃ ရက်က ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးHလအောင်နှင့် သွားရောက်တွေ့ဆုံရာတွင် အဆိုပါ ရေအားလျှပ်စစ်စီမံကိန်း စက်ရုံတည်ဆောက်မှုနှင့်ပတ်သက်ပြီး ခွင့်ပြုထားခြင်းမရှိသေးကြောင်း ပြန်လည်ဖြေကြားခဲ့သည်ဟု ဒေသခံများက ပြောသည်။

**မင်းရာဇာ(မြစ်ကြီးနား)**




## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(D)မှ မရတနာမြင့်မိုရ်ဦး၏ ဖခင်အမည်မှန်မှာ ဦးဝင်းဇော်ဇ/အမန(နိုင်)၀၅၂၅၁၂ ဖြစ်ပါကြောင်း။ **ဦးဝင်းဇော်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ညီညီလွင် ၁၂/သဃက(နိုင်)၁၆၇၈၆၂ CDC68427 ၏ PSCRB နှင့် AFF လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၅၃၂၇၇၃၉**

## ဖခင်အမည်မှန်

အထက လှည်းကူးတက္ကသိုလ်ဝင်တန်း(A)မှ မချူးပိုမိုအောင်၏ ဖခင်အမည်မှန်မှာ ဦးစိုးပိုင် HGU/၁၁၉၆၅၄ ဖြစ်ပါသည်။ **ဦးစိုးပိုင်**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေမှ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်းတို့အတွက် အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) လုပ်ငန်းသုံးနှင့် (Multitest Lane for Truck) အပါအဝင်ပစ္စည်း ရုံးသုံးစက်ကိရိယာများ ၂၁ မျိုး

(ခ) လုပ်ငန်းသုံးပစ္စည်းများ ၃၀ မျိုး

၂။ တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၂၉)၊ နေပြည်တော်ဖြစ်ပါသည်။

၃။ တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်နှင့်အချိန် - ၄-၈-၂၀၁၇ရက်(သောကြာနေ့) ညနေ ၄း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၄။ တင်ဒါခေါ်ယူသည့်အကြောင်းအရာနှင့် စံချိန်စံညွှန်းအရည်အသွေးသတ်မှတ်ချက်များ၊ တင်ဒါတင်သွင်းသူ၏ အရည်အချင်းဆိုင်ရာ လိုအပ်ချက်များ၊ တင်ဒါစာရွက်စာတမ်းများအတွက် ကျသင့်သည့်ဈေးနှုန်း၊ တင်ဒါတင်သွင်းရမည့် နည်းလမ်းများကို အထက်အပိုဒ်(၂)ပါ လိပ်စာတွင် ၁၁-၇-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်းရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင် ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၄၀၅၃၆၂၊ ၀၆၇-၄၀၅၀၉၈**

## ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉၇) နှစ်(၂၀)ပြည့် တွေ့ဆုံပွဲ ဖိတ်ကြားလွှာ

ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉၇)သီဟတပ်ခွဲ၏ နှစ်(၂၀)ပြည့်တွေ့ဆုံပွဲကို ၉-၇-၂၀၁၇ရက်(တနင်္ဂနွေနေ့)တွင် နေပြည်တော်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ သူငယ်ချင်းများ မိသားစုနှင့်အတူ(သေဆုံး/ကျဆုံးသူငယ်ချင်းများ၏ မိသားစုများအပါအဝင်) မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**နေ့ဆွမ်းဆက်ကပ်ခြင်း** အချိန် - နံနက် ၉ နာရီ
**ပညာရည်ချွန်ဆုပေးအပ်ခြင်းနှင့် သပြေတောင်တောရကျောင်း**
**ဆရာကန်တော့ပွဲ** (ဥပ္ပါတသန္တိ ဘုရားရှေ့)
**ညစာစားပွဲ** အချိန်ည ၁၈း၀၀နာရီ
သပြေကုန်းအပိုင်း **Mandalay Paradise Food Center**




**ဧရာဝတီလမ်းမ (စိတ်တိုင်းကျလဖက်ရည်ဆိုင်အနီး)**
**(ကျောက်မျက်မီးပွိုင့်အကျော်ဘယ်ဘက်လမ်းမှဝင်ပါရန်)**

**အကျိုးဆောင်အဖွဲ့**
**ထွန်းနိုင် ဖုန်း-၄၉၂၁၁၂၇၃၊ သန်းမျိုးအောင် ဖုန်း-၇၇၇၉၄၄၂၉၉**
**အေးလွင် ဖုန်း-၄၉၂၀၀၈၈၃၊ စိန်လှိုင် ဖုန်း-၄၂၀၇၃၈၅၆၂**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ပြည်နယ်ကုသရေးဦးစီးဌာန၊ လားရှိုးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် လားရှိုးမြို့၊ ပြည်နယ်ကုသရေးဦးစီးဌာနလက်အောက်ရှိ မြို့နယ်၊ တိုက်နယ်ဆေးရုံများအတွက် လိုအပ်သည့် FDAအသိအမှတ်ပြုဆေးဝါးများနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(၂) တင်ဒါရောင်းချမည့်ရက်နှင့်အချိန်- ၃-၇-၂၀၁၇ရက် နံနက် ၉နာရီ
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂-၈-၂၀၁၇ရက် ညနေ ၄နာရီ
တင်ဒါရောင်းချမည့်နေရာ - ပြည်နယ်ကုသရေးဦးစီးဌာနမှူးရုံး၊ လားရှိုးမြို့

(၃) အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ပြည်နယ်ကုသရေးဦးစီးဌာနမှူးရုံး၊ လားရှိုးမြို့သို့လာရောက် စုံစမ်းနိုင်ပါသည်။

**ပြည်နယ်ကုသရေးဦးစီးဌာန**
**လားရှိုးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ရွှေဘုံသာလမ်း၊ အမှတ် ၃၇၂/၃၇၄ မြေကွက်ပေါ်တွင်နှစ်ခန်းတွဲ ရှစ်ထပ်တိုက် ဆောက်လုပ်ရာတွင် ရှစ်လွှာ(ဝဲ)အေ တိုက်ခန်းအား တရားဝင် ရရှိပိုင်ဆိုင်ထားသူ ဒေါ်အိုင်ရာဘီဘီ ၁၂/ပဘတ(နိုင်)၀၀၄၃၁၆ထံမှ အဆိုပါတိုက်ခန်းအား အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေ ဒေါ်သီတာဦး ၁၂/ပဘတ(နိုင်)၀၁၇၈၅၀မှ စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မို့မို့လွင်(LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၁၂)**
**အမှတ်(၅၅)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၀၁၃၅၁၉**

## အမည်ပြောင်း

ဦးဝင်းသိန်း ၁၄/မအန(နိုင်)၁၂၈၅၂၄ ၏သား မြန်အောင်မြို့၊ အလကလက်ပံရပ်၊ ပဥ္စမတန်းမှ မောင်အောင်ခန့်ကျော်အား မောင်ကောင်းဆင့်ဟန်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းဆင့်ဟန်**

## ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ် လကရ(၃)အထက တက္ကသိုလ်ဝင်တန်းမှ မပန်းအိစိုးနှင့် နဝမတန်းမှ မခိုင်နှင်းဝေတို့၏ ဖခင်ဦးဇော်၏ အမည်မှန်မှာ ဦးဇော်မျိုး ၉/ရမသ(နိုင်)၁၀၂၀၅၀ ဖြစ်ပါကြောင်း။ **ဦးဇော်မျိုး**

## အမည်မှန်

ဦးကျော်လှိုင်၏သမီး ဟုမ္မလင်းမြို့နယ်၊ အထက(မြင်သာ) ကျောင်းဝင်အမှတ် (၅၉၂၆)မနန်းဟွမ်ခမ်း၏ အမည်မှန်မှာ မနန်းဖောင်သစ် ၁၃/သနန(နိုင်)၀၅၂၃၁၅ ဖြစ်ပါကြောင်း။ **မနန်းဖောင်သစ်**

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ဖိုးဦးစိန်ရွာနေ ဦးထိန်လင်း၏သား ဝေါမြို့၊ အထက နဝမတန်း(F)မှ မောင်အောင်ဗိုလ်ဗိုလ်ပိုင်၏အမည်မှန်မှာ မောင်အောင်ဘိုဘိုပိုင် ၇/ဝမန(နိုင်)၁၉၀၉၁၉ ဖြစ်ပါကြောင်း။ **မောင်ဘိုဘိုပိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရမည်းသင်းမြို့နယ်၊ ကမ္ဘအုပ်စု၊ သစ္စေး အထက(ခွဲ)မှ မောင်ဝေလင်းနှင့် ရိုးကြီး(အမက)မှ မောင်ဇင်မင်းတို့၏ဖခင် ဦးရွှေတိုးနှင့် ဦးရွှေစိုး ၉/ရမသ(နိုင်)၁၀၀၁၅၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6H/2865 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6H/2865 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့၊ အထက(ဝန်းသို)တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဟိန်းထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးညွန့်ဝေ ၅/ဝသန(နိုင်)၀၄၁၁၆၄ ဖြစ်ပါကြောင်း။ **ဦးညွန့်ဝေ**

# ကလေးသွား အလေးထားပါ

**ဒေါက်တာ မောင်မောင်**

ကလေးများခြောက်လမှ နှစ်နှစ်သားအရွယ် ပတ်ဝန်းကျင်အတွင်း ထွက်သောသွားများကို ကလေးသွားများဟု ခေါ်သည်။ ကလေးသွားကို “ ငယ်သွား” ဟုလည်းကောင်း၊ “ နို့သွား”ဟုလည်းကောင်း၊ “ယာယီသွား”ဟုလည်းကောင်း ခေါ်သေးသည်။

ထိုသွားများသည် အပေါ်မေးရိုးတွင် ၁၀ ချောင်းနှင့် အောက်မေးရိုးတွင် ၁၀ ချောင်းစီ ထွက်လေ့ရှိသည်။ ယင်း ၁၀ ချောင်းမှာ ရှေ့အလယ်သွားနှစ်ချောင်း၊ ရှေ့ဘေးသွား နှစ်ချောင်း၊ အစွယ်သွားနှစ်ချောင်း၊ ပထမအံသွားနှစ်ချောင်းနှင့် ဒုတိယအံသွားနှစ်ချောင်းတို့ဖြစ်ကြသည်။ ရှေ့အလယ်သွားကို အင်္ဂလိပ်အက္ခရာ A ၊ ရှေ့ဘေးသွားကို B ၊ အစွယ်သွားကို C၊ ပထမအံသွားကို D နှင့် ဒုတိယအံသွားကို E ဟု မှတ်သားလေ့ရှိသည်။

ကလေးသွားများ ကျွတ်သောအချိန်မှာ လူကြီးသွားများ စတင်ထွက်သော ခြောက်နှစ်သားအရွယ်ခန့်၌ပင် ဖြစ်သည်။ ကလေးသွားများ ကျွတ်သောနေရာတွင် လူကြီးသွားများက အစားထိုးဝင်လာခြင်းဖြစ်သည်။ သို့ရာတွင် ကလေးသွား၌ အချောင်း ၂၀ ရှိသော်လည်း လူကြီးသွား၌ ၃၂ ချောင်းဖြစ်နေရသည်မှာ လူကြီးသွား၁၂ချောင်းက သီးခြားအသစ်ထွက်လာသောကြောင့် ဖြစ်သည်။ အများအားဖြင့် အတွင်းတွင် လူကြီးသွားအချို့ထွက်၍ ကလေးသွားအချို့ကျန်နေခြင်း ဖြစ်သည်။

အချိန်မတိုင်မီ ကလေးသွားများဆုံးရှုံးခဲ့လျှင် အစာစားရာ၌ အခက်အခဲဖြစ်၍ အာဟာရချို့တဲ့နိုင်လေသည်။ ထို့အပြင် လူကြီးသွားများ ထွက်ရာ၌ မညီမညာ မလှမပဖြစ်စေပြီး သွားများ မညီညာမှုကြောင့် သွားပိုးစား(ခေါ)သွားဆွေးမြည့်ရောဂါနှင့် သွားဖုံးရောဂါများကိုလည်း ဖြစ်စေနိုင်သည်။

ထို့ကြောင့် ကလေးသွားများမပျက်စီးစေရန်အတွက် ကလေးသွားစုံသော နှစ်နှစ်သားမှစတင်ပြီး သွားများကို အထူးဂရုစိုက်ရပါမည်။ စေးကပ်သော အစာနှင့်အချိုရည်များကို အလွန်အကျွံစားခြင်း၊ အမေနို့နှင့် နို့ဘူးများကို ငုံလျက်အိပ်ခြင်းတို့ကို ရှောင်ကြဉ်ရပါမည်။ အစာစားပြီးတိုင်း ပလုတ်ကျင်းသောအကျင့်နှင့် အိပ်ရာဝင်၊ အိပ်ရာထတွင် စနစ်တကျသွားတိုက်သောအကျင့်တို့ကို လေ့ကျင့်ပေးရပါမည်။

ကလေးသွားဆိုလျှင် လူကြီးသွားမထွက်မီ ယာယီထွက်သောသွားဟု ယေဘုယျနားလည်ကြပါသည်။ ထို့ကြောင့် ကလေးသွားကို လူကြီးသွားလောက်အရေးမကြီးဟု သဘောထားတတ်ကြသည်။ ကလေးသွားများကျွတ်သွားလျှင် လူကြီးသွားများ ချက်ချင်းပေါက်လာလိမ့်မည်ဟု ထင်ကြသည်။

အမှန်အားဖြင့် လူကြီးသွားများကောင်းရန်အတွက် ကလေးသွားများက အဓိကအစိတ်အပိုင်းဖြစ်သည်။ အပင်ကောင်းရန်အတွက် မျိုးစေ့သည် အရေးကြီးသကဲ့သို့ လူကြီးသွားကောင်းရန်အတွက် ကလေးသွားသည် အရေးကြီးပါသည်။

ကလေးသွားများသည် အများအားဖြင့် ကလေးခြောက်လသားအရွယ်၌ စတင်ထွက်လေ့ရှိပြီး နှစ်နှစ်သားအရွယ်တွင် ကလေးသွား အချောင်း ၂၀ စုံလေ့ရှိသည်။ ခြောက်နှစ်သားခန့်တွင် လူကြီးသွားစတင်ထွက်ပြီး ကလေးသွားများလည်း စတင်ကျွတ်လေသည်။ ယင်းကို ငယ်သွားလဲသည်ဟုခေါ်သည်။ ကလေးသွားလဲခြင်းသည် ၁၂ နှစ်သားအရွယ်အထိ ဖြစ်လေသည်။ ကလေးသွားများ ထွက်ရာ၌လည်းကောင်း၊ ကလေးသွားများကျွတ်ရာ၌လည်းကောင်း၊ သွားတစ်ချောင်းစီတွင် သီးခြားသက်တမ်းရှိပါသည်။ ထို့ကြောင့် သွားများကို ကြည့်ခြင်းအားဖြင့် ကလေး၏အသက်အရွယ်ကို မှန်းဆနိုင်ခြင်းဖြစ်သည်။ ကလေးသွားထွက်ရာ၌ အများအားဖြင့် ရှေ့သွားများစတင်ထွက်လေ့ရှိပြီး၊ အံသွားများက နောက်ဆုံးမှ ထွက်သကဲ့သို့ ကလေးသွားလဲရာတွင်လည်း ရှေ့သွားများစတင်ကျွတ်ပြီး အံသွားများက နောက်ဆုံးမှကျွတ်လေ့ရှိပါသည်။ အချို့က မည်သည့်အရွယ်၌မဆို ကလေးသွားမရှိတော့လျှင် လူကြီးသွား ထွက်လာလိမ့်မည်ဟု အထင်မှားကြသည်။ ထို့ကြောင့်လည်း ကလေးသွားတစ်ခုခုချို့ယွင်းသည်နှင့် နုတ်ပစ်ရန်သာ ဆန္ဒစောကြသည်။ အမှန်မှာ ကလေးသွားများကို သက်တမ်းမကုန်မီ နုတ်ပစ်ရပါက လူကြီးသွားများ ထွက်ရန်ပင်နောက်ကျသွားနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် လူကြီးသွားများဖြစ်ပေါ်လာရန်အတွက် စားသောက်သော အစာအာဟာရအပေါ် မှီခိုသကဲ့သို့ ကလေးသွားများအပေါ်တွင်လည်း မှီခိုရသောကြောင့် ဖြစ်သည်။ အခြားအကြောင်းအရာတစ်ခုမှာ ကလေးသွားကို သွားလဲချိန်မတိုင်မီ  အချိန်စောစီးစွာ နုတ်ပစ်ရပါက ယင်းနေရာ၌ လူကြီးသွားထွက်ချိန်ရောက်သောအခါ သွားဖုံးသားများကို ထိုးဖောက်ထွက်နေရသဖြင့် သွားထွက်ချိန်မှာ ပို၍ကြန့်ကြာတတ်သည်။



ကလေးသွားများကို အသုံးပြုရသောအရွယ်မှာ နှစ်နှစ်သားမှ ၁၂ နှစ်သားအရွယ်အတွင်းဖြစ်သဖြင့် ကြီးထွားမှုအားယူနေသောအရွယ်ဖြစ်သည်။ ထို့ကြောင့် ကလေးသွားများပျက်စီး၍ အချိန်မတိုင်မီ နုတ်ပစ်ရပါက ကလေး၏အာဟာရဖွံ့ဖြိုးမှုကို များစွာထိခိုက်နိုင်ပါသည်။ ထို့အပြင် ကလေးသွားများ ပျက်စီးဆွေးမြည့်၍ သွားများမသန့်ရှင်းမှုကြောင့် ခံတွင်းနှင့်သွားဖုံးရောဂါများ ဖြစ်ပေါ် နိုင်သည်။

လူကြီးသွားများထပ်၍မညီမညာဖြစ်ရသော အကြောင်းရင်းများစွာရှိသည့်အနက် ကလေးသွားများကို စောစီးစွာ နုတ်ပစ်ခြင်းသည်လည်း အကြောင်းရင်းတစ်ရပ်ပင်ဖြစ်သည်။ အများဆုံးဖြစ်တတ်ကြသည်မှာ နှစ်နှစ်သားအရွယ်တွင် သွားထွက်ပြီး၁၂ နှစ်အရွယ်ခန့်မှသာ သွားလဲလေ့ရှိသည်။ ကလေးသွားဒုတိယအံကြီးသည် ကလေးသွားတွင် သက်တမ်းအကြာဆုံးဖြစ်သကဲ့သို့ အများဆုံးအသုံးပြုရပြီး အများဆုံးပျက်စီးလေ့ရှိပါသည်။ ယင်းသွားကို သွားလဲချိန်မတိုင်မီ ရှစ်နှစ်သားပတ်ဝန်းကျင်တွင် နုတ်ပစ်လိုက်ရသည်ဆိုပါက ယင်းနောက်ဘက်၌ရှိသော ခြောက်နှစ်သားအရွယ်တွင် ထွက်သည့်လူကြီးသွား ပထမအံကြီးသည် ယင်းနေရာသို့ အစားထိုးဝင်လာသဖြင့် ယင်းနေရာ၌ ပေါက်ရမည့် လူကြီးသွား ဒုတိယအံကလေး ထွက်လာသောအခါ၌ နေရာမရှိတော့ဘဲ သွားများထပ်သွားတတ်သည်။

ထိုကဲ့သို့ သွားများမညီမညာထပ်နေခြင်းကြောင့် မလှမပဖြစ်စေသည့်အပြင် ခံတွင်းသန့်ရှင်းရန် ခက်ခဲသဖြင့် ခံတွင်းအနံ့အသက်မကောင်းခြင်း၊ သွားပိုးစားခေါ် သွားဆွေးမြည့်ရောဂါဖြစ်လွယ်ခြင်း၊ သွားဖုံးရောဂါဖြစ်လွယ်ခြင်းစသည့်ဆိုးကျိုးများကိုလည်း ဖြစ်ပေါ်နိုင်ပြန်သည်။

ထို့ကြောင့် ကလေးသွားများကို မပျက်စီးအောင် ထိန်းသိမ်းပြုစုနိုင်လျှင် အကောင်းဆုံးပင်ဖြစ်သည်။ ပျက်စီးလာသည့်တိုင်အောင် ကလေးသွားဟုပေါ့ဆမနေဘဲ လူကြီးသွားကဲ့သို့ပင် အလေးထားပြီး ပြုပြင်ကုသမှုခံယူရပါမည်။ “ကလေးသွားများကို မည်သည့်အရွယ်ကစပြီး စောင့်ရှောက်ရမလဲ” ဟူသော မိခင်၊ ဖခင်တို့၏အမေးကို ဖြေကြားရလျှင် ကလေးသွားပေါက်သောအချိန်မှစတင်၍ ဂရုပြုစောင့်ရှောက်ပါဟုပင် ပြောရပါမည်။ ကလေးကိုယ်တိုင်သွားတိုက်လေ့ကျင့်ရန်မှမူ ကလေးသွားစုံသည့် နှစ်နှစ်သားအရွယ် နောက်ပိုင်းမှစတင်သင့်ပါသည်။ သွားပွတ်တံကသေးသေး၊ သွားပွတ်တံ အမွေးပျော့ပျော့ကလေးဖြင့် အိပ်ရာဝင်အိမ်ရာထ အချိန်မှန် စနစ်တကျသွားတိုက်ရန် လူကြီးမိဘများက ညွှန်ကြားပြသပေးရပါမည်။ သွားတိုက်ရမည်ဟူသော  အသိနှင့်အလေ့အကျင့်ရရှိသွား ရန်ဖြစ်ပါသည်။ သွားတိုက်ရုံတွင်သာမက အစာစားပြီးတိုင်း ပလုတ်ကျင်းသောအကျင့်နှင့် ခြောက်လတစ်ကြိမ်သွားရောဂါ စစ်ဆေးကုသသော အလေ့အကျင့်များကိုလည်း တစ်ပါတည်းလေ့ကျင့်ပေးထားရပါမည်။

သဘာဝအားဖြင့် လူကြီးသွား ၃၂ ချောင်းမထွက်မီ ကလေးသွားအချောင်း၂၀ ကြိုတင်ထွက်သည်မှာလည်း စိတ်ဝင်စားဖွယ်ကောင်းသည်။ လူ့ကိုယ်ခန္ဓာ၌ သွားကဲ့သို့ နှစ်ကြိမ်လဲသော အင်္ဂါအစိတ်အပိုင်းမရှိသည်ကို ထောက်ရှုခြင်းအားဖြင့် လူသားတစ်ဦးအတွက် သွားများမည်မျှ အရေးကြီးကြောင်း သိသာနိုင်ပါသည်။ ကလေးသွားများကိုသက်တမ်းခြောက်လမှ ၁၂ နှစ်ကြာအောင် အသုံးပြုရပြီး လူကြီးသွားများမှာ အသက်ခြောက်နှစ်မှ ကွယ်လွန်ချိန်အထိသုံးနိုင်ပါသည်။ ထို့ကြောင့် လူကြီးသွားများကို သက်တမ်းစေ့အသုံးပြုနိုင်ရန်အတွက် ရှေ့ပြေးအဖြစ် ထွက်လာသောကလေးသွားများကို အလေးထားဂရုပြုရမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**အချို့က မည်သည့်အရွယ်၌မဆို ကလေးသွားမရှိတော့လျှင် လူကြီးသွားထွက်လာလိမ့်မည်ဟု အထင်မှားကြသည်။ ထို့ကြောင့်လည်း ကလေးသွားတစ်ခုခုချို့ယွင်းသည်နှင့် နုတ်ပစ်ရန်သာ ဆန္ဒစောကြသည်။ အမှန်မှာ ကလေးသွားများကို သက်တမ်းမကုန်မီ နုတ်ပစ်ရပါက လူကြီးသွားများ ထွက်ရန်ပင် နောက်ကျသွား နိုင်ပါသည်**




## ဇီးကုန်းမြို့နယ်အတွင်း မူးယစ်ဆေးဝါး မှုခင်းကျဆင်းရေးဟောပြော

**ဇီးကုန်း ဇူလိုင် ၄**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်အတွင်း မှုခင်းကျဆင်းရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် အသိပညာပေး ဟောပြောပွဲများကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်စိုး ဦးဆောင်မှုဖြင့် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဖြူဖြူအေးမြင့်၊ စခန်းမှူး ဒုတိယရဲမှူးဝင်းနိုင်၊ နယ်ထိန်းခေါင်းဆောင်ရဲအုပ် ဝေလွင်ကိုနှင့် ရဲတပ်ဖွဲ့ဝင်များသည် ဇွန်လ ပထမပတ်မှ တတိယပတ်အတွင်း မြို့ပေါ် အမှတ်(၁)၊ (၂)၊ (၅)ရပ်ကွက်ရုံးများနှင့် မီးကောက်ပင်ကျေးရွာအုပ်စုအတွင်း ကျေးရွာများမှ စာသင်ကျောင်းများသို့ မှုခင်း ကျဆင်းရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးတို့အတွက် အသိပညာပေးပြောခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် သက်ငယ်မုဒိမ်းမှုများအကြောင်း၊စိတ်ကြွရူးသွပ်ဆေးဝါးများ အန္တရာယ်သိကောင်းစရာများ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး သိကောင်းစရာများ အကြောင်း ရှင်းလင်းဟောပြောပေးခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ကျောင်းသား ကျောင်းသူများနှင့် တက်ရောက်လာသော ပြည်သူများကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**




## မြစိမ်းရောင်လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ဟင်္သာတ ဇူလိုင် ၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြစိမ်းရောင်စီမံကိန်း တာဝန်ခံဝန်ထမ်းများ အဖွဲ့သည် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ကျေးရွာများတွင် လုပ်ငန်းများအောင်မြင်ရေး အကြံပြုဆွေးနွေးမှုများ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြစိမ်းရောင်စီမံကိန်းကျေးရွာများဖြစ်သည့် ကျွန်းတော၊ ပြည့်စင်ကုန်း-တမံကြီး၊ ပိန်တောက်ကုန်း၊ စမ်းအိုင်-ရှားဖြူကွင်း၊ သက်ရပ်အုပ်နှင့် အုပ်ရှစ်ကုန်းကျေးရွာတို့တွင် စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ လက်မှုလုပ်ငန်း၊ တစ်ပိုင်တစ်နိုင်ရောင်းဝယ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ဇွန်လနောက်ဆုံးပတ်အတွင်း၌ အဆိုပါအဖွဲ့က သွားရောက်ကွင်းဆင်းကြည့်ရှုပြီး  လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် ကျေးရွာရန်ပုံငွေ ကြီးကြပ်မှုကော်မတီများနှင့်တွေ့ဆုံ၍ ငွေစာရင်းဇယားများ စနစ်တကျရေးသွင်းထိန်းသိမ်းနည်းတို့ကို အကြံပြုဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော် (ပြန်/ဆက်)**

စက်ရုံလွှင့်ထုတ်၊ လေညစ်ပုပ်၊ တောတွင်းသစ်ပင်၊ အကုန်စုပ်။ တို့တွေရှူသွင်း၊ လေသန့်ရှင်း၊ မခြင်းရမှာ၊ တောကသာ



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် '**The Straight Lines of Mandalay**' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ စတုတ္ထတွဲအဖြစ် "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" အမည်နှင့် အလင်းသစ်စာအုပ်တိုက်က ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေး မျဉ်းဖြောင့်များစတုတ္ထတွဲ" ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# လမ်း ၃၀ နဲ့ ရွှေတချောင်းထောင့်မတ်ဆုံရာ

## ဆူးငှက်



ရာမနတ်စင်

၁၈၈၉ခုနှစ် ရန်ကုန်-မန္တလေး မီးရထားလမ်းကြီး ဖွင့်လှစ်အပြီးမှာ တည်ဆောက်ခဲ့သော မန္တလေးဘူတာရုံကြီးသည် အနှစ်တစ်ရာကျော်သက်တမ်းရှိပြီးနောက် အသစ်တစ်ဖန် မွေးဖွားလာပြန်ချေပြီ။ မကြာမီ အဆင့်မြင့်ဘူတာရုံသစ်ကြီး ပြီးစီးတော့မည်ဟု မျှော်လင့်ချေပြီ။ လမ်း ၃၀ဘူတာရုံသစ်ကြီး၏ ပထမထပ်ကို ကျော်ဖြတ်ပြီးနောက် ၇၉ လမ်းပေါ်သို့ ဆင်းပေလိမ့်မည်။ ၇၈လမ်းပေါ်သို့ ဆင်းပေလိမ့်မည်။ ၇၈လမ်းပေါ်ကနေ ၇၉လမ်းသို့ တည့်တည့်မတ်မတ် ဆင်းမှာတော့မဟုတ်။ အသွားအပြန် လမ်းနှစ်သွယ်ဖြင့် ကွေ့ဝိုက်ဆင်းမည့်ဗိသုကာပုံစံဖြစ်သည်။

၇၉လမ်းပေါ်မှာတော့ နာမည်ကျော်တရုတ်တန်းဈေးရှိ၏။ နဂိုမူလ တရုတ်တန်းဈေးကား (၂၈/၂၉) လမ်းကြား၊ (၇၉/၈၀) လမ်းကြားကဈေးဝင်းထဲပဲ ဖြစ်မှာပေါ့။ နောက်တော့ မှောင်ခိုစီးပွားရေးခေတ်တစ်ခေတ်တွင် မော်လမြိုင်ရထားအဆင်း၊ လားရှိုးရထားအဆင်းတည်ခင်းရောင်းချသည့် ဈေးတန်းတွေက ၇၉လမ်းပေါ်မှာ ရှည်လျားလာသည်။ ထို့အတူ မန္တလေးဈေးချိုတော်ရုံကြီးများထဲက ကျူးကျော်ပုံကျဈေးသည်များ၊ တိုက်တန်းကြီးများပေါ်က ကျူးကျော်ပုံကျဈေးသည်များကား တရုတ်တန်းဈေးမှာပဲ နေရာချပေးတော့ ၇၉ လမ်းပေါ်က ယာယီဈေးတန်းက ခိုင်ခံ့လာသည်။

ထို့နောက် လမ်းတွေပြင်၊ ပလက်ဖောင်းတွေခင်း၊ ဈေးဆိုင်ခန်းတွေ စနစ်တကျ ဆောက်လိုက်သည်။ ၈၂လမ်းကြက်တန်းတစ်ဝိုက်က မော်တော်ကားပစ္စည်း အဟောင်းတန်းကိုလည်း ၇၉လမ်းပေါ်မှာပဲ နေရာချပေးပြန်သည်။ ထိုအခါ တရုတ်တန်းဈေးသည် ၃၂လမ်းမှသည် ၃၃လမ်း၊ ၃၄လမ်းမှာသာမက ၇၉နှင့် ၈၀လမ်းကြား ၃၄လမ်းမှာလည်း အပြည့်။ အခုတော့ လမ်း ၈၀ နှင့်၈၁လမ်းကြား ၃၄လမ်းပေါ်အထိပင် ကားပစ္စည်းအဟောင်းက ကျယ်ပြန့်လာသည်။ သည်လိုနှင့် ဈေးကွက်က ကြီးထွားလာဦးမှာပေါ့။

လမ်း ၃၀ နှင့် လမ်း ၈၀ ထောင့်မှာက မီးပွိုင့်ရှိသည်။ ထိုနေရာကလည်း ကားအသွားအလာ ရှုပ်လိုက်သည်မှာ ပြောဖွယ်မရှိ။ အနောက်ဘက်ထောင့်မှာက နာမည်ကျော် ဖူဂျီစတိုးကလည်းရှိသည်။ ဖူဂျီမှာက စားသောက်ကုန်၊ လူသုံးကုန်နှင့်ပတ်သက်တာ မရတာမရှိ။

အထူးသဖြင့် သင်္ကြန်၊ ဝါကျွတ်၊ တန်ဆောင်တိုင်၊ တရုတ်နှစ်သစ်ကူး ကာလတွေမှာဆို တိုးမပေါက်တော့။ ဖူဂျီနှင့် မျက်နှာချင်းဆိုင် အရှေ့ဘက်တန်း ပလတ်စတစ်ပစ္စည်းဆိုင်၊ အထည်ဆိုင်၊ အမဲအူပြုတ်ဆိုင်၊ ဗီဒီယိုခွေဆိုင်။ ဖူဂျီ၏ တောင်ဘက်မှာ အထည်ဆိုင်။ လမ်း ၃၀တောင်ဘက်ထောင့်က ကျိုက်ထီးရိုးဘိုးဘိုးကြီးထီဆိုင်ကလည်း တရားကက်ဆက်ခွေက အမြဲမပြတ်။

လမ်း ၃၀ ၏ လမ်း ၈၀ နှင့် ၈၁ လမ်းကြားမှာတော့ စားသောက်ဆိုင်တွေရှိသည်။ စားသောက်ရာအမျိုးစုံ၊ အပူ၊ အအေး၊ ဆီချက်၊ ကော်ပြန့်။ ထိုလမ်းထဲမှာ ရွှာစားကြီးစိန်ဗေဒါအိမ်ကတော့ ရှိနေသေးသည်။ ရှေးယခင်ကာလများတုန်းကတော့ နှစ်စဉ် စိန်ဗေဒါကြီး မွေးနေ့ရောက်လေတိုင်း မန္တလေးမြို့ပေါ်ရှိ ရွှာစားကြီး၏တပည့် သားမြေးများက လာရောက်ဂါရဝပြု သီဆိုတီးမှုတ်ကြတာ ခုနစ်ရက် ခုနစ်လီ မပြတ်တော့ဟု ကြားဖူးလေသည်။ ရွှာစားကြီး မရှိတော့သည့် နောက်ပိုင်းကာလအထိပင် ထိုအစဉ်အလာရှိခဲ့ဖူးသတဲ့။

ရွှာစားကြီးစိန်ဗေဒါ ရာပြည့် ၁၉၈၂ ခုနှစ်တုန်းကတော့ မန္တလေးနန်းရှေ့ပန်တျာကျောင်းဝင်းအတွင်းရှိ ယခုအထက်မြန်မာပြည် အမျိုးသားဇာတ်ရုံကြီး နေရာကွက်လပ်၌ စိန်ဗေဒါကြေးရုပ်တုကြီး ဖွင့်ပွဲနှင့်အတူ ရွှာစားကြီး၏တပည့် သားမြေးများက နေ့စဉ်ရက်ဆက် ဂုဏ်ပြုတီးမှုတ်ကြတာ မှတ်မိပါ၏။ ထို့နောက်စိန်ဗေဒါကြီး ကိုယ်တစ်ပိုင်းကြေးရုပ်တုကြီးသည် ပန်တျာကျောင်းနှင့်ပနံရစွာ ထိုနေရာ၌ နှစ်ကြာရှည်စွာတည်ရှိနေခဲ့ပါသည်။ ယခုထိုနေရာတွင် ခေတ်မီအမျိုးသား ဇာတ်ရုံကြီး တည်ဆောက်ပြီးစီးပါပြီ။ ကိုယ်တစ်ပိုင်း ကြေးရုပ်တုကြီးကို ပန်တျာကျောင်းဝင်းအတွင်းပိုင်းသို့ ပြောင်းရွှေ့လိုက်သည်။

လမ်း ၃၀ ၏ ၈၀ နှင့် ၈၁ လမ်းကြား တောင်ဘက်ခြမ်းမှာ အထက်ဆင့်ဝင်းရှိ၏။ အထက်ဆင့်ဝင်းအဝင်ဝမှာ လုဂုဏ်ရည် ခတ်ပုံတိုက်ရှိသည်။ မန္တလေး၏ လက်ဟောင်းခတ်ပုံတိုက်ဖြစ်၏။ ယခုတော့ ဗီဒီယိုလုပ်ငန်းပါ တွဲဖက်လုပ်ကိုင်သည်။ အထက်ဆင့် ဝင်ပေါက် အနောက်ဘက်မှာ အောင်မြန်မာစက္ကူဆိုင်နှင့် ရာဇာစတိုးရှိသည်။ အောင်မြန်မာစက္ကူဆိုင်က ဈေးချိုတော်မှာကတည်းက ဈေးချိုရှိဆိုင်ကြီးဖြစ်၏။ ရာဇာစတိုးက စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ရောင်းသည်။ မြောက်ဘက်ခြမ်းမှာက မြို့နယ်ပညာရေးမှူးရုံးရှိသည်။ ထို့နောက် ဝက်မစွတ်ဝင်းက ၂၆နှင့် ၂၇လမ်းကြား၊ ၇၆နှင့် ၇၇လမ်းကြားမှာလည်း ရှိသေးသည်။ လမ်း ၃၀ဘေးဝက်မစွတ်ဝင်းမှာက မြန်မာမုန့်မျိုးစုံ အမျိုးမျိုးကို ပွဲဈေးများ၌ ရောင်းချသည့် မြန်မာဈေးသည် အများစုနေထိုင်သည်။ မုန့်စိမ်းပေါင်း၊ မုန့်ပေါင်း၊ မုန့်ကြာလိတ်၊ ချွေတာရေးမုန့်၊ မုန့်လင်မယား စသည်တို့ဖြစ်၏။

လမ်း ၃၀နှင့် ၈၁လမ်းထောင့်မှာ ဝက်မစွတ်ဝန်ထောက်မင်းနှင့် သမီးခင်လတ်ကြီးတို့ကောင်းမှု ဓမ္မာရုံရှိသည်။ ကျုံးပေါ်တော်မှု ဓမ္မာရုံဟုလည်းခေါ်၏။ ဓမ္မာရုံနှင့် မျက်နှာချင်းဆိုင် အရှေ့ဘက်တန်းမှာ ယခင်က မှတ်ပုံတင်ရုံးရှိခဲ့ဖူးသည်။ ယခုမရှိတော့။ ဝက်မစွတ်မြို့စား ဝန်ထောက်မင်း၏ အမည်ရင်းက ဦးလတ်ဖြစ်သည်။

သီပေါမင်းလက်ထက် ၁၈၈၀ ပြည့်နှစ် သြဂုတ်လ၌ ဝက်မစွတ်ဝန်ထောက်ရာထူး ရရှိခဲ့၏။ ဘွဲ့အမည်က ဝန်ထောက်မင်း မင်းကြီးမဟာမင်းထင်စည်သူဖြစ်သည်။ ဇနီးက ဒေါ်ခင်လေးလတ်ဖြစ်သည်။ မြေးက စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေးဖြစ်သည်။ ကဗျာဂီတ၊ အလင်္ကာအမျိုးမျိုးနှင့် သမိုင်းတန်ဖိုးကြီးမားလှသော 'ဝက်မစွတ်နေ့စဉ်မှတ်တမ်း'ကြီးကို ဝက်မစွတ်ဝန်ထောက်မင်းက ပြုစုခဲ့လေသည်။ ၁၈၈၁ခုနှစ်ကလည်း ဗဟိုရ်ရစင်တော် မြောက်စာပုံနှိပ်စက်က ဝက်မစွတ်မြို့စား မင်းချောင်းကို ရိုက်နှိပ်ခဲ့သေးသည်။

ဝက်မစွတ်ဝန်ထောက်မင်းသည် မင်းခမ်းမင်းနားဆိုင်ရာ မြန်မာ့အနုပညာဆိုင်ရာတို့နှင့် ပတ်သက်၍ စစ်မှန်သော ဗဟုသုတ ကြွယ်ဝသော ပုဂ္ဂိုလ်ကြီးဖြစ်လေသည်။ မြေးဖြစ်သူ ခင်ခင်လေး(ဒဂုန်ခင်ခင်လေး)ကို နားသမင်္ဂလာဆင်ယင်ကျင်းပသောအခါ ဝက်မစွတ်ဝန်ထောက်မင်းသည် ထိုစဉ်က အစဉ်အလာဓလေ့ရှိသည့်အတိုင်း ခေါင်းလောင်းကိုပါ ထည့်၍ လှူရာ ခေါင်းလောင်းထမ်း အရုပ်နှစ်ရုပ်ကို နာမည်ကျော် မြန်မာဗိသုကာနှင့် ပန်းပုပညာရှင်ဆရာဆိုင်ထံ အပ်နှံလေသည်။ ဝန်ထောက်မင်းသည် ဆရာဆိုင်ကို မိမိအိမ်သို့ခေါ်၍ ရုပ်လုံးထုတတ် မထုတတ်မေး၏။ ဆရာဆိုင်က ထုတတ်ကြောင်း ပြောသောအခါ သူ့ရှေ့မှာပင် ဘီလူးရုပ်ရေးပြရန်မိန့်သည်။ ဆရာဆိုင်က-

"မိမိမှာ ပန်းချီဆရာမဟုတ်၍ ပန်းချီပုံလို နုအောင်တော့ မရေးတတ်ပါ၊ ပန်းပုထုရာမှာ ရေးသောပုံသာ ရေးတတ်ကြောင်း"

ဝန်ထောက်မင်းကို လျှောက်ရာ-

"ငါကလည်း အဲ့ဒါကို ရေးခိုင်းတာပဲ"ဟုပြော၏။

ဆရာဆိုင်က ခိုင်းသည့်အတိုင်း ဝန်ထောက်မင်းရှေ့မှာပင် ဘီလူးရုပ်ကို ရေးပြသည်။ ဆရာဆိုင်ရေးပြသော ဘီလူးရုပ်က အချိုးအစားမှန်ကန်ကျနသည်ကို မြင်သောအခါ-

"အေး... မင်းရေးတာမှန်တယ်"ဟု ဝမ်းမြောက်စွာမိန့်သည်။

ထို့နောက် ပုရပိုက်တစ်ဆူထုတ်လာပြီး ထိုပုရပိုက်ပါပုံများကို ဖွင့်ပြသည်။ ထိုသို့ပြပြီးမှ ဆရာဆိုင်အား ရာမဇာတ်တော်လာ ဟာနုမာန်နှင့် ဩန္ဒမိတ်ရုပ်ကို ထုလုပ်ရန် အပ်နှံလေသည်။ နောက်တစ်ကြိမ် မြေးတော်များ နားထွင်းမင်္ဂလာတွင်လည်း ဝန်ထောက်မင်းက ဆရာဆိုင်အား ခေါင်းလောင်းထမ်း အရုပ်နှစ်ရုပ် အပ်ပြန်၏။ ထိုအခါ ဝန်ထောက်မင်းက-

"မင်းအရုပ်တွေက ကောင်းတာမှန်တယ်။ ဒါပေမယ့် လူတွေက မင်းထုတာ မဟုတ်ဘူး။ မင်းအဖေထုပေးတာလို့ ပြောနေကြတယ်"ဟုမိန့်သည်။ ဆရာဆိုင်က-

"ကျွန်တော်မျိုးအဖေက အခုရန်ကုန်မှာ နေပါတယ်။ သောင်းချီတန်တဲ့အလုပ်တွေကို လက်ခံပြီးလုပ်နေပါတယ်။ ဒီအရုပ်လေးနှစ်ရုပ်ဟာ တစ်ရာကျော်သာတန်ပါတယ်။ ဒီလောက်အလုပ်လေးနဲ့ အဖေဟာ မန္တလေးလာပြီး လုပ်ပေးမှာ မဟုတ်ပါဘူး။ ဒါဆိုရင် နောက်သုံးရက်လောက်ရှိတော့ ဝန်ထောက်မင်း ကျွန်တော့်အိမ်ကို ကြွလာပါ။ ကျွန်တော်မျိုး ကိုယ်တိုင် ထုနေတာမြင်ရပါစေ့မယ်" ဟုပြောသောကြောင့် သုံးရက်မြောက်နေ့၌ ဝန်ထောက်မင်းသည် ဆရာဆိုင်အိမ် ရောက်သောအခါ ဘီလူးရုပ်မှာ ထုပြီးနေပြီး မျောက်ရုပ်က ထုလက်စဖြစ်သည်။

ဆရာဆိုင်မှာ ဝန်ထောက်မင်းရောက်လာသည်ကိုပင် မသိဘဲ အရုပ်ကို ထုမြဲထုနေရာ ဝန်ထောက်မင်းက တုတ်ကောက်ဖြင့် ခါးတို့မှ သိသည်ဆို၏။ ဤသို့ဖြင့် ဝက်မစွတ်ဝန်ထောက်မင်းအတွက် ခေါင်းလောင်းထမ်းအရုပ်နှစ်စုံကို ဆရာဆိုင်က ထုလုပ်ပေးခဲ့ရလေသည်။

ထိုအရုပ်နှစ်ရုပ်အကြောင်း ဤမျှလောက် အကျယ်ချဲ့ပြောနေရသည်မှာက အကြောင်းရှိသည်။ အဘယ်ကြောင့်ဆိုသော် ထိုခေါင်းလောင်းအရုပ်နှစ်စုံအနက် တစ်စုံမှာ လမ်း ၃၀ နှင့် ၈၁ လမ်းထောင့်က ဝက်မစွတ်ဝန်ထောက်မင်းကောင်းမှု ဓမ္မာရုံအတွင်း၌ ယခုအချိန်အထိ ရှိနေသေးသောကြောင့်ဖြစ်သည်။ ကျန်တစ်စုံက ဘုရားကြီးအလယ်တိုက် အရှေ့ဘက် အဆောင်ဘုရားခန်းတွင် ရှိလေသည်။

လမ်း ၃၀ နှင့် ၈၁ လမ်းထောင့်က အမှတ် (၈) ရဲစခန်းကို မန္တလေးက ယိုးဒယားဈေးဂိတ်ဟု ခေါ်ခဲ့ဖူး၏။ ထိုဝင်းကြီးက ယိုးဒယား ဈေးဝင်းကြီးတဲ့။ မြန်မာရှင်ဘုရင်များလက်ထက် အဆက်ဆက်ကပါလာသော ထိုင်းလူမျိုးစုတွေနေခဲ့သည်။ အနောက်ဘက်မှာ ရာမနတ်စင်ဝင်းရှိ၏။ သူတို့လူမျိုးဘာသာအလိုက် ပူဇော်ပသကြသော နတ်စင်ဖြစ်၏။ လမ်း ၃၀ နှင့် ၈၁ လမ်းထောင့်တောင်ဘက်ခြမ်းမှာ နာမည်ကျော် အမျိုးသားကျောင်းကြီးရှိသည်။ ယခုတော့ အမှတ် (၂) အထကဖြစ်၏။ ဗဟိုအမျိုးသား အထက်တန်းကျောင်းဟု ခေါ်ခဲ့ကြ၏။

အထက်ဆင့်ဝင်းအတွင်းရှိ ဗဟိုမြို့လယ်ပိဋကတ်တိုက် အဆောက်အအုံကြီးမှာ ဆရာကြီး ဦးရာဇတ်တို့က ဖွင့်လှစ်ခဲ့ခြင်းဖြစ်လေသည်။ ပိဋကတ်တိုက်လုပ်ရန် မြန်မာလူမျိုးများကစုပြီး လမ်း ၈၀ နှင့် ၈၁ လမ်းကြား၊ လမ်း ၃၀ နှင့် ၃၁ လမ်းကြားက ဝင်းမြေကွက်ကြီးမှာ မြေတိုက်ရောပါတဲ့ လေးထပ်တိုက်ကြီး တစ်လုံးဆောက်လက်စရှိသည်။ ထိုတိုက်ကြီးပြီးလျှင် 'မြို့လယ် ပိဋကတ်တိုက်' ဟူ၍ စာကြည့်တိုက်ကြီး ဖွင့်ရန်ဖြစ်၏။ အမိုးနှင့်အခင်း အပြီးမှာပင် ရုတ်ခြည်းဖြစ်ပေါ်လာရသော နေရှင်နယ်ကျောင်းက ဖွင့်စရာနေရာမရှိသောကြောင့် ထိုဆောက်လက်စ အဆောက်အအုံကြီးပေါ် ကျောင်းဖွင့်ခဲ့ကြခြင်းဖြစ်သည်ဟု သိရသည်။

ထိုစဉ်မန္တလေးတွင် ညောင်ပင်ဈေးနေရှင်နယ်၊ ဆိုင်တန်းနေရှင်နယ်၊ တရုတ်တန်းနေရှင်နယ်၊ မြို့လယ်နေရှင်နယ်ဟူ၍ လေးကျောင်းရှိသည်။ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ရောက်တိုင်း 'နေရှင်နယ်ဒေး'အဖြစ် တစ်မြို့လုံးလှည့်ကြ၏။ ည၌ ပျော်ပွဲရှင်ပွဲ၊ ပွဲလမ်းများ ခင်းကျင်းကြသည်။ နေရှင်နယ်ဒေးအဖြစ် လှည့်လည်ကြသော ကျောင်းသားများကို ဈေးချိုက အကမ်းအလှမ်းများစွာနှင့် ကြိုဆိုကြသည်။ လိမ္မော်သီး၊ မြေပဲလှော်၊ သကြားလုံး၊ ပဲလှော်၊ ငှက်ပျောသီးများက လွယ်အိတ်နှင့် မနိုင်ဟုဆို၏။ ရှလပတ်ရည် သောက်ရတာလည်း အကြိမ်ကြိမ်ဟုဆိုသည်။

မြို့လယ်နေရှင်နယ်ကျောင်းကြီးမှ ခြသေ့ံကျောင်းဆောင်ကြီးမှာ မူလပိဋကတ်တိုက်ကြီး ဖြစ်သောကြောင့် လေးထပ်အဆောက်အအုံကြီးဖြစ်သည်။ စစ်ပြီးနောက် ပြန်လည်ပြုပြင်ခဲ့ရာ သုံးထပ်အဆောက်အအုံကြီးအဖြစ် နှစ်များစွာတည်ရှိခဲ့၏။ အမျိုးသားနေ့စိန်ရတု ဖြစ်သော ၁၉၉၅ခုနှစ်ကမှ နဂိုပုံစံအတိုင်း လေးထပ်အဆောက်အအုံအဖြစ် ပြုပြင်တည်ဆောက်ပြီးလေပြီ။

လမ်း ၃၀၏ ၈၁လမ်းနှင့် ၈၂လမ်းကြားကတော့ ဘာမှ ပြောင်းလဲမှု သိပ်မရှိလှ။ မြောက်ဘက်ခြမ်းမှာတော့ လူနေဆိုင်ခန်းတွေ တိုးလာသည်။ စားသောက်ဆိုင်များ နေရာယူလာခြင်းပဲ ဖြစ်သည်။

တကယ်တော့ လမ်း ၃၀ သည် တရုတ်တန်းဈေး၏ သစ်သီးပွဲရုံများ၊ အထည်အလိပ်များ၊ ပန်းကန်ခွက်ယောက်ကုန်များနှင့် အနောက်ခြမ်းကိုင်းတန်းဈေး၊ ထုံးဘူးတန်းတစ်ဝိုက်မှ ကားဂိတ်များ၊ ဆန်ဆိုင်များ၊ စိုက်ပျိုးရေးပစ္စည်းအရောင်းဆိုင်များအကြား ဥဒဟိုကူးသန်းသွားလာရာ ဈေးလမ်းမကြီးအဖြစ် မသိမသာ တဖြည်းဖြည်း ပြောင်းလဲသွားလေသည်။

အကယ်၍ တရုတ်တန်းဈေးကြီးကို ရတနာပုံဈေးသစ်ကဲ့သို့ နေရာများ၌ ပြောင်းရွှေ့နေရာချထားပေးလျှင်တော့ ပုံစံတစ်မျိုး ပြောင်းသွားလေမည်လားမသိ။ ထိုအခါ ၂၉လမ်းနှင့် ၃၁လမ်းက ယာဉ်အသွားအလာ ပိုများလာနိုင်သည်။

***("တောင်မြောက် အရှေ့အနောက်ထောင့်မတ် မန္တလေး" ဆောင်းပါးကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# Save The Children ၏ ကနီမြို့နယ်အတွင်း ရေနှင့်ပတ်သက်သည့်လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး



**ကနီ ဇူလိုင် ၄**

ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သန့်ရှင်းမှုစီမံကိန်းကို Save The Children International အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဆိုပါစီမံကိန်းမှ ရေနှင့် ပတ်သက်သည့်လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကာ လက်ရှိတွင် ယင်လုံအိမ်သာလုပ်ငန်းများ ဆောင်ရွက်နေကြောင်း ရေ/သန့်စီမံချက်မန်နေဂျာ ဦးတင်မောင်ဝင်းထံမှ သိရသည်။

"ကနီမြို့နယ်အတွင်း အုပ်စုလိုက်ရွေးချယ်ပြီး စီမံချက်ရေးဆွဲထားတဲ့အတိုင်း ကျေးရွာအုပ်စု ၁၁ စုက ကျေးရွာ ၄၀ မှာ စီမံချက်ကို အကောင်အထည်ဖော်နေရာမှာ ရေနှင့်ပတ်သက်တဲ့ လုပ်ငန်းတွေမှာ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီး လက်ရှိမှာ အိမ်သာနှင့်ပတ်သက်တာတွေကို လုပ်ဆောင်နေပါတယ်။ ပူးပေါင်းလုပ်ဆောင်နေတဲ့ ကျေးရွာကျန်းမာရေးကော်မတီနဲ့ အဆင့်မြင့်သင်တန်းပေးတာနဲ့တွဲပြီး ယင်လုံအိမ်သာတည်ဆောက်တာတွေ လုပ်နေပါတယ်။ ကနီမှာ ကိုယ်ဝန်ဆောင်တွေကို စောင့်ရှောက်တဲ့ပရောဂျက်ရယ်၊ ရေသန့်ပရောဂျက်ရယ်ကို ဆောင်ရွက်နေရပါတယ်"ဟု ရေ/သန့်စီမံချက်မန်နေဂျာက ပြောသည်။

Save The Children International ၏ လုပ်ငန်းများအကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအား ရှင်းလင်းပွဲကို ဇူလိုင် ၁ ရက်က မုံရွာမြို့ ဝင်းယူနတီ ဟိုတယ်၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက အမှာစကားပြောကြားပြီး အကြီးတန်းညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်က စီမံကိန်းလုပ်ငန်းများကိုရှင်းပြကာ ကျန်းမာရေးဌာနကြီးမှူး ဒေါက်တာရဲအောင်က စီမံချက်ကျန်းမာရေးဌာန၏ လုပ်ငန်းစဉ်ကို ခြုံငုံရှင်းလင်းသည်။ ဆက်လက်၍ ရပ်ရွာအခြေပြု ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာခြင်းဆိုင်ရာ သန့်ရှင်းရေး စီမံအုပ်ချုပ်မှုကို အားဖြည့်ပေးခြင်း စီမံချက်အကြောင်းကို ရေ/သန့်စီမံချက်မန်နေဂျာ ဦးတင်မောင်ဝင်းက ရှင်းလင်းတင်ပြခဲ့သည်။

ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ ပံ့ပိုးကူညီသည့် ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာခြင်းဆိုင်ရာ သန့်ရှင်းမှုစီမံကိန်းကို ကနီမြို့နယ်တွင် ၂၀၁၄ ဇူလိုင်လမှစတင်၍ ၂၀၁၈ ဇွန်လအထိ ဆောင်ရွက်လျက်ရှိရာ ကျေးရွာပေါင်း ၄၀ တွင်ရှိသော ဒေသခံများအနေဖြင့် ကျန်းမာရေးနှင့်ညီညွတ်၍ ကောင်းမွန်သော ရေသန့်များ၊ အိမ်သာများ ရရှိရေးနှင့် ကျန်းမာရေးအလေ့အထများကို စဉ်ဆက်မပြတ် တိုးတက်ရရှိခြင်းဖြင့် ကျန်းမာပျော်ရွှင်သောအကျိုးကို ရရှိစေရန် ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း အကြီးတန်းညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်က ဆိုသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## မှုခင်းသတင်းတိုများ

### တရားမဝင်သယ်ဆောင်လာသည့် ပိတောက်သစ်လုံးများဖမ်းဆီးရမိ

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်၌ တရားမဝင်သယ်ဆောင်လာသည့် ပိတောက်သစ်လုံးများကို သီပေါမြို့နယ်သစ်တောဦးစီးဌာနက ဇွန် ၂၇ ရက်က ဖမ်းမိခဲ့သည်။ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးနေမျိုးအောင် ဦးဆောင်သည့် ပူးပေါင်းအဖွဲ့က သတင်းအရ ရှာဖွေစစ်ဆေးစဉ် မန္တလေးမှ လားရှိုးဘက်သို့ ယာဉ်မောင်းထွန်းထွန်းမင်း (ခ)ရှမ်းလေး(၃၄နှစ်)မောင်းနှင်ပြီး ယာဉ်နောက်လိုက်စိုင်းအောင် (၂၃နှစ်)လိုက်ပါလာသည့် ၁၂ ဘီးကားပေါ်မှ တရားမဝင်ပိတောက်သစ်လုံးတစ်လုံး၊ သုံးပေအောက် ပိတောက်သစ်လုံး နှစ်လုံး ပိတောက် ခားရွေတုံး ၅၉ တုံး(စုစုပေါင်း အလေးချိန် ၅ ဒသမ ဝ၇၁၆ တန်)ကို ဖမ်းဆီးရမိခဲ့၍ တရားမဝင်သစ်များ သယ်ဆောင်လာသူ ထွန်းထွန်းမင်း (ခ)ရှမ်းလေး၊ စိုင်းအောင်နှင့် ယာဉ်ပေါ်တွင်လိုက်ပါလာသူ အိုက်လူ(ခ)ပန်းမိုင်တို့အား သီပေါမြို့မ ရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စိုင်း(သီပေါ)**

### ဒလသင်္ဘောဆိပ်၌ မူးယစ်ဆေးဝါးရောင်းချနေသူအား ဖမ်းမိ

ဒလမြို့နယ် သင်္ဘောဆိပ်တွင် ဇွန် ၂၈ ရက်ညက ဘိန်းဖြူအမှုန့် ဝယ်ယူလာသူ အမျိုးသားတစ်ဦးကို ဖမ်းဆီးရမိပြီး ကွင်းဆက်အဖြစ် ရောင်းချသူအမျိုးသားတစ်ဦးကိုပါ ဖမ်းမိခဲ့ရကြောင်း ဒလမြို့မရဲစခန်းမှ သိရသည်။ ဒလသင်္ဘောဆိပ်တွင် မူးယစ်ဆေးဝါး အရောင်းအဝယ်ပြုလုပ်နေကြောင်း သတင်းအရ ဒလမြို့မရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်ကျော်သူအောင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ ကျော်ကျော်ခန့်(၂၃ နှစ်)အား တွေ့ရှိပြီး ၎င်းထံမှ ပင်နီဆီလင်ပုလင်းဖြင့်ထည့်ထားသည့် ဘိန်းဖြူဟုယူဆရသော ဖြူ/ဝါရောင်အမှုန့် ဝ ဒသမ ၂ ဂရမ်ကို တွေ့ရှိခဲ့သည်။ ၎င်း၏ထွက်ဆိုချက်အရ ဘိန်းဖြူမှုန့်ရောင်းချသူမှာ အောင်ဝင်းထွန်း(ခ)အစ်စမိုင်ဖြစ်ကြောင်း သိရသဖြင့် ကျော်ကျော်ခန့်၏ ဖုန်းဖြင့် ထပ်မံဝယ်ယူရန် ချိန်းဆိုမှာယူလိုက်ရာ ယင်းည ၁၁ နာရီခန့်တွင် ဘိန်းဖြူလာရောက်ပို့ဆောင်သော အောင်ဝင်းထွန်း(ခ)အစ်စမိုင်ထံမှ ဘိန်းဖြူဟုယူဆရသော အမှုန့် ဝ ဒသမ ၂ ဂရမ်၊ ဆေးခြောက်ဟုယူဆရသော အရိုး၊ အရွက်၊ အစေ့ခြောက် ဝ ဒသမ ၁၄ ဂရမ်တို့ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါး လက်ဝယ်ထားရှိ သုံးစွဲရောင်းဝယ်သူများဖြစ်သော ကျော်ကျော်ခန့်နှင့် အောင်ဝင်းထွန်း(ခ)အစ်စမိုင်တို့အား ဒလမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းဌေး(ဒလ)**

### ကျပ် ၁၁ သိန်းကျော်တန်ဖိုးရှိ ဘိန်းဖြူမှုန့်များဖမ်းမိ

ကချင်ပြည်နယ် ဝိုင်းမော်မြို့၌ ကျပ် ၁၁ သိန်းကျော်တန်ဖိုးရှိ ဘိန်းဖြူမှုန့်များကို ဇွန် ၂၉ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။ မြစ်ကြီးနားမြို့ မူးယစ်တပ်ဖွဲ့စု(၂)မှ ဒုရဲအုပ်မြင့်အောင် ဦးစီးအဖွဲ့က မူးယစ်ဆေးဝါးသတင်းအရ ဝိုင်းမော်မြို့ရပ်ကွက်(၂)ခဲ့တန်ရပ် လမ်းမပေါ်တွင် သွားရောက်စစ်ဆေးစဉ် အိုက်ခွက်(၅၇)နှစ်ထံမှ အနီရောင်ကော်ဘူးဖြင့်ထည့်ထားသော တန်ဖိုးကျပ် ၁၂ သိန်းနီးပါးရှိ ဘိန်းဖြူမှုန့် (အလေးချိန် ၁၁ ဒသမ ၉၅ ဂရမ်ခန့်)ကို ဖမ်းမိခဲ့ကာ အိုက်ခွက်၏ ထွက်ဆိုချက်အရ သုံးစွဲရန်နှင့် ပြန်လည်ရောင်းချရန်အတွက် အမည်မသိအမျိုးသားတစ်ဦးထံမှ ဝယ်ယူထားသောပစ္စည်းများဖြစ်ကြောင်း သိရသဖြင့် အိုက်ခွက်အား ဝိုင်းမော်မြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## တောင်ညိုရေလှောင်တမံနှင့် ဆက်စပ်အဆောက်အအုံများကို ကွင်းဆင်းစစ်ဆေး

**သာယာဝတီ ဇူလိုင် ၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တွင် ပြီးခဲ့သည့်လအတွင်းက မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် တောင်ညိုရေလှောင်တမံအတွင်း ရေဝင်ရောက်၍ ကန်ရေပြည့်ရေဝင်ရောက်ရှိလျက်ရှိရာ ရေလှောင်တမံအခြေအနေနှင့် ဆက်စပ်အဆောက်အအုံများ အခြေအနေကိုသာယာဝတီခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက ဇူလိုင် ၂ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



သာယာဝတီခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေဖြိုးကျော်နှင့် ဦးစီးအရာရှိ ဦးစဝ်ခွန်ဦးတို့အဖွဲ့က တောင်ညိုရေလှောင်တမံသို့သွားရောက်ပြီး ကန်ရေပြည့် ရေရောက်ရှိနေမှုအခြေအနေ၊ ရေပိုလွှဲမှ ရေကျော်နေမှုနှင့် ဆက်စပ်ရေအားအဆောက်အအုံများကို အသေးစိတ် ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။

လက်ထောက်ညွှန်ကြားမှူးသည် ဆည်ဝန်ထမ်းများအား တွေ့ဆုံပြီး အချိန်နှင့်တစ်ပြေးညီ တမံနှင့် ဆက်စပ်ရေအားအဆောက်အအုံများအား အလှည့်ကျစစ်ဆေးကြရန်နှင့် နာရီစဉ် ရေမှတ်ဖတ်၍ အထက်ရုံးများသို့ သတင်းပေးပို့ရန်မှာကြားခဲ့ပြီး ဝန်ထမ်းများ၏ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ တောင်ညိုရေလှောင်တမံသည် အလျားပေ ၃၄၀၀၊ အမြင့် ပေ ၁၁၀ ရှိပြီး ကန်ရေပြည့်ရေလှောင်ပမာဏမှာ ၂၁၀၀၀၀ ဧကပေရှိကာ နတ်တလင်းမြို့နယ်နှင့် ဇီးကုန်းမြို့နယ်အတွင်းမှနွေစပါး ဧက ၃၂၀၀၀ ကျော်အား အကျိုးပြုလျက်ရှိသည်။

တောင်ညိုရေလှောင်တမံအတွင်းသို့ ဇူလိုင် ၁ ရက်က ရေဝင်ရောက်မှုကောင်းမွန်၍ ကန်ရေပြည့်ရေမှတ်ရောက်ရှိကာ ရေပိုလွှဲမှ ရေစတင်ကျော်လျက်ရှိသော်လည်း တောင်ညိုရေလှောင်တမံသည် နှစ်စဉ် ရေဝင်အားကောင်းသော ရေလှောင်တမံဖြစ်ကာ ကန်ရေပြည့်ကျော်လွန်ပါက ရေပိုလွှဲမှရေသည် တောင်ညိုချောင်းအတွင်းသို့သာ စီးဆင်းသွားခြင်းကြောင့် ကြံ့ခိုင်မှုကောင်းမွန်ပြီး ကန်ရေပြည့်ရေကို စိတ်ချစွာထိန်းနိုင်သော ဆည်တမံဖြစ်သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် စိုးရိမ်စရာမလိုပဲ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်နိုင်ကြောင်း ခရိုင်နှင့် မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများ၏ ပြောကြားချက်များအရ သိရသည်။

**သူရအောင် (ပြည်)**

## ကျောင်းရှေ့လမ်းနှင့်ကျောင်းဝင်းအတွင်း ရေများရှိနေ၍ ကျောင်းသားများအခက်အခဲဖြစ်

**ရန်ကုန် ဇူလိုင် ၄**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အဝင်လမ်းနှင့် ကျောင်းဝင်းအတွင်း၌ မိုးတွင်းကာလရောက်တိုင်း မိုးကြီးသည့်အခါတွင် ရေများလျှမ်းပြီး အနိမ့်ပိုင်းဖြစ်၍ မိုးရွာပြီးချိန်တွင်လည်း ရေများအမြဲတမ်းတင်ကျန်လျက်ရှိသဖြင့် ကျောင်းသား ကျောင်းသူများ အခက်အခဲဖြစ်လျက်ရှိကြောင်း သိရသည်။




မိုးသည်းထန်ပါက မိုးရေများသည် ကျောင်းစာသင်ခန်းများအတွင်းအထိ ရောက်ရှိပြီး ကျောင်းသားကျောင်းသူများမှာ စိုစိုစွတ်စွတ်ဖြင့် စာသင်ကြားနေကြရသဖြင့် ရေရှည်တွင် ကလေးများ၏ ကျန်းမာရေးအတွက်လည်း စိုးရိမ်နေရကြောင်း သိရသည်။ အဆိုပါကျောင်းတွင် မူလတန်းကြိုအတန်းမှ ၁၀ တန်းအထိ ကျောင်းသား ကျောင်းသူပေါင်း ၂၀၀၀ ခန့် နှစ်စဉ် တက်ရောက်ပညာသင်ကြားနေကြသော ကျောင်းဖြစ်သည်။

"ကျွန်တော့်သားဟာ ဒီနှစ် ၁၀ တန်းမှာ ပညာသင်ကြားနေပါတယ်။ သူငယ်တန်းမှစပြီး တက်ခဲ့တာပါ။ နှစ်စဉ်နှစ်တိုင်း မိုးရာသီမှာ ရေကြီးပါတယ်။ မိုးတိတ်သွားပေမယ့်လည်း ရေပြန်မဆင်းဘူး။ ကလေးငယ်လေးတွေ၊ ကျောင်းသား ကျောင်းသူတွေနဲ့ ကျောင်းသားမိဘတွေအဖို့ မိုးရာသီမှာ အခက်အခဲနဲ့ ကြုံနေရပါတယ်" ဟု ကျောင်းသားမိဘတစ်ဦးက ပြောသည်။ အဆိုပါကျောင်းဝင်းအတွင်း မိုးရေများမှာ မိုးသည်းထန်ပြီးနောက် ရက်အတန်ကြာအောင် တင်ကျန်နေလေ့ရှိရာ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားမှု အဆင်ပြေစေရေးအတွက် အမြန်ဆုံးပြုပြင်ပေးရန် ကျောင်းသားမိဘများက လိုလားလျက်ရှိကြောင်း သိရသည်။

**ဝင်းမြင့်ထွန်း(တောင်ဥက္ကလာ)**

## ကျေးရွာအထက(ခွဲ)တွင် ကျောင်းဆောင်သစ် ဖွင့်ပွဲကျင်းပ

**ဖယ်ခုံ ဇူလိုင် ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် ကုရင်ကျေးရွာအုပ်စု ဆင်ဖြူကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲကို ဇူလိုင် ၃ ရက်က အဆိုပါကျေးရွာစာသင်ကျောင်းတွင် ကျင်းပခဲ့သည်။ရတနာကျောင်းဆောင်သစ် ဖွင့်ပွဲတွင် ရှမ်းပြည်နယ် ကယန်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်အေးမောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအန်းဂျေလို၊ ပြည်နယ်ပညာရေးမှူး ဦးအောင်ကျော်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဝန်ကြီးက အမှာစကားပြောကြားသည်။ ထို့နောက် ကျောင်းဆောင်ဆောက်လုပ်ခဲ့သော ဖူးအိုင်ဟုန်းကုမ္ပဏီ တာဝန်ရှိသူက ရတနာကျောင်းဆောင်သစ်ကို ပညာရေးဌာနသို့လွှဲပြောင်းပေးအပ်ခဲ့သည်။ အဆိုပါကျောင်းဆောင်သစ်သည် အလျား ပေ ၁၂၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ အုတ်ညှပ်တစ်ထပ်ဖြစ်ပြီး ခွင့်ပြုရန်ပုံငွေ ကျပ် ၄၆၈ သိန်းဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။ထို့နောက် ၂၀၁၆-၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သူများအား ဂုဏ်ပြုပွဲကို ဆက်လက်ကျင်းပပြီး ကျောင်းကော်မတီ တာဝန်ရှိသူများက စာမေးပွဲအောင် ကျောင်းသူ ကျောင်းသားများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**ကိုထွေး(ဖယ်ခုံ)**



# ပညာတွေအားလုံး မျှဝေ ပေးချင်ပါတယ်ဆိုတဲ့ သျှားထွဋ်အိန္ဒြာ

၂၀၁၄ ခုနှစ် အမေရိကန်နိုင်ငံတွင် ကျင်းပခဲ့သော Miss Universe ပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ယခုအခါ Trainer တစ်ဦးအဖြစ်ရပ်တည် ဆောင်ရွက်နေတဲ့ သျှားထွဋ်အိန္ဒြာ၏ လတ်တလော လှုပ်ရှားမှုများအကြောင်း မေးမြန်းတင်ပြလိုက်ရပါသည်။

**လတ်တလောအနုပညာလှုပ်ရှားမှုရ**

အခုနောက်ပိုင်း Commercial အလုပ်တွေ လက်ခံထားပါတယ်၊ ရိုးပွဲတွေလျှောက်ဖြစ်နေတယ်၊ မဂ္ဂဇင်းတွေ ကြော်ငြာတွေလည်း ရိုက်ဖြစ်ပါတယ်။ Training ပေးတဲ့ဘက်ကိုပိုပြီး လုပ်ဖြစ်နေပါတယ်။

**Training ပေးတဲ့အခါ ဘယ်လိုပုံစံပေးဖြစ်ပါသလဲ**

သျှားက ထိုင်း၊ ဖိလစ်ပိုင်နဲ့ အမေရိကားမှာသွားပြီး လေ့ကျင့်ကာ ပြိုင်ပွဲဝင်ခဲ့တယ်ဆိုတော့ သျှားမှာရှိတဲ့ ပညာတွေ အားလုံးကို တစ်ခုမှမချန်ဘဲ အားလုံးအပေါ်မှာစေတနာထားပြီး တစ်ခုချင်းစီကို သင်ပေးဖြစ်ပါတယ်။ သျှားရဲ့ Training ကို ယူဖူးတဲ့သူတိုင်း သိပါတယ်။ သျှားက မိတ်ကပ် Training ပါ တစ်ခါတည်း သင်ပေးလေ့ရှိပါတယ်။

**သင်ပေးတဲ့အခါ ဘယ်လိုရလာဒ်တွေရပါသလဲ**

တချို့တွေက အသက်အရွယ်ပိုင်းအရ ကိုယ့်ထက်ကြီးတဲ့သူတွေပါတယ်။ ကိုယ့်ကို အားပေးတဲ့ Fan တွေလည်းပါတယ်။ သျှားက စိတ်ဓာတ်ပိုင်းဆိုင်ရာ လေးတွေကအစ လေ့ကျင့်ပေးဖြစ်တဲ့ အခါကျတော့ သင်တန်းပြီးတဲ့ အခါမှာ Feed Back ကတော့ မကောင်းဘူးဆိုတာ တစ်ခါမှ မကြုံခဲ့ရဘူး။

**Training ပေးနည်းပုံစံ အဆင့်ဆင့်ကို ပြောပြပေးပါဦး**

သျှားက အဓိကအားဖြင့် Training ပေးတယ်ဆိုရင် စိတ်ဓာတ်ပိုင်းဆိုင်ရာကို အရင် Train ပေးဖြစ်ပါတယ်။ ပြီးတဲ့ အခါကျတော့မှ Cat Walk တွေ Personal Confidence နဲ့ နောက်ဆုံးမှာ မိတ်ကပ်ပိုင်းကိုသွားပါတယ်။ Training ကို အရင်ကတော့ Miss ပွဲတွေ အတော်များများကို ပေးဖြစ်ပါတယ်။ အခုနောက်ပိုင်းကျတော့ ကုမ္ပဏီတွေကပါသိလာတဲ့ အခါကျတော့ ဝန်ထမ်းတွေရဲ့ Personal Confidence တွေကို Train ပေးဖို့ ကမ်းလှမ်းလာတာတွေ ရှိလာတဲ့အတွက် Training ပေးဖြစ်ပါတယ်။

**ပြိုင်ပွဲဝင် အလှမယ်တစ်ယောက်အဖြစ်ကနေ Trainer တစ်ယောက် ဖြစ်လာတဲ့အခါကျတော့ ဘာတွေ ကွာခြားသွားလဲ**

ကွာခြားသွားတာကတော့ အများကြီး ကွာခြားသွားပါတယ်။ သျှားတို့ပြိုင်ခဲ့တုန်းကဆိုရင် ပြိုင်နေတဲ့ပြိုင်ပွဲဝင်တစ်ယောက်အနေနဲ့ဆိုတော့ အလွန်ကို စိတ်ဓာတ်တက်ကြွပါတယ်။ အခုဆိုရင်လည်း အမြဲတမ်း ပြန်ပြိုင်ချင်တယ်။ အဲဒီအချိန်တွေကို ဘယ်လိုမှ မေ့မရဘူး။ ပြိုင်နေတဲ့ကာလကို အလွန်သဘောကျတယ်။ ပြိုင်ပွဲမှာ သူငယ်ချင်းတွေ အများကြီးရတာ၊ သူတို့နဲ့အတူ နေရတာကို သဘောကျတယ်။ သျှားတို့နှစ်က ပြိုင်ပွဲဝင်တွေကျတော့ အလွန်ခင်တယ်၊ အလွန်ချစ်ကြတယ်၊ ပြန်တွေ့ဖြစ်တယ်။ ဒါပေမယ့် နည်းနည်းလေးတော့ ကွာသွားတာပေါ့၊ အရင်လို ဖြစ်သလိုနေလို့မရတော့ဘူး။ ပြီးတော့ သျှားက အပြင်မှာ သူများတွေ ကြည့်ရင်သိပ်ပြီး မနေတတ်ဘူး။ အဲဒါကြောင့်သျှားက အပြင်ထွက်ရင် အလှပြင်ပြီး ထွက်တာနည်းတယ်။

**သျှားအနေနဲ့ ဘယ်လိုဖက်ရှင်တွေ ရွေးချယ်ဝတ်ဆင်ဖြစ်ပါသလဲ**

သျှားက Free Style တွေပဲ ဝတ်ဖြစ်တယ်။ တအားပြင်ဆင်ပြီး ဝတ်တာသိပ်မရှိဘူး။ ပေ့ါပေါ့ပါးပါးနဲ့ အေးအေး ဆေးဆေးသွားရတဲ့ ပုံစံကြိုက်တယ်။ မိုးတွင်းဘက်တော့ သွားရလာရတာ သိပ်အဆင်မပြေဘူး။ ရွှံ့ဗွက်စင်တာတွေ၊ မိုးစိုတာတွေ မကြိုက်ဘူး။ ကားစီးနေရင်း ကားထဲမှာ မိုးရေစိုနဲ့သွားရတာကို မကြိုက်ဘူး။ မိုးတွင်းဘက်တော့ ထီးအမြဲ ဆောင်ထားတယ်။ ကားထဲမှာ မိုးစီးဖိနပ်ကို အမြဲယူသွားဖြစ်တယ်။

**သရုပ်ဆောင်ပိုင်းရော လုပ်ဖို့ရှိပါသလား**

သရုပ်ဆောင်အပိုင်းလည်း လုပ်ချင်ပါတယ်။ ဒါပေမယ့် သျှားအများကြီး လိုအပ်ပါသေးတယ်။ လောလောဆယ်တော့ သရုပ်ဆောင်ဘက်ကို ကူးပြောင်းဖို့ကတော့ စဉ်းစားနေတုန်းပါပဲ။

**၂၀၁၇ ထဲမှာ ဘာတွေလုပ်ဖြစ်ဖို့ရှိပါသလဲ**

၂၀၁၇ ထဲမှာတော့ အလုပ်တွေ ပိုကြိုးစားလုပ်မယ်။ ခရီးတွေ သွားဖို့တော့ သျှားတို့မိသားစုရဲ့ အလုပ်တွေက တစ်နေရာစီဆိုတော့ မိသားစုနဲ့ခရီးသွားဖြစ်ဖို့လည်း ကြိုးစားနေပါတယ်။

**ဒီနှစ်မှာ ပြိုင်ပွဲဝင်မယ့် အလှမယ်တွေအတွက်လည်း ဘယ်လို စကားမျိုး ပြောချင်ပါလဲ**

အဓိကကတော့ ပြိုင်ပွဲတစ်ပွဲဝင်မယ်ဆိုရင် ရိုးသားမှုနဲ့ ကြိုးစားမှုက အလွန်အရေးကြီးပါတယ်။ စိတ်အားထက်သန်မှုကလည်း ဒုတိယအရေးအကြီးဆုံး ဖြစ်တယ်။ စိတ်အားထက်သန်မှုနဲ့ ရိုးရိုးသားသား ကြိုးကြိုးစားစားပြိုင်ပါ။ ကိုယ်ဖြစ်ချင်တဲ့ လမ်းကြောင်းမှန်ကန်တယ်ဆိုရင် ဖြစ်လာမှာပါ။ ကောင်းမွန်တဲ့ အောင်မြင်မှု တစ်ခုရဖို့ဆိုရင် အချိန်က ကြာပါတယ်။ အဲ့ဒါကြောင့် သည်းခံပြီး ရိုးရိုးသားသား ကြိုးကြိုးစားစားနဲ့ အောင်မြင်အောင် လျှောက်လှမ်းစေချင်ပါတယ်။

**NZA**

## Team Work ရှိမှ အဆင်ပြေမယ်ဟု ဆိုလာသူ လွင်မိုး

အနုပညာလောကနှင့် အဆက်အသွယ်ပြတ်ကာ စီးပွားရေးလုပ်ငန်းများကို တစိုက်မတ်မတ် လုပ်ကိုင်နေခဲ့သည့် တစ်ချိန်က ပရိသတ်ကြီးအချစ်တော် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် အကယ်ဒမီလွင်မိုး တစ်ယောက် ယခုလ ဇူလိုင် ၁၄ ရက်တွင် ရုံတင်ပြသမည့် "သူငယ်ချင်းယောက္ခမ ၂" ရုပ်ရှင်ဇာတ်ကားတွင် ပထမဆုံးအကြိမ် ဒုတိယ အကျော့ အဖြစ် ပြန်လည်ကာအနုပညာလှုပ်ရှားမှုများကို စတင်မြင်တွေ့ရတော့မည် ဖြစ်သည်။

"ဇာတ်လမ်း၊ ဇာတ်ကွက်က ခိုင်လုံတာမို့ ကျွန်တော် ပါဝင်ဖြစ်တာပါ။ ဟာသအနေနဲ့ ရိုက်တယ်ဆိုပေမယ့် တချို့မလုပ်သင့်မလုပ်ထိုက်တဲ့ အကြောင်းလေးတွေကို ဒီဇာတ်ကားကြီးက ပညာပေးထားတာပါ။ နောက်ပြီး ကိုကျော်ရဲအောင်တို့ မကြီးစိုးတို့ဆိုတာ ကျွန်တော်နဲ့က ၁၉၉၂ ကတည်းက အတူတူသရုပ်ဆောင်ခဲ့ကြတဲ့ ညီအစ်ကို မောင်နှမတွေလို ဖြစ်နေတာလေ။ မတွေ့ရတာလည်း ကြာပြီဆိုတော့ ကျွန်တော်လုပ်ဖြစ်သွားတာပါ။

ကျွန်တော်နဲ့ ကိုကျော်ရဲအောင်နဲ့က အရင်တုန်းကဆို ဇာတ်ကားတွေ ရိုက်ခဲ့တာ ဇာတ်ကားပေါင်း ၅၀ ကျော်လောက်ရှိမယ်။ ဒီဇာတ်ကားမှာဆိုလဲ အားလုံးက တစ်ဦးနဲ့တစ်ဦး အပြန်အလှန်အပေးအယူ ကောင်းကောင်းနဲ့ ပါဝင်ထားကြတယ်။ ကျွန်တော်တို့ ရုပ်ရှင်လောကမှာ ရိုက်ကူးဖို့အတွက် အဓိက လိုအပ်ချက်ဟာ Teams Work ပါပဲ။ အားလုံးတညီတညွတ်တည်း ရှိနေမှ ဖြစ်တဲ့ အသိုင်းအဝိုင်းတစ်ခုပါ"ဟု အကယ်ဒမီ လွင်မိုးက ပြောသည်။

အနုပညာ လုပ်ငန်းများကို ယခုကဲ့သို့ ဇာတ်လမ်းကောင်း ကလေးများ ကြုံရပါက အခွင့်သာလျှင် သာသကဲ့သို့ သရုပ်ဆောင်သွားရန် သမီးနှစ်ဦးအတွက် ပညာရေးကိုသာ ဦးစားပေးပြီး ပံ့ပိုးဖြစ်နေကြောင်း၊ အနုပညာလုပ်ငန်းများကို ပိုမိုလုပ်ကိုင်ရန်မှာမူ သမီးများ၏ ပညာရေး ဦးစားပေးနေရခြင်းကြောင့် တိုးချဲ့လုပ်ကိုင်ရန် မဖြစ်နိုင်သေးကြောင်း အကယ်ဒမီလွင်မိုးက ပြောသည်။

**ကိုလင်း**

## မိုဘိုင်းဖုန်း ပစ္စည်းရောင်းချသည့် လုပ်ငန်းစုတစ်ခုမှ အေးဝတ်ရည်သောင်းအား သံတမန်ခန့်အပ်

ဇူလိုင် ၃ ရက်က ဖေ့ဘွတ်မှတစ်ဆင့် ပြန်လည်နာမည် ကျော်ကြားလာခဲ့သော အေးဝတ်ရည်သောင်းအား Remax Authorized Distributor MZ Myanmar မှ ကုန်အမှတ်တံဆိပ်ဆိုင်ရာ သံတမန်အဖြစ် ခန့်အပ်ခဲ့ပြီး လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ရန်ကုန်မြို့ Melia ဟိုတယ်တွင် ကျင်းပခဲ့သည်။



"သံတမန်ဆိုတာ တစ်နေရာနဲ့ တစ်နေရာကို ချိတ်ဆက်ပေးရတာမျိုး၊ အဆင်ပြေအောင် ဆောင်ရွက်ပေးရတာမျိုးလို့ ထင်ပါတယ်။ ကျွန်မကို အခုလို ခန့်အပ်လာတဲ့အတွက် ကုန်ပစ္စည်းတွေကို ဘယ်လိုဘယ်ပုံ အသုံးပြုရတယ်ဆိုတာမျိုးကိုလည်း ပြောပေးရမယ့် တာဝန်ရှိသလို Product နဲ့ ပရိသတ်အကြား အဆင်ပြေမှုတွေ ပိုရလာအောင်လည်း လုပ်ပေးရမယ်လို့ ထင်ပါတယ်"ဟု အဆိုပါ အခမ်းအနားတွင် အေးဝတ်ရည်သောင်းက ပြောသည်။

**ရှိုလာ**

## ရတနာမိုင်ရဲ့ "ပြောသားပဲ" စီးရီးထွက်ရှိ

တေးသံရှင် ရတနာမိုင်၏ ပြောသားပဲ အမည်ရှိ တေးစီးရီးသစ် (mini album) မိတ်ဆက်ခြင်းကို ဇူလိုင် ၂ ရက်က ရန်ကုန်မြို့ဟက်ပီးဝေါလ်တွင် ကျင်းပခဲ့သည်။ ရတနာမိုင်အပါအဝင် အနုပညာရှင်မောင်နှမများက ပရိသတ်ကြီးနှင့် တွေ့ဆုံကာ လက်မှတ်ရေးထိုးခြင်းများ ပြုလုပ်ခဲ့သည့်အပြင် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။

**ရှိုလာ**



## မြန်မာပေါကားများ ရုပ်ဆိုသည့် တိုက်ခိုက်မှုတွေကြားက ထပ်မံထွက်ရှိလာသည့် "သူငယ်ချင်း ယောက္ခမ ၂"

၂၀၀၉ ခုနှစ်က ရုံတင်ပြသခဲ့သည့် "သူငယ်ချင်းယောက္ခမ" ရုပ်ရှင်ဇာတ်ကားကြီး၏ ဒုတိယမြောက် ဇာတ်ကားဖြစ်သော "သူငယ်ချင်းယောက္ခမ ၂" ဇာတ်ကားကို ယခုလ ဇူလိုင် ၁၄ ရက်တွင် စတင်ရုံတင်ပြသသွားမည်ဟု သိရသည်။ အဆိုပါ ဇာတ်ကားကို စိန်ငွေးရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးကနေ ထုတ်လုပ်ရိုက်ကူးသည့် ဇာတ်ကားဖြစ်ပြီး ဇာတ်ညွှန်း ကိုရွှေမိုးသက်၊ ဇာတ်လမ်း ညာလက်တော် ရေးသားဖန်တီးထားပြီး ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး)က ရိုက်ကူးခဲ့ပြီး ကျော်ရဲအောင်၊ လွင်မိုး၊ မင်းဦး၊ ကောင်းပြည့်၊ စိုးမြတ်သူဇာ၊ ခိုင်သင်းကြည်၊ မိုးဟေကို၊ ဖူးပွင့်သခင်တို့ အထူးပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီဇာတ်ကားကို အကောင်းဆုံးထပ်မံ ရိုက်ကူးထားပါတယ်၊ ပထမဆုံး ရိုက်ခဲ့တဲ့ "သူငယ်ချင်းယောက္ခမ"တုန်းကလည်း ပရိသတ်အားပေးမှုတွေ အများကြီး ရခဲ့ပါတယ်။ ဝေဖန်မှုတွေကတော့ ရှိမှာပဲ။ ဒါတွေကို ခေါင်းထဲထည့်ပြီး ကြောက်နေလို့တော့ မရဘူးလို့ထင်ပါတယ်။ ကိုယ်ကပရိသတ်အတွက် ရသတစ်ခုမဟုတ်တစ်ခုပေးနိုင်အောင် လုပ်ရတာပါ။ ဒီဇာတ်ကားလေးဆို ပရိသတ်ရယ်မောမှုကို ရစေတယ်၊ ပရိသတ်စိတ်ချမ်းသာမှု တစ်ခဏရတယ်ဆို ကျွန်တော်တို့ သရုပ်ဆောင်တွေလည်း ထပ်တူပျော်ရတယ်"ဟု ဝါရင့်သရုပ်ဆောင် ကျော်ရဲအောင်က ပြောသည် ။

အဆိုပါ ဇာတ်ကားတွင် လွင်မိုး၏သမက်အဖြစ် သရုပ်ဆောင် ကျော်ရဲအောင်က ပါဝင်သရုပ်ဆောင်ထားပြီးတစ်အိမ်တည်းအတူနေကြသည့်အခါ ပြဿနာပေါင်းစုံနှင့်အတူ သမက်နှင့် ယောက္ခမအကြား ဖြစ်လေ့ဖြစ်ထရှိကြသည့် သဘောသဘာဝများကို ဖန်တီးရိုက်ကူးထားပြီး သရုပ်ဆောင် မိုးဟေကိုက လွင်မိုး၏ သမီးအဖြစ်လည်းကောင်း၊ စိုးမြတ်သူဇာက လွင်မိုး၏ ဇနီးအဖြစ်လည်းကောင်းအသီးသီး ပါဝင်သရုပ်ဆောင်ထားကြသည်။ "ဇာတ်ကားလေးကတော့ ပုံမှန်သဘာဝဇာတ်ရုပ်လေးပါပဲ။ (ညီညီ) ကျော်ရဲအောင်နဲ့ မိုးဟေကို (အိချော)တို့နှစ်ဦးက အကြင်လင်မယား သူတို့နှစ်ယောက်ကနေ ကလေးတွေမွေးလာတယ်။ အဲဒီကလေးက ညီညီအတွက် အသက်ကြီးမှ ကံပေါ်တဲ့ အနေအထားပေ့ါဗျာ။ သူတို့ မိသားစုတွေက ခေတ်မီပြီး အပျော်အပါး များကြတယ်။ ယောက္ခမနဲ့ သမက်က သက်တူရွယ်တူ သူငယ်ချင်းတွေ အပျော်အပါးကအစ အကုန်လုပ်ကြတဲ့သူတွေ ဆိုပြီး ဖန်တီးထားပါတယ်"ဟု ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး) က ဆိုသည်။

**ကိုလင်း**



# ပိုလှလာတယ်လို့ ပြောတိုင်း ဝမ်းသာမိတယ်

## စိုးမြတ်သူဇာ

အသက် ၄၅နှစ်ပြည့်ပြီးဖြစ်သည့် ထပ်ဆင့်အကယ်ဒမီဆုရှင် စိုးမြတ်သူဇာတစ်ယောက် လွန်ခဲ့သည့် နှစ်လက တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ Vel W Plastic Surgery ဆေးရုံတွင် ခွဲစိတ်ပြုပြင်မှုအချို့ကို Starz &Beauty Star မှတစ်ဆင့် သွားရောက်ပြုလုပ်ခဲ့သည်။

**ခွဲစိတ်မှုအတွက် ပြင်ဆင်ခဲ့တာတွေ**

"မကြီးအနေနဲ့ကတော့ အသက်ကလည်း တဖြည်းဖြည်း ထောက်လာပြီ။ အသက်က စကားပြောလာတယ်ပေါ့။ အဲဒီတော့ ခန္ဓာကိုယ်အလေးချိန်ကို ထိန်းချုပ်ရတာ တော်တော်ခက်လာတယ်။ မျက်နှာတွေကအစ လေးထောင့်ကြီးတွေ ဖြစ်လာတယ်။ အဆီတွေက ခန္ဓာကိုယ်တစ်ခုလုံးမှာ များလာတယ်။ မကြီးက အမှန်အတိုင်းပြောရရင် ခွဲစိတ်ရတာကိုကြောက်တယ်။ ဒါပေမယ့် လက်တည့်စမ်းချင်တဲ့စိတ်ကလည်း ရှိတယ်။ သေသေချာချာ ပြင်ဆင်ပြီး စီစဉ်ခဲ့တာမျိုးတော့ မရှိပါဘူး။ လုပ်ဖြစ်ခဲ့တာကို ပြောရရင် ကိုဂျွန်လွင်ကပြောတယ်။ လုပ်ကြည့်ပါလားတဲ့။ ကိုယ့် အလုပ်ကလည်း သကြင်္န်လိုရက်မျိုးပဲ များများစားစားအနားရတာ ဆိုတော့ ကိုရန်အောင်ရယ်၊ မကြီးရယ်၊ စိုးမြတ်နန္ဒာ(ဒါဒါ) ရယ်သွားကြတယ်။ ကိုရန်လေးနဲ့အတူတူ လုပ်ရမယ်ဆိုတော့ အကြောက်တရားက နည်းသွားရော။ နောက်တော့ သူက မလုပ်ဖြစ်တော့ဘူး။ ပြန်မယ်ဆိုတော့ တော်တော်ကို အားငယ်သွားတယ်။ အဖော်မဲ့သွားတာပေါ့။ သူကတော့ သွေးကျဲဆေးသောက်ရမယ်၊ ခွဲစိတ်လို့မရသေးဘူးဆိုတော့ မလုပ်ဖြစ်တာလေ။ မကြီးကတော့ ရောက်လည်း ရောက်နေပြီဆိုတော့ မထူးဘူးဆိုပြီး စမ်းသပ်၊ သွေးစစ်တာတွေ လုပ်ပြီး ခွဲစိတ်ခဲ့တယ်။

**ခွဲစိတ်ပြုပြင်ခြင်းရဲ့ရလဒ်**

"အားလုံးက ပိုလှလာတယ်လို့ ပြောတော့ ဝမ်းသာတယ်။ ဆိုးကျိုးကတော့ အခုထိ ကြီးကြီးမားမားခံစားရတာလည်း မရှိသေးဘူး။ မကြီးက ခွဲစိတ်မှုလုပ်မယ်ဆိုတော့ သူတို့ကိုပြောပြတယ်။ နှစ်ပတ်လောက်ပဲ ကျွန်မက အချိန်ရမှာလို့။ အဲဒီနှစ်ပတ်အတွင်း ကောင်းနိုင်ပါ့မလား။ မဟုတ်ရင် အလုပ်တွေ လက်ခံထားတာတွေရှိတော့ ဖျက်လို့မရတော့ စိုးရိမ်မိတယ်။ သူတို့ကလည်း ရတယ်တဲ့။ စိတ်ပူစရာမလိုဘူးလို့ ပြောတယ်။ မခွဲစိတ်ခင် ရန်ကုန်က စထွက်ကတည်းက အစားအသောက်၊ ရေကအစ မသောက်ခိုင်း တော့ဘူး။ ဟိုရောက်ပြီး မကြာဘူး ခွဲတာပဲ။ မကြီးက ပါးရိုး နှစ်ဖက်က ကြွက်သားလို့ ပြောတာပဲ။ မကြီးတို့က အစားတွေ ဆိုလည်း မတည့်တာလည်းစားတော့ ကြွက်သားတွေက ကြီးလာပြီး ကြည့်လို့လည်း မကောင်းတော့ဘူး။ ဒါကြောင့် လှီးထုတ်ပစ်တာ။ ပါးစပ်ရဲ့အတွင်းထဲကနေ သူတို့က လှီးထုတ်ပစ်တာ။ ဘာလို့လဲဆိုတော့ ချုပ်ရိုးလေးတွေက သွားတွေရဲ့အောက်မှာ ရှိနေတာ။ မေးစေ့ဆိုလည်း အောက်နားမှာ ချုပ်ရိုးတွေရှိတယ်။ လုပ်တဲ့စနစ်တွေကတော့ တော်တော်ကောင်းတယ်။ မျက်နှာလေးက သွယ်ပြီးလှလာတယ်။ ပြီးတော့ ခါးကမလိုတဲ့ အဆီတွေ ထုတ်ပစ်လိုက်တယ်။ ခွဲစိတ်ပြီးတာနဲ့ ခုတင်ပေါ်မှာ ပက်လက်ပဲနေရတယ်။ ဘေးနှစ်ဖက်ကို လုံးဝမစောင်းရဘူး။ အခုတော့ ဇာတ်ကားတွေရိုက်ရင်၊ စကားတွေ အများကြီးပြောရင် မေးတွေက နည်းနည်းနာတယ်။ ခွဲစိတ်ပြီးပြီးချင်း ခဏနားပြီး ဆေးရုံက ဆင်းလာရတာ။ ဟိုတယ်မှာ သွားနားခိုင်းတယ်။ ရေသောက်ရင် လည်ချောင်းက အစပိုင်းမှာ နည်းနည်းနာတယ်"ဟု စိုးမြတ် သူဇာက အလှအပအတွက် ခွဲစိတ်မှုအခြေအနေကို ရှင်းပြသည်။

"ခွဲစိတ်ပြုပြင်တယ်ဆိုတာ လှချင်တာထက် ကိုယ်တိုင်က မင်းသမီးတစ်ယောက်ဖြစ်နေတယ်။ ဒါနဲ့ အသက်မွေးဝမ်းကျောင်းတယ်။ ဒီအတွက် အလှအပမဖြစ်မနေလုပ်ရတာကြောင့်လည်း ပါပါတယ်။ လေ့ကျင့်ခန်းလုပ်ရမှာလည်း ပျင်းတော့ လွယ်ကူတဲ့ ဖြတ်လမ်းနည်းနဲ့ ခွဲစိတ်ရတာပါ။ လူတိုင်းကိုလည်း လှစေချင်တယ်။ အလွန်အကျွံ မဟုတ်ပေမယ့် အလှအပဆိုတာ အားလုံးနဲ့သက်ဆိုင်ပါတယ်"ဟု စိုးမြတ်သူဇာက ဆိုသည်။

**ကိုလင်း**

## "ငါချစ်သောနှင့် နှင်မချစ်သောငါ "စီးရီးထွက်ရှိ

တေးသံရှင် ကျော်သီဟ၏ ဒုတိယမြောက် တစ်ကိုယ်တော် "ငါချစ်သောနှင်. . .နှင် မချစ်သောငါ. . ." တေးအယ်လ်ဘမ်တွင် တေးရေးဆရာ ကေအေတီရေးသားပေးထားသည့် "မင်းသိလာမယ်"သီချင်းအား ကျေးဇူးရှင်ကို အမှတ်တရအနေဖြင့် ထည့်သွင်းထားကြောင်း သိရသည်။

ယင်းသီချင်းခွေကို ဇူလိုင် ၈ တွင် ဘိုဘိုမြူးဇစ် ပရိုဒက်ရှင်းမှ ဖြန့်ချိမည်ဖြစ်ကြောင်း သိရပြီး"သဘောသိပ်ကျတဲ့ ဒီသီချင်းလေးကို ခေါင်းစဉ်အဖြစ်ပေး ဖြစ်ပါတယ်။ ဒီသီချင်းလေးကို Leo (Micro) က ရေးသားပေးထားပါတယ်။ ဆရာ ကေအေတီရဲ့ အမှတ်တရလည်း ဖြစ်တယ်၊ မယ်လိုဒီဝေါ်လ်က ပို့ဆောင်ပေးတာကြောင့် "မင်းသိလာမယ်" နာမည်ပေးဖို့ပါ။ ဒါပေမယ့်ပရိသတ်ကို သိပြီးသားမို့ သီချင်းသစ်နာမည်လေးပေး ဖြစ်တာပါ။ ကျွန်တော့်အနေနဲ့ ပရိသတ်အကြိုက်နဲ့ နီးစပ်တဲ့ သီချင်းလေးတွေ ဖန်တီး ထားပါတယ်။ ဒီအခွေသီချင်း နှစ်ပုဒ်ကိုယ်တိုင်ရေးထားပါတယ်"ဟု တေးသံရှင် ကျော်သီဟက ပြောသည်။ ကျော်သီဟ သည် ၂၀၁၄ ခုနှစ်တွင် "ပြောပြချင်တယ်" တစ်ကိုယ်တော် သီချင်းခွေ ထွက်ရှိခဲ့သူလည်း ဖြစ်သည်။ "ငါချစ်သောနှင်. . .နှင်မချစ်သောငါ. . ."သီချင်းခွေ ပရိုမိုရှင်း ပွဲကို ဇူလိုင် ၈ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ လှည်းတန်းစင်တာ Outdoor Area ၌ အနုပညာမောင်နှမများဖြင့် လက်မှတ်ရေးထိုး သီဆိုဖျော်ဖြေကာ အမှတ်တရ အင်္ကျီလက်ဆောင်များ ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

# လွိုင်ကော်တွင် ဗုဒ္ဓဥယျာဉ်တော် တန်ဆောင်တိုင်ပွဲတော်ကွင်းအသစ်နှင့် ကလေးကစားကွင်းတည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်

**လွိုင်ကော် ဇူလိုင် ၄**

ကယားပြည်နယ် လွိုင်ကော်မြို့၏ အထင်ကရ နေစက်လစက်စေတီတော်မြတ်ကြီး၏ ကုန်းတော်အောက်ခြေတွင် ဗုဒ္ဓဥယျာဉ်တော်၊ တန်ဆောင်တိုင်ပွဲတော်ကွင်းအသစ်နှင့်ကလေးကစားကွင်းတည်ဆောက်ရေးလုပ်ငန်းများစတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။





အဆိုပါ ဗုဒ္ဓဥယျာဉ်တော်၊ တန်ဆောင်တိုင်ပွဲတော်ကွင်း ၊ ကလေးကစားကွင်းများ တည်ဆောက်မည့်မြေနေရာသည် ၁၃ ဧက အကျယ်အဝန်းရှိပြီး လွိုင်ကော်-မော်ချီးလမ်းမှ အဝင်အထွက်လမ်းနှစ်သွယ်ဖြင့် အလွယ်တကူ ဝင်ထွက်သွားလာနိုင်မည်ဖြစ်သည်။ ဗုဒ္ဓဥယျာဉ်တော်တည်ဆောက်ရာတွင် အဘယမုဒြာရုပ်ပွားတော်နှင့် ဂန္ဓကုဋိတိုက်တော်၊ ဗုဒ္ဓမြတ်စွာဘုရားအား ရဟန္တာငါးရာ ခြံရံကြွချီတော်မူပုံ၊ နဂါးရုံရုပ်ပွားတော်နှင့်ရေကန်၊ သတ္တဌာန၊ ဝက်ပါ၊ မီးကြာပူဇော်ရန်ခုံများ၊ ဓမ္မာရုံစသည့် ရုပ်ပွားတော်နှင့် သာသနိကအဆောက်အအုံများတည်ဆောက်ပြီး ကံ့ကော်ပင်၊ အင်ကြင်းပင်၊ ခရေပင်စသည့် နှစ်ရှည်ပင်များ၊ နှစ်တိုပန်းများ၊ ရောင်စုံအလှပင်များကို စိုက်ပျိုးသွားမည်ဖြစ်သည်။

တန်ဆောင်တိုင်ပွဲတော်ကွင်းအသစ်ကို ဗုဒ္ဓဥယျာဉ်တော်နှင့်တစ်ဆက်တစ်စပ်တည်း တည်ရှိသော မြေနေရာတွင် တည်ဆောက်သွားမည်ဖြစ်ပြီး တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း မီးပုံးပျံလွှတ်တင်ရန်နေရာ၊ လွိုင်ကော်မြို့၏ ရိုးရာဓလေ့ မီးရှူးတိုင်ကြီးများ ထွန်းညှိပူဇော်ရန်နေရာနှင့် ဇာတ်စင်၊ ဈေးဆိုင်ခန်းနေရာများကိုလည်း စနစ်တကျနေရာချထား သတ်မှတ်ပေးသွားမည်ဖြစ်သည်။ ဗုဒ္ဓဥယျာဉ်တော်နှင့် တန်ဆောင်တိုင်ပွဲတော်ကွင်းအနီးတွင် ကလေးသူငယ်များ လွတ်လပ်စွာလာရောက်ကစားနိုင်မည့် ကလေးကစားကွင်းကိုလည်း တည်ဆောက်ပေးထားမည်ဖြစ်သည်။

ယခုအခါ လွိုင်ကော်မြို့၌ လူနေအိမ်ခြေနှင့် အဆောက်အအုံများ တိုးချဲ့ဆောက်လုပ် လာကြသောကြောင့် ပြည်သူများလွတ်လပ်စွာ ဝင်ထွက်သွားလာ အပန်းဖြေအနားယူနိုင်သည့် နေရာနည်းပါးလာခဲ့သည်။ အထူးသဖြင့် တန်ဆောင်တိုင် ပွဲတော်ကာလ လွိုင်ကော်မြို့၏ ရိုးရာဓလေ့မီးရှူးတိုင်ကြီးများ ထွန်းညှိပူဇော်ရန်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ရန်နေရာတို့အတွက် အခက်အခဲဖြစ်ပေါ်လာခဲ့သည်။ ကလေးသူငယ်များ လွတ်လပ်စွာ ဝင်ထွက်သွားလာ ကစားနိုင်မည့် ကလေးကစားကွင်းများလည်း တိုးချဲ့ဖန်တီးတည်ဆောက်ပေးရန်လိုအပ်လျက်ရှိသည်။ သို့ဖြစ်၍ မြေလွတ်၊ မြေလပ်များစွာကျန်ရှိနေသေးသည့် ယခုသာသနာ့မြေတွင် အထက်ဖော်ပြပါ လုပ်ငန်းများကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ လွိုင်ကော်မြို့၏ စစ်ကိုင်းချောင်ဟု ဒေသခံများက တင်စားခေါ်ဝေါ်ကြသည့် နေစက်လစက်စေတီတော်၊ မြကလပ်တောင်တော်၊ နဂါးဝိဇ္ဇာတောင်တော်၊ ဘေးမခတောင်တော်၊ ရွှေလက်ဝါးတောင်တော်၊ ဂူကျောင်းတောင်တော်၊ သစ်တစ်ပင်တောင်တော်၊ သာသနာ ၂၅၀၀တောင်တော်တို့ စုဝေးတည်ရှိရာ သာသနာ့မြေတွင် အထက်ဖော်ပြပါ ဗုဒ္ဓဥယျာဉ်တော်၊ တန်ဆောင်တိုင်ပွဲတော်ကွင်းအသစ်နှင့် ကလေးကစားကွင်းများကို တည်ဆောက်သွားမည့်အပြင် ကယားပြည်နယ်ရှိ မြို့နယ်ခုနစ်ခုတို့၏ မြို့နယ်အလိုက် ဓမ္မာရုံများတည်ဆောက်သွားနိုင်ရေး အတွက်လည်း မြေနေရာများ သတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အထက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေထည့်ဝင်လှူဒါန်းလိုပါက ဖုန်း ၀၉-၂၅၀၂၉၇၂၈၊ ၀၉-၇၄၄၄၁၆၀၄၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

# ထရန်စဖော်မာများအသစ်တိုးချဲ့တည်ဆောက်

**နတ်တလင်း ဇူလိုင် ၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ္တလင်းမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားကို ဗို့အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးညီညီထွန်း ဦးဆောင်သော လျှပ်စစ်ဝန်ထမ်း များက ဆောင်ရွက်ခဲ့ရာ လုပ်ငန်းပြီးစီး၍ ဇွန်လနောက်ဆုံးပတ် က လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။



ထိုသို့ဆောင်ရွက်ရာတွင် သာစည်ရပ်ကွက် အိုးမြေတွင်းလမ်းသစ် လမ်းတွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ ရွာမ ရပ်ကွက်၊ ရွာမလမ်းတွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ မြို့မရပ်ကွက် ဗိုလ်ရုံလမ်းတွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ တံခွန်တိုင်အုပ်စု ကျွန်းကုန်းကျေးရွာတွင် ၁၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ ကုန်းကြီးရွာတွင် ၁၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ အသစ်တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းအား ၂၀၁၆-၂၀၁၇ခုနှစ် တိုင်းဒေသကြီးဘတ်ဂျက်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**

# မတ္တရာမြို့နယ် သဖန်းဒေါင့်ကျေးရွာနှင့် မြွေတလိုင်းကျေးရွာ၌ လျှပ်စစ်မီးရပြီ

**မတ္တရာ ဇူလိုင် ၄**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးခွင့်ပြုရန်ပုံငွေဖြင့် ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် သဖန်းဒေါင့်ကျေးရွာနှင့် မြွေတလိုင်းကျေးရွာတို့တွင် လျှပ်စစ်မီးဖွင့်ပွဲကို ဇွန်လနောက်ဆုံးပတ်က အဆိုပါ ကျေးရွာများရှိ (၁၁/၀.၄) ကေဗွီ(၃၁၅)ကေဗွီအေ ခွဲရုံရှေ့၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့်ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ တိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဥက္ကဋ္ဌ ဦးတင်ထွဋ်ဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ငယ်တိုးကျေးရွာအုပ်စု သဖန်းဒေါင့်ကျေးရွာမှ အိမ်ထောင်စု ၃၀၀ ကျော်နှင့် မြွေဟင်္သာကျေးရွာအုပ်စု မြွေဟင်္သာကျေးရွာနှင့် မြွေတလိုင်းကျေးရွာမှ အိမ်ထောင်စု ၃၀၀ ကျော်တို့အား လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်ရေးအတွက် သဖန်းဒေါင့်ကျေးရွာတွင် ၁၁ ကေဗွီလိုင်း ပေ ၁၉၅၀၀ နှင့် (၁၁/၀.၄) ကေဗွီ ၃၁၅ ကေဗွီအေ ခွဲရုံတည်ဆောက်ခြင်း၊ မြွေတလိုင်း ကျေးရွာတွင်(၁၁)ကေဗွီလိုင်းပေ ၁၄၀၀၀ နှင့် (၁၁/၀.၄) ကေဗွီ ၂၀၀ ကေဗွီအေ ခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေကျပ် ၁၅၉၆၆၀၈၀ ဖြင့် တည်ဆောက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# သမဝါယမအသင်းစုရုံး အဆောက်အအုံသစ်ဖွင့်

**မိုးညို ဇူလိုင် ၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် မြို့နယ်သမဝါယမအသင်းစုရုံးအဆောက်အအုံသစ်ကို မြို့မရပ်ကွက် သမလမ်း၌ ဇွန်လနောက်ဆုံးပတ်က ဖွင့်လှစ်ခဲ့သည်။

မြို့နယ်သမဝါယမအသင်းစုသည် ချေးငွေထုတ်ချေးသောအသင်းပေါင်း ၂၅၄ သင်းနှင့် အသင်းသားပေါင်း ၂၁၃၆၇ ဦးဖြင့် ဖွဲ့စည်းထားသောအသင်းဖြစ်သည်။ မြို့နယ်သမဝါယမအသင်းစုရုံးအဆောက်အအုံသစ်သည် အလျား ၁၉၃ ပေ၊ အနံ ၁၇၃ ပေ မြေကွက်ပေါ်တွင် အလျား ပေ၈၀၊ အနံ ၄၈ ပေ၊ RC တစ်ထပ် အဆောက်အအုံတစ်ခုဖြစ်ပြီး ကုန်ကျငွေမှာ ငွေကျပ် ၄၅၅ သိန်းကျော် အကုန်အကျခံ ဆောက်လုပ်ထားကြောင်း၊ သိုလှောင်ရုံတစ်ခုကိုလည်း အလျားပေ ၅၀၊ အနံ ပေ၃၀၊ RC ဖြင့် ငွေကျပ်သိန်းပေါင်း ၁၆၈ သိန်းဖြင့် အကုန်အကျခံ ဆောက်လုပ်ပေးထားကြောင်း သိရသည်။

မြို့နယ်သမဝါယမအသင်းစုရုံး အဆောက်အအုံသစ်ဖွင့်ပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်း၊ တိုင်းအသင်းစုကိုယ်စားလှယ် ဦးညွန့်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဦးကျော်နှင့် သမဝါယမဦးစီးအရာရှိ ဦးဝင်းမောင်၊ မြို့နယ်သမဝါယမ အသင်းစု ဥက္ကဋ္ဌ ဦးမြသန်းနှင့် အသင်းသူ အသင်းသားများ တက်ရောက်ကြကြောင်း သိရသည်။

**ခင်လတ်(မိုးညို)**



## လီဗာပူးမှ ကော်တင်ဟိုအား ဘီအက်စ်ဂျီက ယူရိုသန်း ၁၀၀ ပေးပြီးခေါ်နေ

လီဗာပူးအသင်းမှ ကွင်းလယ်တိုက်စစ်မှူး ကော်တင်ဟိုကို ပီအက်စ်ဂျီအသင်းမှ ပြောင်းရွှေ့ကြေး ယူရိုသန်း ၁၀၀ ဖြင့် ခေါ်ယူစာချုပ်ရန် နီးစပ်နေပြီဖြစ်တာမို့ ဘာစီလိုနာက ခေါ်ယူဖို့ ကြိုးစားနေတာဟာ အကောင်အထည်မဖော်နိုင်တဲ့ အခြေအနေ ရောက်ရှိသွားပြီဖြစ်ပါတယ်။ အသက် ၂၅ နှစ်အရွယ်ရှိတဲ့ ကော်တင်ဟိုဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ လီဗာပူးအတွက် စုစုပေါင်း ၁၃ ဂိုးသွင်းယူပေးခဲ့သူဖြစ်ပြီး အသင်းအတွက် အရေးပါတဲ့ ကစားသမားတစ်ဦး ဖြစ်ခဲ့ပါတယ်။ လီဗာပူး နည်းပြကလော့ကတော့ ဒီဘောလုံးသမားကို လက်မလွှတ်လိုပေမယ့် အသင်းမှာ ဆက်လက်ထိန်းသိမ်းဖို့ ခက်ခဲတဲ့ အနေအထားပါပဲလို့ ဆိုနေပါတယ်။

ကော်တင်ဟိုနဲ့ လီဗာပူးတို့ဟာ လာမယ့် ၂၀၂၂ ခုနှစ်အထိ နှစ်ရှည်စာချုပ်ချုပ်ဆိုထားတာဖြစ်လို့ ပီအက်စ်ဂျီအနေနဲ့ မြင့်မားတဲ့ ပြောင်းရွှေ့ကြေးနဲ့ ရအောင်ခေါ်ယူဖို့ ကြိုးစားနေတာဖြစ်ပါတယ်။ ကော်တင်ဟိုဟာ အင်တာမီလန်အသင်းမှ အက်စ်ပန်းညိုအသင်းကို ၂၀၁၂ ခုနှစ်က အငှားချထားခဲ့ရာက လီဗာပူးက ၂၀၁၃ ခုနှစ်မှာ ပြောင်းရွှေ့ကြေး ပေါင် ၈ ဒသမ ၅ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပါတယ်။ ကော်တင်ဟိုဟာ လီဗာပူးအသင်းအတွက် စုစုပေါင်း ၁၃၈ ပွဲ ကစားပေးခဲ့ပြီး ၃၄ ဂိုးသွင်းယူပေးထားနိုင်သူလည်းဖြစ်ပါတယ်။ ဘရာဇီးလ်အသင်းအတွက်လည်း ၂၇ ပွဲ ကစားပေးထားပြီး ခုနစ်ဂိုးသွင်းယူပေးထားနိုင်သူဖြစ်ပါတယ်။

## နေမာကို ခေါ်ယူရေး မန်ယူကြိုးစားနေ

မန်ယူအသင်းဟာ လိုအပ်နေဆဲဖြစ်တဲ့ တိုက်စစ်ပိုင်း အားဖြည့်နိုင်ဖို့အတွက် ပီအက်စ်ဂျီနဲ့အပြိုင် ဘာစီလိုနာတိုက်စစ်မှူး နေမာကို ခေါ်ယူဖို့ ကြိုးစားနေတယ်လို့ သတင်းတွေထွက်ပေါ်နေပါတယ်။ ဘရာဇီးလ်နဲ့ ဘာစီလိုနာ တိုက်စစ်မှူး နေမာကို ပြောင်းရွှေ့ကြေး ယူရို ၁၇၄ သန်းပေးဖို့ မန်ယူက အသင့်ရှိနေတယ်လို့ ဆိုနေတာမို့ ပီအက်စ်ဂျီကလည်း အဲဒီပြောင်းရွှေ့ကြေးပေးနေတာကြောင့် နေမာရဲ့အပြောင်းအရွှေ့က စိတ်ဝင်စားစရာဖြစ်နေပါတယ်။ အသက် ၂၅ နှစ်သာရှိသေးတဲ့ နေမာဟာ ကမ္ဘာကျော် ဘောလုံးသမားတွေ ဖြစ်တဲ့ စီရော်နယ်ဒိုနဲ့ မက်ဆီတို့ထက် အသက်အရွယ်ငယ်နေတာမို့ ငွေကြေးပုံအောသုံးနိုင်တဲ့ ထိပ်တန်းကလပ်တွေအတွက် မျှော်လင့်ချက်တွေ အများကြီးထားလို့ရတဲ့ တိုက်စစ်မှူး ဖြစ်တယ်လို့ ဆိုပါတယ်။

မန်ယူ နည်းပြ မော်ရင်ဟိုဟာ လာမယ့်ဘောလုံးရာသီမှာ ပရီမီယာလိဂ်မှာရော ချန်ပီယံလိဂ်မှာပါ အောင်မြင်မှုတွေရယူနိုင်ဖို့ မန်ယူကို ကမ္ဘာ့အဆင့်မီ ထိပ်တန်း ကစားသမားတွေနဲ့ ပြန်လည်တည်ဆောက်စုဖွဲ့နိုင်ရေး ပြင်ဆင်နေပါတယ်။

မန်ယူနဲ့ နေမာတို့ရဲ့ အပြောင်းအရွှေ့နဲ့ ပတ်သက်ပြီး ဘာစီလိုနာအသင်းက တရားဝင် တုံ့ပြန်မှုတစ်စုံတစ်ရာမထွက်ပေါ်သေးသော်လည်း မန်ယူအသင်းဟာ သူကစားဖို့ စိတ်ဝင်စားတဲ့အသင်းဖြစ်ကြောင်း နေမာက ပြောကြားနေပါတယ်။



ကောင်းမြတ်သူ - စုစည်းသည်။

# ယူအီးအက်ဖ်အေ ယူ ၁၉ ပြိုင်ပွဲမှာ သုံးနှစ်ဆက်တိုက်ချန်ပီယံဖြစ်ရေး ဂျာမနီတို့ စွမ်းဆောင်နိုင်မလား

မိုးမြင့်လင်းလက်



ယူအီးအက်ဖ်အေ ယူ-၁၉ ချန်ပီယံပြိုင်ပွဲကို ဂျော်ဂျီယာနိုင်ငံက အိမ်ရှင်အဖြစ် ဇူလိုင် ၂ ရက် မှ ၁၅ ရက်နေ့အထိ ကျင်းပနေပြီဖြစ်ပါတယ်။ ဥရောပနိုင်ငံပေါင်း ၅၄ နိုင်ငံက ဘောလုံးအသင်းတွေ ခြေစစ်ပွဲပါဝင်ဆင်နွှဲခဲ့ကြပြီး ခြေစစ်ပွဲအောင်တဲ့အသင်းတွေရဲ့ ယှဉ်ပြိုင်မှုကတစ်ဆင့် နောက်ဆုံးဗိုလ်လုပွဲစဉ်တွေအထိ တက်ရောက်လာတဲ့အသင်း ခုနစ်သင်းနဲ့ အိမ်ရှင်ဂျော်ဂျီယာအသင်း အပါအဝင် စုစုပေါင်းရှစ်သင်းကို အုပ်စု နှစ်ခုခွဲပြီး ကျင်းပနေခြင်းဖြစ်ပါတယ်။

တစ်နှစ်တစ်ကြိမ်ကျင်းပနေတဲ့ ဒီပြိုင်ပွဲဟာ ဥရောပဘောလုံးလောကရဲ့ လူငယ်ကစားသမားတွေ ပေါ်ထွက်လာစေဖို့နဲ့ မြေတောင်မြှောက်ပေးဖို့အတွက်ဖြစ်ပြီး ဒီပြိုင်ပွဲကနေပြီး ကမ္ဘာကျော်ဘောလုံးသမားတွေအဖြစ် တက်လှမ်းသွားနိုင်သူတွေလည်း မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။

အခု နောက်ဆုံးဗိုလ်လုပွဲစဉ်တွေကို တက်ရောက်လာတဲ့ အသင်းရှစ်သင်းကို အုပ်စုနှစ်ခုခွဲလိုက်တဲ့အခါ အုပ်စု(A)မှာ ချက်၊ ပေါ်တူဂီ၊ ဆွီဒင်နဲ့ ဂျော်ဂျီယာတို့ ပါဝင်ပြီး အုပ်စု(B)မှာ ဂျာမနီ၊ အင်္ဂလန်၊ ဘူလ်ဘေးရီးယားနဲ့ နယ်သာလန်တို့ ပါဝင်နေကြပါတယ်။ ဒီနှစ် နောက်ဆုံးဗိုလ်လုပွဲစဉ်တွေကို တက်ရောက်လာခဲ့တဲ့အသင်း ရှစ်သင်းမှာ ဂျာမနီအသင်းက လက်ရှိချန်ပီယံဖြစ်ပြီး ၂၀၁၀၊ ၂၀၁၃၊ ၂၀၁၅၊ ၂၀၁၆ ခုနှစ်တွေမှာ ချန်ပီယံဖြစ်ခဲ့တဲ့အသင်းဖြစ်ပါတယ်။

အုပ်စု နှစ်ခုစလုံးက အသင်းတွေအနက် အုပ်စု(A)မှာနဲ့ (B)က အသင်းတွေဟာ အုပ်စုပွဲစဉ်တစ်ပွဲစီ ကစားပြီး ဖြစ်ပါတယ်။ ဇူလိုင် ၅ ရက်နဲ့ ၆ ရက်တွေမှာတော့ အုပ်စု (A)က ဂျော်ဂျီယာနဲ့ ဆွီဒင်၊ ချက်နဲ့ ပေါ်တူဂီတို့ ယှဉ်ပြိုင်ကစားမှာဖြစ်ပြီး အုပ်စု(B) မှာတော့ အင်္ဂလန်နဲ့ နယ်သာလန်၊ ဂျာမနီနဲ့ ဘူလ်ဘေးရီးယားအသင်းတွေ ကစားကြမှာဖြစ်ပါတယ်။

အုပ်စု(A)ရဲ့ ဂျော်ဂျီယာနဲ့ ဆွီဒင်တို့ပွဲကတော့ အိမ်ရှင်ဂျော်ဂျီယာတို့က အုပ်စုအဖွင့်ပွဲစဉ်မှာ ပေါ်တူဂီကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးထားခဲ့ပါတယ်။ နည်းပြ ဂျော့ကီပီရာနီ ကိုင်တွယ်နေတဲ့ ဂျော်ဂျီယာဟာ တိုက်စစ်ပိုင်းအားနည်းပြီး အယာဗစ်ဇီ၊ ခီလီယာနီ တို့ရဲ့ထိုးဖောက်တိုက်စစ်ဆင်မှုတွေက ထိရောက်မှု လိုအပ်နေဆဲဖြစ်ပါတယ်။ နည်းပြ အဲလစ်ဆင် ကိုင်တွယ်နေတဲ့ ဆွီဒင်အသင်းကတော့ လစ်ဘတ်၊ ဂျိုကိယက်စ်၊ ကာလ်ဆင်တို့က တိုက်စစ်မှာ အားကိုးရသူတွေဖြစ်ပြီး အဆုံးသတ်လည်း ကောင်းမွန်ကြပါတယ်။ ဆွီဒင်ဟာ ခံစစ်ပိုင်း ကောင်းမွန်ပေမယ့် အမှားအယွင်းတွေ ပြုလုပ်တတ်တာမို့ ဒီပွဲမှာ သတိထားရပါလိမ့်မယ်။ ဂျော်ဂျီယာရော ဆွီဒင်ပါ ပထမပွဲစဉ်တွေမှာ ရှုံးထားတာမို့ ဒီပွဲမှာ အနိမ့်ဆုံးတစ်မှတ်ရအောင် ပြိုင်တူကြိုးစားကြပါလိမ့်မယ်။

အုပ်စု(A)ရဲ့ ချက်နဲ့ ပေါ်တူဂီအသင်း ပွဲစဉ်ကတော့ အကြိတ်အနယ်ရှိမယ့်ပွဲပါပဲ။ နှစ်သင်းစလုံး တစ်ပွဲနိုင်၊ သုံးမှတ်စီရယူထားနိုင်တာမို့ ဒီပွဲမှာ အနိုင်ရသူဟာ အုပ်စုဗိုလ်ဖြစ်ဖို့ ရာခိုင်နှုန်းများနေပါတယ်။ ချက်အသင်းမှာ တူရီနာက ဂိုးသွင်းကောင်းမွန်ပြီး ဆွီဒင်နဲ့ ပွဲမှာ တစ်ဦးတည်း နှစ်ဂိုးသွင်းခဲ့သူဖြစ်ပါတယ်။ ပေါ်တူဂီ တိုက်စစ်မှာတော့ ပီဒရို၊ ရာဖေးလ်လီရာအို၊ ကွီနာတို့က ပြိုင်ဘက် နောက်တန်းကို ထိုးဖောက်ဖြတ်ကျော်နိုင်သူတွေဖြစ်ပြီး နားလည်မှုရှိရှိနဲ့ ကစားနိုင်သူတွေဖြစ်ပါတယ်။ ပေါ်တူဂီဟာ ခံစစ်ကို လုံအောင် အခြေပြုပြီး တိုက်စစ်ဆင်တာမို့ ဒီပွဲမှာ ချက်တိုက်စစ်မှူးတွေ အခက်တွေ့နိုင်ပြီး တစ်မှတ်စီ ခွဲယူရမယ့်ကိန်းဆိုက်သွားနိုင်ပါတယ်။

အုပ်စု(B)ရဲ့ အင်္ဂလန်နဲ့ နယ်သာလန်တို့ပွဲမှာတော့ နှစ်သင်းစလုံး စွမ်းဆောင်မှုတူညီနေကြပါတယ်။ နည်းပြ ကိတ်ဒေါင်းနင်းကိုင်တွယ်နေတဲ့ အင်္ဂလန်လူငယ်အသင်းဟာ နောက်ဆုံး ခြောက်ပွဲကစားခဲ့ရာမှာ တစ်ပွဲသာရှုံးခဲ့ပါတယ်။ တိုက်စစ်မှာ ဂျိဒ္ဒါ ဆေးလ်ဗား၊ လူကပ်စ်မီချာ၊ ဘင်ဘရီတန်၊ ရစ်ကတ်စ်တို့ ရှိနေပြီး လျင်မြန်သူတွေဖြစ်ပါတယ်။ စတီကီလန်ဘတ် ကိုင်တွယ်နေတဲ့ နယ်သာလန်တို့ကတော့ နောက်ဆုံး ခြောက်ပွဲ ကစားခဲ့ရာမှာ တစ်ပွဲမှ မရှုံးခဲ့ဘဲ သရေတစ်ပွဲ ၁၈ ရှိခဲ့ပါတယ်။ နယ်သာလန် လူငယ်တိုက်စစ်မှူးတွေဖြစ်တဲ့ နူနီလီ၊ ပီရို၊ ရိုဂျီရော့တို့က အုပ်စုဖွဲ့ထိုးဖောက်တိုက်စစ်ဆင်နိုင်သူတွေဖြစ်ပါတယ်။ ကွင်းလယ်မှာ ဒိုင်ရိုဆန်နဲ့ ကာဒီလော့လူတို့ကလည်း တိုက်စစ်ကို လိုက်ပါပြီး ဂိုးသွင်းနိုင်ကြသူတွေဖြစ်တာမို့ နယ်သာလန်တို့ အသာစီးရသွားနိုင်ပါတယ်။

အုပ်စု(B)ရဲ့ ဂျာမနီနဲ့ ဘူလ်ဂေးရီးယားတို့ ပွဲမှာတော့ သုံးနှစ်ဆက်တိုက် ချန်ပီယံဖြစ်ဖို့ ကြိုးစားလာမယ့် ဂျာမနီကို ဘူလ်ဂေးရီးယားတို့ သိပ်တော့မလွယ်ပါဘူး။ ဂျာမနီမှာ အမင်ရီဒို၊ ဘာတူ၊ မက်ခိုလက်တို့က ဂိုးသွင်းနိုင်စွမ်းရှိသူတွေဖြစ်ပါတယ်။ နည်းပြ ကော့ဗ် ကိုင်တွယ်နေတဲ့ ဘူလ်ဘေးရီးယားတို့မှာလည်း ယာဒါနော့ဗ်၊ ကာရက်တီဗ်တို့က အားထားရသူတွေ ဖြစ်ပေမယ့် ဂျာမနီရဲ့အသင်းလိုက်ကစားအားကို ဘူလ်ဂေးရီးယားတို့ တောင့်ခံဖို့ မလွယ်ပါဘူး။ ဂျာမနီတို့ နိုင်ပွဲဖြစ်သွားပါလိမ့်မယ်။ ။

## ပတ်ကွီအိုနှင့် ဂျက်ဖ်ဟွန်း စိတ်မကျေပွဲ ထိုးသတ်မည်

ကမ္ဘာ့ဝဲလ်သာဝိတ်ချန်ပီယံ လက်ဝှေ့ထိုးသတ်ပွဲအဖြစ် လက်ရှိချန်ပီယံ မန်နီပက်ကွီရိုနှင့် စိန်ခေါ်သူ ဂျက်ဖ်ဟွန်းတို့ ဇူလိုင် ၂ ရက်က ဩစတြေးလျနိုင်ငံ ဘရစ်ဘိန်းမြို့လန်းပက်အားကစားရုံ၌ ထိုးသတ်ခဲ့ရာ ဂျက်ဖ်ဟွန်းက အမှတ်ဖြင့် အနိုင်ရရှိပြီး ကမ္ဘာ့ဝဲလ်သာဝိတ် ချန်ပီယံ ခါးပတ်ကို ရယူသွားခဲ့ပါတယ်။ ပြိုင်ပွဲအပြီးမှာ စိတ်မကျေပွဲ ထိုးသတ်လိုပါတယ်လို့ ပတ်ကွီအိုက ဆက်လက်စိန်ခေါ်သွားခဲ့ပါတယ်။

အသက် ၂၉ နှစ်အရွယ်ရှိတဲ့ ဂျက်ဖ်ဟွန်းဟာ သူရဲ့လက်ဝှေ့ပြိုင်ပွဲမှတ်တမ်းကတော့ အခု ထိုးသတ်ပွဲ အပါအဝင် စုစုပေါင်း ၁၉ ပွဲ ထိုးသတ်ခဲ့ပြီး ၁၈ ပွဲနိုင်၊ တစ်ပွဲသရေဖြစ်ထားပြီး ၁၁ ပွဲကတော့ ဒိုင်ပွဲရပ်နိုင်ပွဲရရှိထားသူ ဖြစ်ပါတယ်။ အသက် ၃၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ပတ်ကွီရိုကတော့ လက်ဝှေ့ပြိုင်ပွဲပေါင်း ၆၈ ပွဲ ထိုးသတ်ခဲ့ရာမှာ နိုင်ပွဲ ၅၉ ပွဲမှာ ၃၈ ပွဲ ကို ဒိုင်ပွဲရပ် အနိုင်ယူခဲ့သူဖြစ်ပါတယ်။ အခု ဂျက်ဖ်ဟွန်းနဲ့ ထိုးသတ်တဲ့ပွဲမှာလည်း ပွဲချိ အတော်များများမှာ အကောင်းဆုံးထိုးချက်တွေနဲ့ အသာစီးရအောင် ပတ်ကွီအို ထိုး သတ်ခဲ့ပေမယ့် ဒိုင်လူကြီးတွေဖြစ်တဲ့ ရိုလ်ဒင်က ၁၁၇-၁၁၁ မှတ်၊ နောက် ဒိုင်လူကြီး နှစ်ဦးဖြစ်တဲ့ ဖလောရစ်နဲ့ ကာဒင်တို့က ၁၁၅-၁၁၃ မှတ်နဲ့ ဂျက်ဖ်ဟွန်းကို အနိုင်ပေးခဲ့ တာဖြစ်ပါတယ်။ ဒီလို အဆုံးအဖြတ်ကို အငြင်းပွားမှုတွေ ဖြစ်ပေါ်ခဲ့ပေမယ့် ပတ်ကွီအိုကတော့ အရှုံးရလဒ်ကို လက်ခံခဲ့ပြီး မကြာမီ အချိန်အတွင်း စိတ်မကျေပွဲ အဖြစ် ဂျက်ဖ်ဟွန်းနဲ့ ထပ်မံထိုးသတ်မယ်လို့ ပြောကြားခဲ့ပါတယ်။



# စားသောက်ဆိုင်ငွေရှင်းပြေစာတွင် အခွန်တံဆိပ်ခေါင်းကပ်ရန် အခက်အခဲအချို့ရှိနေ

**မကွေး ဇူလိုင် ၄**

၂၀၁၇ ပြည်ထောင်စုအခွန်အကောက်ဥပဒေအရ ငွေရှင်းပြေစာများတွင် ကုန်သွယ်လုပ်ငန်းခွန်အမှတ်တံဆိပ်ကပ်ရန် တာဝန်ရှိသည့် စားသောက်ဆိုင်လုပ်ငန်းရှင်များအနေဖြင့် တံဆိပ်မကပ်၍ တိုင်ကြားခံရလျှင် ဒဏ်တပ်ခံရမည့်အခြေအနေနှင့် ရင်ဆိုင်ရမည်ဖြစ်ပြီး အမှတ်တံဆိပ်ကပ်၍ စားသုံးသူများထံမှ ငါးရာခိုင်နှုန်းကောက်ယူရေးကိစ္စ၌လည်း လက်တွေ့တွင် အခက်အခဲအချို့ဖြစ်ပေါ်နေကြောင်း မကွေးဒေသခံ စားသောက်ဆိုင်လုပ်ငန်းရှင်များထံမှ သိရသည်။

"အမှန်အတိုင်းပြောရရင် အခွန်တံဆိပ်ကို ကပ်တဲ့အခါကပ်တယ်။ မကပ်တဲ့အခါ မကပ်ဘူး။ မူးပြီး ပြဿနာရှာလောက်မယ့်ဝိုင်းဆို မကပ်တော့ဘူး။ သူတို့ကမပေးချင်ဘူး။ အသားလွတ်ပေးရတယ် ထင်နေတယ်။ တံဆိပ်ကပ်ပြီး ငါးရာခိုင်နှုန်းဘောက်ချာမှာထည့်လို့ ခဏခဏ ပြဿနာတက်ရတယ်။ ရန်ကုန်၊ မန္တလေး မြို့ကြီးတွေမှာလုပ်နေပြီဆိုတော့ မဖြစ်မနေ လုပ်ရမယ့်သဘောတော့ ဖြစ်နေပြီ။ တိုင်ခံရရင် ဒဏ်ရိုက်တာကလည်းခံရဦးမယ်"ဟု မကွေးမြို့မှ စားသောက်ဆိုင် လုပ်ငန်းရှင် ဦးငွေလင်းက ပြောသည်။

စားသောက်ဆိုင်များတွင် ငွေရှင်းဘောက်ချာများ၌ အခွန်တံဆိပ်ခေါင်းကပ်ရန် ၂၀၁၅ ခုနှစ်ကတည်းကတည်းက စတင်လုပ်ဆောင်ခဲ့သော်လည်း မကွေးမြို့တွင် တံဆိပ်ခေါင်းကပ်သည့်ဆိုင်မှာ သုံးလေးဆိုင်သာရှိကြောင်း၊ အခွန်တံဆိပ်ခေါင်း မကပ်ပေးသည့်ဆိုင်များအား စားသုံးသူများက တိုင်ကြားနိုင်ပြီး တိုင်ကြားသူအား လျှို့ဝှက်ထားပေးမည်ဖြစ်ကြောင်း၊ ဒဏ်တပ်ရိုက်လိုက်သောငွေမှ ဆယ်ရာခိုင်နှုန်းကို ဆုကြေးအဖြစ် သတ်မှတ်ပေးထားသော်လည်း ယနေ့အထိ တိုင်ကြားသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း မကွေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးကျော်သိန်းထံမှ သိရသည်။

မကွေးဒေသခံ စားသောက်ဆိုင်လုပ်ငန်းရှင် ဦးသက်တင်က "လာစားတဲ့ အထဲမှာ ဝန်ထမ်းတွေ၊ စီးပွားရေးလုပ်ငန်းသမားတွေ ပါမယ်။ ဝန်ထမ်းတွေအနေနဲ့ ပြောရရင် သူတို့ရတဲ့လခထဲက ဝင်ငွေခွန်ဆောင်ထားပြီးသားငွေနဲ့ လာစားတာကို အခွန်ငါးရာခိုင်နှုန်းထပ်တောင်းတော့ ထပ်တစ်လဲလဲ အခွန်ဆောင်နေရသလိုဖြစ်နေတယ်။ စားသောက်ဆိုင်တွေမှာ ရောင်းဝယ်ဖောက်ကားဖို့ ဝယ်တဲ့ပစ္စည်းတွေဟာလည်း အဆင့်ဆင့် အခွန်ထမ်းဆောင်ပြီးသား ကုန်ပစ္စည်းတွေကိုသာ ရောင်းချတာဖြစ်ပါတယ်"ဟု သူ၏အမြင်ကို ပြောသည်။

လက်တွေ့ အခွန်တံဆိပ်ခေါင်းကပ်ရာတွင် အဆင်ပြေစေရန်အတွက် စားသောက် ဆိုင်များတွင် စားသောက်ပါက အခွန်ငါးရာခိုင်နှုန်း ပေးဆောင်ရမည်ဟူသော အသိပညာပေးဆိုင်းဘုတ်များကို မြို့၏လမ်းဆုံလမ်းခွများ၌ တပ်ဆင်ခြင်းအပြင် ပြည်သူများ အခွန်အသိပညာ ပိုမိုတိုးတက်လာစေရန် အသိပညာပေးခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးစေလိုကြောင်းလည်း စားသောက်ဆိုင်လုပ်ငန်းရှင်များက ဆိုသည်။

စားသောက်ဆိုင်လုပ်ငန်းသမားများအနေဖြင့် အခွန်အမှတ်တံဆိပ်ကပ်ရန် ပျက်ကွက်၍ တိုင်ကြားခံရလျှင် ဥပဒေအရ ပထမအကြိမ်တွင် ဒဏ်ငွေနှစ်သိန်း၊ ဒုတိယအကြိမ်တွင် ဒဏ်ငွေ ငါးသိန်း၊ တတိယအကြိမ်တွင် ဒဏ်ငွေ ခုနစ်သိန်း၊ စတုတ္ထအကြိမ်တွင် ဒဏ်ငွေ ၁၀ သိန်းနှင့် ထပ်မံပျက်ကွက်လျှင် ကျပ် ၁၀ သိန်းနှုန်း ဒဏ်ရိုက်ခံရမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ သိရသည်။

**ဇေယျာတု(မကွေး)**

# လူထုဗဟိုပြုစီမံကိန်း အခြေအနေများကို ကွင်းဆင်းစစ်ဆေး

**ညောင်ဦး ဇူလိုင် ၄**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထိုက်ဦးနှင့် တာဝန်ရှိသူများ ဇူလိုင် ၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်းအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော လုပ်ငန်းများဖြစ်သည့် လက်ဝဲကျေးရွာမှ ရေကျော်တည်ဆောက်မှုလုပ်ငန်း၊ ဆယ်လံကျေးရွာတွင် ရေစင်၊ အုတ်ရေကန်နှင့် ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်း၊ ကွမ်းဖလားကျေးရွာ လမ်းခင်းခြင်းလုပ်ငန်း၊ ဘုန်းတော်ကျေးရွာ လျှပ်စစ်မီးတိုင် စိုက်ထူခြင်းနှင့် မီးကြိုးသွယ်တန်းခြင်းလုပ်ငန်း၊ ကံကျဲကျေးရွာတွင် ရေကျော်တည်ဆောက်ခြင်းလုပ်ငန်း၊ စည်သာကျေးရွာတွင် လျှပ်စစ်မီးတိုင်စိုက်ထူခြင်းနှင့် မီးကြိုးသွယ်တန်းခြင်းလုပ်ငန်း၊ မကျီးစောက်ကျေးရွာနှင့် နပ္ပလင်ကျေးရွာများရှိ ကျေးလက်မြစ်ရေတင်လုပ်ငန်းများကို ဒုတိယညွှန်ကြားရေးမှူးက ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ရှိန်၊ မြို့နယ်စီမံကိန်းတာဝန်ခံ ဦးထွဏ်းထွဏ်းဝင်းတို့နှင့်အတူ လိုက်လံစစ်ဆေးခဲ့သည်။ **နေအောင်(ပြန်/ဆက်)**

# အထည်အလိပ်နှင့် လက်ရက်ကန်းသင်တန်းဆင်းပွဲကျင်းပ

**မြစ်ကြီးနား ဇူလိုင် ၄**

မြစ်ကြီးနားမြို့ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းမှ ဖွင့်လှစ်သင်ကြားပေးသည့် ချည်မျှင်နှင့်အထည်အလိပ် ကျွမ်းကျင်သူ တစ်နှစ်သင်တန်းနှင့် လက်ရက်ကန်းပညာ ခြောက်လသင်တန်းဆင်းပွဲကို အဆိုပါကျောင်း သင်တန်းခန်းမ၌ ဇူလိုင် ၃ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ကချင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြသိန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းကို ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေပြီး မိသားစုဝင်ငွေ တိုးပွားစေရန် ရည်ရွယ်၍ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြွှေ့ဝင်း ဦးစီးသည့် နည်းပြအဖွဲ့များက သင်ကြားပို့ချခဲ့ကြောင်း၊ ချည်မျှင်နှင့်အထည်အလိပ် ကျွမ်းကျင်သင်တန်းတွင် သင်တန်းသူ ၁၆ ဦး၊ လက်ရက်ကန်းသင်တန်းတွင် သင်တန်းသူ ၁၀ ဦးတို့အား သင်ကြားပေးနိုင်ခဲ့ကြောင်း၊ ချည်မျှင်ဆွဲနှင့် အမျှင်ကုန်ကြမ်း၊ အထည်ဒီဇိုင်း၊ အထည်သချာ၊ အဖြူချွတ်ဆေးဆိုး၊ လက်ရက်ကန်းချည်မျှင်ဘာသာရပ်၊ စက်ရက်ကန်းဘာသာရပ်တို့ကို သင်ကြားပေးခဲ့ကြောင်း သိရသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

# ချောင်းရေကြီး၍ တာလေ-ကျိုင်းလပ်လမ်းပိုင်းအချို့ပျက်စီး

**ကျိုင်းလပ် ဇူလိုင် ၄**

တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့ မိုင်းပါလျှိုးကျေးရွာအုပ်စုတွင် ဇွန် ၃၀ ရက်ပိုင်းမှစ၍ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် နမ့်ဝမ်းချောင်း ရေကြီးရေလျှံမှုဖြစ်ပြီး တာလေ-ကျိုင်းလပ် ကားလမ်းမပေါ်၌ ကတ္တရာလမ်းသား ၁၀ ပေခန့် ပျက်စီးခဲ့ကာ အရှည်ငါးပေခန့်ရှိ Box Culvert တစ်စင်းလည်း ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ချောင်းရေတိုက်စားမှုကြောင့် ဖြစ်ပွားပေါ်ခဲ့သည့် အဆိုပါ လမ်းနှင့် Box Culvert ပျက်စီးမှုကို ယာယီပြုပြင်နိုင်ရေးအတွက် ကျိုင်းလပ်မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တာချီလိတ်မြို့နယ် လမ်းဦးစီးဌာနမှူး ဦးမာကုနှင့် တာလေနှင့် ကျိုင်းလပ်မြို့တို့မှ လမ်းဦးစီးဌာန တာဝန်ရှိသူများက သွားရောက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**ထားဝယ် ဇူလိုင် ၄**




တနင်္သာရီတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့်ပတ်သက်၍ ပြည်တွင်း ပြည်ပ စီးပွားရေးလုပ်ငန်းရှင်ကြီးများမှ စုပေါင်းအကြံပြု ဆွေးနွေးပွဲကို ထားဝယ်မြို့ရှိ ထားဝယ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဇူလိုင် ၂ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးရဲထွဋ်နိုင်က ဆွေးနွေးပွဲကျင်းပခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ အပါအဝင် စီးပွားရေးလုပ်ငန်းရှင်လေးဦးက တိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို အဖွဲ့လိုက် ဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် တက်ရောက်လာသော စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးခဲ့သည်။

ထို့နောက် စီးပွားရေးလုပ်ငန်းရှင်များက စိုက်ပျိုးရေး၊ ရော်ဘာလုပ်ငန်း၊ ရေလုပ်ငန်း၊ ခရီးသွားလုပ်ငန်းစသည့် ကဏ္ဍများ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ၊ သီလဝါ အထူးစီးပွားရေးဇုန်မှ ကြုံတွေ့ခဲ့ရသော သင်ခန်းစာများနှင့် အောင်မြင်မှုများ၊ ထားဝယ်အထူးစီးပွားရေးဇုန်မှ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ၊ တာဝန်ခံမှုရှိသော စီးပွားရေးလုပ်ငန်းအကြောင်း၊ ဒေသခံလုပ်ငန်းရှင်များနှင့် နိုင်ငံတကာ စီးပွားရေးလုပ်ငန်း/ ကုမ္ပဏီများ ပူးပေါင်းလုပ်ကိုင်ခြင်း စသည်တို့ကို ဆက်လက်ဆွေးနွေးခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

# လူငယ်နှင့် အနာဂတ်အခွင့်အလမ်းများ (Future Road Maps for the YOUTH) စကားဝိုင်းဆွေးနွေးပွဲ (Panel Discussion) ကျင်းပ

**မန္တလေး ဇူလိုင် ၄**

တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသူများနှင့် ၎င်းတို့၏ မိဘများအတွက် ချင်းတွင်းကောလိပ်မှစီစဉ်သည့် "လူငယ်နှင့် အနာဂတ်အခွင့်အလမ်းများ" (Future Road Maps for the YOUTH) စကားဝိုင်းဆွေးနွေးပွဲ (Panel Discussion) ကို ဇူလိုင် ၂ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၊ ၃၄ × ၇၈ လမ်းထောင့် ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) ခန်းမတွင် ကျင်းပရာ ချင်းတွင်းကောလိပ် CEO ဦးကျော်ထင်လတ်က ဆွေးနွေးပွဲပြုလုပ်ရသည့်အကြောင်းကို ရှင်းလင်းပြောကြားသည်။




ထို့နောက် Moderator အဖြစ် ဒေါ်နိုင်ရည်မာ (Deputy Head of Project, GIZ Myanmar, International Zusammenarbeit GmbH) က ဆောင်ရွက်၍ ဦးရဲမင်းဦး (Banking Consultant)၊ ဦးရဲမြတ်သူ (Central Executive Committee, UMFCCI Founder & Managing Director, Alpha Computer)၊ ဦးတင်လတ် (General Secretary at Myanmar Engineering Society-MES) တို့က လက်ရှိ တက္ကသိုလ်ဝင်တန်းဖြေဆိုပြီး လူငယ်များအနေဖြင့် လာမည့်ငါးနှစ်မှ ၁၀ နှစ်အတွင်းဖြစ်လာမည့် မိမိတို့၏ အနာဂတ်အတွက် ယခုအချိန်ကတည်းက မှန်မှန်ကန်ကန်ရွေးချယ်တတ်စေရန်၊ ယနေ့ခေတ် လုပ်ငန်းခွင်နယ်ပယ် အသီးသီး၌ ပြောင်းလဲနေသည့် trend များ၊ ရင်ဆိုင်ရမည့် challenge များအတွက် လူငယ်များအနေဖြင့် ယခုအချိန်မှစပြီး မည်သို့ ပြင်ဆင်ထားသင့်သည်များ၊ မည်သည့်လမ်းကြောင်းကို ရွေးချယ်သင့်သည်များ စသည်တို့ကို ၎င်းတို့၏ ဘဝဖြတ်သန်းမှု အခက်အခဲအတွေ့အကြုံများ၊ အသိအမြင်များနှင့် ပေါင်းစပ်၍ ဆွေးနွေးဟောပြောပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များ မေးမြန်းမှုကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

Panel Discussion ပြီးဆုံးချိန်တွင် တက်ရောက်လာကြသူများက ခန်းမအတွင်း ခင်းကျင်းထားရှိသော ချင်းတွင်းကောလိပ်မှ ပညာရေးအကြံပေး၏ စားပွဲဝိုင်းများ၌ HND Diploma နှင့် UK Top 40 စာရင်းဝင် University of Portsmouth ဘွဲ့သင်တန်းများအတွက် သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြသည်။

ယင်းစကားဝိုင်းဆွေးနွေးပွဲသို့ ချင်းတွင်းကောလိပ်မှ ပညာရေးအကြံပေးများ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ပြီးသူများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ၊ အခြားဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

အဆိုပါ ချင်းတွင်းကောလိပ်သည် မြန်မာနိုင်ငံတစ်ဝန်း နှစ်ပေါင်း ၃၀ ကျော်ကြာ နာမည်ကောင်းနှင့် ရပ်တည်ခဲ့သည့် စိုးစံဘော်ဒါမှ အစပြုခဲ့ပြီး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အသိအမှတ်ပြုUK pearson BTEC Approved Center တစ်ခုဖြစ်ကာ မြန်မာနိုင်ငံ၏ ပထမဆုံး HND College ဖြစ်သော Chindwin College ကို မန္တလေးမြို့တွင် ၂၀၀၀ ခုနှစ်မှ စတင်ဖွင့်လှစ်၍ နှစ်စဉ်ကျောင်းသားကျောင်းသားပေါင်း ၁၀၀၀ ကျော် တက်ရောက်လျက်ရှိပြီး Chindwin Colleger HND အောင်မြင်ပြီး နောက်ဆုံးနှစ်ဘွဲ့ရရှိပြီးသူများသည် အလုပ်အကိုင်ရရှိရန် အခွင့်အလမ်းပိုများကာ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး Campus သုံးခုဖြင့် စာသင်ကြားလျက် University of Portsmouth ၏ Final Year Degree Programmes များကို PSB Academy နှင့် ပူးပေါင်း၍ ချင်းတွင်းကောလိပ်မှ မြန်မာနိုင်ငံတွင် ဖွင့်လှစ်သင်ကြားပေးနေကြောင်း သိရသည်။ **တင်မောင် (မန်းကိုယ်ပွား)**

# ဝါဆိုလနှင့် လွတ်လပ်စွာတွေးခေါ်ခွင့်ကို လမ်းဖွင့်ပေးသော ဓမ္မစကြာတရားတော်

ဆောင်းပါး-ဝိသုဇ္ဇက (ပဲခူး)
ဓာတ်ပုံ-myatnoehome.blogspot.com



ဝါဆိုလကား ဘုရားသာသနာတော်ကိုထူထောင်၍ သာသနာတော်၏အထောက်အပံ့ဖြစ်သော သံဃာတော်များကို ကျစ်လျစ်ခိုင်မာစေရန်ပြုစုသော သဘောရှိခြင်းကြောင့် သာသနာပြုလုပ်ငန်းနှင့်ယှဉ်၍ စဉ်းစားလျှင် ဝါဆိုလသည် အထွတ်အမြတ်ပြုရာလ ဖြစ်ပေသည်။

ဝါဆိုဟူသောစကားလုံးသည် ဗုဒ္ဓဘာသာကိုအခြေပြု၍ ခေါ်ဝေါ်ကြသော စကားလုံးဟု ယူဆရာ၏။ မြတ်ဘုရားရှင်၏ တပည့်သံဃာတော်များ ဝါဆို ဝါကပ် ဝါတွင်းမိုးလတွင် ပါဝင်သည့်လဖြစ်၏။ ဝါမှာ ဝဿဟူသော ပါဠိမှလာ၍ 'နေခြင်း' ဖြစ်၏။ ဆိုမှာ 'ရွတ်ဆိုခြင်း'ဖြစ်၏။ ဝါဆိုဟူသော စကားလုံးမှာ 'ဤအရာမ်အတွင်း၌ မိုးသုံးလပတ်လုံး နေပါမည်'ဟု ရွတ်ဆိုကတိပြုခြင်းကို ဆိုလိုသည်။ ပါဠိအလိုမှာ 'ဣမသ္မိံ ဝိဟာရေ ဣမံတေမာသံ ဝဿံဥပေမိ'ဟု ရွတ်ဆိုရသည်။

အထူးသဖြင့် ဝါဆိုလပြည့်နေ့သည် လွန်စွာထူးခြားသည်။ ဘုရားအလောင်းတော်သည် တုသိတာနတ်ပြည်၌ စုတေပြီးသော် လူ့ပြည်၌ ပဋိသန္ဓေနေသည်မှာ ဝါဆိုလပြည့်နေ့ဖြစ်သည်။ နိမိတ်ကြီးလေးပါးကိုမြင်၍ တောထွက်တော်မူသည်မှာလည်း ဝါဆိုလပြည့်နေ့ဖြစ်သည်။ ဘုရားအလောင်းတော်သည် ဘုရားအဖြစ်သို့ရောက်၍ ဓမ္မစကြာတရားဦး ဟောတော်မူသည်မှာလည်း ဝါဆိုလပြည့်နေ့ဖြစ်သည်။ သာဝတ္ထိပြည်သရက်ဖြူပင်၏အရင်း၌ တိတ္ထိတို့ကိုနှိမ်နင်း၍ တန်ခိုးပြာဋိဟာပြသောနေ့သည်လည်း ဝါဆိုလပြည့်နေ့ဖြစ်သည်။ ဤကဲ့သို့သောထူးခြားချက်များနှင့် ပြည့်စုံသောကြောင့် ဝါဆိုလပြည့်နေ့ကို အထွတ်အမြတ်နေ့ သတ်မှတ်ကြသည်။

**ရာသီဖွဲ့များ ဖွဲ့ဆိုရေးသား**

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတို့သည် ကိုးကွယ်ရာအယူဝါဒတို့ကို အကြောင်းပြု၍ဖြစ်စေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကို အကြောင်းပြု၍ဖြစ်စေ၊ နေလနက္ခတ်တို့ကို အကြောင်းပြု၍ဖြစ်စေ၊ ရာသီအလိုက် ပွဲတော်များကို ကျင်းပလာကြသည်။ ၁၂ လရာသီအတွက် ပွဲတော် ၁၂ မျိုးမက ရှိသည်။ မြန်မာ့ ၁၂ ရာသီပွဲတော်များအကြောင်းကို ဖော်ညွှန်းရာတွင် မည်သည့်လ၊ မည်သည့်ရာသီ၌ မည်သည့်နက္ခတ်သည် မည်သည့်စန်းနှင့်ယှဉ်ကြောင်း အဓိကဖော်ပြသည်။ သို့ဖြစ်၍ အများသိပြီးသောအကြောင်းကို ထပ်ခါတလဲလဲ မဖော်ကျူးဘဲ အများမသိသော အချက်တို့ကိုသာလျှင် ရှာဖွေ၍ စာဆိုတော်များက အဓိကထားကာ ရာသီဖွဲ့များကို ဖွဲ့ဆိုရေးသားနေကြသည်။

ထို့ကြောင့် စပ်ဆိုသောသူတို့သည် အကြောင်းအရာချင်းထပ်နေသောကြောင့် ရာသီဖွဲ့ဆိုသည်မှာ တစ်ခါလာလည်း မဲပြာပုဆိုးကဲ့သို့ ဖြစ်လေမည်လောဟု ထင်တွေးဖွယ်ရာ ရှိသည်။ သို့ရာတွင် စာဆိုတော်တို့သည် အဓိကအချက်တို့၌ အကြောင်းအရာချင်းထပ်၍ စပ်ဆိုသည်ပင်ဖြစ်သော်ငြားလည်း ယင်းတို့၏ ဖွဲ့စည်းပုံ၊ သရုပ်ဖော်ပုံ၊ စိတ်ကူးပုံ၊ စိတ်ခံစားပုံ၊ တွေးခေါ်ပုံတို့အား တစ်ဦးနှင့်တစ်ဦး မတူ၊ မိမိအာဘော်နှင့်မိမိ ထူးခြားသည်ဖြစ်သောကြောင့် ရာသီဖွဲ့၏ အရသာကို ခံစားသောသူတို့သည် ငြီးငွေ့ဖွယ်ရာဟု မယူဆနိုင်ချေ။

**အနေအထိုင်များ ဆင်ခြင်**

မြန်မာနိုင်ငံ၏ ပထဝီအနေအထားမှာ နွေ၊ မိုး၊ ဆောင်းဟူ၍ သုံးပါးရှိရာတွင် ထိုဥတုသုံးပါးသည် တစ်ဥတုမှတစ်ဥတုသို့ ပြောင်းသည့်အခါ အပူအအေး အားပြိုင်တတ်ကြသည်။ ယင်းသို့သောအခါမျိုးတွင် ရောဂါဝေဒနာများ ကျရောက်တတ်သည်။ တိုင်းရင်းဆေးပညာအလိုအရ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ မိုးဥတုဟု သတ်မှတ်ထားသည်။ သို့ရာတွင် နွေအပူက မကုန်သေး၊ မိုးကလည်း မပီပြင်၊ အပူအအေး အားပြိုင်ဆဲကာလဖြစ်သည်။ ရောဂါဝေဒနာများ ကျရောက်တတ်လေသည်။ အစားအသောက် အနေအထိုင်များကို ဆင်ခြင်ကြရပေမည်။

ဤသို့သော ရာသီဥတုတွင် ဝမ်းမီးနည်းကာ အစာမကြေရောဂါ ဖြစ်တတ်သည်။ မိုးရာသီနှင့်အတူတွဲလျက် ပေါ်ပေါက်လာသော ပိန္နဲသီး၊ ဒူးရင်းသီး၊ နာနတ်သီးမှစ၍ ကြေခဲ၊ ကျက်ခဲသော သီးနှံများကို ဆင်ခြင်၍ စားသုံးသင့်သည်။ ကြေလွယ်၊ ကျက်လွယ်သော အစားအစာများကိုသာ စားသောက်သင့်သည်။ မိုးဦးကျကာလ အစားအစာများတွင် အမှည့်လွန်သစ်သီးများနှင့် ယင်နားစာများ၊ ဝမ်းနူးစာများ၊ မလတ်ဆတ်မသန့်ရှင်းသော အစားအစာများ ပါဝင်နိုင်သဖြင့် သတိကြီးစွာဖြင့် စားသောက်နေထိုင်သင့်သည်။

မိုးဦးကျအခါ ဖြစ်တတ်သောရောဂါများကို ကာကွယ်လိုလျှင် လေစိမ်းတိုက်မခံဘဲ နွေးနွေးထွေးထွေးနေခြင်းဖြင့် ကာကွယ်နိုင်သည်။ တုပ်ကွေးဖျား၊ အအေးမိဖျားတို့ကို တိုင်းရင်းဆေးနံပါတ်(၆) ဟလိတ္တစုန္ဒငန်းဆေး၊ တိုင်းရင်းဆေး (၂၅) မတဲမြင်းမိုရ်ကုန်းဆေး တစ်မျိုးမျိုးကို ကွမ်းရွက်ပြုတ်ရည်၊ ချင်းပြုတ်ရည် တစ်မျိုးမျိုးဖြင့် သောက်ပေးနိုင်သည်။

လေချုပ်၊ လေထိုး၊ လေအောင့်ဖြစ်လျှင် တိုင်းရင်းဆေးနံပါတ်(၃၃) လေပုပ်ထုတ်ဆေးကို ရေနွေးဖြင့်သောက်ပါ။ ဝမ်းဖော၊ ဝမ်းရောင်၊ ဝမ်းပျက်၊ ဝမ်းလျှောခြင်းတို့ကို တိုင်းရင်းဆေးနံပါတ်(၃၅) ဇာတိလဝင်္ဂန်းဆေးကို နံနက်၊ ညရေနွေးဖြင့်သောက်ပါ။ သွေးပုပ်၊ လေပုပ်ကြောင့်ဖြစ်သော အဖုအကျိတ်များဖြစ်ပါက နာမည်ကြီး ဒေဝယက္ခမန်းဆေး လိမ်းပေးပါ။ တိုင်းရင်းဆေး(၁၀) ဝမ်းနုတ်ဆေးဖြင့် ဝမ်းနုတ်ပေးပါက ဝါဆိုလ မိုးဦးကျမှာဖြစ်တတ်သော ရောဂါများ ကာကွယ်ပျောက်ကင်းကြောင်း ဖော်ပြပါသည်။

ထို့ပြင် ဝါဆိုလ၏ ရာသီဘွဲ့ကိုမညွှန်းဘဲ အဓိကဖြစ်သော မြတ်ဘုရား၏ဓမ္မ တရားတော်မြတ်များအား ဖော်ပြညွှန်းလိုပါ၏။ "ဘုရားဖြစ်ကာ မိဂဒါသို့၊ စကြာရွှေသွား ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ စုံအညီနှင့်၊ မဟီတစ်သောင်း တိုက်အပေါင်းမှ၊ ခညောင်းကပ်လာ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့် စနေနေ့ဝယ်"ဟူ၍ ဝါဆိုလပြည့် စနေနေ့တွင် ဓမ္မစကြာတရားတော် ဟောကြားတော်မူသည်ကို ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက ခုနစ်နေ့ဘုရားရှိခိုးတွင် ထည့်သွင်းကာ ရှိခိုးတော်မူခဲ့လေသည်။

**ဓမ္မစကြာတရားဦး ဟောကြား**

မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့်နေ့တွင် ဥရုဝေလတော၊ နေရဉ္ဇရာမြစ်ကမ်းရှိ မဟာဗောဓိပင်အောက်၊ ရွှေပလ္လင်တော်ဝယ် လောက၌ သိသင့်သိထိုက်သော အရာမှန်သမျှ ကြွင်းမဲ့ကုန်စင် ကောင်းစွာသိမြင်တော်မူသော မြတ်ဘုရားရှင်သည် ဥရုဝေလတောမှ ၁၈ ယူဇနာဝေးသော ပဉ္စဝဂ္ဂီငါးဦးတို့အား ၄င်းတို့တရားကျင့်ရာ ဗာရာဏသီပြည်အနီး မိဂဒါဝုန်ရဂုံမြိုင်၌ မဟာသက္ကရာဇ် ၁၀၃ ခု ဝါဆိုလပြည့်နေ့တွင် ဓမ္မစကြာတရားဦးကို ဟောကြားခဲ့ခြင်းဖြစ်သည်။

တရားဦး၏အမည်မှာ ပါဠိဘာသာအားဖြင့် 'ဓမ္မစက္ကပဝတ္တနသုတ္တံ' ဖြစ်သည်။ မြန်မာအဓိပ္ပာယ်မှာ ဓမ္မ-သဘာဝတရား၊ ပဝတ္တန-လှည့်တတ်အောင်၊ သုတ္တံ-ဖော်ပြဆုံးမတော်မူသော စကားစဉ် ဖြစ်သည်။ သဘာဝတရားစက်ကို လည်အောင် ဖော်ပြဆုံးမတော်မူသော စကားစဉ်ဟူ၍ ဖြစ်သည်။ 'တရားစကြာလှည့်ခြင်း'ဟု ခေါ်ဆိုနိုင်ပါသည်။ ဝိနည်းမဟာဝါပါဠိတော် 'ပဉ္စဝဂ္ဂိယကထာ'အမည်ဖြစ်ပြီး ပဋိသမ္ဘိဒါမဂ္ဂ ပါဠိတော်တွင် 'ဓမ္မစက္ကပဝတ္တနဝါရ' အမည်ပါရှိသည်။ တရားဉာဏ်တည်းဟူသော အသိစဉ်ကိုလည်စေတော်မူခြင်းတို့ဖြစ်သည်။ ပိဋကတ်သုံးပုံ၏ အနှစ်ချုပ်တရားဟု ဆိုနိုင်၏။

**ဗုဒ္ဓအဖြစ် ဝန်ခံတော်မူ**

မြတ်ဘုရားရှင်ဟောကြားသည့် တရားတော်ပါ ကျင့်စဉ်များအတိုင်း ကျင့်သုံးနေထိုင်ကြသူများ အများအပြားရှိပါသည်။ ဓမ္မစကြာသုတ်ကို ကျင့်စဉ်အဖြစ် သဘောမပေါက်ဘဲ ပါဠိတော်များရွတ်ဖတ်ရုံမျှ ရွတ်ဖတ်နေကြသူများလည်း ရှိနေကြသည်။ ထို့ကြောင့် အဓိပ္ပာယ်ကို ကောင်းစွာနားလည်အောင် လေ့လာကြလျက် ကျင့်ကြံအားထုတ်က ပို၍ အကျိုးများစွာရှိပေမည်။ ဓမ္မစကြာသုတ်တော်သည် နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ်များဖြစ်၍ အကျင့်သုံးပါး၊ သစ္စာလေးပါး၊ ဉာဏ် ၁၀ပါးနှင့် ဗုဒ္ဓအဖြစ်ကို ဝန်ခံတော်မူခြင်းတို့ ဖြစ်ပေသည်။ တရားတွင်ပါဝင်သောအကျင့်သုံးပါးဟူသည်မှာ-

(၁) ကာမစည်းစိမ်ကို ခံစားသောအကျင့်
(၂) ခန္ဓာကိုယ်ပင်ပန်းသောအကျင့်
(၃) အလယ်အလတ်အကျင့်တို့ ဖြစ်သည်။

လွန်ခဲ့သောနှစ်ပေါင်း ၂၆၀၀ ကျော်ကာလ မဇ္ဈိမဒေသ၌ မြတ်ဘုရားရှင်ပွင့်တော်မမူမီအချိန်က ဂိုဏ်းဂဏအမျိုးမျိုးတို့သည် တရားမျိုးစုံကို ဟောကြားဖြန့်ချိလျက်ရှိသည်။ ယင်းတို့၏တရားများကို နာကြားရခြင်းကြောင့် တစ်စုံတစ်ယောက်သော မည်သည့်နတ်ဗြဟ္မာမျှ တရားထူးရရှိလျက် ကျွတ်တမ်းဝင်သည်ဟူ၍ မရှိခဲ့ပေ။ ယင်းတို့၏တရားများသည် 'ကာမသုခလ္လိကာနုယောဂ'ဟူသော ကာမဂုဏ်ချမ်းသာအမျိုးမျိုး ခံစားရမှုတရားနှင့် 'အတ္တကိလမထာနုယောဂ' ဟူသော နည်းမှန်မဟုတ်သည့်အားဖြင့် မိမိခန္ဓာကိုယ်ကို ပင်ပန်းစေကာ ကျင့်ကြံကြိုးကုတ်အားထုတ်ရသောတရားစသည်တို့ဖြစ်၏။ သံသရာမှလွတ်မြောက်ကြောင်းမဟုတ်သော အစွန်းတရားကျင့်စဉ် လောကီတရားများသာဖြစ်ကြ၍ လောကအကျိုးကိုသာ ရရှိစေပြီး လောကီမှလွတ်မြောက်ရာ နိဗ္ဗာန်သို့ မပို့ဆောင်နိုင်ကြပေ။

**အစွန်းနှစ်ပါးကိုမမှီဝဲရန် ဟောကြား**

မြတ်ဘုရားရှင်သည် ဓမ္မစကြာတရားတော်၌ လူအနှောင်အဖွဲ့များကို ဖြတ်တောက်၍ ရဟန်းအဖြစ်သို့ရောက်ပြီးသူတိုင်း ကာမဂုဏ်ချမ်းသာတို့၌ ကပ်ငြိတွယ်တာပြီး လိုက်စားသောအကျင့် 'ကာမသုခလ္လိကာနုယောဂ'နှင့် မိမိခန္ဓာကိုယ်နှင့်စိတ်ကို ပင်ပန်းဆင်းရဲစေရန် ပြုလုပ်သောအကျင့် 'အတ္တကိလမထာနုယောဂ'ဟူသည့် အစွန်းတရားနှစ်ပါးသည် လောကမှလွတ်မြောက်ရေးအတွက် အကျိုးမရှိ၊ အချည်းနှီးသောအကျင့်များဖြစ်သည်၊ ယင်းအစွန်းနှစ်ပါးကို မမှီဝဲရန် ဟောကြားတော်မူခြင်းဖြစ်သည်။

မြတ်ဘုရားသည် ဓမ္မစကြာတရားတော်ကို ဟောကြားရာ၌ သစ္စာလေးပါးတရားမှန်တို့ကို မဟောကြားမီ ကာမဂုဏ်ချမ်းသာ၌ မက်မောမှုဟူသည့် အစွန်းတရားနှင့် နိဗ္ဗာန်ချမ်းသာရရှိရန်အတွက်ဖြင့် ခန္ဓာကိုယ်ကို ပြင်းထန်စွာ ဒုက္ခပေးမှု အစွန်းတရားဟူသည့် ဝါဒနှစ်မျိုးစလုံးကို စွန့်ပယ်ရမည်ဟုဟောကြားတော်မူပြီး သဗ္ဗညုတဉာဏ်တော်ဖြင့် ရှာဖွေ၍ရသော နိဗ္ဗာန်ချမ်းသာရကြောင်းနှင့် ဉာဏ်မျက်စိကို ပြုပေးတတ်သော အကျင့်မြတ်တရားရကြောင်း၊ ကိလေသာငြိမ်းရန် စင်ကြယ်သောဉာဏ်အမြင်ရရန် ဖြစ်ကြောင်း၊ အမှန်ထိုးထွင်းသိရန် နိဗ္ဗာန်ကိုမျက်မှောက်ပြုရန် အကြောင်းတို့ကို ပြလျက် မဇ္ဈိမပဋိပဒါဖြစ်ကြောင်းတည်းဟူသော အလယ်အလတ်ကျင့်စဉ်တို့ကို ဟောကြားတော်မူခြင်းဖြစ်ပေသည်။

ထိုအကျင့်သည်ကား ကောင်းစွာမြင်ခြင်း၊ ကောင်းစွာကြံခြင်း၊ ကောင်းစွာပြောဆိုခြင်း၊ ကောင်းစွာပြုလုပ်ခြင်း၊ ကောင်းစွာအသက်မွေးခြင်း၊ ကောင်းစွာအားထုတ်ခြင်း၊ ကောင်းစွာအောက်မေ့ခြင်း၊ ကောင်းစွာတည်ကြည်ခြင်း စသော တရားရှစ်ပါးသာလျှင်ဖြစ်၏။ လူတို့၏သဘောသဘာဝ အမှန်ကို သိလိုလူတိုင်း အနတ္တတရားကို ကိုယ်တိုင်တွေ့၍ သူစွဲငါစွဲပြုတ်ရန်အတွက် အမှန်ကို ရှာကြရမည်ဖြစ်၏။ ဗုဒ္ဓဘာသာဝင်တို့၏ အမြတ်ဆုံးဟု အသိအမှတ်ပြုကြသော ဗုဒ္ဓက အဆုံးအမတရား ဟောကြားခဲ့ခြင်းပင်ဖြစ်သည်။

**တရားရှာထွက်ခဲ့**

ဗုဒ္ဓသည် အိန္ဒိယပြည်မြောက်ပိုင်းရှိ ကပိလဝတ်ပြည်ကို အစိုးရသော သိဒ္ဓတ္ထမင်းဖြစ်စဉ်က အိမ်ထောင်ခြင်း၊ သားမွေးခြင်းအမှုကို ပြု၏။ အသက် ၂၉ နှစ်အရွယ်သို့ရောက်သောအခါ မိမိ၏အိမ်ထောင်နှင့်တကွ ထီးနန်းစည်းစိမ်ကိုစွန့်၍ မအိုရာ၊ မနာရာ၊ မသေရာတို့၏ တရားကိုရှာ၏။ ကျင့်၏။ ယင်းသို့ရှာခြင်းမှာလည်း အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ကို မြင်၍၊ သိ၍ ထိတ်လန့်ပြီးလျှင် သေတာရှိလျှင် မသေတာရှိရမည်။ အနာရှိလျှင် ဆေးရှိရမည်။ အကောင်းရှိလျှင် အဆိုးရှိရမည်။ နေ့ရှိလျှင် ညရှိရမည်။ အလင်းရှိလျှင် အမှောင်ရှိသည်။ အဖိုဓာတ်ရှိလျှင် အမဓာတ်ရှိမည်ဟူသော ဆန့်ကျင်ဘက်သဘောတရားများကို အခြေခံထား၍ တရားရှာထွက်ခဲ့ခြင်းဖြစ်သည်။

သိဒ္ဓတ္ထမင်းသားဘဝ၌ တောတွင်းတွင် ခြောက်နှစ်ပတ်လုံး မအိုခြင်း၊ မနာခြင်း၊ မသေခြင်းတရားတို့ကို ရှာရာတွင် ဒုက္ခအမျိုးမျိုးကို ခံစားရ၏။ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲခြင်းတို့ ဖြစ်ပေါ်သော်လည်း မလျှော့သောဇွဲ ရှိခဲ့သည်။ ကျင့်သည့်တရားတို့မှာ လူသာမန်တို့မခံနိုင်သော ဆင်းရဲကို ခံသည်။ သို့သော် သူသိလိုသော တရားတို့ကား မတွေ့၊ သူသည် သေမလောက်ခံရ၏။ တချို့က သေပြီဟုပင် ပြော၏။ သူ၏အပေါင်းအဖော်များကလည်း သူ့အား စွန့်လွှတ်၍သွားကြပေပြီ။

ဗုဒ္ဓသည် ခြောက်နှစ်တာကာလပတ်လုံး တရားကျင့်ခဲ့ပြီးနောက် ဗောဓိညောင်ပင်ရင်းတွင် အသက်ပင်သေစေဟု မိမိ၏ခန္ဓာကိုယ်အား သံယောဇဉ်မထားဘဲ တရားအားထုတ်ရာ လောကတွင် သိအပ်သောတရားအားလုံးကို မိမိ၏ ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်း၍သိလေသည်။

**ပဉ္စဝဂ္ဂီ ငါးဦး**

ဗုဒ္ဓသည် မသေသောတရားကို တွေ့သည်။ အမှန်တရားကို သိသည်။ ဗောဓိဉာဏ်ကို ရသည်။ သို့ဖြစ်၍ ဗုဒ္ဓဘွဲ့ထူးကို ယူခြင်းဖြစ်သည်။ အမည်မှာ ဂေါတမဟုခေါ်၍ 'ဂေါတမဗုဒ္ဓ' ဟု တွင်လေသည်။ ထိုအချိန်က အိန္ဒိယပြည်တွင် လူမျိုးတို့၏ ဘုရားအမျိုးမျိုးရှိရာ ဗုဒ္ဓက လူအများတို့သိနေသော လူ့လောက၊ နတ်လောက၊ ဗြဟ္မာလောကခေါ်သည့် ကောင်းသော လောကသုံးပါးတွင် ငါသာလျှင် အတတ်ဆုံး၊ အသိဆုံးဟူ၍ မိန့်တော်မူလေသည်။ ဤကဲ့သို့ မိန့်တော်မူရာနေရာကား မိဂဒါဝုန်တောအတွင်း၌ဖြစ်သည်။ အချိန်ကား ဝါဆိုလပြည့်နေ့ဖြစ်သည်။ သက်သေအရာ၌ တည်သူများသည် ယခင်က မိတ်ဟောင်း တပည့်ဟောင်းများ ဖြစ်ခဲ့ဖူးကြသော ပဉ္စဝဂ္ဂီငါးဦးတို့ဖြစ်ကြ၏။

အို---ပဉ္စဝဂ္ဂီတို့

ယာဝကိဝဉ္စ - အကြင်မျှလောက်သော ကာလပတ်လုံး၊ ယထာဘူတံ-မဖောက်မပြန်၊ ဟုတ်မှန်သော၊ အတိုင်းဖြစ်သော၊ ဉာဏဒဿနံ-ဉာဏ်အမြင်သည်၊ မေ-ငါ့အား၊ သုဝိသုဒ္ဓံ-အလွန်သန့်ရှင်း စင်ကြယ်သည်၊ နအဟောသိ-မဖြစ်သေး။ တာဝ-ထိုမဖြစ်သေးသမျှ ကာလပတ်လုံး၊ အဟံ-ငါသည်၊ အနုတ္တရံ-တုဘက်၊ ပြိုင်ဘက်၊ နှိုင်းယှဉ်ဘက် ကင်းသောသူ ဖြစ်ပြီဟူ၍၊ နေဝ ပစ္စညာသိံ- ဘုရားဖြစ်ကြောင်း ဝန်ခံတော်မမူသေး။

အကြင်အခါ၌ စတုသု-လေးပါးကုန်သော၊ ဣမေသု အရိယသစ္စေသု- ဤအရိယသစ္စာတို့၏၊ ယထာဘူတံ- မဖောက်မပြန် အမှန်အတိုင်း သိအပ်သည့်အတိုင်း၊ ဉာဏဒဿနံ- ဉာဏ်အမြင်သည်၊ ငါ့အား-အလွန်သန့်ရှင်းစင်ကြယ်သည်ဖြစ်ပြီဟု ဟောသည်။

**ဘုရားဖြစ်ပြီဟု ကျူးရင့်**

ထိုသို့ ဉာဏ်အမြင်စင်ကြယ်သောအခါ၌ ငါသည်(က) သဒေဝကာ- နတ်ပြည်ငါးထပ်နှင့်တကွ (ခ)သမာရကေ သဝတ္တီ-နတ်ပြည်နှင့်တကွ (ဂ)သဗြဟ္မကေ-ဗြဟ္မာပြည်နှင့်တကွ (ဃ)သာမဏေဗြဟ္မဏိယာ- ရဟန်းပုဏ္ဏားနှင့်တကွသော သူတော်ကောင်းအပေါင်းနှင့်တကွ (င)သဒေဝမနုဿယ- ကြွင်းသော လူမင်းနှင့်တကွ လူ့လောက အားလုံးတို့တွင် တုဘက်၊ ပြိုင်ဘက်၊ နှိုင်းယှဉ်ဘက် မရှိသော၊ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကို၊ အဘိသမ္ဗုဒ္ဓေါတိ- ထိုးထွင်းသိသောသူဖြစ်ပြီဟူ၍ ဝန်ခံတော်မူပြီး ဘုရားဖြစ်ပြီဟု ကျူးရင့်တော်မူလေပြီ။

မြင့်မြတ်သောလူ့လောက၊ နတ်လောက၊ ဗြဟ္မာလောကဟုခေါ်သည့် သက်ရှိသောလောကတစ်ခုလုံးတွင် 'ဂေါတမဗုဒ္ဓ' သာလျှင်အမြင့်ဆုံး၊ အမြတ်ဆုံး၊ အသာဆုံးဟု ကြေညာတော်မူကာ အသင်တို့ယူဆနေသော ဘုရားသည် အကယ်၍ ရှိငြားအံ့။ ထိုဘုရားအားလုံးတွင် အမြတ်ဆုံးသော အနုတ္တရံ-တုဘက်၊ ပြိုင်ဘက်မရှိဖြစ်၍၊ ပစ္စညာသိ- ဝန်ခံတော်မူလေသည်ကို ဓမ္မစကြာသုတ်တော်တွင် ပါရှိပေသည်။ ထိုသို့ ဘုရားဖြစ်ကြောင်း ကြေညာကျူးရင့်တော်မူပြီး ထိုအဆုံးအမ၏ နိဂုံးကား အတ္တဝါဒ၏ပြောင်းပြန် 'န-အတ္တဝါဒ၊ အနတ္တဝါဒ'ကို ဖော်ညွှန်းပြသလိုက်လေသည်။

ဤသည်တို့ကား ဗာရာဏသီပြည် မိဂဒါဝုန်တောတွင် ဝါဆိုလပြည့်နေ့က ပဉ္စဝဂ္ဂီတို့အား ဘုရားရှင် ဟောကြားတော်မူသော တရားတော်၏အနှစ်ကို ဖွင့်ဆိုထားခြင်းအချို့ပင် ဖြစ်လေသည်။ သစ္စာလေးပါးတရားကား လွတ်လပ်စွာ တွေးခေါ်ဆုံးဖြတ်ခွင့်နှင့် သိပ္ပံဆိုင်ရာအမြော်အမြင်ကို လမ်းဖွင့်ပေးခြင်းဖြစ်သကဲ့သို့... တိတိကျကျပြုလုပ်ရန်ခက်ခဲသည့် အယူအဆ၊ အတွေးအခေါ်များ လုံးဝမရှိသော ပရမတ်သစ္စာ တရားပေါ်တွင် ချဉ်းကပ်ရှုမြင် ကျင့်သုံးနိုင်စေရန်နှင့် လွတ်လပ်စွာတွေးခေါ်နိုင်မှုကို အဓိကထားသည့် တရားတော်မြတ်ပင် ဖြစ်လေသည်။ ။

## သတင်းတိုများ

### မော်တာစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်တွင် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရှိစေရန် ရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မော်တာစက်ချုပ်သင်တန်းဆင်းပွဲကို ဇူလိုင် ၃ ရက်က ထမ္မနိုင်ကျေးရွာ(ရွှေကျောင်းတိုက်)ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထွန်းထွန်းဦးက အမှာစကားပြောကြားပြီး သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များနှင့် ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါသင်တန်းတွင် သင်တန်းသူ ၂၀ တက်ရောက်ခဲ့ပြီး မော်တာစက်ချုပ်နည်းပညာများကို သင်တန်းနည်းပြများက စာတွေ့လက်တွေ့ ၄၅ ရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။
**ကိုကျော်(သုံးခွ)**

### မြစိမ်းရောင်စီမံကိန်းကော်မတီဝင်သစ်များ မဲပေးရွေးချယ်

ကယားပြည်နယ် မယ်စဲ့မြို့နယ် လမ်းဆုံကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်း၏ ရန်ပုံငွေကြီးကြပ်မှုကော်မတီ သက်တမ်းသုံးနှစ်ပြည့်မြောက်သဖြင့် ကော်မတီဝင်သစ်များကို ဒေသခံပြည်သူများက မဲပေး၍ ဇူလိုင် ၂ ရက်က ရွေးချယ်ခဲ့ကြောင်း သိရသည်။ ရွေးချယ်ပွဲတွင် မယ်စဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမိုးအောင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီ ရွေးချယ်မှုနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ကျေးရွာနေပြည်သူများက ကော်မတီဝင် ခုနစ်ဦးအား လွတ်လပ်စွာ မဲပေးရွေးချယ်ကာ ကော်မတီဝင်များက ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များကို ပြန်လည်ရွေးချယ်ခဲ့ကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**

### တောင်ငူမြို့၌ဓမ္မစကူးလ်ကျောင်းဖွင့်ပွဲကျင်းပ

တောင်ငူမြို့ အ.ထ.က(၂)ကျောင်း၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တတိယအကြိမ်မြောက် ဓမ္မစကူးလ်ဖွင့်ပွဲကို ဇူလိုင် ၂ ရက်က ကျင်းပခဲ့ပြီး တောင်ငူမြို့နယ် ဓမ္မစကူးလ်ကော်မတီ၏ နာယက လောကုတ္တရာစကားကျောင်း ဆရာတော်နှင့် နိုင်ငံတော်ဗဟိုဝန်ဆောင် အောင်မြင်ဇေယျာစာသင်တိုက် ဆရာတော်တို့က ဩဝါဒမိန့်ကြားသည်။ ထို့နောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြပြီး မဇ္ဈိမဝံသစာမေးပွဲနှင့် သုတစုံလင်ဗုဒ္ဓဝင်စာမေးပွဲတို့တွင် ထူးချွန်ဆုရ မသိမ့်ထူးအိမ့်အား ဆုချီးမြှင့်ခဲ့သည်။ အဆိုပါ တတိယအကြိမ်မြောက် ဓမ္မစကူးလ်ကို တစ်နှစ်ပတ်လုံး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်၍ မိုဘိုင်းဓမ္မစကူးလ်ဆရာတော် ဦးကုမုဒနှင့် ဓမ္မစကူးလ်ဆရာ ဆရာမများက သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။
**(ဝ၄၈)**

### ရဲတပ်ဖွဲ့ဝင်နှင့် သစ်တောဝန်ထမ်းများအား ဆုချီးမြှင့်

၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ကသာခရိုင်၌ တရားမဝင်သစ်များ ဖမ်းဆီးရေးအဖွဲ့များတွင် ပါဝင်ခဲ့သည့် ရဲတပ်ဖွဲ့ဝင်များနှင့် သစ်တောဝန်ထမ်းများအား ဆုချီးမြှင့်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ရှိ ကသာခရိုင် ရဲရိပ်သာ၌ ဇူလိုင် ၃ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် ကသာခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးစိန်ဝင်းက အမှာစကားပြောကြားပြီး သစ်ဖမ်းဆီးရေးအဖွဲ့များတွင် ပါဝင်ခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင်များနှင့် သစ်တောဝန်ထမ်းများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။
**ဦးရဲ(ကသာ)**

### မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့ မြို့နယ်ခန်းမ၌ ဇူလိုင် ၃ ရက်က ကျင်းပခဲ့ရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၏ ထူးချွန်သူများ ချီးမြှင့်ပွဲအခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီနီဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးသန်းဌေးအောင်က အမျိုးသမီးများနှင့် ဥပဒေဆိုင်ရာအကြောင်းကို ဟောပြောခဲ့သည်။ ထို့နောက် မြန်မာအမျိုးသမီးများနေ့ စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများ၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်ကာ တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှု ပြပွဲကို ဆက်လက်ကျင်းပခဲ့သည်။
**ဉာဏ်မင်း(နမ့်ခမ်း)**

# နွားနို့ဈေးမတက်ဘဲ နွားစာဈေးတက်၍ နို့စားနွားမွေးသူများ နွားများကိုထုတ်ရောင်း

**မုံရွာ ဇူလိုင် ၄**

နို့ချက်စက်ရုံများသို့ နွားနို့သွင်းဈေးမတက်သော်လည်း နွားစာဈေးနှုန်းများမှာ တစ်နှစ်ထက်တစ်နှစ် မြင့်တက်နေသောကြောင့် မုံရွာမြို့နယ်အတွင်းရှိ နို့စားနွားမွေးသူများအနေဖြင့် နွားများကို ပြန်လည်ရောင်းထုတ်မှု များလာလျက်ရှိကြောင်း နို့စားနွားမွေးမြူသူများထံမှ သိရသည်။



နို့စားနွား မွေးမြူကြသူများမှာ နွားစာဖြစ်သော ပဲဖတ်၊ နှမ်းဖတ်၊ ပဲရည်များကို အလွယ်တကူရရှိစေရန် ကြာဆံစက်မှုဇုန်များအနီးတွင် နွားခြံများကို တည်ထားပြီး လက်ရှိအချိန်တွက် ကြာဆံစက်များမှ စက်သမားများသည်လည်း လုပ်ငန်းမကောင်း၍ ကြာဆံအထွက်လျော့ကျခြင်းကြောင့် နွားမွေးမြူရေးလုပ်ငန်းများအတွက် နွားစာဖြစ်သော ပဲရည်၊ ပဲဖတ် ဈေးနှုန်းများမှာလည်း မြင့်တက်နေကြောင်း သိရသည်။

မွေးမြူရေးကုန်ကြမ်း အစာဈေးသည် လက်ရှိအချိန်တွင် ပဲဖတ် တစ်တင်းခွဲတစ်အိတ်လျှင် ၃၀၀၀ မှ ၆၀၀၀ အထိရှိပြီး ကုလားပဲခွံမှာ ၄၀၀၊ နှမ်းဖတ်မှာ ၁၅၀၀ အထိ ဈေးတက်ခဲ့ပြီး ပဲရည်သယ်ယူစရိတ် ဈေးနှုန်းများမှာလည်း မြင့်တက်နေကြောင်း၊ ထို့အတူ မိုးရာသီတွင် ပဲရည်များမှာ မိုးရေဝင်သဖြင့် နွားများ အာဟာရမဖြစ်ဘဲ နို့အထွက်ပါနည်းကြောင်း သိရသည်။

မုံရွာမြို့နယ် နွားမွေးမြူရေးသီးသန့်ဇုန်တွင် မွေးမြူရေးလုပ်ငန်းရှင် ၄၀၊ ပြင်ပတွင် လုပ်ငန်းရှင် ၁၀၈ ဦးရှိပြီး မြို့နယ်တစ်ခုလုံးတွင် နို့စားနွားမွေးမြူရေးလုပ်ငန်းရှင် ၂၉၀ ရှိကာ စုစုပေါင်း နွားကောင်ရေ ၃၀၀၀ ကျော်ဖြင့် တစ်ရက်လျှင် နို့ပိဿာတစ်သောင်းကျော်ခန့် ကို ဈေးကွက်သို့ တင်ပို့ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# နွယ်ခွေတောင်ရိုး၌ သစ်ပင်ချစ်သူတစ်ဦးက လျှော်ဖြူပင် ၁၀၀၀ စိုက်ပျိုးထား

**ချောင်းဦး ဇူလိုင် ၄**

ချောင်းဦးမြို့နယ် နွယ်ခွေတောင်ရိုးတစ်လျှောက် စိမ်းလမ်းစိုပြည်ရေးအတွက် မုံရွာမြို့နေ ဦးချစ်လှိုင်(သစ်ပင်ချစ်သူ)က လျှော်ဖြူပင်ပေါင်း ၂၀၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ပြီး လက်ရှိအချိန်တွင် အပင် ၁၀၀၀ ကို စိုက်ပျိုးထားပြီးဖြစ်ကာ ထိုအပင် ၁၀၀၀ ကို လူအင်အားဖြင့် ရေလောင်းပေါင်းသင်၍ ပြုစုပျိုးထောင်နေကြောင်း သိရသည်။

"နွယ်ခွေတောင်တန်းပေါ်မှာ အဖေနဲ့အတူ ငယ်ငယ် ၁၀ နှစ်သားလောက်ကတည်းက ထင်းခွေလိုက်ခဲ့ရတယ်။ အဲဒီတုန်းက ထင်းခွေတာဟာ အပင်ကိုမခုတ်ပါဘူး။ ကိုင်းတွေကိုသာ အပင်ပေါ်တက် ခြိုင်ယူတာဖြစ်တယ်။ အခုအချိန်မှာပြန်ကြည့်တော့ နွယ်ခွေတောင်တစ်လျှောက်မှာ သစ်ပင်ကြီးတွေပါမချန် အကုန်ခုတ်ပစ်တာတွေ့ရတော့ အလွန်ပဲ နှမြောမိပါတယ်။ ဇောခိတစ်ထောင်ဘက်မှာလည်း သစ်ပင်တွေစိုက်ထားကြတာဆိုတော့ စိမ်းစိုစပြုနေပါပြီ။ အဲဒီနဲ့တစ်ဆက်တည်း အခုနွယ်ခွေတောင်တန်းကြီးလည်း စိမ်းစိုစေချင်လို့ ဘယ်လိုနည်းနဲ့စိုက်ရစိုက်ရ စိုက်သွားမှာပါ"ဟု ဦးချစ်လှိုင်(သစ်ပင်ချစ်သူ)က ပြောသည်။

ဦးချစ်လှိုင်အနေဖြင့် လျှော်ဖြူပင် ၁၀၀၀ ကို စိုက်ရာတွင် နွယ်ခွေတောင်ရိုးရှိ ဘုရားနီဘုရားကုန်း၏ အရှေ့ဘက်တွင် စိုက်ပျိုးထားခြင်းဖြစ်ပြီး ရေလောင်းခြင်းကို နေ့စဉ်ဆောင်ရွက်နိုင်ရန်အတွက် နွယ်ခွေ ဆည်မှရေကို စုဆောင်းရယူ၍ လုပ်သားများကို နေ့တွက်စရိတ်ပေးကာ သစ်ပင်များအား ရေလောင်း ပေါင်းသင် ပြုစုခြင်းများကို ကိုယ်တိုင်ဂရုတစိုက် ကြီးကြပ်၍ ဆောင်ရွက်နေကြောင်းသိရသည်။

"နွယ်ခွေတောင်ရိုးရှိ ဘုရားနီတောင်ပေါ်တွင် လယ်တီပါရမီတောရကို တည်ဆောက်နိုင်ရန် ကြိုးပမ်းနေသည့် လယ်တီပါရမီတောရ ဥက္ကဋ္ဌ ဦးမျိုးတင့်အောင်ကလည်း နွယ်ခွေတောင်တန်းပေါ်က ဘုရားနီတောင်ပေါ်မှာ ရှေးဟောင်းဘုရားသိမ်ကြီးကို ပဓာနဆရာတော် ဦးစန္ဒိမာ၊ နာယကဆရာတော် ဦးဝေပုလ္လ ဦးဆောင်ပြီး လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကစပြီး တောင်ကိုးလုံးမှာ လယ်တီပါရမီတောရကို ကျွန်တော်တို့ ဖော်ထုတ် သာသနာပြုနေကြတာပါ။ လက်ရှိမှာ ဘုရားတည်၊ ဇိမာန်ကြီးတည်ဆောက်ပြီး ဝိပဿနာကျောင်းဆောင်ငယ်လေးတွေ တည်ဆောက်မယ့် ဘုရားနီတောင်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်တွေ ရသလောက်စိုက်သွားဖို့ ကြိုးစားနေပါတယ်။ မုံရွာမှာနေတဲ့ သစ်ပင်ချစ်သူ ဦးချစ်လှိုင်က သူ့စရိတ်နဲ့သူ ပတ်ဝန်းကျင်စိမ်းလန်းဖို့ကိုပဲ ဦးတည်ပြီး လျှော်ဖြူပင် ၂၀၀၀ ကို စိုက်နေတာ၊ အခု ၁၀၀၀ စိုက်ပြီးပါပြီ"ဟု ပြောသည်။

လျှော်ဖြူပင် ၁၀၀၀ ကို ဦးချစ်လှိုင် စိုက်ပျိုးနေသော နေရာမှာ ဘုရားနီတောင်၏ အရှေ့ဘက်တွင်ဖြစ်ကာ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနကလည်း တောင်၏အနောက်ဘက်နှင့် တောင်ဘက်တို့တွင် သစ်ပင်ပေါင်း သိန်းချီပြီး စိုက်ပျိုးရန် စီစဉ်လျက်ရှိကြောင်းလည်း လယ်တီပါရမီတောရ ဥက္ကဋ္ဌ၏ ပြောကြားချက်အရ သိရသည်။
**မျိုးဝင်းထွန်း(မုံရွာ)**

# ကျေးလက်ကျောက်ချောလမ်းသစ် ဖွင့်လှစ်

**သထုံ ဇူလိုင် ၄**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ ရာသီမရွေးအသုံးပြုနိုင်ရန်အတွက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရန်ပုံငွေ ကျပ် ၈၈ သန်းကျော်အကုန်အကျခံ ခင်းကျင်းပေးခဲ့သည့် သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာအုပ်စု ဆူးအင်းကျေးရွာရှိ ကျောက်ချောလမ်းဖွင့်ပွဲကို ဇူလိုင် ၂ ရက်က ကျင်းပခဲ့သည်။

ကျေးလက်ကျောက်ချောလမ်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ်နှင့် သထုံခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ ဆူးအင်းကျေးရွာမှ ဒေသခံတစ်ဦးက "ဒီလမ်းက အရင်က မြေသားလမ်း တောလမ်းပေါ့။ ခုလိုမိုးကာလရောက်ရင် ရွာအဝင် စမ်းချောင်းကရေတွေ လမ်းပေါ်ဖြတ်စီးတော့ ရေအိုင်တွေ ဗွက်တွေနဲ့ အတော်သွားရခက်တယ်။ ခုလိုကျောက်ချောလမ်းရတော့ အဆင်ပြေပြီပေါ့"ဟု ပြောသည်။

အဆိုပါကျောက်ချောလမ်းသစ်သည် အရှည် ၁ မိုင် ၁ ဖာလုံခန့်၊ အကျယ် ၁၂ ပေရှိပြီး လမ်းပခုံး၊ ရေနုတ်မြောင်းများနှင့်အတူ Box Culvert နှစ်စင်း ပါဝင်ကာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ ကျပ် ၈၈ ဒသမ ၀၂၃ သန်းဖြင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှစ၍ ကျောက်ချောခင်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သက်ဦး(သထုံ)**

# ရေထိန်းတာပေါင် ကျိုးပေါက်နေမှုကို ပြန်လည်ပြုပြင်ပေးစေလို

**ငါ့သရောက် ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ် ဆင်သားမွေးကျေးရွာအုပ်စု ခက်လန်းကန်ကျေးရွာ၌ ဒေသခံပြည်သူများ သောက်သုံးရေလုံလောက်စွာ သုံးစွဲခွင့်ရရှိစေရန်နှင့် ချောင်းရေတိုက်စားမှုအန္တရာယ်မှ ကင်းဝေးစေရန် ရည်ရွယ်၍ ကျေးရွာအနီးရှိ ချောင်းတွင် ရေထိန်းတာပေါင်ကို ညောင်ဦးမြို့နယ် ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ပေးထားပြီး အဆိုပါ ရေထိန်းတာပေါင်မှာ ပြီးခဲ့တဲ့နှစ်က မိုးရွာသွန်းမှုများခဲ့၍ ကျိုးပေါက်ပျက်စီးခဲ့သည်။



အဆိုပါ တာပေါင်ကျိုးပေါက်သွားမှုကြောင့် ပြီးခဲ့သည့်နှစ်က ခက်လန်းကန်ကျေးရွာနှင့် တောင်ဖက်တန်းကျေးရွာတို့မှ လူနေအိမ်အချို့နှင့် တောင်သူများ၏ သီးနှံစိုက်ပျိုးထားရှိသည့် ယာမြေများ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ပြီး ယခုနှစ်တွင်လည်း ချောင်းရေတိုက်စားမှုဒဏ်ကြောင့် လူနေအိမ်များနှင့် လယ်ယာမြေများ ထိခိုက်ပျက်စီးမှု ကင်းဝေးစေရန်နှင့် သောက်သုံးရေဖူလုံစွာ အသုံးပြုနိုင်ရေးအတွက် ကျိုးပေါက်သွားသည့် ရေထိန်းတာပေါင်ကို တာဝန်ရှိသူများအနေဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက်ပေးစေလိုကြောင်း ခက်လန်းကန်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်မင်းက ပြောသည်။

"မိုးရွာသွန်းတဲ့အခါ ရေတိုက်စားမှုကြောင့် လူနေအိမ်တွေနဲ့ တောင်သူတွေ စိုက်ပျိုးထားတဲ့ သီးနှံယာမြေစိုက်ခင်းတွေ ထိခိုက်ပျက်စီးဆုံးရှုံးမှုမဖြစ်အောင် ရွာအနီးက ကပ်လျက်ရှိတဲ့ ရေစီးချောင်းကိုပိတ်ပြီး ရေထိန်းတာပေါင် ပြုပြင်တည်ဆောက်ပေးဖို့ သက်ဆိုင်ရာဌာနအဖွဲ့အစည်းကို တင်ပြတောင်းခံခဲ့ပါတယ်။ ကျွန်တော်တင်ပြတောင်းခံတဲ့အတွက် သက်ဆိုင်ရာက ရွာကိုလာပြီး ကွင်းဆင်းကြည့်ခဲ့ကြပါတယ်။ အဲဒီလို ကွင်းဆင်းကြည့်ရှုပြီးနောက် ဆည်မြောင်းဦးစီးဌာနက ရေစီးချောင်းကိုပိတ်ပြီး ရေထိန်းတာပေါင်သစ် ပြုပြင်တည်ဆောက်ပေးခဲ့လို့ ကျေးရွာမြေသားမိုးရေလှောင်ကန်က ရေကုန်ပြီဆိုရင် အသစ်ပြုပြင်တည်ဆောက်ပေးတဲ့ ရေထိန်းတာပေါင်မှာရှိတဲ့ရေကို အသုံးပြုခွင့်ရလို့ အရမ်းအဆင်ပြေခဲ့ပါတယ်။ အခုတော့ ဒီရေထိန်းတာပေါင်က မိုးရေဝင်ရောက်မှုများပြီး ကျိုးပေါက်သွားခဲ့လို့ လူနေအိမ်အချို့နဲ့ သီးနှံစိုက်ခင်းတွေ ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်ပွားခဲ့ရပါတယ်။ ဒီနှစ်လည်း မိုးရေတိုက်စားမှုကြောင့် လူနေအိမ်တွေနဲ့ စိုက်ပျိုးထားရှိတဲ့ သီးနှံစိုက်ခင်းတွေ ထိခိုက်ပျက်စီးမှုမဖြစ်စေဖို့ သက်ဆိုင်ရာ တာဝန်ရှိတဲ့သူတွေအနေနဲ့ ကျိုးပေါက်သွားတဲ့ ရေထိန်းတာပေါင်ကို အခိုင်အမာ ပြန်လည်ပြုပြင် တည်ဆောက်ပေးစေချင်ပါတယ်။ နောက်ပြီး ဒေသခံပြည်သူတွေအတွက်လည်း သောက်သုံးရေ လုံလောက်စွာသုံးစွဲခွင့်ရရှိမယ့် အခွင့်အရေးဖြစ်လို့ အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးဖို့ တောင်းဆိုချင်ပါတယ်"ဟု ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# အသားဈေးမြင့်တက်ခြင်းကြောင့် စားသောက်ဖွယ်ရာများ ဈေးမြင့်တက်လျက်ရှိ

**ရန်ကုန် ဇူလိုင် ၄**

ရန်ကုန်မြို့တွင် အသားဈေးများကြီးမြင့်နေခြင်းနှင့်အတူ စားသောက်ဆိုင်များတွင် ရောင်းချနေသော စားသောက်ဖွယ်ရာဈေးနှုန်းများသိသာစွာ မြင့်တက်လာသည်ဟု စားသုံးသူများက ပြောသည်။

ဒန်ပေါက်တစ်ပွဲလျှင်အနိမ့်ဆုံးငွေကျပ် ၂၅၀၀၊ ကြေးအိုးတစ်ပွဲ ငွေကျပ် ၃၀၀၀၊ အသားပါဆန်ပြုတ်တစ်ပွဲငွေကျပ် ၁၀၀၀၊ ကော်ရည်ဆီချက် တစ်ပွဲ ငွေကျပ် ၁၂၀၀ မှ ၁၄၀၀နှုန်းရှိလာကြောင်း လသာမြို့နယ် စားသောက်ဆိုင်တန်းတွင် အလုပ်လုပ်နေသူတစ်ဦးက ပြောသည်။

ယခင်ဈေးထက်တစ်ပွဲလျှင်ငွေကျပ် ၂၀၀မှ ၅၀၀အတွင်းဈေးမြင့်တက်လာခြင်းဖြစ်သည်ဟု စားသုံးသူတစ်ဦးက ပြောသည်။ ယင်းစားသောက်ဖွယ်ရာဈေးနှုန်းများသည် အကျမရှိဘဲ အတက်သာရှိနေသည်။ သားသတ်လိုင်စင်စီမရှိသော မြို့နယ်စည်ပင်နယ်နိမိတ်ပြင်ပကျေးရွာများတွင် ဝက်သားတစ်ပိဿာဈေးနှုန်းသည် မြို့ဈေးအတွင်းမှ ဈေးနှုန်းထက် တစ်ပိဿာ လျှင် ငွေကျပ် ၃၀၀၀ ဝန်းကျင်ဈေးသက်သာသည်။ သို့သော် နေ့စဉ် ဝယ်ယူ ၍မရဘဲ သားသတ်ရောင်းချခြင်းနှင့် ကြုံတွေ့ရချိန်ရောင်းဈေးဖြစ်သည်ဟု ဘိုကလေးမြို့နေသူတစ်ဦးက ပြောသည်။

ဘိုကလေးမြို့ ပျဉ်းမကုန်းကျေးရွာတွင် ဝက်သားပေါ်သည့်ရက်တွင် ရေလွှတ်အသားတွဲ တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ သာပေးရသည်ဟု ယင်းကျေးရွာနေသူ တစ်ဦးက ပြောသည်။

ဘိုကလေးမြို့၊ မော်လမြိုင်ကျွန်းမြို့များရှိဈေးများတွင် ဝက်သားတစ်ပိဿာ ငွေကျပ် ၈၀၀၀ နှုန်းဝယ်ယူနေရပြီး ရန်ကုန်မြို့လယ်ဈေးများတွင်မူ တစ်ပိဿာငွေကျပ် ၁၀၀၀၀ မှ ၁၂၀၀၀ နှုန်းဖြင့်ဝယ်ယူနေရသည်ဟု ရန်ကုန်မြို့တွင်လာရောက် အလုပ်လုပ်ကိုင်နေသူ ဘိုကလေးမြို့ဇာတိ မအေးမြတ်က ပြောသည်။

ဘိုကလေးမြို့မှ ရန်ကုန်ဒိုင်သို့တင်ပို့နေသော တိုင်းရင်းအိမ်မွေးကြက်တစ်ပိဿာငွေကျပ် ၅၇၀၀ နှုန်းဈေးရှင်းပေး၍ ဘိုကလေးမြို့တွင် တစ်ပိဿာငွေကျပ် ၅၅၀၀ ဖြင့်ပြန်ရောင်းသည်။ လာရောင်းသူများထံမှ ကြက်အရှင်တစ်ပိဿာ ဝယ်ဈေးငွေကျပ် ၅၀၀၀ နှုန်းဖြင့် ဝယ်ယူထားခြင်းဖြစ်ကြောင်း အောင်သပြေဈေးကြက်၊ ဘဲ၊ သား၊ ငါး၊ ဘဲဥ ရောင်းဝယ်နေသူတစ်ဦးက ပြောသည်။

ကျိုက်လတ်နယ်မှတိုက်ရိုက်လာရောက်ရောင်းချနေသည့် မဟာဗန္ဓုလလမ်းဘေး တောဈေးသည်များတွင်ဇွန် ၂၉ ရက်က ဘဲဥ ၁၀ လုံး တစ်ပုံလျှင်ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ရောင်းချနေသော်လည်း ပုံမှန်လက်လီဆိုင်များတွင် ကြက်ဥတစ်လုံး ငွေကျပ် ၁၃၀၊ ဘဲဥတစ်လုံး ငွေကျပ် ၁၅၀နှုန်းဖြင့် ဝယ်ယူနေရသည်ဟု ဈေးဝယ်သူတစ်ဦးက ပြောသည်။

သို့သော် ဘိုကလေးမြို့သို့ ဇွန် ၂၉ ရက် ဘဲဥလာရောင်းရာတွင် တစ်လုံးလျှင် ၈၁ ကျပ်ဖြင့်သာရောင်းချ၍ရသည်ဟု ယင်းမြို့နယ် ရေဝန်ကျေးရွာမှ ဘဲဥ လာရောင်းသူ တစ်ဦးက ပြောသည်။

သို့ဖြစ်ရာ ရန်ကုန်မြို့တွင် ကြုံတွေ့နေရသော သား၊ ငါးဈေးနှုန်းကြီးမြင့်နေခြင်းကြောင့် နေ့စဉ်စားသုံးရာတွင် အသားဓာတ်လုံလောက်စွာ စားသုံးနိုင်ခြင်းမရှိသည့်အပြင် နေ့စဉ်ဝယ်ယူစားသောက်နေရသော စားသောက်ဖွယ်ရာ ဈေးများပါ မြင့်တက်လာခြင်းကိုပါ ကြုံတွေ့နေရသည်။

**ခင်ဆိုင်**

# စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ




ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရရှိသည့် ထွန်းလှိုင်(မြိုင်)၏ "မထိုးတစ်ကျပ် ထိုးတစ်ကျပ်နှင့် ကိုယ်တွေ့ဝတ္ထုတိုများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်သည် တိရစ္ဆာန်ဆရာဝန်တစ်ဦး၏ ဘဝပုံရိပ်လွှာများကို ဝတ္ထုတိုပုံသဏ္ဌာန်ဖြင့် ရေးဖွဲ့ထားခြင်းဖြစ်ပြီး လယ်တော၊ ယာတော၊ ရွံ့တော၊ ဗွက်တောများကို နောက်ခံပြုကာ ကျေးလက်လူနေမှုဘဝလေ့များကို သရုပ် ဖော်ရေးဖွဲ့ထားသည်။ ထို့အပြင် ရိုးသားခြင်း၊ သဒ္ဓါကြီးခြင်း၊ အားနာခြင်း၊ မျှော်လင့်ခြင်း စသည့်ကျေးလက်လူမှုနှုန်းစံများကို ထိတွေ့ ခွင့်ရစေသည်။ ကျေးလက်နောက်ခံဘဝ သရုပ်ဖော်ဝတ္ထုတိုများ ဖတ်ရှုလိုသူ စာဖတ်ပရိသတ်များအတွက် အကြိုက်တွေ့စေမည့် စာအုပ်ဖြစ်ပါသည်။

ရောင်းဈေး ငွေကျပ် ၇၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁ ၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၆၇-၄၁၄ ၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်း ကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း ၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**



**သက်ငယ်မုဒိမ်းမှုလျော့နည်းပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ် ၉ရပ်ကွက် ရေမြိုင်ဓမ္မာရုံ၌ ဇွန်လနောက်ဆုံးပတ်က ကျင်းပခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းစိုးက တက်ရောက်လာသော ရပ်ကွက်နေပြည်သူများအား အသိပညာပေးဟောပြောစဉ်**
မြင့်သန်းကြည်(ရွှေပြည်သာ)

# ဒီမောဆိုနှင့် ဖရူးဆိုးမြို့နယ်တို့တွင် ယာစပါးမျိုးယှဉ်ပြိုင်စမ်းသပ်ကွက်စိုက်ပျိုး

**ဖရူးဆို ဇူလိုင် ၄**

ကယားပြည်နယ် ညောင်ဇင်ရပ်ကွက်နှင့် ဆောင်ဒူလာအုပ်စု ပတိုင်ရွာ၌ ယာစပါးမျိုးယှဉ်ပြိုင်စမ်းသပ်ကွက်ကို ဇွန်လနောက်ဆုံးပတ်က စိုက်ပျိုးခဲ့ကြရာ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖရူးဆိုးမြို့နယ်တွင် စပါးစိုက်ဧက လယ်စပါး ၁၅၂ ဧက၊ ယာ ၄၉၈၅ ဧကနှင့် တောင်ယာ ၁၃၂၂၂ ဧကဖြစ်ရာ စုစုပေါင်း၁၉၄၅၉ ရှိပြီး ယာနှင့်တောင်ယာစပါးကို အဓိကထားစိုက်ပျိုးကြကာ ဒီမောဆိုမြို့နယ်တွင် စပါးစိုက်ဧက စုစုပေါင်း ၃၃၂၃၉ ဧကရှိပြီး လယ်စပါး ၂၃၉၁၈ ဧက၊ ယာစပါး ၂၅၆၁ ဧကနှင့် တောင်ယာ ဧက၆၇၆၀ ဖြစ်ရာ လယ်စပါးကို အဓိကထားစိုက်ပျိုးကြသည်။ ယခုစိုက်ပျိုးကြသော ယာစပါးမျိုးယှဉ်ပြိုင်စမ်းသပ်ကွက်မှာ စိုက်ပျိုးရေးသုတေသန ရေးဆင်းမှ ပေးပို့သော စမ်းသပ်မျိုး လေးမျိုးနှင့် စံထားမျိုး ကုန်းမြင့်-၂ အပါအဝင် မျိုး ငါးမျိုးကို ယှဉ်ပြိုင်၍ လက်ရှိဒေသ၏ ရေမြေရာသီဥတုနှင့် ကိုက်ညီဖြစ်ထွန်းမှု ရှိ/မရှိကို စမ်းသပ်စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

**ဒွေးမယ်နော်**


## မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၇ ခုနှစ် ဇူလိုင် ၈ ရက် (ဝါဆိုလပြည့်နေ့)တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေး ပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွင်း အသုံးပြုရန်လိုအပ်သောအောက် ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေ/နိုင်ငံခြားငွေများဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | စက်အမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁ | ATMC Electronic facilities solution | 1-set | မြန်မာကျပ်ငွေ |
| ၂ | ပုဂံညောင်ဦးလေဆိပ်နှင့်မာန်အောင် လေဆိပ်တို့တွင်အသုံးပြုမည့် လေယာဉ်ပြေးလမ်းသုံး ကတ္တရာ | ၂၀၇.၂၆ တန် | -။- |
| ၃ | Rapid Intervention Vehicle(RIV) | 1No | နိုင်ငံခြားငွေ |
| ၄ | VHF Transmitter&Receiver | 5-sets | -။- |
| ၅ | Spare parts for Selex DVOR/DME | 1-lot | -။- |
| ၆ | ATC Training&Backup System (PhaseI) | 1-lot | -။- |
| ၇ | Spare parts for HF Medium Power (1KW)/Low Power(125W) | 1-lot | -။- |
| ၈ | Spare parts for AFIS | 1-lot | -။- |
| ၉ | Spare parts for Selex ILS/DME | 1-lot | -။- |

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် လျှောက်လွှာပုံစံများအား ၇-၇-၂၀၁၇ရက်မှ စ၍ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ၇-၈-၂၀၁၇ရက်တွင်တင်ဒါပိတ်ပြီး ၉-၈-၂၀၁၇ရက် ညနေ ၃နာရီအတွင်းတင်ဒါများပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါအချက်အလက် များနှင့်ပတ်သက်၍ အသေးစိတ်စုံစမ်းမေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၁-၅၃၃၀၀၆၊ ၀၁-၅၃၃၀၀၉တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့**

## CLAIMS DAY NOTICE
## MV. GOLOVIS PRESTIGE VOY:NO (15)

Consignees of cargo carried by MV. GOLD STAR are here by notified that the vessel will arrive of about 21-3-2015 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၈၆**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**ပြည်ထဲရေးဝန်ကြီးဌာန**
**တည်ဆောက်ရေးလုပ်ငန်းများနှင့် စက်နှင့်စက်ပစ္စည်းများ**
**ဝယ်ယူမှုစိစစ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် စက်နှင့်စက်ပစ္စည်းများ ဝယ်ယူမှုစိစစ်ရေးကော်မတီတို့သည် ဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ဦးစီးဌာနများအတွက် လိုအပ်သော အဆောက်အအုံများ၊ ရုံးသုံးပရိဘောဂများ၊ မီးသတ်ယာဉ်နှင့်အပိုပစ္စည်းများ၊ လုံခြုံရေး၊ စစ်ဆေးရေးနှင့်ဆက်သွယ်ရေးပစ္စည်းများ ဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပြုတင်ဒါ အဆိုပြုလွှာ တင်သွင်းထားသော လုပ်ငန်းရှင်များ၏ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများနှင့်ပတ်သက်၍ တင်ဒါအောင်မြင်သည့် ကုမ္ပဏီအမည် စာရင်းအား ၇-၇-၂၀၁၇ရက်မှစတင်၍ သက်ဆိုင်ရာ တပ်ဖွဲ့/ဦးစီးဌာန(ရုံးချုပ်) များတွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဈေးနှုန်းတင်သွင်းခြင်းတင်ဒါပုံစံ တင်သွင်းရမည့် ကုမ္ပဏီများအနေဖြင့် လုပ်ငန်းအုပ်စု အမှတ်စဉ်အလိုက် တည်ဆောက်ရေးလုပ်ငန်းများအတွက် ၂၁-၇-၂၀၁၇ရက် နံနက် ၉နာရီမှ ညနေ ၄နာရီအထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရုံးအမှတ်(၈)၊ အရိန္ဒမာခန်းမတွင် တင်သွင်းရမည်ဖြစ်ပါသည်။(သတ်မှတ်ချိန်ကျော်လွန်၍ တင်သွင်းလာ သော ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများကို လက်ခံစဉ်းစားမည် မပြုပါ။)

၄။ စက်နှင့်စက်ပစ္စည်းဝယ်ယူမှုလုပ်ငန်းများအတွက် ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံ တင်သွင်းရမည့် ကုမ္ပဏီများအနေဖြင့် လုပ်ငန်းအုပ်စုအမှတ်စဉ်အလိုက် သတ်မှတ်ရက်များတွင် နံနက် ၉နာရီမှ၁၀နာရီအထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရုံးအမှတ်(၈)၊ အရိန္ဒမာခန်းမတွင် တင်သွင်းရမည်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

| | |
|---|---|
| **(က) ဝန်ကြီးရုံး** | ၀၆၇-၄၁၂၄၃၇၊ ၀၆၇-၄၁၂၆၂၁ |
| **(ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့** | ၀၆၇-၄၁၂၁၃၈၊ ၀၆၇-၄၁၂၄၆၂ |
| | ၀၆၇-၄၁၂၅၁၂၊ ၀၆၇-၄၁၂၀၄၂ |
| **(ဂ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန** | ၀၆၇-၄၁၂၁၈၃၊ ၀၆၇-၄၁၂၅၂၈ |
| **(ဃ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန** | ၀၆၇-၄၃၁၃၇၄၊ ၀၆၇-၄၃၁၃၉၅ |
| **(င) အကျဉ်းဦးစီးဌာန** | ၀၆၇-၄၃၁၄၂၆၊ ၀၆၇-၄၃၁၄၂၀ |
| **(စ) မီးသတ်ဦးစီးဌာန** | ၀၁-၆၆၁၅၄၄၊ ၀၆၇-၄၂၀၅၈၇ |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ဦးပိုင်အမှတ်(၄၉)၊ အကွက်အမှတ် ၄၉(EE-၂၃)၊ (CC)မြန္မာ၊ မြေယာအမှတ်(၄၉)၊ မြေဧရိယာ ၀ဒသမ ၀၈၃ ဧကရှိ မြေနှင့်အိမ်အား ဦးဗွန်နန်(ခ) ဦးလင်းဟန် အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး ဂရန်မူရင်းမှာ ပျောက်ဆုံးသွား၍ ယခု ဦးဗွန်နန်(ခ)ဦးလင်းဟန် ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်ဝင်းစန္ဒာ ၉/မကန(နိုင်)၀၈၉၄၇၇မှ အမည်ပြောင်း ဂရန်လျှောက်ထား ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ဝင်းစန္ဒာ**
**၉/မကန(နိုင်)၀၈၉၄၇၇**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်သူဇာ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၀၀၄၃)**
**ဒေါ်ခင်မာကြည်(LL.B)**
**(စဉ်-၃၇၉၃၉) အထက်တန်းရှေ့နေ**
**အမှတ် ၂၉၃၊ ပြည်တော်သာ(၆)လမ်း၊**
**ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၄၀၂၅၄၅၅၀၁**

**ဗသက(၆၀)သူရတပ်ခွဲ ကျောင်းဆင်းအရာရှိ/မိသားစုများသို့**

## ဖိတ်ကြားလွှာ

ဗသက(၆၀)သူရတပ်ခွဲ၏ (၃၆)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်အခမ်းအနားအား ရန်ကုန်မြို့နှင့် နေပြည်တော်တွင် အောက်ပါအတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် ဆရာကန်တော့ပွဲ**
ရက်စွဲ။ ၂၀၁၇ခုနှစ်၊ ဇူလိုင် ၈ရက်(စနေနေ့)
အချိန်။ နံနက် ၉နာရီ
နေရာ။ အောင်ဇေယျာမင်း မိဘမဲ့ပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း
ဖုန်း-၀၁-၆၁၃၆၆၅၊ ၀၉-၇၃၂၁၀၂၇၂
အလယ်ရွာကြီးကျေးရွာ၊ ငွေပင်လယ်စက်မှုဇုန်အနီး၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
(ဝိတိုရိယဆေးရုံရှေ့ Feel စားသောက်ဆိုင်မှ နံနက် ၈နာရီ ယာဉ်အကြီးနှင့် စုစည်းထွက်ခွာမည် ဖြစ်ပါသည်။)

**မိတ်ဆုံညစာစားပွဲ**
**ရန်ကုန်**
**ရက်စွဲ။** ၂၀၁၇ခုနှစ်၊ ဇူလိုင် ၈ရက်(စနေနေ့)
**အချိန်။** ညနေ ၆း၃၀နာရီ
**နေရာ။** M-3 Food Centre ဗဟန်းမြို့နယ်။
**နေပြည်တော်**
**ရက်စွဲ။** ၂၀၁၇ခုနှစ်၊ ဇူလိုင် ၁၁ရက်(အင်္ဂါနေ့)
**အချိန်။** ညနေ ၆နာရီ
**နေရာ။** Mandalay Paradise Food Center, Mandalay Room ဇေယျာဝတီလမ်း၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်

သူငယ်ချင်းများနှင့် မိသားစုများ၊ ကျဆုံး/သေဆုံးသူငယ်ချင်းများ၏ မိသားစုများပါ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပရေးကော်မတီ**
**လှသွင်၊ ဝင်းမောင်၊ တင်ဋ္ဌေး၊ စိုးတင့်**
**သစ်လွင်၊ ချစ်လှ၊ မောင်မောင်သန်း**

**ဖခင် အမည်မှန်**
အလက (ကမာဝက်)ဆဋ္ဌမတန်းမှ မောင်အောင်နိုင်သူ၏ ဖခင်အမည်မှန်မှာ ဦးရန်နိုင်ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဖားကန့်မြို့၊ ၄ က်ပျောတော (အလက) ဆဋ္ဌမတန်းမှ မောင်လွင်ကိုကိုထက်၏ ဖခင်အမည်မှန်မှာ ဦးထွန်းဦး ၅/ရဘန(နိုင်)၂၀၄၁၀၁ ဖြစ်ပါကြောင်း။ **ဦးထွန်းဦး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်နေ ဦးအေးသင်း၏ သမီး ဒေါ်လင်းကြည်(ခ)ဒေါ်နှင်းကြည် ၁၂/မရက(နိုင်)၀၄၆၃၆၀မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဒေါ်လင်းကြည်(ခ)ဒေါ်နှင်းကြည်**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အင်းစိန်မြို့နယ်နေ ဦးမျိုးမြင့်အောင် ၁၂/အစန(နိုင်)၀၉၃၈၈၇၏သမီး မစုစုရီ ၁၂/အစန(နိုင်)၁၇၈၅၂၈သည် ၂၆-၆-၂၀၁၇ရက်က မိမိဆန္ဒအတိုင်း အိမ်ပေါ်မှဆင်းသွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း ကြေညာအပ်ပါသည်။

၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့ကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးမျိုးမြင့်အောင်**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မမသောင်း(LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၆၇၈)**

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးလဘန်လ (အငြိမ်းစား)
### အသက်(၈၇)နှစ်

ဦးသိန်းထွန်းအောင်-ဒေါက်တာလဘန်ခွန်(ပါမောက္ခ/ဌာနမှူး၊ ခန္ဓာဗေဒဌာန) ဆေးတက္ကသိုလ်(မန္တလေး)တို့၏ ချစ်လှစွာသော ကျေးဇူးရှင် မွေးသဖခင် ဦးလဘန်လသည် ၂၃-၆-၂၀၁၇ရက်တွင် မြစ်ကြီးနားမြို့ နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

**1980-85 Batch ဆေးတက္ကသိုလ်၊ မန္တလေးမှ သူငယ်ချင်းများ**
**ဒေါက်တာစိုင်းကျော်ဌေး-ဒေါက်တာခင်လေးမွန်၊**
**ဒေါက်တာမျိုးလွင်-ဒေါ်ခင်လေးခိုင်**
**ဦးတင်အုံ့ချို-ဒေါက်တာ မာမာလွင်၊ဒေါက်တာခင်မောင်မြင့်-ဒေါက်တာစိန်စိန်၊**
**ဦးထွန်းအောင်သင်း-ဒေါက်တာလှဲ့လှဲ့ဝင်း၊ ဒေါက်တာM. အုန်းမောင်နှင့်ဇနီး၊ ဒေါက်တာကျော်ဝင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးလဘန်လ(ငြိမ်း)
### အသက်(၈၇)နှစ်

သူငယ်ချင်း ဦးလဘန်ရှိန်ရစ်-ဒေါ်မခါခွန်ရာနှင့် ဦးသိန်းထွန်းအောင်-ဒေါက်တာလဘန်ခွန်တို့၏ ဖခင်ဖြစ်သူ ဒုတိယဗိုလ်မှူးကြီးလဘန်လသည် ၂၃-၆-၂၀၁၇ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါ်ဂေါ့လူခေါန်ဒွဲ**
**သမီး-ဒေါ်ချိုမာကြည်**
**ကျောင်းအုပ်ဆရာမကြီး**
**အထက(ခွဲ) ၁၀၅မိုင်၊ မူဆယ်မြို့နယ်**

## "ဝမ်းနည်းကြေကွဲခြင်း"
## ဦးမောင်မောင်
## အသက် (၇၄) နှစ်

ဗိုလ်မှူးဒေါ်ကြည်ကြည်အေး(ငြိမ်း)၏ ချစ်လှစွာသော ခင်ပွန်းကိုမောင်မောင်သည် ၂၇-၆-၁၇ ရက်နေ့ ညနေ ၄း၅၀ နာရီတွင် ကွယ်လွန်ခဲ့ပါသည်။ မိသားစု နည်းတူအထူးပင်ဝမ်းနည်း ကြေကွဲခြင်းဖြစ်ကြရပါသည်။

ချစ်ခင်ကြပါသော အစ်မကြီးများ
သူငယ်ချင်းများ
ညီမလေးများ
NTW

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ရွှေ
### A.G.T.I (MP) B.Sc (Physics)
### အသက်(၆၄)နှစ်

သံတွဲခရိုင်၊ တောင်ကုတ်မြို့နေ (ဦးစံလှဖြူ-ဒေါ်အောင်ခိုင်ညို)တို့၏သား၊ (ဒေါ်ခင်ဝင်း)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဇော်သူရ-မစုမြတ်ရည် (ရွှေစုစားသောက်ဆိုင်)တို့၏ ချစ်လှစွာသောမွေးသဖခင်ဖြစ်သူ ဦးတင်ရွှေ A.G.T.I (MP) B.Sc (Physics), Assistant Chief Engineer, Fresh Air Systems, RGK+Z & A Group သည် ၃-၇-၂၀၁၇ရက်(တနင်္လာနေ့) မွန်းလွဲပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Management and Staff**
**RGK+Z & A Group**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ရွှေ
### A.G.T.I (MP) B.Sc (Physics)
### အသက်(၆၄)နှစ်

သံတွဲခရိုင်၊ တောင်ကုတ်မြို့နေ (ဦးစံလှဖြူ-ဒေါ်အောင်ခိုင်ညို)တို့၏သား၊ (ဒေါ်ခင်ဝင်း)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဇော်သူရ-မစုမြတ်ရည် (ရွှေစုစားသောက်ဆိုင်)တို့၏ ချစ်လှစွာသောမွေးသဖခင်ဖြစ်သူ ဦးတင်ရွှေ A.G.T.I (MP) B.Sc (Physics), Assistant Chief Engineer, Fresh Air Systems, RGK+Z & A Group သည် ၃-၇-၂၀၁၇ရက်(တနင်္လာနေ့) မွန်းလွဲပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သီဟသုမေ္မမဏီဇေတရေ ဦးဇေယျာသူရမွန်(GCEO)နှင့်ဇနီး**
**ဒေါ်ခိုင်ခိုင်မြင့်(Dy CEO)**
**RGK+Z & A Group**

## ကိုရဲဝင့်ထွန်း
### (မောင်အေးကဖီး၊ ရေကျော်)
### အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၁၆နေ (ဦးအေး-ဒေါ်ရီ) (မောင်အေးကဖီး)၏မြေး၊ (ဦးထွန်းမြင့်)၏သား၊ (ဦးမောင်ကြင်)-ဒေါ်လှမြင့်၊ ဦးမြတ်ချိုဝင်း-ဒေါ်ခင်လှမြင့်၊ ဦးသိန်းဇော်ထွေး-ဒေါ်ခင်ဝင်းမြင့်၊ (ဦးဝင်းမြင့်)-ဒေါ်မိမိကြိုင်၊ ဦးဘုန်းဝေ (C/E-Wallenius Marine S'pore)-ဒေါ်တင်တင်အေး၊ ဦးအောင်နိုင်(အုပ်ချုပ်ရေးမှူး)-ဒေါ်ခင်မိမိ၊ ဦးမြင့်ထွေး-ဒေါ်ခင်မြအေးတို့၏တူသားသည် ၄-၇-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၇-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

## ဒေါ်ကျင်သိန်း(ကော့မှူး) အသက်(၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့၊ မြို့မပိုင်းနေ(ဦးဟင်-ဒေါ်စိမ်းခက်)တို့၏သမီး၊ (ဦးအုံးရွှေ-ဒေါ်နှင်း)တို့၏ချွေးမ၊ (ဦးကျင်ညွန့်)-ဒေါ်ကျင်တင်၊ ဦးကျင်စိန်၊ ဒေါ်သန်းကျင်တို့၏ညီမ၊ ဒေါ်ကျင်လှိုင်၏အစ်မ၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်း၊ ကူးတို့ဆိပ်ရပ်ကွက်၊အမှတ် B/၃ (BNC)ဝင်းနေ [ဦးစိုးမြင့်(ကုန်သွယ်/လယ်ယာ၊ 02.ဆန်စက် မန်နေဂျာ၊ ငြိမ်း)]၏ဇနီး၊ ဦးကျော်စိုးသိန်း-ဒေါ်ခင်တိုးအေး၊ ဦးရဲထွန်းစိုး-ဒေါ်တင်တင်အုံး၊ ဒေါ်နိုင်နိုင်မော်၊ ဦးထွန်းထွန်းစိုး-ဒေါ်သိန်းသိန်းရီ၊ ဦးမင်းမင်းစိုး-ဒေါ်ယဉ်ယဉ်မွန်တို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၃-၇-၂၀၁၇ရက် (တနင်္လာနေ့)ညနေ ၅နာရီတွင် ရွှေဗဟိုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှဲ့လှဲ့ဝင်း (သန်လျင်)
### အသက်(၇၀)

ပြည်တွင်းအခွန်များဦးစီးဌာန၊ အခွန်ဦးစီးမှူး(ငြိမ်း) ဒေါ်လှဲ့လှဲ့ဝင်းသည် ၁-၇-၂၀၁၇ရက် (စနေနေ့) နံနက် ၃း၂၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**1979 BATCH အခွန်မှူး(ငြိမ်း)များ**

## ဝမ်းနည်းကြေကွဲခြင်း
## ကိုအောင်ခင်(ခ)ကိုတွတ်
### အသက်(၇၀)

သူငယ်ချင်းကြီး ၂၉-၆-၂၀၁၇ရက်တွင် ရန်ကုန်ဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**၁၉၇၃-၇၄ မြောင်းမြဆရာအတတ်သင်ကျောင်းဆင်း**
**သူငယ်ချင်းများ**

## အထူးကျေးဇူးတင်လွှာ

၂၆-၆-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသော ကိုစံဝင်းခိုင် (CDC 59462)၏ နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှပိုင်းဝန်းနှစ်သိမ့်အားပေး ကူညီပေးကြပါသော ရပ်နီးရပ်ဝေးမှ ညီအစ်ကိုမောင်နှမများ၊ မိသားစုဝင်များ၊ ပြည်တွင်းပြည်ပမှ ဆွေမျိုးမိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးကို ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)

## ဦးကင်းစန်(ခ)ဦးစန်
### (ကော့သောင်း)
### အသက်(၇၃)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အဏ္ဏဝါရပ်ကွက်၊ ကမ်းနားလမ်းနေ ဒေါ်တူးခင်၏ ခင်ပွန်းသည် ၂၇-၆-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၀၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၇ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ကော့သောင်းမြို့ ရွှေပြည်သာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ အသင်းသူ၊ အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## ရကိုင်ရာဘီ(ခ)
## ဒေါ်စမ်းစမ်းအေး
### (ကော့ကရိတ်မြို့၊ ကရင်ပြည်နယ်)
### အသက်(၅၄)နှစ်

ကော့ကရိတ်မြို့၊ အောက်ရွာရပ်နေ [ဦးမြင့်သိန်း(ခ)ဦးရာဟင်-ဒေါ်တင်ရွှေ(ခ) ဒေါ်ကရီမာဘီ]တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ သိမ်ဖြူလမ်း၊ အမှတ် ၄၇၈နေ ဟာဂျီဦးအေးမြင့်-ဒေါ်လှတင်တို့၏ ချွေးမ၊ ဦးထွန်းမင်း(ခ)ကိုထွန်းထွန်း၏ဇနီး၊ မဇင်နွယ်စိုး၊ မောင်ရဲနောင်စိုး(ခ)သားငယ်-မရိုစီဟန်၊ မထွန်းစန္ဒာဗိုလ်၊ မောင်ဝင်းထွန်းတို့၏မိခင်၊ မြဝတီမြို့နေ ဟာဂျီမ ဒေါ်မြင့်မြင့်ခိုင်(Grade One Hotel)၊ ဒေါ်နီနီခိုင်၊ ဒေါ်မီမီထွေး၊ (ဦးအောင်ကျော်သူ)၊ (ဦးအောင်ဇော်ဘု)တို့၏အစ်မကြီးသည် ၄-၇-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၅-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ဇူဟိုရ်အပြီး ရေဝေးမွတ်စလင်ဥယျာဉ်တော်တွင် ဒါဖနာပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဘသိန်း (စစ်တွေ)
### အသက်(၆၅)နှစ်

စစ်တွေမြို့၊ရဲနွယ်စုရပ်ကွက်၊အမှတ် ၅နေ (ဦးမဲလုံး-ဒေါ်မိုးနု)တို့၏သား၊ ဦးဘချို-ဒေါ်သူဇာထွန်း၊ ဒေါ်ဦးမြခင်တို့၏ညီ/မောင်၊ ဦးတင်အောင်-ဒေါ်မသိန်းခင်၊ ဒေါ်မသန်းရီ၊ ဦးအောင်သန်းလှ-ဒေါ်ခင်သန်းနု၊ ဦးဦးကျော်ထွန်း-ဒေါ်ခင်သန်းမြင့်၊ ဦးမောင်မောင်-ဒေါ်ခင်သန်းတင်၊ ဦးမိုးဆန်းထွန်း-ဒေါ်ခင်သန်းမြင့်တို့၏အစ်ကို၊ (ဒေါ်မြသိန်းတန်)၏ခင်ပွန်း၊ မမေဝင်းမော်(ဦးကျော်လှိုင်)-မမေဝင်းနိုင်တို့၏ဖခင်၊ မချမ်းမြေ့ဝေ၏အဘိုး၊ တူ၊ တူမ ၁၅ယောက်တို့၏ ဦးလေးသည် ၃-၇-၂၀၁၇ရက် ည ၁၀း၅၀နာရီတွင်ရန်ကုန်မြို့၊ ခုတင်-၅၀၀ ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်း၊ အလိုတော်ပြည့်ကျောင်းတိုက်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ကိုဖြိုးကိုကိုရှိန်
### အသက်(၃၂)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ ကြီးပွားရေးရပ်ကွက်(မြောက်ပိုင်း)၊ အမှတ် ၂၄၅နေ ဦးခင်ရှိန် - ဒေါ်ကြည်အေးတို့၏သား၊ (ဦးသန်းဝင်း)-ဒေါ်သန်းရွှေတို့၏ သားသမက်၊ မသီသီဝင်းရှိန်၊ မစိုးစန္ဒီရှိန်၊ မောင်ညီညီထွန်း၊ မောင်ဟိန်းမိုးရှိန်-မမြင့်မြင့်သန်း၊ မောင်ထိန်ဝင့်ရှိန်-မမာလာထွန်းတို့၏ညီ/မောင်၊ မနွယ်နီဝင်း၏ ချစ်လှစွာသောခင်ပွန်းသည် ၃-၇-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၃း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဌေးလွင်
### (ဆေးနှင့်ဆေးပစ္စည်းကုန်သွယ်ရေးရုံးချုပ်၊ ငြိမ်း)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ နှင်းဆီလမ်း၊ စစ်တောင်းရိပ်မွန်အိမ်ရာ၊ တိုက် ၁၂၊ အခန်း ၁၀၂နေ(ဒေါ်ခင်ဝင်း)၏ခင်ပွန်း၊ ဦးအောင်စိုးလွင်-ဒေါ်သီတာထွန်း၊ ဦးဝင်းဌေးလွင်-ဒေါ်အေးအေးစိုး၊ ဦးအောင်ဇော်မင်း-ဒေါ်ခင်လေးသစ္စာ၊ ဦးတက်နေလင်း-ဒေါ်ပွင့်ဖြူလွင်တို့၏ဖခင်၊ မြေး ရှစ်ယောက်တို့၏အဘိုးသည် ၄-၇-၂၀၁၇ရက် နံနက် ၈နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၁၀-၇-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရဟန်းဒါယိကာမကြီး
## ဒေါ်ရွှေမယဉ်
### လေးတောင်၊ ဇရပ်ပြင်ရွာ
### အသက်(၆၇)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ကွမ်းအိုင်ကျေးရွာနေ (ဦးကျော်ညွှာအောင်-ဒေါ်ဦးစိန်ဖြူ)တို့၏သမီး၊ ဇရပ်ပြင်ရွာနေ (ဦးသာကျော်အောင်-ဒေါ်ယိုင်ဖြူ)တို့၏သမီးချွေးမ၊ [ဦးစန်ရွှေ (မူ/ကြီး ကွမ်းအိုင်)]၏ဇနီး၊ ဦးဘစိုး-ဒေါ်ခင်ရီမြင့်၊ဒေါက်တာကျော်လွင်-ဒေါ်ရွှေရည်၊ ဦးဖေသိန်း-ဒေါ်လှမျိုးနွယ်၊ ဦးစိုးနိုင်-ဒေါ်မချို၊ ဦးကျော်ဆိုင်-ဒေါ်အေးမြင့်စောတို့၏အစ်မ၊ ကိုစံလွင်-မမြတ်မြတ်ခိုင်၊ ကိုနေမျိုးအောင်-မသီဂီလွင်၊ ကိုတင်သိန်း-မရင်ငြိမ်းအေး [အလပြ၊ လခွဲမ(၇)၊ ကြည့်မြင်တိုင်]တို့၏ မိခင်၊ မြေး လေးယောက်တို့၏ အဘွားသည် ၃-၇-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၉း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၉-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အမှတ် ၃၊ ဓမ္မပါလလမ်း၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ဗဟန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်ခင်ဝေ
### (ပုလော/ကျောက္ကာရွာ)
### အသင်းဝင်အမှတ်-၂၅၉၃
### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်၊ ၂လမ်း၊ ဘီဘာလောက်၊ တိုက် ၂၅၊ အခန်း ၃၀၁နေ ဦးတင်စိန်၏ဇနီးသည် ၃-၇-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အသင်းမှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးခင်မောင်သိန်း
### (စက်မှု-၁၊ အငြိမ်းစား)
### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ အောင်တံခွန်လမ်း၊ အမှတ်(၂၄၃/ခ)နေ (ဦးကျော်သိန်း-ဒေါ်သန်းလှ)တို့၏သား၊ ဦးချစ်မောင်မောင်သိန်း၊ ဦးမျိုးမြင့်သိန်း-ဒေါ်ရီစီ၊ ဒေါ်စန္ဒာသိန်းတို့၏အစ်ကို၊ မောင်ဝေဖြိုးကျော်၊ မောင်လျှမ်မင်းထက်၊ မဝေသီဟ၊ မောင်ထက်ဦးရှိန်၊ မသဲဇာဝင်းတို့၏ဦးလေး၊ မချိုးခင်ခင်၏အဘိုးသည် ၄-၇-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၇-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒုအရာခံဗိုလ်အောင်တင် (ငြိမ်း)
### ခ·လ·ရ(၆၆)
### အသက်(၉၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နေ (ဦးရွှေဘုံ-ဒေါ်သုန်)တို့၏သား၊ နမ့်စန်မြို့၊ (၂)ရပ်ကွက်၊ အမှတ် ၁၈၁နေ ဒေါ်နန်းထွန်း၏ခင်ပွန်း၊ သား၊ သမီး ရှစ်ယောက်တို့၏ဖခင်၊ မြေး ၁၆ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘိုးသည် ၄-၇-၂၀၁၇ရက် နံနက် ၈း၁၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် နေအိမ်မှ နမ့်စန်မြို့မသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးတင်ဖေ အသက်(၈၄)နှစ်
### ကုန်သွယ်ရေး(ငြိမ်း)
### (နာယက) လူမျိုးပေါင်းစုံနှစ်ခြင်းအသင်းတော်၊ မြောက်ဥက္ကလာပ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ နွယ်နီ ၇လမ်း၊ အမှတ် ၃၄၄နေ (ဦးအုံ့ကြီးမောင်-ဒေါ်စိန်ရင်)တို့၏သား၊ (ဦးစောထွန်းဝင်း-ဒေါ်ထုံးမေ)တို့၏သားသမက်၊ (ဒေါ်ဝင်းစန်း၊ ဝန်ကြီးများရုံး)၏ချစ်လှစွာသောခင်ပွန်း၊ ဦးသက်ဖေဦး၊ (ဦးခင်မောင်ချစ်)-ဒေါ်တင်ဝင်းမေ၊ ဒေါ်ခင်ခင်သွယ်၊ (ဦးမြင့်ဖေထူး)-ဒေါ်သန်းအိတို့၏ဖခင်၊ မောင်ရဲထွဋ်နိုင်-မအိပိုပိုထူး၊ မမေဆုမြတ်ချစ်တို့၏အဘိုးသည် ၄-၇-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၄နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၆-၇-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ရဟန်းဒါယကာကြီး
## ဦးကျော်ဝင်း
### ကျန်းမာရေးဦးစီးဌာန(ငြိမ်း)
### အသက်(၈၀)

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မိုးတိမ်ပြင်ရွာနေ (ဦးဖြူ-ဒေါ်ဖွားသိန်း)တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်း၊အမှတ် ၁၁၈၀(မြေညီ၊ခေါင်းရင်း)နေ ဒေါ်အုန်းမြ၏ခင်ပွန်း၊ ဦးကျော်ကျော်ဦး၊ ဦးစိုးကြည်-ဒေါ်သီတာဝင်း၊ ဦးအောင်ဆန်းဝင်း-ဒေါက်တာဌေးဌေးဝင်း (ဌာနမှူး၊ ရောဂါဗေဒဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်)၊ ဗိုလ်မှူးလင်းထွဋ် (ခွဲစိတ်ကုပါရဂူ)-ဒေါက်တာနှင်းရည်ဝင်း(Novartis Co.,Ltd, DKSH)တို့၏ဖခင်၊ မနှင်းမြတ်မွန်ကြည်(ပ-နှစ်၊ ဒဂုံတက္ကသိုလ်)၊ မောင်ထက်အာကာအောင် [Grade-8၊ အလက(၁)ဒဂုံ]၊ မအင်ကြင်းဖြူ[Grade-4၊ အလက(၁)ဒဂုံ]၊ မောင်အောင်ကောင်းမြတ်[KG၊ အလက(၁)ဒဂုံ]တို့၏အဘိုးသည် ၄-၇-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဘလှမောင် (စစ်တွေ)
### ပန်းချီဆရာ၊ ရုပ်ရှင်ရုံမန်နေဂျာ(ငြိမ်း)၊ ရုပ်ရှင်လုပ်ငန်း
### အသက်(၈၀)

(ဦးဖထော်ဦး-ဒေါ်စိန်မိုးဖြူ)တို့၏သား၊ (ဦးကြဲထွီးအောင်-ဒေါ်ဖောင်သာ)တို့၏သားသမက်၊ [ဒေါ်စန်းစန်းရီ(ခ)ဒေါ်အောင်နု]၏ခင်ပွန်း၊ (ဦးထွန်းမောင်)-ဒေါ်ငွေခင်တို့၏ညီ၊ (ဒေါ်အေးနုသာ)-ဦးထွန်းအောင်ကျော်၊ (ဦးဖိုးချစ်)-ဒေါ်မေကြီး၊ (ဦးဖိုးနု)-ဒေါ်တင်မြင့်၊ ဦးလှရွှေ-ဒေါ်ချစ်နွဲ့တို့၏အစ်ကို၊ (ဒေါ်ခိုင်စံဝေ)၊ ဦးဘုန်းနိုင်-ဒေါ်ခင်သန်း၊ ဦးအေးနိုင်၊ ဦးစောနိုင်၊ ဒေါ်အေးခိုင်ဖြူ-ဦးမိုးကျော်အောင်၊ ဦးမိုးနိုင်-ဒေါ်လှဲ့လှဲ့ဝင်း၊ ဒေါ်နီနီခိုင်-ဦးလူလေး၊ ဒေါ်ဖြူဖြူခိုင်-ဦးကျော်ဇောဟိန်း၊ ဒေါ်စုခိုင်-ဦးဉာဏ်သိန်း၊ ဒေါ်သီရိကေခိုင်-ဦးဇော်ထက်အောင်တို့၏ချစ်လှစွာသောဖခင်၊ မြေး ၂၇ယောက်၊ မြစ်လေးယောက်တို့၏အဘိုးရင်သည် ၂၇-၆-၂၀၁၇ရက်တွင် မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ လမ်းသွယ်(၁၂)၊ အမှတ် ၂၃ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ မြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ရဟန်းဒါယိကာမကြီး
## ဒေါ်ရွှေမယဉ် (လေးတောင်၊ ဇရပ်ပြင်ရွာ)
### အသက်(၆၇)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ကွမ်းအိုင်ကျေးရွာနေ(ဦးကျော်ညွှာအောင်-ဒေါ်ဦးစိန်ဖြူ)တို့၏သမီး၊ ဇရပ်ပြင်ရွာနေ(ဦးသာကျော်အောင်-ဒေါ်ယိုင်ဖြူ)တို့၏သမီးချွေးမ၊ [ဦးစန်ရွှေ (မူ/ကြီး၊ ကွမ်းအိုင်)]၏ဇနီး၊ ဦးဘစိုး-ဒေါ်ခင်ရီမြင့်၊ ဒေါက်တာကျော်လွင်-ဒေါ်ရွှေရည်၊ ဦးဖေသိန်း-ဒေါ်လှမျိုးနွယ်၊ ဦးစိုးနိုင်-ဒေါ်မချို၊ ဦးကျော်ဆိုင်-ဒေါ်အေးမြင့်စောတို့၏အစ်မ၊ ကိုစံလွင်-မမြတ်မြတ်ခိုင်၊ ကိုနေမျိုးအောင်-မသီဂီလွင်၊ ကိုတင်သိန်း-မရင်ငြိမ်းအေး [အလပြ၊ လခွဲမ(၇) ကြည့်မြင်တိုင်]တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၃-၇-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၉း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အမှတ် ၃၊ ဓမ္မပါလလမ်း၊ဆရာစံမြောက်/အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]စပါးတုံ့ရွာသာရေးနာရေးအသင်း(ရန်ကုန်)

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးထွန်းနိုင်ဝင်း
### ဌာနခွဲစာရေး(လုပ်ငန်းဌာနစိတ်)
### နေပြည်တော်မြို့ပြအင်ဂျင်နီယာဌာန
### အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ (၂၅)ရပ်ကွက်၊ ရွှေနှင်းဆီ ၆လမ်း၊ အမှတ် ၄၂နေ ဦးစိုးဝင်း-ဒေါ်အုန်းကြိုင်တို့၏သား၊ ဦးစိုးမြင့်ဦး(သင်းအုပ်)၊ (ဦးသောမတ်စ်ဝင်း)၊ ဒေါ်မူမူဝင်း၊ ဒေါ်အေးအေးဝင်းတို့၏ညီ/မောင်၊ ဦးခင်မောင်ဝင်း(ခေတ္တ-စင်ကာပူ)၏အစ်ကို၊ (ဒေါ်နေရှင်)၊ တူးမာတို့၏ခင်ပွန်းသည် ၄-၇-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် OSC ဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၆-၇-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

# မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအို သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရန်နှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ နီးနီးကပ်ကပ်လုပ်ကိုင်နိုင်စေရန် ကမ္ဘာ့ဘဏ်ကဆောင်ရွက်နေ

**သတင်း - ခင်ရတနာ**

**နေပြည်တော် ဇူလိုင် ၄**

မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံဆိုင်ရာများအတွက် သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရန်နှင့် ဆင်းရဲနွမ်းပါးမှုကို တိုက်ဖျက်ရန်၊ တိုးတက်မှု၏ အသီးအပွင့်များအား လူတိုင်းမျှဝေခံစားနိုင်ရန်အတွက် ကမ္ဘာ့ဘဏ်၏ လုပ်ငန်းစဉ်များကို မြှင့်တင်ရန်၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ပိုမိုရင်းနှီးစွာဆွေးနွေးလုပ်ကိုင်ရန် ကမ္ဘာ့ဘဏ်မှ ဆောင်ရွက်လျက်ရှိပြီး ယင်းအတွက် သုံးနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးအသစ်တစ်ဦးအား စတင်ခန့်အပ်ခဲ့ကြောင်း ဇူလိုင် ၃ ရက်က ကမ္ဘာ့ဘဏ်ရုံးချုပ် ဝါရှင်တန်ဒီစီမှ သတင်းထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်သို့ ကူးပြောင်းလျက်ရှိပြီး ဒေသတွင်းနိုင်ငံများအပါအဝင် နိုင်ငံတကာနှင့် ချိတ်ဆက်မှုများ ပိုမိုပြုလုပ်လျက်ရှိသည့် သမိုင်းဝင်သည့် အပြောင်းအလဲကာလတွင် ကမ္ဘာ့ဘဏ်အနေဖြင့် ညွှန်ကြားရေးမှူးအဆင့်ရှိသည့် ဌာနေကိုယ်စားလှယ်တစ်ဦးအား ရန်ကုန်မြို့တွင် အခြေစိုက်ကာ ပထမဦးဆုံးအကြိမ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်သွားရန် ရည်ရွယ်ထားကြောင်း ယင်းသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"ကျွန်မအနေနဲ့ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနဲ့ လာအိုနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ရတဲ့အတွက် အင်မတန်ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ဒီတိုင်းပြည်တွေရဲ့ထူးခြားတဲ့သမိုင်းကြောင်းနဲ့ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုတွေကို ပိုမိုနားလည်လာအောင် ကြိုးပမ်းဆောင်ရွက်သွားဖို့ ရည်ရွယ်ထားပါတယ်။ လတ်တလောမှာ ဒီသုံးနိုင်ငံက အရှေ့အာရှဒေသရဲ့ စီးပွားရေးတိုးတက်မှုနှုန်းအရ အမြန်ဆန်ဆုံး တိုင်းပြည်တွေထဲမှာ ပါဝင်နေပါတယ်။ တစ်နိုင်ငံချင်းစီအလိုက် သဘောတူညီထားတဲ့

*စာမျက်နှာ ၉ ကော်လံ ၁* ❁

**နိုင်ငံတကာအားကစား** စာမျက်နှာ - ၂၀



## ပတ်ကွီအိုနှင့် ဂျက်ဖ်ဟွန်း စိတ်မကျေပွဲ ထိုးသတ်မည်



## နေမာကို ခေါ်ယူရေး မန်ယူကြိုးစားနေ

# ဆီးဂိမ်းဘောလုံးပြိုင်ပွဲ အုပ်စုမဲခွဲမည့်ပုံစံများ ထုတ်ပြန်ကြေညာ

**သတင်း - ညီမြတ်သော်တာ**

**ဓာတ်ပုံ - စိုးညွန့်**

**ရန်ကုန် ဇူလိုင် ၄**

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အုပ်စုမဲခွဲမည့်ပုံစံများ ထုတ်ပြန်ကြေညာခဲ့ပြီး အမျိုးသားပြိုင်ပွဲတွင် ၁၁ သင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ခြောက်သင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အိမ်ရှင်မလေးရှားအသင်းသည် ဘောလုံးပြိုင်ပွဲ အုပ်စုမဲခွဲရာတွင် ၎င်းတို့အသာရမည့်ရေးဆွဲမှုများ စီစဉ်ထားသော်လည်း ဇူလိုင် ၁ ရက်က ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သည့် အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီ အစည်းအဝေးတွင် မြန်မာနိုင်ငံအပါအဝင် ဗီယက်နမ်၊ လာအိုစသည့်နိုင်ငံများက ကန့်ကွက်ခဲ့သောကြောင့် အာဆီယံဘောလုံးအဖွဲ့ချုပ်နှင့် မလေးရှားအိုလံပစ်ကော်မတီ၊ မလေးရှားဘောလုံးအဖွဲ့ချုပ်တို့ ညှိနှိုင်းကာ

*စာမျက်နှာ ၉ ကော်လံ ၁* ✻



ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်း

**ယနေ့ထုတ်မြန်မာ့အလင်း သတင်းစာတွင် ယနေ့ရန်ကုန်အချပ်ပို လေးမျက်နှာပါရှိသည်**

ယနေ့ရန်ကုန် Yangon Today

## မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်

**နေပြည်တော် ဇူလိုင် ၄**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။ **(မိုး/ဇလ)**



မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်

၂၀၁၇ ခုနှစ်၊ ဇူလိုင် ၅ ရက်၊ ဗုဒ္ဓဟူးနေ့၊

# ရန်ကုန်စီးပွား ပြည့်ခွန်အားဟု ဆိုနိုင်

● တွေ့ဆုံမေးမြန်း - နန္ဒာဝင်း၊ မြတ်စန္ဒီ၊ ဓာတ်ပုံ - ဝင်းစန္ဒီ



**ရန်ကုန်တိုင်းဒေသကြီးသည်** ခေတ်အဆက်ဆက် စက်မှုလုပ်ငန်းများဖြင့် နိုင်ငံ၏ ဝင်ငွေအများဆုံး ရှာဖွေပေးရာတိုင်းဒေသကြီးတစ်ခု ဖြစ်သည်။ ကုန်သွယ်မှုအနေဖြင့်လည်း အနယ်နယ်အရပ်ရပ်မှ ကုန်စည်များက ရန်ကုန်တိုင်းဒေသကြီးကို ဗဟိုပြု၍ စီးဆင်းလျက်ရှိသည်။ သို့မို့ကြောင့် ရန်ကုန်စီးပွားသည် ပြည့်ခွန်အားဟု ဆိုနိုင်သည်။ ရန်ကုန်၏ စီးပွားရေးတိုးတက်ပါက ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များပါ လိုက်ပါတိုးတက်နိုင်သကဲ့သို့ ရန်ကုန်စီးပွားရေး တုံ့ဆိုင်းလျှင်လည်း ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များထိ ရိုက်ခတ်နိုင်ပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာ ရန်ကုန်တိုင်းဒေသကြီး ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့်သဘောထားအမြင်နှင့် သုံးသပ်ချက်များကို စုစည်းတင်ပြလိုက်ပါသည် -


ဦးသက်လွင်တိုး


ဦးခင်မောင်ညို


ဦးသာခ


ဦးဝေဖြိုး

**စီးပွားရေးသုတေသီ - ဦးခင်မောင်ညို(ဘောဂဗေဒ)**

စေတနာနဲ့တော့ လုပ်ကြတာပေါ့လေ။ ဒါပေမယ့် ရန်ကုန်က မနိုင်မနင်းများဖြစ်နေကြသလားလို့ပေါ့နော်။ လုပ်စရာတွေကတော့ အများကြီးပဲ၊ လူတွေကလည်း သူတို့တစ်ခုပြောလိုက်ရင် အတော်မျှော်လင့်တယ်လေ။ နဂိုကတည်းက အစိုးရအပေါ်မှာ မျှော်လင့်ချက်က ကြီးထားတယ်ဆိုတော့လေ။ မျှော်လင့်ချက်တွေ အများကြီးပေးထားပြီး လက်တွေ့မလုပ်နိုင်တဲ့အခါ နည်းနည်းပြောစရာတော့ ဖြစ်တာပေါ့။ လက်တွေ့မှာအဆင်မပြေတာ။ ကျွန်တော့်သဘောကတော့ သေသေချာချာ ပြင်ဆင်ပြီးတော့မှလုပ် စေချင်တယ်ပေါ့နော်။ စီးပွားရေးလုပ်ငန်းတွေရဲ့ သဘောကတော့ စည်းမျဉ်းစည်းကမ်းတွေ နည်းသွားရင် လုပ်သာကိုင်သာရှိတယ်။ လုပ်ငန်းအလိုက်တော့ ကွာလိမ့်မယ်ထင်တယ်။ တချို့ကလည်း လုပ်လို့ကိုင်လို့ကောင်းတယ်လို့ ပြောတယ်။ တချို့ကလည်း မကောင်းဘူး ပြောတယ်။ ဒါတွေကတော့ လုပ်ငန်းပေါ် မူတည်လိမ့်မယ်လို့ထင်တယ်။ ပြီးခဲ့တဲ့ တစ်နှစ်လောက်က ဆောက်လုပ်ရေး လုပ်ငန်းတွေ မကောင်းဘူးပြောတယ်။ အခုတော့ အဆင်ပြေသွားပုံရတယ်။

**ဦးသူရိန်အောင် (ဒုဥက္ကဋ္ဌ၊ Myanmar Japan Thilawa Development Ltd.)**

ရန်ကုန်က မြန်မာနိုင်ငံရဲ့စီးပွားရေးမြို့တော်ဖြစ်တဲ့အတွက် အင်မတန် အရေးကြီးပါတယ်။ ရန်ကုန်မှာလုပ်လိုက်တဲ့စီမံကိန်းတွေ၊ ရန်ကုန်မှာဆုံးဖြတ်လိုက်တဲ့ မူဝါဒတွေက တစ်နိုင်ငံလုံးကို ဖြန့်ကြက်ပြီးအလားအလာကောင်းတွေ ဖြစ်လာနိုင်တော့လေ၊ ဘာပဲဆုံးဖြတ်ဆုံးဖြတ် တစ်နိုင်ငံလုံး အတိုင်းအတာအထိ သက်ရောက်မှုရှိနိုင်တယ်ဆိုတာ ကျွန်တော့်အနေနဲ့ပြောချင်ပါတယ်။

**ဦးဝေဖြိုး - ဒုဥက္ကဋ္ဌ (UMFCCI)**

ရန်ကုန်မြို့ရဲ့ စီးပွားရေးအခြေအနေက ကောင်းတယ်၊ ဒါပေမယ့် အခက်အခဲတွေ၊ ကန့်သတ်ချက်တွေတော့ အများကြီးရှိတယ်။ ရန်ကုန်မြို့မှာ စက်မှုဇုန်တွေ၊ လမ်းတွေတိုးချဲ့ရတယ်။ ရန်ကုန်တိုးတက်မှ တစ်နိုင်ငံလုံး တိုးတက်မှာလေ။ အလုပ်လုပ်ချင်တဲ့ သူတွေက ရန်ကုန်ကို အများကြီးပြောင်းရွှေ့လာကြတော့ မြို့ကြီးက ကြီးသွားတယ်။ ကုန်ဈေးနှုန်းတွေကလည်း အလွန်တက်နေတယ်။ ရန်ကုန်တက်ပြီဆိုရင် တစ်ပြည်လုံး ကုန်ဈေးနှုန်းက တက်တာပဲ။ ကုန်ဈေးနှုန်းကို ထိန်းနိုင်မှကျွန်တော်တို့နိုင်ငံက ချမ်းသာတဲ့နိုင်ငံဖြစ်မယ်။ ကုန်ဈေးနှုန်းကို မထိန်းနိုင်သရွေ့အလယ်အလတ်တန်းစား (Middle Class) က တက်မလာနိုင်ဘူး။ ကြိုက်သလောက် လစာတိုး၊ ဒီလစာက ကုန်ဈေးနှုန်းထဲ ပါသွားမှာပဲ။ နိုင်ငံက မတိုးတက်နိုင်ဘူး။ ခနအင်အားဆိုတာ ဖြစ်မလာနိုင်ဘူး။ နိုင်ငံတိုင်းမှာ ကုန်ဈေးနှုန်းကြီးမြင့်တဲ့ ပြဿနာရှိတယ်။ မထိန်းလို့ကတော့ မဖြစ်ဘူး။ ဒါကိုတော့ မဖြစ်မနေလုပ်ရမယ်။ အစိုးရအလုပ်ပဲလေ။ စီးပွားရေးတိုးတက်အောင်ဆိုရင် အစိုးရနဲ့ပုဂ္ဂလိက များများစကားပြောပေးရမယ်။ တစ်ယောက်နဲ့ တစ်ယောက်ယုံကြည်မှုရှိရမယ်။ တစ်ယောက်ကိုတစ်ယောက် ပံ့ပိုးကူညီနိုင်ရမယ်။

**ဦးသက်လွင်တိုး**
**(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း)**

ရန်ကုန်မြို့က အစဉ်အလာကြီးပြီး လေကြောင်း၊ ကုန်းကြောင်း၊ ရေကြောင်း စုံတဲ့မြို့တော်ကြီးဖြစ်တယ်။ ခရီးသွားပိုင်းနဲ့ပတ်သက်ရင်တော့ ရန်ကုန်မြို့မှာရှိသင့် ရှိထိုက်တဲ့ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးကို ထိန်းသိမ်းသင့်သလို သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုမရှိစေတဲ့ ခရီးသွားဆိုင်ရာ ဆွဲဆောင်မှုတွေလည်း ဖန်တီးသင့်ပါတယ်။

စီးပွားရေးနဲ့ပတ်သက်တဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုအပိုင်းတွေသာမက လုံခြုံရေးပိုင်းကပါ မဟာဗျူဟာကျတာကြောင့် ရန်ကုန်ကအတော်ကြီးပါတယ်။ စီးပွားရေးပိုင်းမှာ ရေရှည်အနာဂတ်အတွက် မြို့ကိုတိုးချဲ့လာကြတယ်၊ စီးပွားရေးဇုန်ကို တိုးချဲ့လာကြတယ်။ ရေကြောင်းပိုင်းမှာ ကုန်စည်စီးဆင်းဖို့ နိုင်ငံတကာကလာတဲ့ ရေကြောင်းဝင်ပေါက်က ရန်ကုန်မြစ်တစ်ခုပဲရှိတာကြောင့် ကောမသွားအောင် နားလည်တဲ့ ပညာရှင်တွေနဲ့တိုင်ပင်ပြီး ထိန်းသိမ်းတဲ့အပိုင်းတွေ ဆောင်ရွက်သင့်ပါတယ်။ ရန်ကုန်မြို့က နိုင်ငံတကာဝင်ပေါက်ဖြစ်တာကြောင့် ရေရှည်သွားမယ့် Master Plan နဲ့ သွားစေချင်တယ်။

**ဦးသာခ (ဥက္ကဋ္ဌ)**
**မြန်မာ့လက်မှုလုပ်ငန်းရှင်များအသင်း**

လက်ရှိအနေအထားကတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရုန်းကန်နေတယ်၊ ဒါပေမယ့် အစိုးရသစ်လက်ထက် ဒုတိယနှစ်ထဲကိုဝင်ရောက်လာပြီဆိုတော့ ပြည်သူတွေကို ပိုမိုကောင်းမွန်တဲ့ အခွင့်အရေးတွေ ဖန်တီးပေးနိုင်မယ်လို့ ယုံကြည်တယ်။ လုပ်ဆောင်ချက် ဆိုတဲ့နေရာမှာတော့ ဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ လက်တွေ့ အကောင် အထည်ဖော်တဲ့အပိုင်းမှာ အားနည်းနေတယ်။ ဒီအနေအထားကို နိုင်ငံတော်ကိုအကြံပြုလိုပါတယ်။ ကူညီသင့် ကူညီထိုက်တဲ့ပုဂ္ဂိုလ်တွေကို နိုင်ငံတော်က ထောက်ပံ့ပေးဖို့ နိုင်ငံတော်နဲ့ လူမျိုးအတွက်ပါ အကျိုးရှိမယ့် စီးပွားရေးလုပ်ငန်းတွေ နိုင်ငံတော်ကနေ သေသေချာချာ စိစစ်ကူညီပံ့ပိုးဖို့ပါ၊ ဒီ အပိုင်း တော့ လိုအပ်မယ်လို့သုံးသပ်ပါတယ်။

**ဒေါ်ဥမ္မာမော်**
**Executive Director**
**Awards Logistics Co., Ltd.**

နိုင်ငံတကာကုမ္ပဏီကြီးတွေသာမက အသေးစား အလတ်စား စီးပွားရေး လုပ်ငန်းရှင်တွေပါ ရန်ကုန်အပါအဝင် မြန်မာပြည်ကို စိတ်ဝင်စားမှုမြင့်မားတာကြောင့် အနာဂတ် မြန်မာ့စီးပွားရေးလုပ်ငန်းက လုပ်ငန်းကဏ္ဍကြီးတွေသာမက အသေးစား အလတ်စားလုပ်ငန်းတွေပါ တစ်ပြေးညီတိုးတက်လာ မယ်လို့ မှန်းဆပါတယ်။ တိုင်းရင်းသားလုပ်ငန်းရှင်တွေအနေနဲ့ စီးပွားရေးကဏ္ဍအသီးသီးမှာ ပြည်ပကုမ္ပဏီကြီးတွေနဲ့ ယှဉ်ပြိုင်နိုင်ဖို့အတွက် အစိုးရပိုင်းရဲ့ပံ့ပိုးမှုတွေတော့ အများကြီး လိုအပ်ပါတယ်။ မြန်မာပြည်အနေနဲ့ ယခုထက်အရှိန်အဟုန် နှစ်ဆတိုး ဆောင်ရွက်မှ အာဆီယံဒေသတွင်း တိုင်းပြည်တွေကို ယှဉ်ပြိုင်နိုင်ပြီး ကမ္ဘာ့စီးပွားရေး ရင်ပေါင်တန်းနိုင်မှာ ဖြစ်ပါတယ်။ ॥

> **ရန်ကုန်က မြန်မာနိုင်ငံရဲ့စီးပွားရေးမြို့တော်ဖြစ်တဲ့အတွက် အင်မတန်အရေးကြီးပါတယ်။ ရန်ကုန်မှာလုပ်လိုက်တဲ့စီမံကိန်းတွေ၊ ရန်ကုန်မှာဆုံးဖြတ်လိုက်တဲ့ မူဝါဒတွေက တစ်နိုင်ငံလုံးကို ဖြန့်ကြက်ပြီး အလားအလာကောင်းတွေ ဖြစ်လာနိုင်**

# ရန်ကုန်ဘူတာကြီးနှင့် ပုဇွန်တောင်ဘူတာကြား ခေတ်နှင့်လျော်ညီသော မီးပွိုင့်များ အဆင့်မြှင့်တပ်ဆင်မည်

● သတင်း- မောင်စိန်လွင် (မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်



ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူများ အန္တရာယ်ကင်းအဆင်ပြေစေရန်နှင့် ခေတ်နှင့်လျော်ညီသော အချက်ပြမီးပွိုင့်များ အဆင့်မြှင့်ပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်းများကို ၂၀၁၅ ခုနှစ်မှစတင်ကာ လေ့လာဆန်းစစ်မှုများပြုလုပ်ခဲ့ပြီး ယခုအခါ မြေပြင်လုပ်ငန်းများကို စတင်အကောင်အထည်လုပ်ဆောင်နေပြီဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ သိရသည်။

"ကျွန်တော်တို့ အခုလုပ်ဆောင်နေတာကတော့ အချက်ပြပစ္စည်းတွေ၊ မီးပွိုင့်၊ မီးတိုင်တွေကိုအသစ်ပြန်ပြီး အဆင့်မြှင့်တင်ဖို့ လုပ်ဆောင်နေတာပါ။ အဓိကတော့ ရန်ကုန်ဘူတာကြီးနဲ့ ပုဇွန်တောင်ဘူတာကြားမှာ ခေတ်နဲ့လျော်ညီတဲ့ မီးပွိုင့်အချက်ပြတွေ အဆင့်မြှင့်တပ်ဆင်ဖို့ဖြစ်ပါတယ်။ Survey လုပ်တာကတော့ JICA အဖွဲ့ကဦးဆောင်ပြီး ၂၀၁၅ ခုနှစ်ကတည်းက မြေပြင်လုပ်ငန်းတွေကိုလုပ်ဆောင်ခဲ့တယ်။ ခုတိုင်းတာနေတာကအရင်အဟောင်းပစ္စည်းတွေနဲ့ အသစ်လဲလှယ်တပ်ဆင်မယ့် နေရာတွေအံဝင်ခွင်ကျဖြစ်၊ မဖြစ်နဲ့ ကိုက်ညီမှု ရှိ/မရှိ၊ အသစ်တပ်ဆင်မယ့် နေရာလွတ် ရှိ/မရှိ ဒါတွေကို ပြန်လည်ပြီးတော့ အသေးစိတ်စစ်ဆေးမှု လုပ်ဆောင်နေတာဖြစ်ပါတယ်"ဟု မြန်မာ့မီးရထားမှ အငယ်တန်းအင်ဂျင်နီယာ-၁ (အချက်ပြဆက်သွယ်ရေး) ဦးဇော်မျိုးဆန်းက ပြောသည်။

မြန်မာ့မီးရထားခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းရေးကို အဓိကထားလုပ်ဆောင်မည့် အဆိုပါ ရန်ကုန်ဘူတာကြီးနှင့် ပုဇွန်တောင်ဘူတာကြား အဆင့်မြှင့်တင်မှုလုပ်ငန်းများကို မြန်မာ့မီးရထားမှ ဦးဆောင်ပြီး ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)က အဓိကကူညီပံ့ပိုးပေးခြင်းဖြစ်သည်။ အဆိုပါလမ်းပိုင်းတွင် ယခုလက်ရှိ အသုံးပြုနေသော အချက်ပြပစ္စည်းများ၊ မီးပွိုင့်များ၊ မီးတိုင်များသည် သက်တမ်းအားဖြင့် နှစ်ပေါင်း ၇၀ ကျော်ပြီ ဖြစ်ကာ ယခုအခါတွင် JICA ၏အဓိကကူညီပံ့ပိုးပေးမှုဖြင့် ခေတ်နှင့်လျော်ညီသော အချက်ပြမီးပွိုင့်များကို အပါအဝင် လိုအပ်သောပစ္စည်းများကို အဆင့်မြှင့် လဲလှယ်တပ်ဆင်မှုလုပ်ငန်းများကို လာမည့် ၂၀၁၈ ခုနှစ်အတွင်း အပြီးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အချက်ပြပစ္စည်းများ၊ မီးပွိုင့်များ၊ မီးတိုင်များသည် သက်တမ်းအားဖြင့် နှစ်ပေါင်း ၇၀ ကျော်ပြီဖြစ်၊ ခေတ်နှင့်လျော်ညီသောအချက်ပြ မီးပွိုင့်များကို လာမည့် ၂၀၁၈ ခုနှစ်အတွင်း အပြီးလုပ်ဆောင်သွားမည်**

"အခုနောက်ပိုင်း မြန်မာ့မီးရထားအနေနဲ့ လမ်းပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေ လုပ်ထားတော့ အရင်နဲ့စာရင် အထိုက်အလျောက်တော့ အဆင်ပြေလာပါတယ်။ အလားတူပဲ အချက်ပြတွေ၊ မီးပွိုင့်တွေကို ခေတ်နဲ့အညီ အဆင့်မြှင့်တင်တဲ့ အပိုင်းတွေ ပြုပြင်မွမ်းမံပြီးရင်တော့ ရန်ကုန်ဘူတာကြီး ဝန်းကျင်အပိုင်းက တော်တော်လေး ကောင်းမွန်လာမှာပါ။ ဒါပေမယ့်လည်း ပြည်သူလိုက်ပါပူးပေါင်း ဆောင်ရွက်မှုက အများကြီး လိုအပ်ပါတယ်။ တချို့ဆိုရထား လာတာတောင် နားကျပ်မဖြုတ်ဘူး။ အေးအေးဆေးဆေးနဲ့ ဘာမှ အန္တရာယ်မရှိသလိုဘဲ လမ်းလျှောက်ကြတယ်။ ရထားသံလမ်းဘေးဆိုလည်း စားပြီး အမှိုက်တွေ နေရာအနှံ့ပစ်ထားကြ တာပွနေတာပဲ၊ မြင်လို့တောင် မကောင်းဘူး။ ပြောချင်တာက ခရီးသွားပြည်သူတွေအနေနဲ့လည်း လွယ်လင့်တကူ အမှိုက်စွန့်ပစ်မှုကို ရပ်သင့် ပြီလို့မြင်တယ်၊ ဒါမှပြုပြင်ပြောင်းလဲ အဆင့်မြှင့်တင်မွမ်းမံမှုက ထိရောက်မှာ ဖြစ်ပါတယ်" မြန်မာ့မီးရထား မှ လက်ထောက်စက်ခေါင်းမှူးတစ်ဦးက ပြောသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ယခုအဆင့်မြှင့်တင်မွမ်းမံမည့် ရန်ကုန်ဘူတာကြီးနှင့် ပုဇွန်တောင်ဘူတာကြားတို့တွင် JICA နှင့်အတူ အသေးစိတ်ပြန်လည်စစ်ဆေးမှုများ ပြုလုပ် ခဲ့ပြီး ယခုနှစ် နိုဝင်ဘာလအတွင်း မီးပွိုင့်များလဲလှယ်ခြင်း နှင့် အချက်ပြမီးတိုင်များ တပ်ဆင်ခြင်းလုပ်ငန်းကို အပြီးလုပ်ဆောင်နိုင်မည်ဖြစ်ကာ လာမည့် ၂၀၁၈ ခုနှစ် အတွင်းတွင် အဆိုပါလုပ်ငန်းများကို အောင်မြင်စွာပြီးစီးနိုင်ရန် စီမံချက်ချမှတ်ထားဆောင်ရွက်လျက်ရှိသည်။

**တပ်ဆင်ပေးမည်**

အဆိုပါ ရန်ကုန်ဘူတာ ကြီးနှင့် ပုဇွန်တောင်ဘူတာကြား အဆင့်မြှင့်တင်မွမ်းမံပြုပြင် ပြောင်းလဲတပ်ဆင်မည့် ခေတ်မီအချက်ပြမီးပွိုင့်များမှာ ရန်ကုန်ဘူတာကြီးတွင် ၆၇ လုံး နှင့် ပုဇွန်တောင် ဘူတာတွင် ၁၄ လုံး စုစုပေါင်း ၈၁ လုံး အဆင့်မြှင့်တင် တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

# ရန်ကုန် ပလက်ဖောင်းလေး ရှင်းစေချင်

○ ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)

ရန်ကုန်မြို့တော်တွင် အဓိကကျသော လမ်းမကြီးများ၏ ဘေးတစ်ဖက်တစ်ချက်တွင် လူသွားလမ်းစင်္ကြံခေါ် ပလက်ဖောင်းများကား နေရာအနှံ့တွင်ရှိသည်။ ရန်ကုန်မြို့နေ လူတန်းစားအလွှာအသီးသီးတို့သည် လူသွားလမ်းစင်္ကြံများပေါ်မှနေ၍ မိမိတို့လိုရာခရီးကို နေ့စဉ်လျှောက်လှမ်းနေကြရသည်။ ယာဉ်သွားလမ်းပေါ်မှ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်အသီးသီးကိုလည်း လူသွားလမ်းပေါ်မှ ရှောင်ရှားနိုင်ကြသည့်အတွက် ရန်ကုန်မြို့၏ ပလက်ဖောင်းများသည် အတော်ပင်အရေးပါလှပေသည်။

ရန်ကုန်မြို့၏ အုပ်ချုပ်ရေးတာဝန်ယူထားရသူများကလည်း ပြည်သူများအဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက် စည်းကမ်းမဲ့ဈေးရောင်းချမှုများ မရှိအောင် ဈေးသည်များအတွက် နေရာသတ်မှတ်ပေးခြင်း၊ သတ်မှတ်စည်းကမ်းနှင့်အညီ ဈေးရောင်းချစေခြင်းများကို ပြုလုပ်နိုင်ခဲ့မှုကြောင့် အချို့နေရာများတွင် လူသွားလမ်းပလက်ဖောင်းများ ပြန်လည်လမ်းပွင့်စေခဲ့သည်။ ထို့အတူ ယာဉ်ထိန်းနှင့်ဌာနဆိုင်ရာများ ပူးပေါင်း၍ စည်းကမ်းမဲ့ယာဉ်ရပ်နားမှုများကို အရေးယူခဲ့ခြင်းကြောင့် မော်တော်ယာဉ်များ နှစ်စီး သုံးစီးခန့် ရင်ပေါင်တန်း၍ တစ်ပြိုင်တည်းမောင်းနှင်လာနိုင်ကြသည်။

ပလက်ဖောင်းနှင့်ထိစပ်လျက်ရှိသော ဈေးဆိုင်များမှ ပလက်ဖောင်းပေါ်အထိ တိုး၍နေရာယူခြင်းများကို မြို့နယ်စည်ပင်အဖွဲ့များက လိုက်လံရှင်းလင်းခဲ့သည့်အတွက် ဈေးဆိုင်များ ပလက်ဖောင်းပေါ် မတက်ရဲကြတော့ချေ။ ကမာရွတ်မြို့နယ်လှည်းတန်းကဲ့သို့သောနေရာတွင် လွန်ခဲ့သော လပိုင်းခန့်က စည်ပင်ဝန်ထမ်းများကို ညနေပိုင်း ၆နာရီ ၇နာရီခန့်အထိ တာဝန်ချထားမှုကြောင့် လူသွားလမ်းပလက်ဖောင်းပေါ် ဈေးတက်ရောင်းခြင်းကို အချိန်တစ်ခုအထိ ကန့်သတ်နိုင်ခဲ့သည်။

လူသွားလမ်းပလက်ဖောင်း၏ အကျယ်ကို မျက်မြင်အနေဖြင့် ခန့်မှန်းရပါမူ လေးပေမှ ခြောက်ပေအတွင်းရှိ နိုင်ပေသည်။ အဆိုပါ ပလက်ဖောင်းပေါ်တွင်ဓာတ်တိုင်များ၊ ဆက်သွယ်ရေးတိုင်များပါ အချို့နေရာများတွင် ရှိနေပေသည်။ ထိုမျှသာ အကျယ်ရှိသည့် ပလက်ဖောင်းပေါ်တွင် သူ့ထက်ငါအပြိုင်ဦးပြီး နေရာလုဈေးရောင်းချနေပါက လမ်းလျှောက်ပြည်သူများအနေဖြင့် သွားလာစရာလမ်းမရှိတော့ချေ။ အချို့နေရာများတွင် မော်တော်ယာဉ်များ ပလက်ဖောင်းပေါ်ထိ နေရာယူရပ်တန့်ထားခြင်းမျိုးကိုလည်း ယခုနောက်ပိုင်း ပိုမိုတွေ့မြင်လာရသည်။

မိုဘိုင်းဖုန်းအရောင်းဆိုင်အချို့က အရောင်းမြှင့်တင်ရေးအတွက် ကပြအသုံးတော်ခံ ဖျော်ဖြေမှုများကို ပလက်ဖောင်းပေါ်တွင်သာမက ယာဉ်သွားလမ်းပေါ်တွင်ပါဆင်း၍ အရောင်းဈေးကွက်ကို ချဲ့ထွင်နေကြသည်။ လူသွားလမ်းပလက်ဖောင်းနှင့်ကားလမ်းမပေါ်ထိဆင်း၍ ကပြနေမှုများကြောင့် လမ်းသွားလမ်းလာများ လမ်းတစ်ဖက်ခြမ်းကူး၍ ရှောင်သွားရသည် အထိပင်။

ယခုနောက်ပိုင်းတွင် စည်ပင်ဝန်ထမ်းများကိုလည်းကောင်း၊ လမ်းရှင်းယာဉ်ထိန်းနှင့် ကရိန်းဆွဲယာဉ်များကို ယခင်ကလောက် မတွေ့ရတော့ချေ။ ထို့ကြောင့်ပင် လမ်းဘေးဈေးသည်များ ပလက်ဖောင်းပေါ်တစ်ဝက်၊ ယာဉ်သွားလမ်းပေါ်တစ်ဝက် ဆိုင်ခင်း၍ ပြန်လည်ရောင်းချလာနေကြသည်။ အချို့မှာ ယာဉ်သွားလမ်းပေါ် ဆိုင်အပြည့်ခင်း၍ ရောင်းချနေကြသည်။ မော်တော်ယာဉ်များ လူကူးမျဉ်းဝါပေါ်ရပ်တန့်ခြင်း၊ ယခင်က ယာဉ်မရပ်ရနေရာများတွင် ပြန်လည်ရပ်တန့်လာကြသည်ကို တွေ့ရသည်။

"ဈေးရောင်းတဲ့သူကလည်း ပြည်သူပဲ။ တိုင်တဲ့သူကလည်း ပြည်သူပဲ။ ကျွန်တော်တို့က ဘယ်လိုအရေးယူရမလဲ"ဟု စည်ပင်သာယာတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူတစ်ဦး၏ တစ်ချိန်က ပြောစကားကို ပြန်လည်ကြားယောင်မိသည်။ ကျွန်တော်တို့ မြန်မာစကားတွင် ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ ဟူသော မြန်မာစကားပုံရှိပါသည်။ ဈေးဝယ်သူများကို အကဖြင့် ဖျော်ဖြေနိုင်ပါသည်။ ဆွဲဆောင်နိုင်ပါသည်။ သို့သော် မိမိဆိုင်အတွင်းမှာသာ ပြုလုပ်သင့်ပါသည်။ လူသွားလမ်း ပလက်ဖောင်းကို ပိတ်ဆို့ခြင်းမျိုးကိုတော့ မပြုလုပ်သင့်ပါ။ မိမိဝမ်းစာ၊ မိသားစု ဝမ်းစာအတွက် လမ်းဘေးဈေးရောင်းချနိုင်ပါသည်။ သို့သော် လူသွားလမ်းကလေးတော့ ချန်ထားပေးစေချင်ပါသည်။

ကြုံကြိုက်တုန်းတစ်ဆက်တည်း တင်ပြလိုသည်မှာ အမှိုက်ကိစ္စ။ အချို့လမ်းဘေးဈေးသည်များက ဈေးရောင်းပြီး အမှိုက်ကို အမှိုက်ပုံအထိ သွားမပစ်ကြချေ။ အမှိုက်ထုပ်ထဲထည့်ပြီး ဒီအတိုင်းချထားခဲ့သည်။ သန့်ရှင်းရေးစည်ပင်ဝန်ထမ်းက တစ်ညလုံးရှင်းပေတော့။ အဆိုးဆုံးမှာ ဈေးသည်များ စွန့်ပစ်ခဲ့သော ရေဆိုးများ။ အနံ့အသက်ပေါင်းစုံဖြင့် ကားလမ်းဘေးတွင် ဟိုနားတစ်စု ဒီနားတစ်စုဖြင့် မိုးရွာလျှင်တော်သေးသည်။ မိုးမရွာသည့် ရာသီရောက်လျှင် ချဉ်စုတ်စုတ် အနံ့ပေါင်းစုံတို့က တထောင်း ထောင်း။

ဇူလိုင် ၁ ရက် ည ၈ နာရီခန့်တွင် ကမာရွတ်မြို့နယ်၏ လမ်းတစ်လမ်းထဲတွင် မော်တော်ယာဉ်တစ်စီးမှာ နှစ်ရက်ခန့် ရပ်နားထားမှုကြောင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လာရောက်ဖြေရှင်းနေကြသည်ကို တွေ့မြင်ခဲ့ရသည်။ လမ်းမကြီးမဟုတ်သည့် ရပ်ကွက်အတွင်းလမ်းတွင် တာဝန်ရှိသူများ ထိုကဲ့သို့ လာရောက်ရှင်းလင်းသော်လည်း လမ်းမကြီးများပေါ်တွင် ရပ်တန့်ထားသောယာဉ်များ၊ ကားလမ်းမပေါ် ဆိုင်အပြည့်ခင်း ရောင်းချနေမှုများကို ရှင်းလင်းမှုမရှိသည်ကို တွေ့မြင်ခဲ့ရခြင်းက ဤသတင်းဆောင်းပါးရေးသားရန် ဖြစ်ပေါ်လာသော အကြောင်း တရားများပင် ဖြစ်ပါကြောင်း။




**ကျွန်တော်တို့ မြန်မာစကားတွင် ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ ဟူသော မြန်မာစကားပုံရှိပါသည်။ ဈေးဝယ်သူများကို အကဖြင့် ဖျော်ဖြေနိုင်ပါသည်။ ဆွဲဆောင်နိုင်ပါသည်။ သို့သော် မိမိဆိုင် အတွင်းမှာသာ ပြုလုပ်သင့်ပါသည်။ လူသွားလမ်း ပလက်ဖောင်းကို ပိတ်ဆို့ခြင်းမျိုးကိုတော့ မပြုလုပ်သင့်ပါ။ မိမိဝမ်းစာ၊ မိသားစု ဝမ်းစာအတွက် လမ်းဘေးဈေးရောင်းချနိုင်ပါသည်။ သို့သော် လူသွားလမ်းကလေးတော့ ချန်ထားပေးစေချင်ပါသည်။**

# ရန်ကုန်အဆင့်မီ ညဈေးတန်း ပီပီပြင်ပြင် ပေါ်ပေါက်လာရန် အချိန်ယူ ဆောင်ရွက်ရဦးမည်

သတင်းဆောင်းပါး-ဇော်ကြီး(ပဏ္ဍိတ)
ဓာတ်ပုံ-ဖေဇော်၊ တင်စိုး(မြန်မာ့အလင်း)





**ရန်ကုန်တိုင်းဒေသကြီး** အစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် ငွေကျပ် ၂ ဘီလီယံ အကုန်အကျခံကာ ရန်ကုန်မြို့ ကမ်းနားလမ်းတစ်လျှောက်၌ ရန်ကုန်ညဈေးတန်းကို တရားဝင်ဖွင့်လှစ်ခဲ့သည်။

မြို့တွင်းလေးမြို့နယ်ဖြစ်သည့် ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်မြို့နယ်များအတွင်းရှိ လမ်းမကြီးများ၏ လမ်းဘေးဝဲ/ယာတွင်ရောင်းချနေကြသော အစားအသောက်၊ သစ်သီးဆိုင်အပါအဝင် ဆိုင်ပေါင်း ၁၆၀၀ ကျော်ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ တရားဝင်မှတ်ပုံတင်ခွင့်ပြုချက်ဖြင့် ညဈေးတန်း၌ ရွှေ့ပြောင်းရောင်းချခွင့်ပြုခဲ့သည်။

ရန်ကုန်မြို့တွင်းရှိ အဓိကလမ်းမကြီးများပေါ်တွင် ယာဉ်ကြောကျပ်တည်းနေသည့် ပြဿနာ၊ ပလက်ဖောင်းပေါ်တွင် လမ်းလျှောက်၍မရအောင် ဖြစ်ပေါ်နေသည့် အခြေအနေများ၊ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များကို ရန်ကုန်မြို့နေပြည်သူများနှင့်အတူ နိုင်ငံတကာ ဧည့်သည်များ အဆင်ပြေစွာ လာရောက်စားသောက်နိုင်ရန် ဆွဲဆောင်မှုတစ်ခုအဖြစ် တိုင်းဒေသကြီးအစိုးရအဖွဲ့က ပထမအဆင့်အနေဖြင့် ဖော်ရှင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက “ရန်ကုန်မြို့မှာ အစဉ်အဆက်ညဈေးတန်းတွေရှိခဲ့ပေမယ့် အစိုးရကတာဝန်ယူပြီး စနစ်တကျဆောင်ရွက်ပေးထားတဲ့ ညဈေးတန်းမျိုးမဟုတ်ပါဘူး။ လမ်းဘေးမှာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ဖြစ်သလို ရောင်းချရတဲ့ ညဈေးတန်းတွေပဲရှိခဲ့တာကြောင့် ဈေးသည်တွေ စည်းကမ်းတကျရောင်းချနိုင်အောင် အခုလို ညဈေးတန်းကို အစိုးရကနေ စနစ်တကျအကောင်အထည်ဖော် တည်ဆောက်ပေးခဲ့တာပါ”ဟု ညဈေးတန်းဖွင့်ပွဲတွင် ပြောကြားခဲ့သည်။

မြို့တွင်းလေးမြို့နယ်အတွင်းမှ လမ်းဘေးဈေးသည်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက စာရင်းကောက်ယူမှုများပြုလုပ်ခဲ့ရာ မူလက ကောက်ယူခဲ့သည့် စာရင်းများအရ လမ်းဘေးဈေးသည် စုစုပေါင်း ၆၄၀၁ ဦးရှိပြီး ယင်းတို့အနက်မှ အစားအသောက်နှင့် သစ်သီးဆိုင်များကို မဲစနစ်ဖြင့် ရွေးချယ်၍ ဆိုင်ခန်းပေါင်း ၁၆၀၀ ကျော်ကို ကမ်းနားလမ်းတစ်လျှောက် ညဈေးတန်းသို့ ပြန်လည်နေရာချထားပေးခဲ့ကာ မွန်းလွဲ ၃ နာရီမှ ည ၁၁ နာရီအထိ ဖွင့်လှစ်ရောင်းချခွင့်ပြုခဲ့သည်။

အလားတူ ကျန်ရှိသည့် ဈေးသည်များကို လမ်းကြားများအတွင်းသို့ ရွှေ့ပြောင်းဖွင့်လှစ်ရန်နှင့် အဓိကလမ်းမကြီးများဖြစ်သည့် ဗိုလ်ချုပ်လမ်း၊ အနော်ရထာလမ်း၊ မဟာဗန္ဓုလလမ်း၊ ကုန်သည်လမ်း၊ ကမ်းနားလမ်း၊ ပန်းဆိုးတန်းလမ်း၊ ဆူးလေဘုရားလမ်း၊ ရွှေတိဂုံဘုရားလမ်း၊ဘုန်းကြီးလမ်း၊ လသာလမ်း၊ လမ်းမတော်လမ်းတို့ကို ဈေးမရောင်းရနယ်နိမိတ်အဖြစ် သတ်မှတ်၍ လုံးဝဈေးရောင်းချခွင့်မပြုခဲ့တော့ကြောင်း သိရသည်။

ညဈေးတန်းအဖြစ် နေရာပြန်လည်ချထားပေးရာတွင် သက်ဆိုင်ရာက ငွေကြေးအမြောက်အမြား အကုန်အကျခံ၍ လျှပ်စစ်မီးရရှိရေး၊ အမှိုက်နှင့်စွန့်ပစ်ပစ္စည်းများ စနစ်တကျသိမ်းဆည်းရေး၊ သန့်စင်ခန်း စသည်တို့ကို ပြုလုပ်ပေးခဲ့ပြီး အစားသောက်နှင့် သစ်သီးဆိုင်များကို ရောင်းချသည့် ကုန်ပစ္စည်းအမျိုးအစားအပေါ်မူတည်၍ ဆိုင်ခန်းအကျယ်အဝန်းကို ရှစ်ပေပတ်လည်၊ ခြောက်ပေ ပတ်လည်၊ လေးပေ ရှစ်ပေ စသည်ဖြင့် နေရာချထားပေးခဲ့သည်။

နေရာချထားပေးမှုများအပေါ် ဆိုင်နေရာ အခွန်အခအနေဖြင့် အရွယ်အစားအလိုက် ရေ၊ မီး၊ သန့်ရှင်းရေးဆောင်ရွက်ခတို့ကို သတ်မှတ်နှုန်းထားအတိုင်း ပေးဆောင်ရမည်ဖြစ်ပြီး တစ်နှစ်တာလုံးအတွက် မှတ်ပုံတင်ကြေးအဖြစ် ၅၀၀ ကျပ်ကောက်ခံထားသည်ဟုသိရသည်။

“အရင်တုန်းက ၅ လမ်းနဲ့ ၆ လမ်းကြားမှာရောင်းခဲ့တာပါ။ အဲဒီတုန်းက အခြေအနေကောင်းတယ်။ ညဈေးတန်း စလုပ်တုန်းကလည်း ပုံမှန်ဝင်ငွေထက်တောင် ကောင်းခဲ့ပါတယ်။ အခုနောက်ပိုင်းမှာတော့ ဈေးရောင်းတော်တော်ပါးသွားတယ်။ ရေတက်တဲ့ရက်တွေမှာဆို လူမလာတဲ့အပြင် ရေကြီးနေလို့ ဆိုင်ပိတ်ထားရတာမျိုးရှိပါတယ်။ ဆိုင်တွေကလည်း လမ်းကြားတွေမှာပြန့်ပြီး ခိုးထွက်နေကြတော့ ဆိုင်တွေနည်းသွားသလို လာရောက်စားသုံးသူတွေလည်းနည်းသွားတယ်။ အဓိကကတော့ ဈေးသည်တွေအားလုံးကို တစ်စုတစ်ဝေးတည်းထားသင့်တယ်။ အခုဆိုရင် ညဈေးတန်းကြီးဟာ တော်တော်ခြောက်ကပ်သွားတယ်”ဟု ညဈေးတန်းတွင် ဝက်သားတုတ်ထိုးရောင်းချသည့် ဒေါ်ဝေဝေက ပြောသည်။

ညဈေးတန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့စဉ်က စားသုံးသူများဖြင့် စည်ကားခဲ့သော်လည်း အချိန်ကြာမြင့်လာသည်နှင့်အမျှ အကြောင်းအမျိုးမျိုးကြောင့် လာရောက်သူနည်းပါးလာသည့်အတွက် နေ့စဉ်ဈေးလာရောက်ရောင်းချသည့် ဆိုင်ခန်းပေါင်း ၇၀၀ ခန့်သာရှိတော့ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနမှ သိရသည်။

“ဆိုင်ခန်းစဖွင့်တုန်းက ၁၈၀၀ ကျော်လောက်ရှိတယ်။ အခုကတော့ ဆိုင် ၇၀၀ နီးပါး လောက်ပဲရှိတော့တယ်။ မိုးတွင်းကာလရေထရက်တွေမှာ ကျွန်တော်တို့ဈေးများဌာနရယ်၊ နောက် သက်ဆိုင်ရာအဖွဲ့အစည်းတွေရယ်၊ လမ်းတံတားဌာနနဲ့ ပတ်သက်တဲ့ ဌာနတွေက ရေတံခါးတွေမှာ စောင့်ရပါတယ်၊ အဓိကကတော့ ရေကြီးရေလျှံမှုမဖြစ်အောင် စောင့်ကြည့်ဖို့ပါ” ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“မိုးတွင်းမှာ အမိုးမရှိတဲ့အတွက်ကြောင့် ထီးမိုးရတယ်။ ထီးမိုးလိုက်တော့ သူတို့လုပ်ပေးထားတဲ့ မီးတိုင်က မီးအလင်းရောင်မရတော့ဘူး။ လေတိုက်ရင် အမိုးတွေလွင့်သွားတာမျိုးနဲ့ ရေတက်တဲ့အခါ ဆိုင်ခဏပိတ်ထားရတာမျိုးတွေကြုံနေရတယ်။ အခက်အခဲတွေ အများကြီးကြားက အရောင်းအဝယ်မကောင်းတော့ အပေါ်လမ်းဘက်မှာသွားပြီး ပြန်ရောင်းကြတဲ့သူတွေရှိတယ်”ဟု (၉) လမ်းထိပ်အကင်ဆိုင်မှ ဦးငြိမ်းဇော်ခိုင်က ပြောသည်။

အစိုးရအနေဖြင့် ရန်ကုန်ညဈေးတန်းနှင့်ပတ်သက်၍ အကောင်းဆုံးနည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်လျက်ရှိသော်လည်း အသားမကျသေးသည့်အတွက် ဈေးရောင်းချသူများအနေဖြင့် အခက်အခဲတချို့နှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ သတ်မှတ်ထားသော စည်းကမ်းကို မလိုက်နာကြသည့် ဈေးသည်များရှိနေခြင်းကလည်း အဆင့်မီ ညဈေးတန်းအဖြစ် ပီပီပြင်ပြင် ပေါ်ပေါက်လာနိုင်ရန် အချိန်ယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

“လမ်းမပေါ်မှာ ဈေးရောင်းနေတဲ့သူတွေကိုလည်း ညဈေးတန်းတစ်ခုမှာ နေရာချထားပြီးတော့ ဈေးရောင်းချနိုင်ဖို့အတွက် ပြင်ဆင်ပေးခဲ့ပါတယ်။ ပြည်သူလူထုဟာ စီးပွားရေး အခက်အခဲနဲ့ အကြောင်းအမျိုးမျိုးကြောင့် ကိုယ့်မှာရှိတဲ့ အရင်းလေးနဲ့ ဈေးရောင်းကြရတဲ့ အခြေအနေတွေလည်းရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ မျှော်မှန်းချက်ဟာ အလုပ်အကိုင်အခွင့်အလမ်းမရှိလို့ ဈေးရောင်းနေကြတဲ့ သူတွေကို အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပြီး လမ်းမပေါ်မှာ ဈေးရောင်းနေကြရတဲ့ ဘဝကနေ သူတို့ရဲ့တည်ငြိမ်အေးချမ်းတဲ့ ဘဝလေးတွေဖြစ်သွားဖို့အတွက် မျှော်မှန်းပါတယ်။

“ဈေးသည်အဖြစ်နဲ့ရပ်တည်ဖို့အတွက် မျှော်မှန်းနေတာမဟုတ်ပါဘူးဆိုတာကို အသိပေးလိုပါတယ်။ တစ်ခါတစ်ရံမှာ ကျွန်တော်တို့အနေနဲ့ ဒီဈေးတန်းကြီးစည်ကားနေပြီး ဒီလူတွေကို ဈေးသည်ဘဝနဲ့ အရိုးထုတ်စေဖို့ဆိုတဲ့ ရည်ရွယ်ချက်မျိုး ကျွန်တော်တို့မှာ မရှိပါဘူး။ ဒီအပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ဈေးတွေကို အဆင့်မြှင့်တင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်နေပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ဦးဖြိုးမင်းသိန်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ယခုအခါ ညဈေးတန်းတွင် ဈေးရောင်းချနေကြသော ဈေးသည်တချို့အနေဖြင့် သတ်မှတ်ပေးထားသောနေရာတွင် လာရောက်ရောင်းချမှု မရှိခြင်းကြောင့် ညဈေးတန်းမှာ လသာမြို့နယ် ၁၇ လမ်းမှ စတင်၍ ရွှေတိဂုံဘုရားလမ်းအထိသာ ဆိုင်များ တစ်စုတစ်ဝေးတည်း ဖွင့်လှစ်ရောင်းချလျက်ရှိပြီး အချိန်အတိုင်းအတာတစ်ခုအတွင်း၌သာ စည်းကားလျက်ရှိကြောင်း ဈေးရောင်းချသူများထံမှ သိရသည်။

“လူတော်တော်များများက ခလုတ်တိုက်မှ ဈေးဝယ်ချင်ကြတာ ထုံးစံပါပဲ။ ဒါကြောင့်လည်း ဒီညဈေးတန်းမှာ ဈေးလုံးဝရောင်းမကောင်းတော့ပါဘူး။ လူစည်နေမှလည်း ဈေးရောင်းရတာပါ။ ရုံးဆင်းချိန်၊ အလုပ်ပြန်ချိန်လေးတွေကိုပဲကြည့်ပြီး ရောင်းရတာဆိုတော့ ဒီလိုနေရာမျိုးမှာ ဘယ်သူတွေ လာဝယ်ကြမှာလဲ။ တချို့ကလည်း အချိန်တစ်ခု သတ်မှတ်ပြီး အရင်လို ပြန်လည်ရောင်းချခွင့်ပြုစေချင်ကြတယ်” ဟု သစ်သီးမျိုးစုံရောင်းချသူ ဒေါ်ချိုက ပြောသည်။

**အချုပ်ပို (ဃ) သို့**

**နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲလာသည့် ရန်ကုန်မြို့တော်ကြီးတွင် အစိုးရအဖွဲ့သစ်၏ ပြုပြင်ပြောင်းလဲမှုများနှင့်အတူ အဆင့်မီ ညဈေးတန်း ပီပီပြင်ပြင် ပေါ်ပေါက်လာရန် လိုအပ်**

# ယနေ့ ရန်ကုန် နှင့် ကုန်ဈေးနှုန်း

မောင်မောင်ထွေး



အိမ်သူဇနီးသည်က ကျွန်တော် ထမင်းကို ဟက်ဟက်ပက်ပက်စားလျှင် ဘေးကကြည့်ရင်း သဘောကျလေ့ရှိသည်။ ကျွန်တော်က လက်ဖက်ရည်သမားမို့ ထမင်းကို တို့ကနန်းဆိတ်ကနန်းသာ စားတတ်သည်။ ကျွန်တော်နှစ်သက်သည့် ဟင်းနှင့်ဆိုရင်သာ ဟက်ဟက်ပက်ပက်စားတတ်သည်။

သို့နှင့် ဇနီးသည်က ကျွန်တော်နှစ်သက်သည့် ဟင်းလျာများကိုသာ ဦးစားပေးချက်ကျွေးလေ့ရှိပါသည်။ သို့တစေ ဇနီးသည်တွင် အခုနောက်ပိုင်း အကျင့်တစ်ခု ပေါ်လာသည်။

"ရှင် အခုစားနေတဲ့ ငါးပုဏ္ဏားက ဘယ်လောက်လဲ သိလား၊ ငါးကောင်ကို သုံးထောင်ကျတယ်"

ထိုကဲ့သို့ နိစ္စဓူဝ မပြောသည့်တိုင် ထမင်းစားလက်စတွင် ဟင်းလျာဈေးနှုန်းများကို မကြာခဏ ရွတ်ပြလေ့ရှိသဖြင့် ကျွန်တော့်မှာ လည်ချောင်းအဝမှာပင် နင်နင်သွားတတ်သည်။

"အေးပါကွာ၊ တို့ရန်ကုန်က အခြားပြည်နယ်နဲ့ တိုင်းဒေသကြီးတွေက ထွက်ကုန်ကိုပဲ မှီခိုနေရတော့ ဒီလောက်တော့ ရှိမှာပေါ့၊ ငါးပုဏ္ဏား ငါးကောင်ကို သုံးထောင်ဆိုတော့ တစ်ကောင် ခြောက်ရာပေါ့ကွာ၊ မဆိုးပါဘူး၊ ကိုယ်မှ မဖမ်းတတ်ဘဲ"

ကျွန်တော်လည်း ယောနိသောမနသီကာရစိတ်ဖြင့် ဖြေသိမ့်စကားဆိုမယ့်သာ ဆိုလိုက်ရသော်လည်း တစ်နေ့တစ်နေ့တက်ရိပ်ပြနေသော ရန်ကုန်စားသောက်ကုန် ဈေးနှုန်းကို လန့်လာသည်။

ရန်ကုန် ကုန်ဈေးနှုန်းကလည်း ယခုမှ မဟုတ်၊ ခေတ်အဆက်ဆက်ကတည်းက တရစပ်တက်လေ့ရှိသည်။ တက်ပြီးလျှင်လည်း ဘယ်တော့မှ ပြန်မဆင်းတော့။

၁၉၃၈ ခုနှစ်ခန့်ကမူ ရန်ကုန်တွင် ပိုက်ဆံရှားသလောက် အစားအသောက်တွေက ပေါများလှသည်။ ရန်ကုန်မြို့ပေါ်တွင် လခတစ်ရာကျော်ရသူသည် တိမ်တိမ်မြည်နေ၏။ လခနှစ်ရာကျော်ရသော စာရေးကြီး ကတော်သည် တစ်နေ့လျှင် မနက်နှင့်ည ဈေးနှစ်ကြိမ်သွားနိုင်သည်။

ထိုခေတ်က ရန်ကုန်သားတွေမှာ ငါးခူ၊ ငါးကျည်းဆိုလျှင် လှည့်ပင်မကြည့်။ ငါးမြင်း၊ ငါးကြင်းနှင့် အညှဆုံး ဉနှင့် ဉကပ် ငါးပုဏ္ဏားလောက်မှ စားကြ၏။ အမဲသားက ငါးမူး၊ ခြောက်မူး၊ ဆိတ် သား၊ သိုးသားက သုံးမတ်၊ ဆီက ဆယ်ပိဿာဝင်တစ်ပုံးမှ သုံးကျပ်ခွဲ၊ လေး ကျပ်ဖြစ်၍ ထိုစဉ်က ဈေးဖိုးတစ်ကျပ် သုံးနိုင်လျှင် ထိပ်တန်းစာရင်းဝင်သည်။

ကျွန်တော်တို့ငယ်စဉ် ၁၉၇၀ ကျော်လွန် နှစ်များကလည်း ရန်ကုန် ကုန်ဈေးနှုန်းက နောက်ပိုင်းခေတ်များကလောက် အတက်မကြမ်းသေး။ ငယ်စဉ်က ငါးမျှားရန် ပုစွန် တစ်မတ်ဖိုး ဝယ်လျှင်ပင် အင်ဖက်အပြည့်ဖြင့် တစ်နေကုန် မျှားမကုန်ခဲ့။ သို့သော်ငြား အင်္ဂလိပ်ခေတ်က ကြီးပြင်းခဲ့သူ အဖေတို့ကမူ ဈေးကြီးသည်ဟု ဆိုပြန်ပါသည်။

> **တစ်နေ့တစ်နေ့ တက်ရိပ်ပြနေသော ရန်ကုန် စားသောက်ကုန် ဈေးနှုန်းကို လန့်လာ၊ ရန်ကုန် ကုန်ဈေး နှုန်းကလည်း ယခုမှမဟုတ်၊ ခေတ်အဆက်ဆက် ကတည်းက တရစပ် တက်လေ့ရှိသည်။ တက်ပြီးလျှင် လည်း ဘယ်တော့မှ ပြန်မဆင်းတော့။**

၁၉၈၀ ကျော် နောက်ပိုင်းရောက်သော် ရန်ကုန် ကုန်ဈေးနှုန်းက တစ်စတစ်စ ပို၍ပို၍ တက်ရိပ်ပြလာသည်။ သို့နှင့် ကုန်ဈေးနှုန်း ကြီးမြင့်မှုအပါအဝင် လူထု၏ အထွေထွေ အကျပ်အတည်းကို အကြောင်းပြု၍ ၁၉၈၈ ခုနှစ်တွင် ရှစ်လေးလုံး လူထုအရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့သည်။ ထို့နောက်ပိုင်းတွင်လည်း ဆိုရှယ်လစ် စီးပွားရေးအစား ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့သော်လည်း ရန်ကုန် ကုန်ဈေးနှုန်းက တက်မြဲတက်ဆဲပင်။

စာရေးဆရာကြီး ဆရာသော်တာဆွေပင် ၁၉၉၉ ဧပြီလထုတ် မဂ္ဂဇင်းတစ်အုပ်တွင် ပြောရမှာပေါ့ မခင်ကျော့ ဆောင်းပါးစာစု စီးရီးအတွဲ၌ "ကုန်ဈေးနှုန်း ကျပါစေဗျာ" ခေါင်းစဉ်ဖြင့် ရေးသားခဲ့ဖူးသည်။

ထိုစဉ်က ရန်ကုန် ကုန်ဈေးနှုန်းက ဝက်သားတစ်ပိဿာ ၃၈ ကျပ်၊ ကြက်သားက ၆၅ ကျပ်၊ ဘဲက ၄၅ ကျပ်၊ ငါးကျည်း၊ ငါးခူတစ်ပိဿာ ၆၀ ကျပ်၊ မွေး ငါးကြင်းနှင့် ငါးရံ့က ၄၀ ကျပ်၊ ငါးမြစ်ချင်းက ၃၅ ကျပ်သာ ရှိသေး၏။

ယခုမူ ရန်ကုန်သားငါးဈေးက တစ်ပိဿာတစ်သောင်းအောက် မရှိသလောက် ဖြစ်နေခဲ့ချေပြီ။

"မနက်ဖြန် ဘာဟင်းစားမလဲ"

ညနေ ထမင်းဝိုင်းမှာပင် အိမ်သူ ဇနီးသည်က ဟင်းကြေးများတတ်သူ ကျွန်တော့်ကို မနက်ဖြန် ထမင်းဝိုင်းအတွက် ကြိုတင်မေးလာသည်။

"ငါးကျည်း ကြွပ်ကြွပ်လေးကြော်ပြီး ချဉ်ရည်ဟင်းလေး ချက်ရင်ကောင်းမယ်ကွ"

"ဘာ"

"အခု ငါးကျည်း တစ်ဆယ်သား ဘယ်လောက်မှတ်လို့လဲ၊ နှစ်ထောင်တော့၊ နှစ်ထောင်"

"ဩော် . . ."

# YBS နှင့် ခရီးသွားပြည်သူ

မမနိုင်



ဓာတ်ပုံ-ခင်ဆိုင်

ရုံးနောက်ကျနေပြီဖြစ်၍ ဘတ်စ်ကားမှတ်တိုင်သို့ အပြေးတစ်ပိုင်းသွားခဲ့သည်။ ဘတ်စ်ကားပေါ်မတက်ခင် ထုံးစံအတိုင်း ဘတ်စ်ကားခပေးရန် ကျပ် ၂၀၀ တန်တစ်ရွက်ကိုကိုင်၍ တိုးတိုးဝှေ့ဝှေ့တက်ခဲ့သည်။ ကားပေါ်အတက် မိုးကရွာ၊ လူကကျပ်နှင့် အရှေ့ပေါက်မှ တက်လိုက်သည်မှာ တိုးရင်းဝှေ့ရင်းဖြင့် ဘတ်စ်ကား၏ နောက်ဆုံးသို့ ရောက်ခဲ့သည်။ ခဏအကြာ ယာဉ်မောင်းသူက "ယာဉ်စီးခတွေ ရှေ့ကပုံးထဲမှာ ထည့်ပါ။ စပယ်ယာမပါဘူးနော်" ဟု အော်သံကြောင့် စာရေးသူ အခက်တွေ့ပြီ။ မော်တော်ယာဉ်၏ နောက်ဆုံးတွင် ရောက်နေသည့် စာရေးသူ ရှေ့ဆုံးမှာရှိနေသောပုံးထဲကို ယာဉ်စီးခ ကျပ် ၂၀၀ သွားထည့်ရန် တော်တော်မလွယ်ကူတော့ပါ။ ရုံးချိန်ဖြစ်၍ ရုံးဝန်ထမ်းများဖြင့် ပြည့်သိပ်နေသော မော်တော်ယာဉ်ပေါ် တွင် စာရေးသူကဲ့သို့ "YBS စနစ်သစ်ဖြင့် ရင်းနှီးကျွမ်းဝင်မှု မရှိသေးသော ခရီးသွားဦးရေ မည်မျှပါသည်မသိ။ YBS၏ သတိထားရမည့် စနစ်တခု"။

YBS ကားပေါ်တွင် စီးနင်းလိုက်ပါလာသော ခရီးသွားများ သက်သောင့်သက်သာအေးအေးလူလူဖြစ်စေရန် အဲကွန်းများ တပ်ပေးထားသည်။ ရုံးချိန်ဖြစ်၍ ခရီးသွားများ ကျပ်ညပ်နေသည်။ ဤအချိန် မိန်းမငယ်တစ်ဦး အလုံပိတ်ထားသည့် ယာဉ်ပေါ်တွင် အော့အန်ပါတော့သည်။ ကံကောင်းစွာဖြင့် ယာဉ်ပေါ်တွင် ကြွပ်ကြွပ်အိတ်ပါသည်။ သို့သော် ကြွပ်ကြွပ် အိတ်မမီ၊ ထိုးအန်တော့သည်။ ခရီးသွားအချို့ရှုံ့သွားသည်။ တာဝန်ရှိသူတို့၏ စေတနာဖြင့် အဲကွန်းတပ် မော်တော်ယာဉ်ဖြင့် စီးနင်းလိုက်ပါစေလိုသော "ရန်ကုန်ခရီးသွားများ အသားမကျသေးသည့် YBS ၏ စနစ်တစ်ခု"။

စပယ်ယာမပါသော YBS ပေါ် ရှေ့ကတက်၊ နောက်က ဆင်းသတ်မှတ်ထားသော စနစ်အရ၊ ခရီးသွားများ ရှေ့ကတက်၍ နောက်ကဆင်းရသည်။ နောက်ကဆင်းသူ ပြီးမပြီး မသိဘဲ နောက်တံခါးပိတ် ကားထွက်ခဲ့၍ တိုးလိုးတန်းလန်းအပြေးတစ်ပိုင်းဆင်းခဲ့ရသည်။

YBS အချင်းချင်း(၄င်းတို့အဆို လိုင်းတူ/အိမ်ကား) တစ်စီးနှင့်တစ်စီး အပြိုင်အဆိုင်၊ မည်သည့်နေရာတွင် ရပ်မည်မှန်း မသိ၍ မိမိစီးမည့် YBS ရပ်မည့်နေရာကို "အပြေးအလွှားလိုက်စီးရမည်ဖြစ်၍ အပြေးနှင်ရလေသည်။" မှတ်တိုင်တွင် နာရီမှတ်ပေးသူကြောင့် ရှေ့ယာဉ်ကို အပြေးအလွှားလိုက်တာတွေ၊ နောက်ယာဉ်မလာမချင်း မထွက်သေးတဲ့ YBS သည် YBS ယာဉ်လိုင်းကုမ္ပဏီအချို့မှ ယာဉ်မောင်းများကို လစာစနစ်ဖြင့် အခြေခံလစာငွေကျပ် သုံးသိန်းနှင့် ယာဉ်မောင်းကြေးများ၊ အပိုကြေးများအပါအဝင် လစဉ်ငွေကျပ် ငါးသိန်းဝန်းကျင်ခန့်ဖြင့် ခန့်အပ်လုပ်ကိုင်စေသကဲ့သို့ ပုံမှန်ဝင်ငွေဖြင့် လည်ပတ်နေရမည်ဆိုလျှင် အပြိုင်/အဆိုင်၊ အလု/အယက်စနစ်များ ပျောက်ကွယ်သွားမည်ဆိုပါက ကောင်းလေစွဟူသော အတွေးနှင့်အတူ

အနီ YBS ကြောင့် တာဝန်ရှိသူတို့ဖြစ်စေချင်သော ရည်ရွယ်ချက်များ၊ စေတနာများ ထမြောက်အောင်မြင်ရန် နှောင့်နှေးနေရ သည်ဆိုလျှင်ဖြင့်...

"စနစ်ကြောင့်လား"

"ယာဉ်မောင်း/ယာဉ်နောက်လိုက်ကြောင့်လား"

"ခရီးသွားပြည်သူကြောင့်လား"အဖြေရှာဖို့လိုနေပြီ.....

*အချပ်ပို (ဂ) မှ*

အဆိုပါ ညဈေးတန်းနှင့်ပတ်သက်၍ ကျောက်တံတားမြို့နယ်မှ ကိုကျော်စွာက "မိုးရွာထဲမှာ ကားလမ်းကူးပြီး လာစားရတာဆိုတော့ အခုနောက်ပိုင်း သိပ်မလာဖြစ်တော့ဘူး။ ဆိုင်တွေလည်း အရင်လောက်မစုံတော့ ကြုံတဲ့နေရာမှာပဲ ဝယ်စားလိုက်တယ်။ ညဈေးတန်းကို လာရောက်တဲ့သူတွေအတွက် ယာဉ်အန္တရာယ်ကင်းရှင်းရေး အစီအမံကောင်းတွေ လုပ်ပေးထားသင့်တယ် "ဟု သူ၏အမြင်ကို ပြောသည်။

ကမ်းနားလမ်းရှိ ညဈေးတန်းတွင် လာရောက်စားသုံးသူ နည်းပါးသွားသောကြောင့် သတ်မှတ်နေရာတွင် လာရောက်ရောင်းချခြင်းမရှိသော ဈေးသည်များကို မေ ၁၀ ရက် နောက်ဆုံးထားကာ ဆိုင်ခန်းများ ပြန်လည်ဖွင့်လှစ်ရန်နှင့် ဖွင့်လှစ်ခြင်းမရှိသော ဆိုင်နေရာများကို ပြန်လည်သိမ်းဆည်းသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာက အသိပေးမှုများ ပြုလုပ်ခဲ့သည်။

"မိုးရွာတဲ့ နေ့တွေမှာဆို ဒီမှာအကြော်ကြော်ပြီး အပေါ်ဘက်လမ်းမှာ ဗန်းနဲ့သွားရောင်းရတယ်။ စည်ပင်လာရင် ဗန်းတွေသယ်ပြီးပြေးရတယ်။ အဲဒီလိုလုပ်နေရတယ်။ ပေးထားတဲ့နေရာမှာ ဆိုင်မဖွင့်ပြန်ရင်လည်း နေရာပြန်သိမ်းမယ်ဆိုတော့ ဆိုင်ဖွင့်ထားပြီး တခြားနေရာကို ဗန်းနဲ့ သွားရောင်းနေရတယ်" ဟု ညဈေးတန်းတွင် အကြော်စုံရောင်းသူ ဒေါ်သန်းသန်းမြင့်က ဆိုသည်။

ဈေးသည် ၁၆၀၀ ကျော်ကို ညဈေးတန်းသို့ နေရာချထားပေးမှုများပြုလုပ်ပေးခဲ့သော်လည်း ယခုအခါ လူစည်ကားမှုမရှိတော့ခြင်း၊ ဈေးဆိုင်များ တစ်စုတစ်ဝေးတည်းမရှိခြင်းတို့အပြင် လမ်းကြားများအတွင်း ဝင်ရောက်ရောင်းချနေရသည့် ဈေးသည်တချို့ကြုံတွေ့နေရသော နေရာအခက်အခဲပြဿနာများကိုလည်း သက်ဆိုင်ရာက နည်းလမ်းကောင်းများဖြင့် ဖြေရှင်းဆောင်ရွက်ပေးရန် ဈေးသည်များက မျှော်လင့်နေကြသည်။

နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲလာသည့် ရန်ကုန်မြို့တော်ကြီးတွင် အစိုးရအဖွဲ့သစ်၏ ပြုပြင်ပြောင်းလဲမှုများနှင့်အတူ အဆင့်မီညဈေးတန်း ပီပီပြင်ပြင်ပေါ်ပေါက်လာရန် လိုအပ်လျက်ရှိပြီး ရန်ကုန်ညဈေးတန်းမှာဘဝများ လှပစေဖို့အတွက် အချိန်အတိုင်းအတာတစ်ခုတော့ဖြင့် လိုအပ်နေဦးမည် ဖြစ်သည်။